Premier ELEVEN
SPORTS JOURNAL
NO 29 VOL 11 SUNDAY

ပရီးမီးယားလိဂ်မကျေပွဲ FAဖလားမှာနွှဲမယ့်

မန်စီးတီး - ချယ်လ်ဆီး
အာဆင်နယ် - လီဗာပူးလ်

ကမ္ဘာ့သက်တမ်းအရင့်ဆုံးဖလားဖြစ်တဲ့ FA ဖလားပြိုင်ပွဲရဲ့ ပဉ္စမအဆင့်ပွဲစဉ်တွေကို အခုရက်သတ္တပတ်မှာ ကစားသွားမှာဖြစ်ပြီး ပရီးမီးယားလိဂ်ပွဲစဉ်တွေ ရပ်နားထားမှာဖြစ်ပါတယ်။ FA ဖလားပွဲစဉ်(၈)ပွဲမှာ ပရီးမီးယားလိဂ်အသင်းအချင်းချင်း ထိပ်တိုက်တွေ့တဲ့ပွဲစဉ်(၄)ပွဲအထိပါဝင်နေပြီး ဒီထဲမှာ စိတ်ဝင်စားစရာအကောင်းဆုံးပွဲ(၂)ပွဲဖြစ်တဲ့ မန်စီးတီး-ချယ်လ်ဆီး၊ အာဆင်နယ်-လီဗာပူးလ်ပွဲတွေလည်း ပါဝင်နေပါတယ်။ လက်ရှိ ပရီးမီးယားလိဂ်အမှတ်ပေးဇယားကို ထိပ်ဆုံးက ဦးဆောင်နေတဲ့(၄)သင်း ရင်ဆိုင်တွေ့တဲ့ပွဲတွေ ဖြစ်နေတာကြောင့် အခုတစ်ပတ် FA ဖလားပွဲစဉ်တွေဟာ စိတ်ဝင်စားစရာကောင်းနေတဲ့အပြင် လတ်တလော ဒီအသင်းတွေရဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေကလည်း FA ဖလား ပဉ္စမအဆင့်ကို ပိုပြီးပြိုင်ဆိုင်မှုပြင်းထန်လာအောင် လှုံ့ဆော်အားပေးသလိုဖြစ်နေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ(၃)ရက်နေ့က ကစားခဲ့တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၂၄)မှာ မန်စီးတီးကချယ်လ်ဆီးကို အိမ်ကွင်းမှာလက်ခံကစားခဲ့ရပြီး ဒီရာသီမှာ ဂိုးမြုံးနေတဲ့ မန်စီးတီးအသင်းရဲ့ တိုက်စစ်ကို ချယ်လ်ဆီးကထိန်းချုပ်ကာ အဝေးကွင်းမှာ(၁-၀)ဂိုးနဲ့အနိုင်ယူခဲ့ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ(၈)ရက်နေ့က ကစားခဲ့တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၂၅)မှာလည်း လီဗာပူးလ်နဲ့အာဆင်နယ်တို့ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး ဒီပွဲမှာတော့ အမှတ်ပေးဇယားထိပ်ဆုံးက အာဆင်နယ်ကို လီဗာပူးလ်က အိမ်ကွင်းမှာ အံ့မခန်းခြေစွမ်းပြခဲ့ပြီး မိနစ်(၂၀)အတွင်း (၄)ဂိုးသွင်းကာ (၅-၁)ဂိုးနဲ့ အနိုင်ယူခဲ့ပါတယ်။ ဒါကြောင့် ဖေဖော်ဝါရီတစ်လအတွင်း မန်စီးတီးနဲ့ချယ်လ်ဆီး၊ အာဆင်နယ်နဲ့လီဗာပူးလ် တိုက်တိုက်ဆိုင်ဆိုင် ဒုတိယ အကြိမ်ထိပ်တိုက်တွေ့ဆုံမှုမှာ ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲဆိုတာက စိတ်လှုပ်ရှားစရာကောင်းတဲ့ ပဟေဠိတစ်ခုပါ။ သေချာတာကတော့ ပရီးမီးယားလိဂ်တွေ့ဆုံမှုမှာ မန်စီးတီးက ဒီရာသီအိမ်ကွင်းမှာ ပွဲတိုင်းနိုင်ထားတဲ့စံချိန်ကို ချယ်လ်ဆီးနဲ့မှ ကျိုးပျက်ခဲ့ရသလို၊ အသင်းကြီးတွေနဲ့တွေ့တိုင်း ရလဒ်ဆိုးနေတဲ့အာဆင်နယ်ကလည်း လီဗာပူးလ်ကို အရှက်တကွဲဂိုးပြတ် အရှုံးနိမ့်ခဲ့တာကြောင့် ချန်ပီယံဆုအတွက် သံသယမျက်လုံးတွေနဲ့ စောင့်ကြည့်ခံရတဲ့အနေအထားကိုရောက်ရှိခဲ့ပါတယ်။ ဒါကြောင့် အခု FA ဖလားပွဲစဉ်မှာ အိမ်ရှင်အဖြစ်လက်ခံကစားရမယ့် မန်စီးတီးနဲ့အာဆင်နယ်တို့အတွက် ပရီးမီးယားလိဂ်ရှုံးကြွေးဆပ်ရမယ့် ပွဲစဉ်ဖြစ်နေပြီး မကျေပွဲအဖြစ် ကစားရမယ့် ဒီပွဲမှာ ရလဒ်ကောင်းရအောင်ကစားနိုင်မလား၊ ဒါမှမဟုတ် ညီ့သည်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီး၊ လီဗာပူးလ်အသင်းတွေကပဲ နောက်ထပ်နိုင်ပွဲတွေရယူပြီး နောက်တစ်ဆင့်ကိုတက်ရောက်သွားမလားဆိုတာ ရင်ခုန်စိတ်လှုပ်ရှားဖွယ်စောင့်ကြည့်ရမှာပါ၊၊

FA ဖလားပဉ္စမအဆင့်ပွဲစဉ်များ
၁၅/၁၆/၁၇-၂-၂၀၁၄

ဆန်းဒါးလန်း	-	ဆောက်သမ်တန်	[illegible]	-	ဆွမ်ဆီး
ကာဒစ်ဖ်	-	ဝီဂန်	ရှက်ဖီးယူနိုက်တက်	-	နော့တင်ဟမ်ဖောရက်စ်
ရှက်ဖီးဝင်းစ်ဒေး	-	ချာလ်တန်	အာဆင်နယ်	-	လီဗာပူးလ်
မန်စီးတီး	-	ချယ်လ်ဆီး	ဘရိုက်တန်	-	[illegible]

Premier Eleven Sports Journal Vol:11 No.25 16, February, 2014

PREMIER LEAGUE
WEEK-26 REVIEW

ပရီမီးယားလိဂ်ပွဲစဉ်(၂၆)ကို ကြားရက်တွေမှာ ယှဉ်ပြိုင်သွားခဲ့ပြီး အင်္ဂါနေ့မှာ ကစားခဲ့တဲ့ ပွဲစဉ်(၄)ပွဲမှာတော့ အိမ်ရှင်အသင်းတစ်သင်းသာ နိုင်ပွဲရခဲ့ပါတယ်။ အဲဒီအသင်းကတော့ ဝက်စ်ဟမ်းအသင်းဖြစ်ပြီး နောက်ဆုံး(၃)ပွဲဆက် အနိုင်ရခဲ့တာလည်းဖြစ်ပါတယ်။ ချန်ပီယံဆုအတွက်အမှားခံလို့မဖြစ်တဲ့ ချယ်လ်ဆီးအသင်းက အဝေးကွင်းမှာ ဝက်စ်ဘရွန်းကို သရေသာကစားနိုင်ခဲ့ပြီး ပထမအကျော့က အနိုင်မရခဲ့မှုကို ပြန်လည်မချေဖျက်နိုင်ခဲ့ပါဘူး။ ဒီပွဲမှာလည်း ချယ်လ်ဆီးအသင်းက ဦးဆောင်ဂိုးရတယ်။ ဘောလုံးပိုင်ဆိုင်မှု (၆၀)ရာခိုင်နှုန်းလောက် ရယူကစားနိုင်ခဲ့တယ်။ ဒါပေမဲ့ ဝက်စ်ဘရွန်းအသင်းကို စိုးရိမ်စေတဲ့ ဖိအားပေးမှုမျိုး သိပ်မလုပ်နိုင်ခဲ့ဘဲ ပွဲချိန်(၈၇)မိနစ်မှာ ချေပဂိုးပေးခဲ့ရပြီး တစ်မှတ်နဲ့ ကျေနပ်ခဲ့ရပါတယ်။

Photo: AFP
ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော ဂိုးကို နောက်ခံလူအီဗန်နိုဗစ်သွင်းယူလိုက်စဉ်

နောက်ကျချေပဂိုးပေးခဲ့ရပြီး အမှတ်လျော့တဲ့ ချယ်လ်ဆီး

ပ ရီး မီး ယား လိဂ် ပွဲ စဉ် (၂၆) သုံး သပ် ချက်

ထိုက်တန်တဲ့သရေပွဲ

ဝက်စ်ဘရွန်း ၁-၁ ချယ်လ်ဆီး

ချယ်လ်ဆီးရဲ့ ညက နောင်တတွေနဲ့ပြီးဆုံးခဲ့တယ်။ နည်းပြ မော်ရင်ဟိုက ကစားသမားတွေ ကိုယ်ရည်ကိုယ်သွေးနိမ့်ကျခဲ့တယ်လို့ ဝေဖန်တယ်။ ချယ်လ်ဆီးအသင်းရဲ့ နောက်ဆုံး(၁၅)မိနစ်ကစားပုံက လက်ခံနိုင်စရာမရှိဘူး။ အမှတ်ပေးဇယားထိပ်ဆုံးကို ခက်ခက်ခဲခဲရောက်လာပြီးမှ လွယ်လွယ်ကူကူပြန်ဆင်းပေးမယ့်ပုံစံကစားခဲ့တယ်။ ချယ်လ်ဆီးကွင်းလယ်က ရာမီရက်စ်က အိမ်ရှင်ပရိသတ်တွေရဲ့ ဖိအားပေးမှုအောက်မှာ အယောင်ယောင်အမှားမှားကစားနေတယ်။ ပထမအကျော့တုန်းက နောက်ကျပယ်နယ်တီအတွက် ဒိုင်ဗစ်ပစ်ခဲ့တာကို ဝက်စ်ဘရွန်းပရိသတ်တွေမမေ့နိုင်သေးဘူး။ ဖိအားများပြီး တည်ငြိမ်မှုကင်းမဲ့တဲ့ကစားပုံကို အလွယ်တကူဖတ်လို့ရပေမယ့် မော်ရင်ဟိုက ဘယ်အချိန်ပြန်ကောင်းလာမလဲလို့စောင့်နေခဲ့တယ်။ တကယ်တော့ ချယ်လ်ဆီးရဲ့ ပထမနာရီဝက်၊ ဒုတိယနာရီဝက်ကစားသွားတာကိုကြည့်ပြီး၊ မော်ရင်ဟိုလက်ထက်မှာ လုံးဝပြောင်းလဲသွားပြီ။ အရင်ချယ်လ်ဆီးနဲ့လုံးဝမတူတော့ဘူးလို့ ယူဆခဲ့ရတယ်။ တစ်ခုရှိတာက ဒီပွဲမှာ ချယ်လ်ဆီးတိုက်စစ်ကစားပုံက နောက်ပိုင်းပွဲတွေမှာအညံ့ဆုံးပဲ။ ဟာဇက်လှုပ်တယ်။ ကောင်းတယ်။ ဒါပေမဲ့အရင်ပွဲတွေက အဆင့်မဟုတ်ဘူး။ အီတူး ဘာလုပ်လုပ်အသုံးမတည့်ဘူး။ အော်စကာမထိရောက်ဘူး။ ဝီလီယံကတော့မဆိုးဘူး။ အဆိုးဆုံးကတစ်ဦးချင်းကောင်းတယ်။ Normal Passes တွေအများကြီးနဲ့ အတွဲမိတယ်။ ဒါပေမဲ့ Dead Ball တွေခင်းကျင်းနိုင်မှုမှာ အရမ်းညံ့တယ်။ တစ်ဦးကို တစ်ဦး အပိုင်မခင်းပေးနိုင်ဘူး။ ဒါကိုချယ်လ်ဆီးရဲ့ ပုံမှန်ကစားပုံမဟုတ်ဘူးလို့ပဲ ယူဆရမယ်။ မာတစ်က ကွင်းလယ်မှာ တာဝန်ကျေပေမယ့် ရာမီရက်စ်ညံ့လို့ ခါးပြတ်နေတယ်။ ဝက်စ်ဘရွန်းကလည်းဒီပွဲမှ ဒုတိယမြောက် ပရီးမီးယားလိဂ်ပွဲထွက်တဲ့ ဘီဖူမာ၊ အင်္ဂလန်လူငယ်ကြယ်ပွင့် ဘီရာဟီနိုတို့နဲ့ ချယ်လ်ဆီးကိုဒုက္ခပြန်ပေးတယ်။ ဒါပေမဲ့ ဂယ်ရီကာဟေးလ်နဲ့လူးဝစ်ဇ်ကစားပုံက အမှားမရှိလို့ ဝက်စ်ဘရွန်းဘာမှပြန်မလုပ်နိုင်ဘူး။ ချယ်လ်ဆီးကလည်း အခွင့်အရေးတွေရပေမယ့် အရင်ပွဲတွေတုန်းကလိုအပိုင်တွေမဟုတ်ဘူး။ ဒါပေမဲ့ ပထမပိုင်းပြီးခါနီးမှာ ထောင့်ကန်ဘောကနေ လူးဝစ်ဇ်ကတစ်ဆင့်အီဗန်နိုဗစ်ကစီမံချက်ဝင်ဂိုးတစ်ဂိုး သွင်းလိုက်တယ်။ဒုတိယပိုင်းမှာ ချယ်လ်ဆီး နောက်တစ်ဂိုးထပ်ရအောင်ကစားသင့်တယ်။ ချယ်လ်ဆီးရဲ့ကစားပုံက အပြစ်ပြောစရာမရှိပေမယ့် တာဝန်ကျေဆန်နေပြီးဂိုးရလိုစိတ်နည်းနေတယ်။ ပွဲပြီးဖို့နီးလာလေဒီတစ်ဂိုးကို ထိန်းချင်စိတ်များလာလေဖြစ်လာတယ်။ ဒီအချိန်မှာ ပီပီမဲလ်က အနီချိဘီကိုထည့်လိုက်တယ်။ ကစားကွက်ချင်းမယှဉ်နိုင်တဲ့အသင်းကို ကန်တင်ပြေးနဲ့ပဲ ကစားဖို့ပြန်တည်တယ်။ အနီချိဘီက အမြင့်ဘောကောင်းပြီး၊ ကြံ့ခိုင်တဲ့ကာဟေးလ်ကိုရှောင်ချင်လို့ Skill သမားဖြစ်တဲ့ လူးဝစ်ဇ်ကိုပြန်ကပ် ကစားတယ်။ ဝက်စ်ဘရွန်းက ကစားကွက်မတည်တော့ဘူး။ တောင်ပံနဲ့အမြင့် ဘောတွေကိုအားပြုလာတယ်။ ချယ်လ်ဆီးကလည်း အနိုင်ဂိုးကို ထိန်းဖို့ပဲကြိုးစားလာတော့ ပွဲချိန်ခွင်လျှာကပြောင်းသွားတယ်။ မော်ရင်ဟိုက လူအပြောင်းအလဲတချို့နဲ့ကာတယ်။ ဒါပေမဲ့ ဗျူဟာပြောင်းသွားတဲ့ ဝက်စ်ဘရွန်းကိုမထိန်းချုပ်နိုင်တော့ဘူး။ (၈၇) မိနစ်မှာ ဘီရာဟီနိုရဲ့ဖြတ်တင်ဘောကနေ အနီချိဘီက လူးဝစ်ဇ်ကိုကျော်ပြီး ချေပဂိုးကို ခေါင်းတိုက်သွင်းလိုက်တယ်။ တစ်ဖက်တိုက်စစ်မှူးက တောင်ပံရောက်နေချိန်မှာ လူးဝစ်ဇ်ကဂိုးစည်းထဲမှာ Stand by အနေအထားမဟုတ်သေးဘူး။ လူးဝစ်ဇ်က ဒီပြဿနာမကြာခဏပေါ်တယ်။ သူမရှင်းနိုင်တဲ့ဘောလုံးကပဲ ချယ်လ်ဆီးကို (၃)မှတ်နဲ့ဝေးစေခဲ့ပါတယ်။

ဖွန်တေယူပေးတဲ့ (၃)မှတ်

ဟားလ်စီးတီး ၀-၁ ဆောက်သမ်တန်

နောက်ခံလူ ဖွန်တေရဲ့သွင်းဂိုးက ၂၀၀၁ စက်တင်ဘာကတည်းက ပရီးမီးယားလိဂ်မှာ အဝေးကွင်း(၂)ပွဲဆက်မနိုင်ဖူးသေးတဲ့ ဆောက်သမ်တန်ရဲ့ စံချိန်ဆိုးကိုရပ်တန့်စေခဲ့တယ်။ အဝေးကွင်း (၁၀၄)ပွဲမြောက်ကျမှ ဒီစံချိန်ကိုရရှိခဲ့တာပါ။ ဘောလုံးပိုင်ဆိုင်မှုအပိုင်းမှာအသာစီးရခဲ့ပေမယ့် တကယ်တမ်းဂိုးရနိုင်တဲ့အခွင့်အရေးတွေကို ဟားလ်စီးတီးကပဲရရှိခဲ့တယ်။ ပထမပိုင်းမှာ (၂)သင်းစလုံးတိုင်တွေကိုယ်စီထိခဲ့တယ်။ ဟားလ်စီးတီးတိုက်စစ်မှူး ရှိန်းလောင်းကံခေခဲ့သလို၊ ဂျေးရိုဒရီဂွက်ဇ်ရဲ့ ကန်ချက်ကလည်း ဘားတန်းထိထွက်ခဲ့တယ်။ ဂိုးမရှိသရေအခြေအနေကို (၆၉) မိနစ်မှာ ဖွန်တေက ချိုးဖျက်ခဲ့ပြီး သူ့ရဲ့သွင်းဂိုးက ဂိုးလိုင်းနည်း ပညာအကူအညီနဲ့ ရရှိခဲ့တဲ့ဂိုးဖြစ်ပါတယ်။ ဂိုးစည်းထဲက ပြန်ထွက်လာတာကို ရစ်ကီလမ်းဘတ်ထပ်သွင်းပေမယ့် ဖွန်တေရဲ့သွင်းဂိုးအဖြစ်ပဲသတ်မှတ်ခဲ့ပါတယ်။ ပွဲပြီးခါနီးမှာ ဟားလ်စီးတီးအသင်း ချေပဂိုးရနိုင်တဲ့အခွင့်အရေးတွေ ထပ်ရခဲ့ပေမယ့် ဆောက်သမ်တန်ဂိုးသမား ဘိုရပ်ဂ်လက်စွမ်းပြခဲ့လို့ချေပဂိုးမရခဲ့ဘူး။ နောက်ပိုင်းပွဲချိန်တွေမှာဆောက်သမ်တန်အသင်းက ခံစစ်ကိုပဲအာရုံစိုက်ကစားသွားလို့ ဟားလ်စီးတီးအသင်း ချေပဂိုးရဖို့လည်း မစွမ်းဆောင်နိုင်ခဲ့ဘူး။ ဒီနိုင်ပွဲကြောင့် ဆောက်သမ်တန်အသင်းက အမှတ်ပေးဇယားအဆင့်(၈)နေရာကို ရောက်လာခဲ့ပြီး ဟားလ်စီးတီးကတော့ တန်းဆင်းဇုန်နဲ့ (၃)မှတ်အကွာ အဆင့်(၁၃)နေရာကို ရောက်ရှိခဲ့ပါတယ်။

စာမျက်နှာ (၁၃)သို့ ➤➤➤

ဝက်စ်ဘရွန်း (၄-၂-၃-၁)

လူစားလဲကြသူများ
ယာကော့ဘ် (မူလမ်ဘူ ၆၃')၊
အမယ်ဗီတာနိ (အနီချိဘီ ⚽ ၇၃')၊ ဘီဖူမာ (ဗီဒရာ ၇၈')

ချယ်လ်ဆီး (၄-၂-၃-၁)

လူစားလဲကြသူများ
အီတူး (တောရက်စ် ၆၉')၊ အော်စကာ (မီခေးလ် ၇၉')၊
ရာမီရက်စ် (ဆာလာ ၈၉')

ပွဲမှတ်တမ်း

	ဝက်စ်ဘရွန်း	ချယ်လ်ဆီး
ဂိုး	၁	၁
ဂိုးပေါက်ကန်သွင်းမှု	၁၂	၁၅
ဂိုးပေါက်တည့်မှု	၁	၄
ဂိုးပေါက်ကာကွယ်မှု	၃	၀
ထောင့်ကန်ဘော	၅	၈
လူကျွံဘော	၁	၁
ပြစ်ဒဏ်ဘော	၉	၁၃
အဝါကတ်	၃	၄
အနီကတ်	၀	၀
ဘောလုံးပိုင်ဆိုင်မှု	၄၀%	၆၀%

ဟားလ်စီးတီး (၄-၄-၂) ဆောက်သမ်တန် (၄-၂-၃-၁)



လူစားလဲကြသူများ
မက်ရှိန်း (ရော့ဘွိုက်ဒ် ၁၃')၊ မေလာ (အလူကို ၇၅')၊
ဖီဂွယ်ရီအာ (ဘရက်ဒီ ၇၆')

လူစားလဲကြသူများ
လမ်းဘတ် (ဂူလီ ၇၆')၊ လယ်လာနာ (ပရီဆေး ၈၈')၊
ဒေးဗစ် (ဝမ်ယာမာ ၉၃')

Premier ELEVEN SPORTS JOURNAL

ငွေကြေးနဲ့ ဂုဏ်သိက္ခာအတွက်

ပရီးမီးယားလိဂ်ရှင်သန်ခွင့်

ဟိန်းမောင်မောင်

၂၀၁၃-၁၄ ပရီးမီးယားလိဂ်ရာသီက (၃) ပုံ(၂)ပုံ ကျိုးသွားခဲ့ပါပြီ။ ဒီရာသီမှာ အများစု စိတ်ဝင်စားနေတာက ပရီးမီးယားလိဂ်ချန်ပီယံ တိုက်ပွဲပါပဲ။ အမှတ်ပေးဇယားထိပ်ဆုံးမှာ မန်စီးတီး၊ ချယ်လ်ဆီး၊ အာဆင်နယ် (၃)သင်းအ ပြိုင်ဖြစ်နေပြီး လီဗာပူးလ်အသင်းပါ ထည့်တွက် မယ်ဆိုရင် (၄)သင်းလောက် အပြိုင်အဆိုင် ဖြစ်နေလို့ ဆွဲဆောင်မှုအမြင့်ဆုံးရောက်နေတာ မဆန်းပါဘူး။ ချန်ပီယံတိုက်ပွဲက အမြင့်ဆုံးဒီ ရေမှတ်ကို ရောက်နေချိန်မှာ ပရိသတ်တွေ စိတ်ဝင်စားမှုလျော့နည်းနေတာက ပရီးမီး ယားလိဂ်ရှင်သန်ခွင့်အတွက် ရုန်းကန်နေရတဲ့အ ခြေအနေပါပဲ။ ပြီးခဲ့တဲ့ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့ကြား ရက်တွေမှာ ပရီးမီးယားလိဂ်ပွဲစဉ်(၂၆)ကို ယှဉ်ပြိုင်ကစားခဲ့တာပါ။ ပွဲစဉ်(၂၅)အပြီးမှာ အ ဆင့်(၁၀)ကအသင်းနဲ့ ဇယားအောက်ဆုံးက အသင်းတို့ ရမှတ်ကွာခြားမှုက (၇)မှတ်သာရှိ ခဲ့ပြီး အသင်းပေါင်း(၁၁)သင်းက တန်းဆင်း ဇုန်အန္တရာယ်စက်ဝန်းထဲမှာ ကျရောက်နေပါ တယ်။ ဒီဆောင်းပါးရေးချိန်က အင်္ဂါနေ့ညပွဲ စဉ်များအပြီးဖြစ်လို့ ပွဲစဉ်(၂၆) (၁၀)ပွဲစလုံး ကစားပြီးခဲ့ရင်တောင် ရမှတ်ကွာခြားမှုက (၁၀) မှတ်ထက်တော့ ပိုလာဖို့တော့မရှိပါဘူး။ အသင်း (၁၁)သင်းစလုံး အခွင့်အရေးက မတိမ်းမယိမ်း ရှိတဲ့အနေအထားမှာ လက်ကျန်ပွဲစဉ်တွေထဲမှာ ရသင့်တဲ့အမှတ်တွေ မရယူနိုင်ဘဲ အမှားများ တဲ့အသင်းတွေကတော့ ရာသီကုန်မှာ ပရီးမီး ယားလိဂ်ကို စွန့်ခွာသွားရပါလိမ့်မယ်။ ဒီဘက် နောက်ပိုင်းနှစ်တွေမှာ တန်းဆင်းဇုန်ပြိုင်ဆိုင်မှု တွေက ပိုအကြိတ်အနယ်ရှိလာနေပြီး ဥရော ပဝင်ခွင့်ကို မမျှော်လင့်နိုင်တဲ့ အသင်းငယ်တွေ အဖို့ ပရီးမီးယားလိဂ်မှာ အသက်ဆက်ခွင့်ရ ရေးက အဓိကပစ်မှတ်ဖြစ်လာပါတယ်။ ပရီးမီး ယားလိဂ်က တန်းဆင်းသွားရင် အသင်းကို ရေရှည်တည်ဆောက်ဖို့ခက်သွားနိုင်တဲ့ သာဓက တွေကလည်းများစွာရှိခဲ့ပါတယ်။ မစ်ဒယ်ဘရော၊ ဘော်လ်တန်၊ ဘလက်ဘန်းအသင်းတွေ တန်း ဆင်းသွားပြီး တန်းပြန်တက်ဖို့ အလှမ်းဝေးကွာ နေတဲ့ အခြေအနေမျိုး ဘယ်အသင်းမှ အ ရောက်ခံချင်မှာ မဟုတ်ပါဘူး။ ၂၀၁၀ ခုနှစ်မှာ နယူးကာဆယ်၊ ဝက်စ်ဘရွန်းအသင်းတွေ လိဂ် ချန်ပီယံရှစ်ကို တန်းဆင်းပြီး ချက်ချင်းတိုက်ရိုက် တန်းပြန်တက်နိုင်ခဲ့တဲ့နောက်မှာ ဒီလိုစွမ်းဆောင် နိုင်တဲ့ အသင်းမျိုးမရှိပါဘူး။ ပြီးခဲ့တဲ့ (၃)နှစ် အတွင်းမှာ ၂၀၁၁-၁၂ရာသီက ဝက်စ်ဟမ်းတစ် သင်းသာ Play-off ကစားပြီး ပရီးမီးယားလိဂ် တက်ရောက်နိုင်ခဲ့တာပဲ ရှားရှားပါးပါးသက်သေ ပြစရာဖြစ်ခဲ့ပါတယ်။ ပရီးမီးယားလိဂ်က တခြား လိဂ်တွေနဲ့မတူတာက အသင်းငယ်တွေလည်း အပြောင်းအရွှေ့ကာလမှာ ငွေသုံးကြမ်းပြီး အပြိုင် အဆိုင်ခြေလှမ်းကြဲခဲ့ကြတာဖြစ်ပါတယ်။

Premier ELEVEN

အယ်ဒီတာချုပ်	မြတ်ထွဋ်ဝင်း
အကြီးတန်းအယ်ဒီတာ	ဟိန်းမောင်မောင် ၊ ဝေယံလင်း
အယ်ဒီတာအဖွဲ့ဝင်များ	ကျော်ထက်ထွန်း ၊ သက်ပိုင်စိုး
သတင်းထောက်	စိုးညီညီရှိန်
ပုံနှိပ်သူအမည်	ဒေါက်တာသိန်းမြင့်
မှတ်ပုံတင်အမှတ်	ယာယီ - ၁၁၅၆
ပုံနှိပ်တိုက်အမည်	Eleven Press
ပုံနှိပ်စက်တည်နေရာ	အမှတ်(၁၉)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(၁)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ	Eleven Media Group
မှတ်ပုံတင်အမှတ်	ယာယီ - ၀၄၇၀၀
စာပေတိုက်အမည်	Eleven Media Group
စာပေတိုက်တည်နေရာ	အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(၁)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၀၅၂၄၊ ၄၀၀၅၂၈

မက်လောက်စရာ

အသင်းငယ်တွေအဖို့ ပရီးမီးယားလိဂ် တင်ကျန်ရေးက ဂုဏ်သိက္ခာနဲ့အတူ ဝင်ငွေရ ပေါက်ရလမ်းတွေကအဓိကအခန်းကဏ္ဍမှာရှိနေ ပါတယ်။ ပရီးမီးယားလိဂ်နဲ့ လိဂ်ချန်ပီယံရှစ်ကြား အတန်းတစ်တန်းသာကွာခြားပေမယ့် ဝင်ငွေက တော့ အဆပေါင်းများစွာကွာဟလျက် ရှိနေပါ တယ်။ အထူးသဖြင့် ပရီးမီး ယားလိဂ်အသင်းတွေရဲ့ ဘဏ္ဍာ ရေးပိုင်းကို အဓိကပံ့ပိုးပေးနေ တာက ရုပ်သံလွှင့်ခွင့်စာ ချုပ်ကရတဲ့ ဝင်ငွေပါ။ လာလီဂါမှာလို ရုပ်သံစာ ချုပ်ကို ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်နှစ်သင်းက စိတ်ကြိုက်ချုပ်ဆိုခွင့်ရသလိုမျိုးမဟုတ်ဘဲ ပရီးမီးယားလိဂ်က သာတူညီမျှပိုရှိပါတယ်။ ဒါပေ မဲ့အသင်းရလဒ်ပိုင်းနဲ့ အခြားအချက်အလက်တွေ ပေါ်မူတည်ပြီး ဇယားထိပ်ပိုင်းနဲ့ အောက်နားက အသင်းတွေကြား ဝင်ငွေခွဲဝေမှုအချိုးကတော့ အနည်းနဲ့အများ ကွာခြားမှုရှိနေဆဲပါပဲ။ ပြီးခဲ့တဲ့ ၂၀၁၂-၁၃ ရာသီမှာ ချန်ပီယံဖြစ်ခဲ့တဲ့ မန်ယူက ရုပ်သံဝင်ငွေကနေ ပေါင်(၆၀ ·၈)သန်းရရှိခဲ့ပြီး ဇယားအောက်ဆုံးအဆင့်နဲ့ တန်းဆင်းသွားတဲ့ QPR ကတော့ ပေါင်(၃၉ ·၈)သန်း ရရှိခဲ့ပါတယ်။ ဒါက ပြီးခဲ့တဲ့ ၂၀၁၃မှာ သက်တမ်းကုန်ဆုံးသွား တဲ့ ရုပ်သံလွှင့်စာချုပ်အရ ခွဲဝေခဲ့တာဖြစ်ပြီး ၂၀၁၃ ကနေ ၂၀၁၆ ခုနှစ်အထိချုပ်ဆိုထားတဲ့ စာချုပ်သစ်မှာတော့ ပရီးမီးယားလိဂ်ကလပ် အသင်းတွေရဲ့ ဝင်ငွေက လည်း ပေါင်သန်းနဲ့ချီပြီးတိုး လာ ပါလိမ့်မယ်။ ရုပ်သံ လွှင့်စာချုပ်သစ်ရဲ့တန်ဖိုးက (၃)ရာသီစာအတွက် ပရီးမီးယားလိဂ်အနေနဲ့ ပေါင်(၅ ·၅)ဘီလီယံ လောက်ရရှိမှာဖြစ်ပြီး ယခင်စာချုပ်ဟောင်းထက် ပေါင်(၂)ဘီလီယံလောက် ပိုများပါတယ်။ ဒါကြောင့် ပရီးမီးယားလိဂ်ချန်ပီယံဖြစ်မယ့်အ သင်းက ရုပ်သံဝင်ငွေ ပေါင်သန်း(၁၀၀)ဝန်းကျင် လောက်ရဖို့ရှိပြီး အဆင့်(၂၀)မှအသင်းကလည်း ပေါင်(၆၃)သန်းဝန်းကျင်လောက် တိုးလာပါလိမ့် မယ်။ ရာသီကြိုခြေစမ်းခရီးစဉ်တွေ၊ ကြော်ငြာ၊ အမှတ်တရပစ္စည်းတွေရောင်းချမှုစတဲ့ ကဏ္ဍ အသီးသီးကနေ ဝင်ငွေကောင်းနေတဲ့ ထိပ်သီး အသင်းတွေထက် ငွေရပေါက်လမ်းနည်းတဲ့ အသင်းငယ်တွေအဖို့ ရုပ်သံဝင်ငွေတိုးလာတာ ဟာ ပရီးမီးယားလိဂ်ကို ပိုမိုဖက်တွယ်ထားဖို့ တွန်း အားတစ်ရပ်လည်းဖြစ်စေခဲ့ပါတယ်။ ကလပ်ရဲ့ ဘ ဏ္ဍာရေးပိုင်း ကောင်းမွန်လာတာနဲ့တစ်ပြိုင်နက် ဆက်စပ်နေတဲ့ အခြားတစ်ဖက်မှာ ခြေနှစ်ချောင်း ဈေးကွက်ထဲ အသင်းငယ်တွေ ပိုပြီးသွက်သွက် လက်လက် လှုပ်ရှားလာခဲ့တာပါပဲ။ အထင်ရှား ဆုံးက ပြီးခဲ့တဲ့နွေရာသီဈေးကွက်မှာပါ။ အသင်း ငယ်တွေ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ် ယူမှုတွေက နွေရာသီမှာများစွာပေါ်ထွက်ခဲ့ပါ တယ်။ ဒီရာသီမှာတန်းတက်လာတဲ့ ကာဒစ်ဖ်၊ ဟားလ်စီးတီး၊ ခရစ္စတယ်ပဲလေ့စ်အသင်းတွေ တောင် ပရီးမီးယားလိဂ်မှာတင်ကျန်စေဖို့ အ ပြောင်းအရွှေ့ဈေးကွက်မှာလည်း နောက်ကျမ ကျန်ခဲ့ပါဘူး။ ငွေသုံးစွဲတဲ့ ပမာဏသာကွာပေ မယ့် (၃)သင်းစလုံးကကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးတွေကို ပြီးခဲ့တဲ့နွေရာသီ မှာပဲရိုက် ချိုးခဲ့ ပါတယ်။ နွေရာသီနဲ့ ဆောင်းရာသီအ ပြောင်းအရွှေ့ ဈေးကွက်(၂)ခု မှာလည်းလက် ရှိ တန်းဆင်းအ န္တရာယ်ရှိနေတဲ့ အသင်းပေါင်း (၁၁)သင်းထဲ ကစတုတ်စီး တီး၊ ဆန်း ဒါးလန်း၊ အက်စ တွန်ဗီလာ (၃)သင်းကလွဲပြီး ကျန်(၈)သင်းက ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ အသင်းကို အားဖြည့်ပြင်ဆင်မှုတွေ လုပ်ခဲ့တာဖြစ်ပါတယ်။

ရှင်သန်ခွင့်တိုက်ပွဲ

ပရီးမီးယားလိဂ်ဆောင်းရာသီဈေးကွက် က အသင်းကြီးအတော်များများ ငြိမ်သက်ခဲ့ ပြီး အသင်းငယ်တွေရဲ့ လှုပ်ရှားမှုက ပိုသွက်ခဲ့ ပါတယ်။ တန်းဆင်းအန္တရာယ်ရှိနေတဲ့ အသင်း (၁၁)သင်းစလုံး ဇန်နဝါရီလမှာ ကစားသမား သစ်ခေါ်ယူမှုက (၅၀)ဦးနီးပါးအထိရှိခဲ့ပါတယ်။ အသင်းအများစုက ရေရှည်ပြင်ဆင်မှုမရှိသ လောက်နည်းပြီး ရေတိုကုစားမှုအတွက်သာ အ ဓိက လုပ်ဆောင်ခဲ့တာပါ။ ဒါကြောင့်လည်း အ သင်းငယ်တွေရဲ့ အငှားဈေးကွက်က ဆောင်း ရာသီမှာ ပိုပြီးလှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့ပါတယ်။ ပရီးမီးယားလိဂ်မှာ အနည်းငယ်သက်ဆိုးရှည် နေတဲ့အသင်းတွေထဲမှာ နွေရာသီက ကစားသ မားအမြောက်အမြားခေါ်ယူထားတဲ့ ဆန်းဒါး လန်းတစ်သင်းသာ ငြိမ်ချက်သားကောင်းခဲ့ပြီး စတုတ်စီးတီး၊ ဝက်စ်ဟမ်း၊ ဖူလ်ဟမ်တို့ကတော့ အသင်းအတွက် ဆေးမြီးတိုကုထုံးတွေနဲ့ အဓိ ကထားပြင်ဆင်ခဲ့ပါတယ်။ ဒါက ဒုတိယရာသီ ဝက်အတွက် ကွင်းပြင်ပပြင်ဆင်မှုတွေသာဖြစ် ပြီး အသင်းတစ်သင်းရဲ့ ပွဲစဉ်အနေအထား၊ ရ လဒ်ပိုင်းတည်ငြိမ်မှုတွေကသာ အနာဂတ်အ တွက် အဓိကအဆုံးအဖြတ်ပေးပါလိမ့်မယ်။ ၂၀၁၂-၁၃ရာသီက ဝက်စ်ဟမ်းအသင်း (၄၂) မှတ်နဲ့ တန်းဆင်းခဲ့တာကလွဲရင် မှတ်တမ်းတွေ အရတော့ ပရီးမီးယားလိဂ်မှာတင်ကျန်ရစ်ဖို့ ရ မှတ်(၄၀)လောက်ရထားရင်ပဲ လုံလောက်ပါ တယ်။ ၂၀၀၄-၀၅ရာသီက ဝက်စ်ဘရွန်းအသင်း ရမှတ်(၃၄)မှတ်နဲ့ တန်းမဆင်းရတဲ့သာဓကတွေ လည်းရှိခဲ့ပါတယ်။ လက်ရှိအခြေအနေအရ ဇယားအောက်ပိုင်းအသင်းတွေကြား ရာသီ အဆုံးသတ်ပိုင်းမှာ အကြိတ်အနယ်ဖြစ်လာနိုင် ပြီး တန်းဆင်းရမယ့်(၃)သင်းက ရမှတ်(၃၅)မှတ် ထက် ကျော်လွန်ဖို့မလွယ်ပါဘူး။ ရမှတ်ပိုင်းကွာ ခြားမှုသိပ်မရှိခဲ့ပေမယ့် ၂၀၀၄-၀၅ ရာသီက နော ဝစ်ချ်၊ ဆောက်သမ်တန်၊ ခရစ္စတယ်ပဲလေ့စ်၊ ဝက်စ်ဘရွန်းတို့အပြိုင်ဖြစ်ခဲ့ပြီး ပွဲစဉ်(၃၈) ရောက်မှ ဝက်စ်ဘရွန်း ကျန်ရစ်ခဲ့ကာ တန်းဆင်း (၃)သင်းစလုံးအဖြေပေါ်တဲ့အဖြစ်မျိုး ရောက်ဖို့ တော့ ခဲယဉ်းလှပါတယ်။ သေချာတာကတော့ ကစားသမားပိုင်း၊ ပရီးမီးယားလိဂ်တန်းမဆင်း ရရေး ရုန်းကန်နိုင်မှုအတွေ့အကြုံတွေကို ထည့် တွက်ရင် ဒီရာသီတန်းတက်လောက်တဲ့ (၃)သင်း ထဲက (၂)သင်းလောက်တင်ကျန်ဖို့တောင် မလွယ်ပါဘူး။ ◻



ပြီးခဲ့သည့်(၇)ရာသီအတွင်း ပွဲစဉ်(၂၆)အပြီး အဆင့်(၁၀)နှင့်(၂၀)ကြား ရမှတ်ကွာဟချက်

ရာသီ	ရမှတ်ကွာခြားမှု
၂၀၀၆-၀၇	(၁၈)မှတ်
၂၀၀၇-၀၈	(၂၈)မှတ်
၂၀၀၈-၀၉	(၁၀)မှတ်
၂၀၀၉-၁၀	(၂၇)မှတ်
၂၀၁၀-၁၁	(၉)မှတ်
၂၀၁၁-၁၂	(၂၂)မှတ်
၂၀၁၂-၁၃	(၁၆)မှတ်

ဒီတစ်ကြိမ်က ဖလားတစ်လုံးအတွက်

ဝေယံအောင်

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေက ဘယ်ရာသီနဲ့မှ မတူအောင် အကြိတ်အနယ်ရှိလွန်းနေတဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေ ခဏအနားပေးထားမယ့်အချိန်။ ဒါပေမဲ့ ပရီးမီးယားလိဂ်ပရိသတ်တွေအတွက် ရင်ခုန်သံတွေကတော့ ပျောက်ဆုံးမသွားပါဘူး။ ပရီးမီးယားလိဂ်အသင်းတွေ ပါဝင်ဆင်နွှဲမယ့် FAဖလားပွဲစဉ်တွေ အစားထိုးဝင်ရောက်လာမှာကြောင့်ပါ။ ဒါတင်မကသေးပါဘူး။ ပြီးခဲ့တဲ့ရက်ပိုင်းကမှ ပရီးမီးယားလိဂ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရင်ဆိုင်ခဲ့ကြတဲ့ အမှတ်ပေးဇယားထိပ်ဆုံးကအသင်းကြီး(၄)သင်း တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံတွေ့နေတာကြောင့်လည်း ပရီးမီးယားလိဂ်ထက်မလျော့တဲ့ စိတ်လှုပ်ရှားမှုတွေကို ဆက်ပေးစွမ်းမယ့်အခြေအနေပါ။ ပိုထူးခြားတာကတော့ ဒီတစ်ကြိမ်ကသူတို့အတွက်ဖလားတစ်လုံးဆိုတဲ့ လောင်းကြေးနဲ့ ယှဉ်ပြိုင်ရဖို့ဖြစ်လာခဲ့တာပါ။

အမှတ်လုပွဲက ရှုံးကြေးတွေ

ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ ပွဲစဉ်(၂၅)ပြီးဆုံးချိန် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့တဲ့ ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက ဒီရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကို ထိပ်ဆုံး(၄)သင်း အပြိုင်လုရဦးမယ်လို့ မှတ်ချက်ပြုခဲ့ပါတယ်။ မော်ရင်ဟိုက ထိပ်ဆုံး(၄)သင်းကြား ကျဉ်းမြောင်းတဲ့ အမှတ်ကွာဟချက်အခြေအနေကို ထောက်ပြခဲ့တာပါ။ ဒီရာသီမှာ မော်ရင်ဟိုရဲ့ စကားအသုံးအနှုန်းတွေက ကိုယ့်ကိုယ်ကိုယ်လိုတာထက်ပိုပြီး နှိမ့်ချထားသယောင် ဖြစ်နေပေမယ့် လက်တွေ့ချန်ပီယံလုပွဲရဲ့ အခြေအနေမှန်နဲ့တော့ ကိုက်ညီနေခဲ့ပါတယ်။ ဒီလိုဖြစ်လာခဲ့တာကလည်း ဒီအသင်း(၄)သင်း ထိပ်တိုက်တွေ့ခဲ့တဲ့ နောက်ဆုံးပွဲစဉ်(၂)ပွဲအပေါ်မှာ အဓိက မူတည်ခဲ့ပါတယ်။ ချယ်လ်ဆီးက မန်စီးတီးကိုနိုင်၊ လီဗာပူးလ်က အာဆင်နယ်ကိုနိုင်ခဲ့တာကြောင့်သာ အခုလို အနေအထားကို ရောက်ရှိခဲ့တာပါ။ ဒါပေမဲ့ ပရီးမီးယားလိဂ်ဆိုတဲ့ ဖလားတစ်လုံးကို အပြိုင်လုဖို့က နောက်ထပ်ပွဲတစ်ဒါဇင်လောက် ဆင်နွှဲရဦးမှာဖြစ်ပြီး FAဖလားကတော့ နောက်ထပ်(၄)ပွဲပဲ ယှဉ်ပြိုင်ရတော့မှာပါ။ အခုယှဉ်ပြိုင်ရမှာက (၁၆)သင်းသာကျန်တော့တဲ့ ပဥ္စမအဆင့်ဖြစ်ပြီး အဲဒီနောက်မှာ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်နဲ့ ဗိုလ်လုပွဲတွေပဲ ရှိတော့တာဖြစ်ပါတယ်။ ဒါ့အပြင် ပြိုင်ပွဲရဲ့ အအောင်မြင်ဆုံး မန်ယူ၊ တောင့်တင်းတဲ့ စပါးတို့ စောစောစီးစီးထွက်ခွာသွားခဲ့ရပြီဖြစ်တာကြောင့်လည်း အခုရင်ဆိုင်ရမယ့်ပြိုင်ဘက်တွေကိုသာ ကျော်ဖြတ်နိုင်ခဲ့ရင် လက်ကျန်ဆုဖလားလမ်းကြောင်းက အနှောင့်အယှက်နည်းနည်းနဲ့ ရှေ့ဆက်ရမယ့်အခြေအနေပါ။ လက်ရှိ FAဖလား ပဥ္စမအဆင့်ကို ရောက်လာတဲ့(၁၆)သင်းထဲမှာ ပရီးမီးယားလိဂ်အသင်းက (၁၀)သင်း၊ လိဂ်ချန်ပီယံရှစ်က (၅)သင်းနဲ့ League One က (၁)သင်းပါဝင်ခဲ့ပါတယ်။ ပရီးမီးယားလိဂ်အသင်းထက်ဝက် ပြုတ်ကျန်ခဲ့ပြီဖြစ်တဲ့အခြေအနေက ဒီပြိုင်ပွဲမှာ အသင်းငယ်တွေ ဒုက္ခပေးတတ်တယ်ဆိုတဲ့ အစဉ်အလာကိုတော့ ဆက်ပြီးတည်မြဲစေခဲ့သလိုပါပဲ။ ပြီးခဲ့တဲ့ရာသီတုန်းကလည်း ဝီဂန်အသင်းကမန်စီးတီးကို ဗိုလ်လုပွဲမှာ အနိုင်ယူသွားခဲ့တာပါ။ ဒါပေမဲ့ အင်္ဂလန်နိုင်ငံအတွင်းမှာသာမက ကမ္ဘာမှာပါ ရှေးအကျဆုံးဖလားပြိုင်ပွဲဖြစ်ခဲ့တဲ့ ဒီFA ဖလားကို ပရီးမီးယားလိဂ်ထိပ်သီးအသင်းတွေ တန်ဖိုးထားယှဉ်ပြိုင်လေ့ရှိတာတော့ သေချာပါတယ်။ ဝီဂန်လိုပဲ ၂၀၀၇-၀၈ရာသီတုန်းက ပို့စ်မောက်အသင်း ဗိုလ်စွဲခဲ့ဖူးပေမယ့် နောက်ဆုံးရာသီ(၂၀)အတွင်းမှာလည်း ရှားရှားပါးပါး ဒီ(၂)ကြိမ်ပဲ အသင်းငယ်တွေ ဗိုလ်စွဲနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ အသင်းကြီးတွေ တန်ဖိုးထားယှဉ်ပြိုင်လိုစိတ်ရှိအောင် သတ်မှတ်ပေးထားတဲ့ ဆုကြေးကြောင့်လည်း တစ်စိတ်တစ်ပိုင်းပါဝင်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဗိုလ်စွဲတဲ့အသင်းက နောက်ဆုံးဆုကြေးပေါင်(၂)သန်းနီးပါး အပါအဝင် ကျော်ဖြတ်ခဲ့တဲ့အဆင့်အလိုက်ဆုကြေးတွေနဲ့ ပေါင်းလိုက်ရင် ပေါင်(၄)သန်းလောက်ရရှိတာကြောင့်ပါ။ အသင်းကြီးတွေအတွက်ကတော့ ပရီးမီးယားလိဂ်ချန်ပီယံဆုနဲ့ လွဲခဲ့ရရင် ဒါဟာ သိက္ခာဆယ်ဖလားတစ်လုံးလည်း ဖြစ်နေပြန်ပါသေးတယ်။ နောက်ဆုံးနှစ်(၂၀)အတွင်း ဗိုလ်စွဲခဲ့တဲ့အသင်းတွေကတော့ ချယ်လ်ဆီး(၆)ကြိမ်၊ မန်ယူ(၄)ကြိမ်၊ အာဆင်နယ်(၄)ကြိမ်၊ လီဗာပူးလ်(၂)ကြိမ်၊ မန်စီးတီး၊ အဲဗာတန်၊ ပို့စ်မောက်နဲ့ ဝီဂန်(၁)ကြိမ်စီတို့ပါ။ ဒီတော့ သမိုင်းတစ်လျှောက်လုံးကို မကြည့်ဘဲ နောက်ဆုံးနှစ်(၂၀)နဲ့ ပိုင်းကြည့်ရင်တောင် အသင်းကြီးတွေ အလေးထားတဲ့ဖလားဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။ ပရီးမီးယားလိဂ်ချန်ပီယံပြေးလမ်းပေါ်က ထိပ်သီး(၄)သင်းအတွက်တော့ ဖလားတစ်လုံးလက်မလွှတ်ရဖို့အပြင် ပြိုင်ဘက်အပေါ် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားသာချက်ရယူနိုင်ဖို့လည်း လိုအပ်နေမှာပါ။ ပရီးမီးယားလိဂ်အမှတ်လုပွဲမှာ လောလောလတ်လတ်အရှုံးပေးထားခဲ့ရတဲ့ မန်စီးတီးနဲ့ အာဆင်နယ်တို့အတွက်ဆိုရင်တော့ ဆိုးရွားတဲ့ရှုံးကြေးတွေကို အိမ်ကွင်းပရိသတ်ရှေ့မှာ ပြန်ပေးဆပ်နိုင်ဖို့ဆိုတဲ့အချက်ပါ ပါဝင်နေမှာပါ။

မှတ်တမ်းဟောင်းများထဲ

ဒီပြိုင်ပွဲရဲ့မှတ်တမ်းကို ပြန်ကြည့်ရင်လည်း ဒီ(၄)သင်းစလုံးက အနိမ့်ဆုံးဖလား(၅)ကြိမ် ရယူနိုင်ခဲ့တဲ့အသင်းတွေဖြစ်နေပါတယ်။ အာဆင်နယ်က (၁၀)ကြိမ်၊ လီဗာပူးလ်နဲ့ ချယ်လ်ဆီးက (၇)ကြိမ်စီ၊ မန်စီးတီးက (၅)ကြိမ်ရရှိထားတာပါ။ ဒါပေမဲ့ အချင်းချင်းထိပ်တိုက်တွေ့ဆုံမှုမှာတော့ ခြားနားပါတယ်။ အာဆင်နယ်နဲ့ လီဗာပူးလ်က ဒီပြိုင်ပွဲမှာ (၁၆)ကြိမ်ဆုံတွေ့ဖူးထားပြီး မန်စီးတီးနဲ့ ချယ်လ်ဆီးက (၄)ကြိမ်ပဲ တွေ့ဆုံဖူးထားတာပါ။ အာဆင်နယ်နဲ့ လီဗာပူးလ်တို့ကတော့ အာဆင်နယ်ဆိုတဲ့ လက်ရှိအမည်မဖြစ်ခင်ကတည်းက ဆုံတွေ့ခဲ့ကြပြီး နောက်ဆုံး ဆုံတွေ့ခဲ့တာကတော့ ၂၀၀၆-၀၇ ရာသီကပါ။ မန်စီးတီးနဲ့ ချယ်လ်ဆီးကလည်း ၂၀ရာစုအစောပိုင်းမှာကတည်းက စတွေ့ခဲ့ကြပေမယ့် ထိပ်တိုက်တွေ့မှု နည်းပါးခဲ့ပြီး ပြီးခဲ့တဲ့ရာသီ ဆီမီးဖိုင်နယ်မှာတော့ ပြန်တွေ့ခဲ့ကြပါတယ်။ ဒီနေရာမှာထူးခြားမှုအဖြစ် ပြောလို့ရတာတစ်ခုကတော့ ပရီးမီးယားလိဂ်ရဲ့ ရှုံးကြေးကို ပြန်ဆပ်ရမယ့် အာဆင်နယ်နဲ့ မန်စီးတီးနှစ်သင်းစလုံး ဒီပြိုင်ပွဲမှာပြိုင်ဘက်တွေကို အသာစီးရထားတဲ့အချက်ပါ။ အာဆင်နယ်က နောက်ဆုံး(၂)ပွဲဆက် အနိုင်ရထားပြီး မန်စီးတီးကတော့ နိုင်ပွဲ(၃)ပွဲစလုံးကို နောက်ဆုံး ဆုံတွေ့တဲ့(၃)ပွဲမှာရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မှတ်တမ်းဟောင်းတွေကတော့ ရှုံးကြေးဆပ်နိုင်ဖို့ ဆန္ဒပြင်းပြနေတဲ့ အိမ်ရှင်ပရိသတ်တွေအတွက် ကျေနပ်အားရစရာဖြစ်နေပါတယ်။ ဒါပေမဲ့ မှတ်တမ်းသက်သက်နဲ့ အဖြေထုတ်လို့တော့ မရနိုင်ပါဘူး။ ပြိုင်ဘက်တွေကဒီဖလားကို အာရုံထား ကစားတတ်တဲ့အသင်းတွေဖြစ်သလို၊ ပရီးမီးယားလိဂ် နောက်ဆုံးဆုံတွေ့မှုမှာလည်း ခြေစွမ်းပြအနိုင်ယူခဲ့တဲ့အသင်းတွေဖြစ်နေတာကြောင့်ပါ။ လီဗာပူးလ်အသင်းက အာဆင်နယ်အသင်းကို အမှတ်ပေးဇယားထိပ်ဆုံးနေရာက ဖယ်ရှားပစ်ခဲ့တဲ့ပွဲမှာ တစ်ဖက်သတ်နီးပါးအသာစီးယူကစားပြီး ဂိုးပြတ်နိုပ်ကွပ်ခဲ့တာ အထင်အရှားပါ။ ဒါ့အပြင် ချယ်လ်ဆီးအသင်းကလည်း ရာနှုန်းပြည့်နိုင်ပွဲစံချိန်စိုက်ထူထားတဲ့ မန်စီးတီးအသင်းရဲ့အိမ်ကွင်းမှာ အကောင်းဆုံးနည်းဗျူဟာနဲ့ အမှတ်ပြည့်ယူခဲ့တာပါ။ ဒါတွေက မှတ်တမ်းဟောင်းတွေလို အလှမ်းဝေးနေတဲ့အကြောင်းအရာတွေမဟုတ်ဘဲ ရက်ပိုင်းအတွင်းကမှ ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေ ဆိုတာကိုလည်း မေ့ထားလို့ မရနိုင်ပါဘူး။ ဒီတော့ အိမ်ကွင်းအားသာချက်ကို အာဆင်နယ်နဲ့ မန်စီးတီးတို့ အသုံးချနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။

ဒီလို ထိပ်သီးအသင်းတွေရဲ့ဆုံတွေ့မှုက ဘောလုံးပရိသတ်တွေအတွက် စိတ်လှုပ်ရှားစရာပွဲကောင်းတွေ ဖြစ်လာစေခဲ့ပေမယ့် တစ်ဖက်ကကြည့်ရင်တော့ အသင်းကောင်းနှစ်သင်းကို စောစောစီးစီး ထပ်ပြီးလက်လွှတ်လိုက်ရဖို့လည်း ဖြစ်နေခဲ့ပါတယ်။ (၄)သင်းထဲက (၂)သင်း သေချာပေါက်ကျန်ရစ်ခဲ့ရတော့မှာဖြစ်တာကြောင့် အသင်းငယ်တွေအတွက်တော့ မျှော်လင့်ချက်ပိုရှိသွားသလိုလည်း ဖြစ်စေခဲ့ပါတယ်။ ဒါကြောင့် ပို့စ်မောက်နဲ့ ဝီဂန်တို့လို ဘယ်အသင်းတွေ အခွင့်အရေးရသွားနိုင်ဦးမလဲ ဆိုတာကိုလည်း ပွဲကောင်းတွေနဲ့အတူ စောင့်ကြည့်ရင်ခုန်သွားရဦးမှာပါ။ ဘာပဲဖြစ်ဖြစ် ပရီးမီးယားလိဂ်အမှတ်လုပွဲမှာ အရှုံးပေးခဲ့ရတဲ့အသင်းနှစ်သင်းအတွက်တော့ ဒီတစ်ကြိမ်ဖလားလုပွဲမှာ အရှုံးပေါ် အရှုံးမဆင့်ဖို့ ပိုအရေးကြီးနေမှာသေချာပါတယ်။ ဆုဖလားအတွက် အဆုံးအဖြတ်ပေးမယ့် နောက်ဆုံးအဆင့် မဟုတ်သေးပေမယ့် ဒီရာသီ FAဖလားပြိုင်ပွဲရဲ့ စိတ်လှုပ်ရှားစရာအကောင်းဆုံးပွဲတွေ ဖြစ်လာမှာလည်း သေချာနေပါတယ်။ နောက်ဆုံးထွက်ပေါ်နေတဲ့ အလေး ပေးမှုကတော့ ဗိုလ်စွဲဖို့ရေပန်းအစားဆုံးက မန်စီးတီး၊ ဒုတိယရေပန်းအစားဆုံးက အာဆင်နယ်အသင်းပါ။

Photo : AFP

DESIGN: Soe Thet Khine

အာဆင်နယ်နှင့် လီဗာပူးလ်၏ FA ဖလားမှတ်တမ်း

အာဆင်နယ်နိုင်	သရေ	လီဗာပူးလ်နိုင်
၇	၄	၅

မန်စီးတီးနှင့် ချယ်လ်ဆီး၏ FA ဖလားမှတ်တမ်း

မန်စီးတီးနိုင်	သရေ	ချယ်လ်ဆီးနိုင်
၃	၀	၁

လက်ရှိပရီးမီးယားလိဂ်ထိပ်ဆုံး(၄)သင်း၏ FAဖလားအောင်မြင်မှု

အသင်း	ဖလားရရှိမှု	ပထမဆုံးရရှိသည့်ခုနှစ်	နောက်ဆုံးရရှိသည့်ခုနှစ်
အာဆင်နယ်	၁၀ကြိမ်	၁၉၃၀	၂၀၀၅
လီဗာပူးလ်	၇ကြိမ်	၁၉၆၅	၂၀၀၆
ချယ်လ်ဆီး	၇ကြိမ်	၁၉၇၀	၂၀၁၂
မန်စီးတီး	၅ကြိမ်	၁၉၀၄	၂၀၁၁

FA CUP
5TH ROUND

ဒီတစ်ပတ်မှာတော့ ပရီးမီးယားလိဂ်ပွဲစဉ်တွေ ရပ်နားထားပြီး FA ဖလားပဥ္စမအဆင့်ပွဲတွေကို ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အကောင်းဆုံးပွဲ(၂)ပွဲအဖြစ် မန်စီးတီး-ချယ်လ်ဆီး၊ အာဆင်နယ်-လီဗာပူးလ်ပွဲစဉ်တွေက စောင့်ကြိုနေပြီး မန်စီးတီးနဲ့ အာဆင်နယ်တို့အတွက်တော့ ပရီးမီးယားလိဂ်ရှုံးကြွေးတွေကို ပြန်ဆပ်နိုင်ဖို့ ကြိုးစားရမှာပါ။ မန်စီးတီးက ပရီးမီးယားလိဂ်မှာတုန်းက အိမ်ကွင်းမှာပဲ ရှုံးခဲ့တဲ့ချယ်လ်ဆီးကို ပြန်လည်အနိုင်ယူနိုင်မလား။ အာဆင်နယ်ကရော ပြီးခဲ့တဲ့တစ်ပတ်က အဝေးကွင်းမှာ ဂိုးပြတ်အရေးနိမ့်ထားတဲ့ လီဗာပူးလ်ကို ပြန်လက်စားချေနိုင်မလား။ ဒီတစ်ပတ် FA ဖလားပွဲစဉ်တွေထဲက စိတ်ဝင်စားစရာမေးခွန်းဖြစ်ပါတယ်။

မန်စီးတီးနဲ့အာဆင်နယ်လက်စားပြန်ချေနိုင်မလား

FA ဖလားပဥ္စမအဆင့်ပွဲစဉ်များ

၁၅/၁၆/၁၇-၂-၂၀၁၄

ဆန်းဒါးလန်း - ဆောက်သမ်တန်
ကာဒစ်ဖ် - ဝီဂန်
ရှက်ဖီးဝင်းစ်ဒေး - ချာလ်တန်
မန်စီးတီး - ချယ်လ်ဆီး
အဲဗာတန် - ဆွမ်ဆီး
ရှက်ဖီးယူနိုက်တက် - နော်တင်ဟမ်ဖောရက်စ်
အာဆင်နယ် - လီဗာပူးလ်
ဘရိုက်တန် - ဟားလ်စီးတီး

Photo: AFP

ပရီးမီးယားလိဂ်တွင် အာဆင်နယ်ကွင်း၌ ဆုံတွေ့ခဲ့စဉ်က လီဗာပူးလ်အသင်းသို့ ဂိုးသွင်းယူနေသည့် အာဆင်နယ်ကွင်းလယ်လူ ကာဇိုလာ

FA ဖလား၌ ဂိုးအများဆုံးသွင်းထားသူများ

ဂျိုးဂါနာ(ပရက်စတန်) - ၅ ဂိုး
ကလူကပ်စ်(မန်းစ်ဖီးလ်) - ၅ ဂိုး
အက်မိုဘလန်ကာ(ပီတာဘရော့) - ၅ ဂိုး
ဇိုကို(စတီဗန်နေ့ခ်ျ) - ၄ ဂိုး
အဂူရို(မန်စီးတီး) - ၄ ဂိုး
ရိဒ်(ပလိုင်းမောက်) - ၄ ဂိုး
သောမတ်စ်(ဘရစ္စတိုးလ်) - ၄ ဂိုး
နီဂရီဒို(မန်စီးတီး) - ၃ ဂိုး
ဘိုနီ(ဆွမ်ဆီး) - ၃ ဂိုး

ဖန်တီးမှုအများဆုံးကစားသမားများ

ဟိုလ်မက်စ်(ပရက်စတန်) - ၄ ကြိမ်
နာဖတ်စ်(မန်စီးတီး) - ၃ ကြိမ်
စတိုရာ(ကစ်ဒါမင်စတာ) - ၃ ကြိမ်
ဝီလီယမ်စ်(ပေါ့ဗေးလ်) - ၃ ကြိမ်
မိုက်လီ(မန်းစ်ဖီးလ်) - ၃ ကြိမ်
အော်မီရော့ဒ်(ဝရက်ဇ်ဟမ်း) - ၂ ကြိမ်
အော့စ်မန်(အဲဗာတန်) - ၂ ကြိမ်
ဇီကို(မန်စီးတီး) - ၂ ကြိမ်
ကာဒစ်(ဘာမင်ဂမ်) - ၂ ကြိမ်

မန်စီးတီး နှင့် ချယ်လ်ဆီး

မန်စီးတီး	နောက်ဆုံး(၅)ပွဲ		ချယ်လ်ဆီး		
ဝက်ဖို့ဒ်	**W**(H)	(4-2)	စတုတ်စီးတီး	**W**(H)	(1-0)
စပါး	**W**(A)	(5-1)	ဝက်စ်ဟမ်း	**D**(H)	(0-0)
ချယ်လ်ဆီး	**L**(H)	(0-1)	မန်စီးတီး	**W**(A)	(1-0)
နော့ဝစ်ချ်	**D**(A)	(0-0)	နယူးကာဆယ်	**W**(H)	(3-0)
ဆန်းဒါးလန်း	-(H)	(-)	ဝက်စ်ဘရွန်း	**D**(A)	(1-1)

နောက်ဆုံး(၃)နှစ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၁-၁၂	မန်စီးတီး	၂-၁	ချယ်လ်ဆီး
၂၀၁၂-၁၃	မန်စီးတီး	၂-၀	ချယ်လ်ဆီး
၂၀၁၃-၁၄	မန်စီးတီး	၀-၁	ချယ်လ်ဆီး

မော်ရင်ဟိုရဲ့ Mind Game မိနေတဲ့ မန်စီးတီးနည်းပြ ပယ်လီဂရီနီ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေပေမယ့် ဖိအားတွေနဲ့ ရင်ဆိုင်ရဦးမှာပါ။ မန်စီးတီးတိုက်စစ်ဂိုးသွင်းအား ပုံမှန်မရှိတော့တာကလည်း သတိထားရမယ့်အချက်ဖြစ်ပြီး ချယ်လ်ဆီးအသာစီးရမယ့်ပွဲဖြစ်ပါတယ်။

ဆန်းဒါးလန်း နှင့် ဆောက်သမ်တန်

ဆန်းဒါးလန်း	**W**(H)	**W**(H)	**W**(A)	**L**(H)	-(A)
ဆောက်သမ်တန်	**W**(H)	**D**(H)	**W**(A)	**D**(H)	**W**(A)

ပရီးမီးယားလိဂ်မှာ ဒီ(၂)သင်းဆုံတွေ့ခဲ့တုန်းက သရေကျခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဆောက်သမ်တန်က ဆန်းဒါးလန်းထက် ခြေပိုသာနေပြီး ဂိုးသွင်းအားလည်း ပိုကောင်းပါတယ်။ ဒါပေမဲ့ ဆန်းဒါးလန်းကွင်းဖြစ်နေလို့ သရေကျဖို့များပါတယ်။

အာဆင်နယ် နှင့် လီဗာပူးလ်

နောက်ဆုံး(၅)ပွဲအခြေအနေ

အာဆင်နယ်			လီဗာပူးလ်		
ကိုဗင်ထရီ	**W**(H)	(4-0)	ဘုန်းမောက်	**W**(A)	(2-0)
ဆောက်သမ်တန်	**D**(A)	(2-2)	အဲဗာတန်	**W**(H)	(4-0)
ပဲလေ့စ်	**W**(H)	(2-0)	ဝက်စ်ဘရွန်း	**D**(A)	(1-1)
လီဗာပူးလ်	**L**(A)	(1-5)	အာဆင်နယ်	**W**(H)	(5-1)
မန်ယူ	-(H)	(-)	ဖူလ်ဟမ်	-(A)	(-)

နောက်ဆုံး(၅)နှစ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၉-၁၀	အာဆင်နယ်	၁-၀	လီဗာပူးလ်
၂၀၁၀-၁၁	အာဆင်နယ်	၁-၁	လီဗာပူးလ်
၂၀၁၁-၁၂	အာဆင်နယ်	၀-၂	လီဗာပူးလ်
၂၀၁၂-၁၃	အာဆင်နယ်	၂-၂	လီဗာပူးလ်
၂၀၁၃-၁၄	အာဆင်နယ်	၂-၀	လီဗာပူးလ်

ပြီးခဲ့တဲ့တစ်ပတ်ကမှ ပူပူနွေးနွေးပိုင်ဆိုင်ထားရတဲ့ ဂိုးပြတ်အရှုံးကို အာဆင်နယ် ပြန်ချေဖျက်ဖို့ ကြိုးစားရမှာပါ။ ဒါ့အပြင် ဖလား(၃)လုံးလမ်းကြောင်းပေါ်မှာရှိနေတဲ့ အာဆင်နယ်အတွက် FA ဖလားက အမျှော်လင့်သင့်ဆုံးဖလားဖြစ်နေပြီး ဒီအချက်ကပဲ အာဆင်နယ်ကို ဖိအားပြန်ဖြစ်စေမလားဆိုတာလည်း စောင့်ကြည့်ရပါမယ်။ စိတ်ဓာတ်ပိုင်းအရလည်း လီဗာပူးလ်အားသာနေသလို၊ ကွင်းအတွင်းကစားကွက်ဖော်ဆောင်မှုမှာလည်း ကာဇိုလာတစ်ဦးတည်းကို အားကိုးနေရတဲ့ အာဆင်နယ်ထက် ဂျရတ်၊ ကော်တင်ဟို၊ ဟန်ဒါဆန်တို့ရဲ့ တွဲလုံးတွေက ပိုသာပါတယ်။ ဒါ့အပြင် အဆုံးသတ်ဂိုးသွင်းယူမှုအပိုင်းမှာလည်း လီဗာပူးလ်က ပိုပြည့်စုံနေလို့ ဒီပွဲလည်း အာဆင်နယ် သရေလောက်ပဲကစားနိုင်မယ်ထင်တယ်။

အာဆင်နယ်နှင့် လီဗာပူးလ်ပွဲမှ ထူးခြားချက်အချို့

➢ လီဗာပူးလ်အသင်းသည် FA ဖလားပြိုင်ပွဲနောက်ဆုံး(၁၀)ပွဲတွင် (၈)ပွဲအား အနိုင်ကစားထားနိုင်ခဲ့ပြီး ယင်း(၁၀)ပွဲ၌ (၂)ဂိုးအနည်းဆုံးသွင်းယူခဲ့သည့်ပွဲမှာ (၉)ပွဲအထိရှိခဲ့သည်။

PROBABLE LINE-UP



ရှက်ဖီးဝင်းစ်ဒေး နှင့် ချာလ်တန်

ရှက်ဖီးဝင်းစ်ဒေး	**W**(A)	**D**(A)	**W**(H)	**W**(A)	**L**(H)
ချာလ်တန်	**W**(A)	**W**(A)	**L**(A)	**L**(A)	**L**(H)

လိဂ်ချန်ပီယံရှစ်အမှတ်ပေးဇယားအောက်ခြေနားက အသင်း(၂)သင်းဆုံတွေ့မှုဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ချာလ်တန်က အကျ၊ ရှက်ဖီးဝင်းစ်ဒေးက အတက်ဖြစ်နေပြီး အိမ်ကွင်းလည်းဖြစ်နေလို့ အနိုင်ကစားသွားဖို့များပါတယ်။ ဂိုးတော့နည်းနိုင်ပါတယ်။

အဲဗာတန် နှင့် ဆွမ်ဆီး

အဲဗာတန်	**W**(A)	**L**(A)	**W**(H)	**L**(A)	-(H)
ဆွမ်ဆီး	**W**(A)	**W**(H)	**L**(A)	**W**(H)	-(A)

အိမ်ကွင်းနောက်ဆုံး(၅)ပွဲဆက်နိုင်ထားတဲ့ အဲဗာတန်ရဲ့ ရစ်သမ်ကို ယာယီနည်းပြနဲ့ ခရီးဆက်နေပြီး ခြေမမှန်တဲ့ ဆွမ်ဆီးယှဉ်နိုင်ဖို့ခက်ပါတယ်။ ဒါပေမဲ့ FA ဖလားပြိုင်ပွဲမှာ အဝေးကွင်းနိုင်ပွဲတွေနဲ့ ဒီအဆင့်ကိုရောက်လာတဲ့ ဆွမ်ဆီးရဲ့ ရလဒ်ပိုင်းကြောင့် အဲဗာတန်ပြတ်ပြတ်သားသားနိုင်ဖို့မရှိပါဘူး။

ကာဒစ်ဖ် နှင့် ဝီဂန်

ကာဒစ်ဖ်	**W**(A)	**L**(A)	**W**(H)	**L**(A)	**D**(H)
ဝီဂန်	**W**(H)	**D**(A)	**W**(H)	**L**(A)	**W**(A)

ဆိုးလ်ရှားရဲ့ ကာဒစ်ဖ်လည်း ထင်သလောက်မတက်လာသေးပါဘူး။ ဒါ့အပြင် တန်ဆင်းဇုန်ထဲရောက်နေတဲ့ အနေအထားကြောင့်လည်း ကာဒစ်ဖ် FA ဖလားကို အာရုံအပြည့်စိုက်ပါ့မလားဆိုတာ စဉ်းစားရပါမယ်။ လက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ဝီဂန်အသင်းကကာဒစ်ဖ်ကို ဒုက္ခပေးနိုင်ပါတယ်။

ဘရိုက်တန် နှင့် ဟားလ်စီးတီး

ဘရိုက်တန်	**W**(A)	**D**(A)	**L**(A)	**W**(H)	**W**(H)
ဟားလ်စီးတီး	**W**(A)	**L**(A)	**D**(H)	**W**(A)	**L**(H)

အဝေးကွင်းနောက်ဆုံးပွဲမှာ ဟားလ်စီးတီးနိုင်ပွဲတွေ့ထားပေမယ့် အိမ်ကွင်းနောက်ဆုံး(၇)ပွဲဆက် ရှုံးပွဲမရှိကစားထားတဲ့ အပြင်နောက်ဆုံး(၄)ပွဲမှာ ပေးဂိုးမရှိခဲ့တဲ့ဘရိုက်တန်ရဲ့ခံစစ်ဆောင်ရည်ကို ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ ဘရိုက်တန်အနိုင်ရဖို့များတဲ့ပွဲပါ။

ရှက်ဖီးယူနိုက်တက် နှင့် နော်တင်ဟမ်

ရှက်ဖီးယူနိုက်တက်	**D**(H)	**L**(A)	**W**(A)	**W**(H)	-(H)
နော်တင်ဟမ်	**W**(H)	**W**(H)	**W**(A)	**D**(A)	**W**(A)

ဖူလ်ဟမ်ကို နိုင်ပြီးဒီအဆင့်ကိုရောက်လာတဲ့ League One က ရှက်ဖီးယူနိုက်တက်ရဲ့ ခြေစွမ်းကို စောင့်ကြည့်ရပါမယ်။ ဒါပေမဲ့ ခြေစွမ်းချင်းနှိုင်းယှဉ်ရင်တော့ နော်တင်ဟမ် ပိုသာသလို ဂိုးသွင်းအားလည်းကောင်းလို့ အဝေးကွင်းမှာ သရေလောက်တော့ကစားနိုင်မှာပါ။

Premier Eleven Sports Journal Vol:11 No.25 16, February, 2014

THE FOOTBALL LEAGUE

CHAMPIONSHIP WEEK 31

ဒီတစ်ပတ် လိဂ်ချန်ပီယံရှစ် ပွဲစဉ်တွေမှာတော့ FA ဖလား ပွဲရှိနေတာကြောင့် ပွဲစဉ်(၇)ပွဲပဲ ယှဉ်ပြိုင်ကစားမှာပါ။ အမှတ်ပေးဇယားထိပ်ဆုံးက လက်စတာပွဲမကစားရချိန်မှာ QPR၊ ဘန်လေတို့ကလည်း ပွဲကျပ်တွေ ကစားရမှာပါ။

QPR နှင့် ရက်ဒင်း

QPR	W(A)	W(H)	W(H)	D(H)	L(A)
ရက်ဒင်း	W(H)	L(A)	W(H)	W(A)	L(H)

ပရီးမီးယားလိဂ်ကိုတန်းပြန်တက်ခွင့်ရဖို့အတွက် QPR အမှားခံလို့မရတော့ပါဘူး။ ရက်ဒင်းအဝေးကွင်းကစားပုံမဆိုးပေမယ့် အနိုင်လိုနေတဲ့ QPR ကိုပဲ ရွေးရမှာပါ။

ဘုန်းမောက် နှင့် ဘန်လေ

ဘုန်းမောက်	L(A)	D(H)	W(H)	L(H)	D(A)
ဘန်လေ	D(H)	D(H)	D(A)	W(H)	W(A)

ခြေစွမ်းပိုင်းမတည်ငြိမ်ပေမယ့် ဘုန်းမောက်ရဲ့အိမ်ကွင်း ခြေစွမ်းပိုင်းက ဘန်လေကို အခက်တွေ့စေမှာပါ။ ရလဒ်ကောင်းဖို့ အာရုံစိုက်ကစားလာတဲ့ ဘန်လေ ကပ်နိုင်မှာပါ။

ဝက်ဖို့ဒ် နှင့် မစ်ဒယ်ဘာရော့

ဝက်ဖို့ဒ်	D(A)	L(A)	W(H)	D(A)	W(H)
မစ်ဒယ်ဘာရော့	W(H)	L(A)	D(H)	D(A)	D(H)

ခြေစွမ်းပိုင်းရော၊ ရပ်တည်မှုမှာပါ ကွာခြားမှုနည်းတဲ့ အသင်းနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုပါ။ အကြိတ်အနယ်ကစားပြီးမှ ဝက်ဖို့ဒ် အနိုင်ရမှာပါ။

ဘာမင်ဂမ် နှင့် ဟတ်ဒါဖီးလ်

ဘာမင်ဂမ်	L(H)	L(H)	D(H)	W(A)	L(A)
ဟတ်ဒါဖီးလ်	L(A)	L(A)	L(A)	W(H)	L(H)

အိမ်ကွင်းရလဒ်ပိုင်းဆိုးရွားနေမှုကို ဘာမင်ဂမ်ရပ်တန့်ဖို့လိုနေပါပြီ။ ဟတ်ဒါဖီးလ်ကလည်း အဝေးကွင်းစွမ်းဆောင်ရည်ညံ့လို့ ဘာမင်ဂမ် အိမ်ကွင်းနိုင်ပွဲပြန်ရမှာပါ။

မီဝေါလ် နှင့် ဘော်လ်တန်

မီဝေါလ်	W(H)	D(H)	L(H)	L(A)	D(A)
ဘော်လ်တန်	L(A)	L(A)	L(A)	D(H)	L(H)

တန်းဆင်းဇုန်ကလွတ်ဖို့ မီဝေါလ်ရုန်းကန်လာပေမယ့် ခြေစွမ်းပိုင်း မတည်ငြိမ်ပါဘူး။ ဘော်လ်တန်ကလည်း ရလဒ်တွေဆိုးနေလို့ မီဝေါလ် အနိုင်သေချာပါတယ်။

အစ်ဝစ်ချ် နှင့် ဘလက်ပူးလ်

အစ်ဝစ်ချ်	L(A)	W(H)	D(A)	W(H)	D(A)
ဘလက်ပူးလ်	L(A)	D(H)	L(A)	L(A)	D(H)

လက်ရှိ အစ်ဝစ်ချ်ခြေစွမ်းကို ဘလက်ပူးလ် မယှဉ်နိုင်ပါဘူး။ အစ်ဝစ်ချ် အနိုင်သေချာပါတယ်။

ဒွန်ကက်စတာ နှင့် ဘန်စလေ

ဒွန်ကက်စတာ	W(H)	D(A)	W(H)	D(H)	L(A)
ဘန်စလေ	D(A)	W(H)	D(H)	L(A)	D(H)

တန်းဆင်းဇုန် အားပြိုင်မှုပါ။ ဘန်စလေ သရေမျှော်ကစားမှာဖြစ်ပေမယ့် ဒွန်ကက်စတာပဲ အနိုင်ရမှာပါ။

လိဂ်ချန်ပီယံရှစ်ထိပ်ဆုံး(၁၂)သင်း

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁။	လက်စတာ	၃၀	၂၁	၄	၅	၅၄	၃၀	၆၇
၂။	ဘန်လေ	၃၀	၁၆	၁၁	၃	၄၆	၂၄	၅၉
၃။	QPR	၂၉	၁၆	၈	၅	၃၆	၂၁	၅၆
၄။	ဒါဘီ	၃၀	၁၆	၇	၇	၅၈	၄၀	၅၅
၅။	နော့တင်ဟမ်	၃၀	၁၄	၁၂	၄	၅၀	၃၀	၅၄
၆။	ရက်ဒင်း	၃၀	၁၃	၈	၉	၄၇	၃၅	၄၇
၇။	ဘရိုက်တန်	၃၀	၁၂	၁၀	၈	၃၂	၂၅	၄၆
၈။	အစ်ဝစ်ချ်	၃၀	၁၁	၁၁	၈	၄၃	၃၄	၄၄
၉။	ဝီဂန်	၂၉	၁၂	၇	၁၀	၃၃	၂၈	၄၃
၁၀။	ဘလက်ဘန်း	၃၀	၁၁	၁၀	၉	၃၇	၃၅	၄၃
၁၁။	လိဒ်စ်	၃၀	၁၂	၆	၁၂	၄၃	၃၉	၄၂
၁၂။	မစ်ဒယ်ဘာရော့	၃၀	၉	၁၂	၉	၄၁	၃၅	၃၉

အယ်လ်ချီ နှင့် အိုဆာဆူနာ

အယ်လ်ချီ		နောက်ဆုံး(၅)ပွဲ	အိုဆာဆူနာ
ဆီဗီလာ	D(H)(1-1)	ဘက်တစ်	W(A)(2-1)
ဗယ်လက်ကာနို	W(H)(2-0)	ဂရန်နာဒါ	D(A)(0-0)
ဆိုစီဒက်	L(A)(0-4)	အီလ်ဘာအို	L(H)(1-5)
အယ်လ်မီရီယာ	W(H)(1-0)	ဗီလာရီးယဲယ်	L(A)(1-3)
ဗယ်လာဒိုလစ်	D(A)(2-2)	ဂီတာဖေး	W(H)(2-0)

နောက်ဆုံး(၃)ကြိမ် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၁၉၇၈-၇၉	အယ်လ်ချီ	၁-၀	အိုဆာဆူနာ
၁၉၈၄-၈၅	အယ်လ်ချီ	၀-၀	အိုဆာဆူနာ
၁၉၈၈-၈၉	အယ်လ်ချီ	၀-၁	အိုဆာဆူနာ

အယ်လ်ချီကလည်း တန်းဆင်းအန္တရာယ်နဲ့ဝေးရာရောက်ဖို့ ကြိုးစားကစားနေသလို၊ ကစားပုံလည်း တည်ငြိမ်ပါတယ်။ အိုဆာဆူနာကတော့ အဝေးကွင်းမှာ ထိန်းကစားနိုင်ဖို့ပဲ ကြိုးစားတတ်လို့ အိမ်ကွင်းမာကျောတဲ့ အယ်လ်ချီကို ကျော်ဖြတ်နိုင်ဖို့ ခက်မယ်ထင်တယ်။ အယ်လ်ချီနဲ့ ဂိုးအနည်းပဲရွေးထားချင်တယ်။

အက်သလက်တီကို နှင့် ဗယ်လာဒိုလစ်

အက်သလက်တီကို		နောက်ဆုံး(၅)ပွဲ	ဗယ်လာဒိုလစ်
ဘာစီလိုနာ	D(H)(0-0)	ဂရန်နာဒါ	L(A)(0-4)
ဆီဗီလာ	D(H)(1-1)	အီလ်ဘာအို	L(A)(2-4)
ဗယ်လက်ကာနို	W(A)(2-4)	ဗီလာရီးယဲယ်	W(H)(1-0)
ဆိုစီဒက်	W(H)(4-0)	ဂီတာဖေး	D(A)(0-0)
အယ်လ်မီရီယာ	L(A)(0-2)	အယ်လ်ချီ	D(H)(2-2)

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၈-၀၉	အက်သလက်တီကို	၁-၂	ဗယ်လာဒိုလစ်
၂၀၀၉-၁၀	အက်သလက်တီကို	၃-၁	ဗယ်လာဒိုလစ်
၂၀၁၂-၁၃	အက်သလက်တီကို	၂-၁	ဗယ်လာဒိုလစ်

ဘုရင့်ဖလားက ထွက်ခဲ့ရပြီဖြစ်တဲ့ အက်သလက်တီကို လာလီဂါဘက်ကို ပိုအာရုံစိုက်လာမယ့်ပုံပါပဲ။ အက်သလက်တီကိုရဲ့ လက်ရှိအိမ်ကွင်းကစားအားကလည်း ခံစစ်ကစားပုံပျက်နေတဲ့ ဗယ်လာဒိုလစ်ကို ဂိုးတွေသွင်းပြီးအနိုင်ရဖို့ မခက်ပါဘူး။ အက်သလက်တီကိုနဲ့ ဂိုးအများပါပဲ။

လီဗန်တေး နှင့် အယ်လ်မီရီယာ

လီဗန်တေး		နောက်ဆုံး(၅)ပွဲ	အယ်လ်မီရီယာ
မာလာဂါ	W(H)(1-0)	အီလ်ဘာအို	L(A)(6-1)
ဘာစီလိုနာ	D(H)(1-1)	ဗီလာရီးယဲယ်	L(A)(0-2)
ဆီဗီလာ	W(A)(3-2)	ဂီတာဖေး	W(H)(1-0)
ဗယ်လက်ကာနို	D(H)(0-0)	အယ်လ်ချီ	L(A)(0-1)
ဆိုစီဒက်	D(A)(0-0)	အက်သလက်တီကို	W(H)(2-0)

၂၀၀၄ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၅-၀၆	လီဗန်တေး	၂၄	အယ်လ်မီရီယာ
၂၀၀၇-၀၈	လီဗန်တေး	၃-၀	အယ်လ်မီရီယာ
၂၀၁၀-၁၁	လီဗန်တေး	၁-၀	အယ်လ်မီရီယာ

အယ်လ်မီရီယာရဲ့ အဝေးကွင်းကစားအားနဲ့ ဂိုးသွင်းနှုန်းက အားရစရာသိပ်မရှိလှပါဘူး။ လီဗန်တေးကလည်း အခုနောက်ပိုင်းကစားပုံငြိမ်လာနေလို့ ဒီပွဲမှာ ဂိုးသွင်းအားနည်းတတ်တဲ့ လီဗန်တေးတိုက်စစ် ဂိုးရ၊ မရပဲ အဓိကထားတွက်ရမယ်ထင်တယ်။ လီဗန်တေးနဲ့ ဂိုးအနည်းပဲကောင်းမယ်။

ဗီလာရီးယဲယ် နှင့် ဆယ်လ်တာဗီဂို

ဗီလာရီးယဲယ်		နောက်ဆုံး(၅)ပွဲ	ဆယ်လ်တာဗီဂို
ဆိုစီဒက်	W(H)(5-1)	ဗလင်စီယာ	W(H)(2-1)
အယ်လ်မီရီယာ	W(H)(2-0)	အက်စပန်ညို	L(A)(0-1)
ဗယ်လာဒိုလစ်	L(A)(0-1)	ဘက်တစ်	W(H)(4-2)
အိုဆာဆူနာ	W(H)(3-1)	ဂရန်နာဒါ	W(A)(2-1)
ရီးယဲယ်မက်ဒရစ်	L(A)(2-4)	အီလ်ဘာအို	D(H)(0-0)

၂၀၀၄ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၅-၀၆	ဗီလာရီးယဲယ်	၁-၂	ဆယ်လ်တာဗီဂို
၂၀၀၆-၀၇	ဗီလာရီးယဲယ်	၁-၀	ဆယ်လ်တာဗီဂို
၂၀၀၉-၁၀	ဗီလာရီးယဲယ်	၀-၁	ဆယ်လ်တာဗီဂို

ဗီလာရီးယဲယ် အခုနောက်ပိုင်းအိမ်ကွင်းမှာတော့ အမှားနည်းသလို၊ တိုက်စစ်ကလည်း ဂိုးတွေရအောင် ပိုကစားတတ်တယ်။ ဆယ်လ်တာကတော့ တန်းဆင်းအန္တရာယ်က လွတ်အောင်ကစားနေပေမယ့် ခံစစ်ပိုင်းအားနည်းနေသေးတာကြောင့် ဗီလာရီးယဲယ်တိုက်စစ်ကိုထိန်းရာမှာ အခက်တွေ့နိုင်တယ်။ ဗီလာရီးယဲယ်နဲ့ ဂိုးအများပဲကောင်းမယ်။

LIGA BBVA

LA-LIGA WEEK 24

လာလီဂါရဲ့ ချန်ပီယံပြိုင်ဆိုင်မှုကတော့ တစ်ပတ်တစ်မျိုးမရိုးရလေအောင် ပြောင်းလဲပြီး ပရိုသတ်ထိန်းနိုင်ခဲ့ပြီး ဒီတစ်ပတ်တော့ ဂိုးကွာခြားချက်အရ တတိယနေရာအထိ ပြန်ဆင်းပေးလိုက်ရတယ်။ ခဲ့ရာက ဒီတစ်ပတ်တော့ (၃)သင်းစလုံး ရမှတ်တူအနေအထားကိုရောက်လာခဲ့လို့ ပြိုင်ဆိုင်မှုကလည်း

ဘာစီလိုနာနဲ့ ရီးယဲယ်

ဘာစီလိုနာ နှင့် ဗယ်လက်ကာနို

ဘာစီလိုနာ နှင့် ဗယ်လက်ကာနိုနောက်ဆုံး(၅)ပွဲ

ဘာစီလိုနာ		ဗယ်လက်ကာနို	
အက်သလက်တီကို	D(A)(1-1)	ဂီတာဖေး	W(A)(1-0)
လီဗန်တေး	D(A)(1-1)	အယ်လ်ချီ	L(A)(0-2)
မာလာဂါ	W(H)(3-0)	အက်သလက်တီကို	L(H)(2-4)
ဗလင်စီယာ	L(H)(2-3)	လီဗန်တေး	D(A)(0-0)
ဆီဗီလာ	W(A)(4-1)	မာလာဂါ	W(H)(4-1)

၁၉၉၉ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၀-၀၁	ဘာစီလိုနာ	၅-၁	ဗယ်လက်ကာနို
၂၀၀၁-၀၂	ဘာစီလိုနာ	၁-၁	ဗယ်လက်ကာနို
၂၀၀၂-၀၃	ဘာစီလိုနာ	၃-၀	ဗယ်လက်ကာနို
၂၀၁၁-၁၂	ဘာစီလိုနာ	၄-၀	ဗယ်လက်ကာနို
၂၀၁၂-၁၃	ဘာစီလိုနာ	၄-၁	ဗယ်လက်ကာနို

BARCELONA PROBABLE LINE-UP

ထိပ်ဆုံးနေရာက တစ်ပတ်ကြာဖယ်ပေးလိုက်ရပြီး ပွဲစဉ်(၂၃)မှာတော့ ဆီဗီလာကို အဝေးကွင်းမှာ ဂိုးပြတ်အနိုင်ယူပြီး ကာ ထိပ်ဆုံးနေရာကို ဘာစီလိုနာ ပြန်ယူနိုင်ခဲ့တယ်။ ဒါပေမဲ့ လက်ရှိချန်ပီယံပြေးလမ်းပေါ်မှာ အပြိုင်(၃)သင်း ရမှတ်တူရပ်တည်နေကြလို့ ဘာစီလိုနာအတွက် နောက်ထပ်နည်းနည်းလေးတောင် အတိမ်းအစောင်းခံမှာ မဟုတ်ဘူး။ နောက်ဆုံးအိမ်ကွင်းမှာ ဗလင်စီယာကို အရှုံးပေးခဲ့ရတဲ့ အတွေ့အကြုံကလည်းရှိနေလို့ ဒီပွဲကို ဘာစီလိုနာ ဖိဖိစီးစီးပြန်ကစားဖို့များနေတယ်။ ပထမအကျော့ အဝေးကွင်းမှာတုန်းက ဗယ်လက်ကာနိုကို ဘာစီလိုနာက (၄)ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် ဘောလုံးပိုင်ဆိုင်မှုမှာတော့ ဗယ်လက်ကာနိုထက် လျော့နည်းခဲ့တာကို ကြည့်ရင် ဘာစီလိုနာအတွက် ဒီပွဲကလည်း ပေါ့ဆလို့မရပါဘူး။ ဒါပေမဲ့ ပြီးခဲ့တဲ့ဆီဗီလာနဲ့ပွဲမှာ မက်ဆီ(၂)ဂိုးသွင်းပြီး ဂိုးပေါက်ပြန်တွေ့ခဲ့တဲ့အပြင် ပုံမှန်ခြေစွမ်းလည်းပြန်ပြနေတာကတော့ ဘာစီလိုနာတိုက်စစ်အတွက် အားရစရာဖြစ်လာတယ်။

ဗယ်လက်ကာနိုကလည်း ခြေမှန်တဲ့အသင်းလို့ ပြောလို့မရဘူး။ နောက်ဆုံး(၄)ပွဲမှာ (၃)ပွဲရှုံးထားပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းနှုန်းပုံမှန်မရှိဘူး။ ဒါပေမဲ့ အခုနောက်ပိုင်း အဝေးကွင်းပွဲတွေမှာ ခံစစ်ကို ပိုသတိထားကစားလာပြီး ပေးဂိုးနှုန်းနည်းလာတာတွေ့ရတယ်။ နောက်ဆုံးအဝေးကွင်း(၂)ပွဲမှာ ဂိုးမပေးရတဲ့ပွဲ(၂)ပွဲ ရှိနေတယ်။ ဒါပေမဲ့ လက်ရှိဗယ်လက်ကာနိုရဲ့ ကစားအားအရတော့ ချန်ပီယံဆုအတွက် အမှားမရှိအောင် ကြိုးစားနေရတဲ့ ဘာစီလိုနာကို နူးကမ့်မှာ ထိန်းကစားနိုင်စွမ်းတော့ ရှိမှာမဟုတ်ပါဘူး။ ဘာစီလိုနာနဲ့ ဂိုးအများပဲကောင်းပါတယ်။

ပထမအကျော့ရလဒ်များ

၂၃/ ၂၄/ ၂၅/ ၂၆-၉-၂၀၁၃

အိုဆာဆူနာ	၂-၁	အယ်လ်ချီ
ဆိုစီဒက်	၀-၀	မာလာဂါ
အယ်လ်မီရီယာ	၂-၂	လီဗန်တေး
ဗယ်လက်ကာနို	၀-၄	ဘာစီလိုနာ
ဗယ်လာဒိုလစ်	၀-၂	အက်သလက်တီကို
ဘက်တစ်	၀-၀	ဂရန်နာဒါ
ဆယ်လ်တာဗီဂို	၀-၀	ဗီလာရီးယဲယ်
ရီးယဲယ်မက်ဒရစ်	၄-၁	ဂီတာဖေး
ဗလင်စီယာ	၃-၁	ဆီဗီလာ
အက်စပန်ညို	၃-၂	အီလ်ဘာအို

လာလီဂါ

		ရုစုပေါင်း						အိမ်ကွင်း			အဝေးကွင်း				
စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	နိုင်	သရေ	ရှုံး	နိုင်	သရေ	ရှုံး	ဂိုးကွာ	ရမှတ်
၁။	ဘာစီလိုနာ	၂၃	၁၈	၃	၂	၆၃	၁၇	၁၀	၀	၁	၈	၃	၁	၄၆	၅၇
၂။	ရီးယဲယ်မက်ဒရစ်	၂၃	၁၈	၃	၂	၆၅	၂၄	၁၀	၀	၁	၈	၃	၁	၄၁	၅၇
၃။	အက်သလက်တီကို	၂၃	၁၈	၃	၂	၅၆	၁၆	၁၀	၂	၀	၈	၁	၂	၄၀	၅၇
၄။	အီလ်ဘာအို	၂၃	၁၃	၅	၅	၄၂	၂၈	၉	၃	၀	၄	၂	၅	၁၄	၄၄
၅။	ဗီလာရီးယဲယ်	၂၃	၁၂	၄	၇	၄၄	၂၇	၇	၃	၂	၅	၁	၅	၁၇	၄၀
၆။	ဆိုစီဒက်	၂၃	၁၀	၇	၆	၄၂	၃၄	၇	၃	၁	၃	၄	၅	၈	၃၇
၇။	ဆီဗီလာ	၂၃	၈	၇	၈	၄၂	၄၁	၅	၂	၄	၃	၅	၄	၁	၃၁
၈။	ဗလင်စီယာ	၂၃	၉	၄	၁၀	၃၆	၃၅	၆	၂	၄	၃	၂	၆	၁	၃၁
၉။	အက်စပန်ညို	၂၃	၈	၅	၁၀	၂၆	၂၉	၆	၂	၄	၂	၃	၆	-၃	၂၉
၁၀။	လီဗန်တေး	၂၃	၇	၈	၈	၂၂	၃၀	၃	၅	၃	၄	၃	၅	-၈	၂၉

တွေကို ဆွဲဆောင်နေတယ်။ ပြီးခဲ့တဲ့ပွဲစဉ်(၂၂)အပြီး ထိပ်ဆုံးနေရာကိုယူနိုင်ခဲ့တဲ့ အက်သလက်တီကိုဟာ အဲ့ဒီနေရာကို တစ်ပတ်ပဲ ချုပ်ကိုင်ထားနိုင်ခဲ့ပြီး ဘာစီလိုနာနဲ့ ရီးယဲလ်မက်ဒရစ်တို့ လိုက်လံကြောင်းကလည်း ပြီးခဲ့တဲ့ပွဲစဉ်(၂၂)အပြီးမှာ ထိပ်ဆုံးအသင်းနဲ့ ဒုတိယ၊ တတိယနေရာက အသင်းတွေ (၃)မှတ်ကွာနေ ပိုပြင်းထန်လာတော့မယ့်ပုံပါပဲ…

ဂိုးဆက်မြူးဖို့ရှိတယ်

လှသန့်အေး

ဗယ်လက်ကာနိအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေသည့် ဘာစီလိုနာရိုင်းပစ်မှူး မက်ဆီ

ဂီတာဖေး နှင့် ရီးယဲလ်မက်ဒရစ်

ဂီတာဖေး နှင့် ရီးယဲလ်မက်ဒရစ် နောက်ဆုံး(၅)ပွဲ

ဂီတာဖေး		ရီးယဲလ်မက်ဒရစ်	
ဗယ်လက်ကာနို	L(H)(0-1)	အက်စ်ပန်ညို	W(A)(1-0)
ဆိုစီဒက်	D(H)(2-2)	ဘက်တစ်	W(A)(5-0)
အယ်လ်မီရီယာ	L(A)(0-1)	ဂရန်နာဒါ	W(H)(2-0)
ဗယ်လာဒိုလစ်	D(H)(0-0)	ဘီလ်ဘာအို	D(A)(1-1)
အိုဆာဆူနာ	L(A)(0-2)	ဗီလာရီးယဲလ်	W(H)(4-2)

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၈-၀၉ ဂီတာဖေး ၃-၁ ရီးယဲလ်မက်ဒရစ်
၂၀၀၉-၁၀ ဂီတာဖေး ၂-၄ ရီးယဲလ်မက်ဒရစ်
၂၀၁၀-၁၁ ဂီတာဖေး ၂-၃ ရီးယဲလ်မက်ဒရစ်
၂၀၁၁-၁၂ ဂီတာဖေး ၀-၁ ရီးယဲလ်မက်ဒရစ်
၂၀၁၂-၁၃ ဂီတာဖေး ၂-၁ ရီးယဲလ်မက်ဒရစ်

REAL MADRID PROBABLE LINE-UP

ရီးယဲလ်ကလည်း တဖြည်းဖြည်းနဲ့ ထိပ်ဆုံး(၂)သင်းကို ရမှတ်တူပြန်လိုက်နိုင်လို့ ဒီအခွင့်အရေးကို အတိမ်းအစောင်း ခံမှာမဟုတ်ဘူး။ လက်ရှိရီးယဲလ်ရဲ့ ကစားပုံကလည်း ပုံမှန်အနေအထားမျိုးမှာ ရှိနေတယ်။ စီရော်နယ်လ်ဒိုမကစားနိုင်ချိန်မှာ ဘေးလ်ပြန်ကစားနိုင်တာ၊ ဟယ်ဆေးက ရီးယဲလ်အတွက် ဂိုးတွေရအောင် သွင်းပေးနေနိုင်တာတွေကြောင့် ရီးယဲလ်တိုက်စစ်က စီရော်နယ်လ်ဒို မရှိချိန်မှာ ဂိုးရနှုန်းလျော့ကျမသွားခဲ့ဘူး။ စီရော်နယ်လ်ဒို မကစားနိုင်လို့ ဘန်ဇီမာ၊ ဟယ်ဆေးနဲ့ ဘေးလ်တို့ ပိုလွတ်လွတ်လပ်လပ် ကစားခွင့်ရလာတာကလည်း ရီးယဲလ်တိုက်စစ်ပိုင်းကစားပုံ ပိုသွက်လာသလိုပါပဲ။ ဒါပေမဲ့ ခံစစ်ပိုင်းကတော့ အနည်းငယ်ပြန်လျော့သွားပြီး လာလီဂါနောက်ဆုံး(၂)ပွဲမှာ (၃)ဂိုးအထိ ပေးထားရတယ်။ ဂီတာဖေးကတော့ (၆)ပွဲဆက်နိုင်ပွဲပျောက်နေပြီး တိုက်စစ်အားကလည်း လျော့နေတယ်။

ဂီတာဖေးဟာ လာလီဂါရာသီအစပိုင်းလောက်မှာ ခြေမှန်သလို တွေ့ခဲ့ရပေမယ့် ပြီးခဲ့တဲ့နှစ်နိုဝင်ဘာလောက်ကစပြီး တောက်လျှောက်ခြေစွမ်းကျနေတယ်။ ဒါပေမဲ့ ရီးယဲလ်လို မြို့ခံအသင်းကြီးကို အိမ်ကွင်းမှာ လက်ခံကစားရမယ့်အချိန်မှာတော့ ပရိသတ်အကြိုက်အိမ်ကွင်းမှာ ရန်းကန်ပြမယ့်ပုံတော့ရှိတယ်။ ပြီးခဲ့တဲ့ရာသီကလည်း ရီးယဲလ်ကို အနိုင်ကစားထားဖူးလို့ ယုံကြည်မှုရှိနေနိုင်တဲ့အပြင် ရီးယဲလ်ကလည်း အက်သလက်တီကိုနဲ့ စပိန်ဘုရင့်ဖလားအဝေးကွင်းပွဲကစားထားအပြီးမှာ နောက်ထပ်မြို့ခံပြိုင်ဘက်အသင်းနဲ့ အဝေးကွင်းမှာပဲ ဆက်ပြီးရင်ဆိုင်ရမှာဆိုတော့ သက်သောင့်သက်သာ အနိုင်ရဖို့ မရှိနိုင်ဘူး။ လက်ရှိဂီတာဖေးရဲ့ခြေစွမ်းအရတော့ ရီးယဲလ်ကိုပဲ ရွေးထားရမယ့်ပွဲမျိုးပါပဲ။ ဂိုးများနိုင်တယ်။

အမှတ်ပေးဇယား

စဉ်	အသင်း	စုစုပေါင်း ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	အိမ်ကွင်း နိုင်	သရေ	ရှုံး	အဝေးကွင်း နိုင်	သရေ	ရှုံး	ဂိုးကွာ	ရမှတ်
၁၁။	ဆယ်လ်တာဗီဂို	၂၃	၇	၅	၁၁	၂၉	၃၅	၃	၅	၄	၄	၀	၇	-၆	၂၆
၁၂။	အယ်လ်ချီ	၂၃	၆	၇	၁၀	၂၂	၃၄	၄	၃	၅	၂	၄	၅	-၁၂	၂၅
၁၃။	ဂီတာဖေး	၂၃	၇	၄	၁၂	၂၂	၃၆	၄	၄	၄	၃	၀	၈	-၁၄	၂၅
၁၄။	အိုဆာဆူနာ	၂၃	၇	၄	၁၂	၂၁	၃၇	၄	၂	၅	၃	၂	၇	-၁၆	၂၅
၁၅။	အယ်လ်မီရီယာ	၂၃	၇	၄	၁၂	၂၄	၄၁	၄	၃	၄	၃	၁	၈	-၁၇	၂၅
၁၆။	မာလာဂါ	၂၃	၆	၆	၁၁	၂၃	၃၃	၅	၁	၅	၁	၅	၆	-၁၀	၂၄
၁၇။	ဂရန်နာဒါ	၂၃	၇	၃	၁၃	၂၀	၃၀	၃	၁	၈	၄	၂	၅	-၁၀	၂၄
၁၈။	ဗယ်လာဒိုလစ်	၂၃	၄	၉	၁၀	၂၆	၃၉	၃	၅	၃	၁	၄	၇	-၁၃	၂၁
၁၉။	ဗယ်လက်ကာနို	၂၃	၆	၂	၁၅	၂၅	၅၂	၃	၀	၈	၃	၂	၇	-၂၇	၂၀
၂၀။	ဘက်တစ်	၂၃	၃	၅	၁၅	၂၀	၅၂	၃	၃	၆	၀	၂	၉	-၃၂	၁၄

လာလီဂါပွဲစဉ်(၂၅)

၂၂/ ၂၃/ ၂၄/ ၂၅-၂-၂၀၁၄

ဗယ်လာဒိုလစ် - လီဗန်တေး
ရီးယဲလ်မက်ဒရစ် - အယ်လ်ချီ
ဆယ်လ်တာဗီဂို - ဂီတာဖေး
ဆိုစီဒက် - ဘာစီလိုနာ
အယ်လ်မီရီယာ - မာလာဂါ
ဗယ်လက်ကာနို - ဆီဗီလာ
ဘက်တစ် - ဘီလ်ဘာအို
ဗလင်စီယာ - ဂရန်နာဒါ
အိုဆာဆူနာ - အက်သလက်တီကို
အက်စ်ပန်ညို - ဗီလာရီးယဲလ်

ဂရန်နာဒါ နှင့် ဘက်တစ်

ဂရန်နာဒါ နောက်ဆုံး(၅)ပွဲ ဘက်တစ်

ဂရန်နာဒါ		ဘက်တစ်	
ဗယ်လာဒိုလစ်	W(H)(4-0)	အိုဆာဆူနာ	L(H)(1-2)
အိုဆာဆူနာ	D(H)(0-0)	ရီးယဲလ်မက်ဒရစ်	L(H)(0-5)
ရီးယဲလ်မက်ဒရစ်	L(A)(0-2)	ဆယ်လ်တာဗီဂို	L(A)(2-4)
ဆယ်လ်တာဗီဂို	L(H)(1-2)	အက်စ်ပန်ညို	W(H)(2-0)
အက်စ်ပန်ညို	L(A)(0-1)	ဗလင်စီယာ	L(A)(0-5)

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁ ဂရန်နာဒါ ၃-၀ ဘက်တစ်
၂၀၁၁-၁၂ ဂရန်နာဒါ ၀-၁ ဘက်တစ်
၂၀၁၂-၁၃ ဂရန်နာဒါ ၁-၅ ဘက်တစ်

ဘက်တစ်ရဲ့အဝေးကွင်းခြေစွမ်းက အားရစရာမရှိသေးသလို၊ ဂရန်နာဒါကလည်း အခုတလောကစားပုံကျနေပြီး တိုက်စစ်ပိုင်းကလည်း ဂိုးရဖို့ရုန်းကန်နေရတာ တွေ့ရတယ်။ ဘက်တစ်သာ ခံစစ်ကို သတိထားကစားနိုင်ခဲ့ရင် သရေတစ်မှတ်တော့ မျှော်လင့်နိုင်မယ်ထင်တယ်။ ဂိုးနည်းပြီး သရေကျမယ့်ပွဲမျိုးပါပဲ။

ဘီလ်ဘာအို နှင့် အက်စ်ပန်ညို

ဘီလ်ဘာအို နောက်ဆုံး(၅)ပွဲ အက်စ်ပန်ညို

ဘီလ်ဘာအို		အက်စ်ပန်ညို	
အယ်လ်မီရီယာ	W(H)(6-1)	ရီးယဲလ်မက်ဒရစ်	L(H)(0-1)
ဗယ်လာဒိုလစ်	W(H)(4-2)	ဆယ်လ်တာဗီဂို	W(H)(1-0)
အိုဆာဆူနာ	W(A)(5-1)	ဗလင်စီယာ	D(A)(2-2)
ရီးယဲလ်မက်ဒရစ်	D(H)(1-1)	ဘက်တစ်	L(A)(0-2)
ဆယ်လ်တာဗီဂို	D(A)(0-0)	ဂရန်နာဒါ	W(H)(1-0)

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁ ဘီလ်ဘာအို ၂-၁ အက်စ်ပန်ညို
၂၀၁၁-၁၂ ဘီလ်ဘာအို ၃-၃ အက်စ်ပန်ညို
၂၀၁၂-၁၃ ဘီလ်ဘာအို ၀-၄ အက်စ်ပန်ညို

ဘီလ်ဘာအိုကတော့ လက်ရှိအချိန်မှာ ပုံမှန်ခြေစွမ်းရှိနေပြီး အိမ်ကွင်းကစားပုံကလည်း အမှားနည်းတယ်။ အက်စ်ပန်ညိုကတော့ အခုနောက်ပိုင်းအဝေးကွင်းကစားပုံလျော့နေပေမယ့် တိုက်စစ်ကောင်းတဲ့အသင်းတွေနဲ့တွေ့ရင် ခံစစ်ကို ပိုသတိထား ကစားတတ်တယ်။ ဂိုးနည်းနိုင်ပြီး ဘီလ်ဘာအိုကိုပဲ ရွေးထားရမယ့်ပွဲပါ။

ဆီဗီလာ နှင့် ဗလင်စီယာ

ဆီဗီလာ နောက်ဆုံး(၅)ပွဲ ဗလင်စီယာ

ဆီဗီလာ		ဗလင်စီယာ	
အယ်လ်ချီ	D(A)(1-1)	ဆယ်လ်တာဗီဂို	L(A)(1-2)
အက်သလက်တီကို	D(A)(1-1)	မာလာဂါ	D(A)(0-0)
လီဗန်တေး	L(H)(2-3)	အက်စ်ပန်ညို	W(H)(2-2)
မာလာဂါ	L(A)(2-3)	ဘာစီလိုနာ	W(A)(3-2)
ဘာစီလိုနာ	L(H)(1-4)	ဘက်တစ်	W(H)(5-0)

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁ ဆီဗီလာ ၂-၀ ဗလင်စီယာ
၂၀၁၁-၁၂ ဆီဗီလာ ၁-၀ ဗလင်စီယာ
၂၀၁၂-၁၃ ဆီဗီလာ ၄-၃ ဗလင်စီယာ

ဗလင်စီယာတိုက်စစ်က အခုနောက်ပိုင်း ဂိုးတွေပိုရလာနေတာက ဆီဗီလာရဲ့ခံစစ်မငြိမ်မှုကို ခြိမ်းခြောက်နေသလိုပါပဲ။ ဒါပေမဲ့ ဆီဗီလာကလည်း နောက်ဆုံး(၃)ပွဲဆက်အရှုံးကြောင့် ဒီပွဲကို ပိုသတိထားကစားလာနိုင်သလို၊ ဗလင်စီယာရဲ့ အဝေးကွင်းခြေစွမ်းကလည်း စိတ်ချထားလို့ မရတာကြောင့် ဆီဗီလာကိုပဲ ရွေးထားချင်တယ်။ ဂိုးလည်းများသွားနိုင်တယ်။

မာလာဂါ နှင့် ဆိုစီဒက်

မာလာဂါ နောက်ဆုံး(၅)ပွဲ ဆိုစီဒက်

မာလာဂါ		ဆိုစီဒက်	
လီဗန်တေး	L(A)(0-1)	ဗီလာရီးယဲလ်	L(A)(1-5)
ဗလင်စီယာ	D(H)(0-0)	ဂီတာဖေး	D(A)(2-2)
ဘာစီလိုနာ	L(A)(0-3)	အယ်လ်ချီ	W(H)(4-0)
ဆီဗီလာ	W(H)(3-2)	အက်သလက်တီကို	L(A)(0-4)
ဗယ်လက်ကာနို	L(A)(1-4)	လီဗန်တေး	D(H)(0-0)

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁ မာလာဂါ ၁-၂ ဆိုစီဒက်
၂၀၁၁-၁၂ မာလာဂါ ၁-၁ ဆိုစီဒက်
၂၀၁၂-၁၃ မာလာဂါ ၁-၂ ဆိုစီဒက်

မာလာဂါရဲ့ အိမ်ကွင်းကစားပုံကတော့ အခုနောက်ပိုင်း ပိုငြိမ်လာနေတယ်။ ဆိုစီဒက်ကလည်း အဝေးကွင်းကစားပုံ အနည်းငယ်ကျသွားပြီး ဂိုးသွင်းနှုန်းပါ လျော့လာနေတယ်။ ဘုရင့်ဖလားကြောင့် ပွဲပန်းနေမယ့် ဆိုစီဒက်ရဲ့အနေအထားကြောင့် မာလာဂါနဲ့ ဂိုးအနည်းပဲရွေးထားမယ်။

လာလီဂါပွဲစဉ်(၂၃)အပြီး ထူးခြားချက်များ

ပျမ်းမျှစွမ်းဆောင်ရည်အမြင့်ဆုံးအသင်းများ

စဉ်	အသင်း	ပျမ်းမျှစွမ်းဆောင်ရည်
၁။	ဘာစီလိုနာ	၇.၂၈
၂။	ရီးယဲလ်မက်ဒရစ်	၇.၂၀
၃။	အက်သလက်တီကို	၇.၁၂
၄။	ဘီလ်ဘာအို	၆.၉၃
၅။	ဗီလာရီးယဲလ်	၆.၉၂

ပျမ်းမျှဘောလုံးပိုင်ဆိုင်မှုအမြင့်ဆုံးအသင်းများ

စဉ်	အသင်း	ပျမ်းမျှဘောလုံးပိုင်ဆိုင်မှု
၁။	ဘာစီလိုနာ	၆၆.၉%
၂။	ဗယ်လက်ကာနို	၆၀.၅%
၃။	ရီးယဲလ်မက်ဒရစ်	၅၃.၇%
၄။	ဗလင်စီယာ	၅၁.၉%
၅။	ဘီလ်ဘာအို	၅၁.၄%

တစ်ပွဲပျမ်းမျှဂိုးကန်သွင်းမှုအမြင့်ဆုံးအသင်းများ

စဉ်	အသင်း	တစ်ပွဲပျမ်းမျှဂိုးသွင်းမှု
၁။	ရီးယဲလ်မက်ဒရစ်	၁၉.၃
၂။	ဘာစီလိုနာ	၁၅.၉
၃။	ဆီဗီလာ	၁၄.၈
၄။	ဗယ်လက်ကာနို	၁၄.၃
၅။	ဗလင်စီယာ	၁၄.၂

စည်းကမ်းပိုင်းအားအနည်းဆုံးအသင်းများ

စဉ်	အသင်း	အဝါ/အနီ
၁။	ဆီဗီလာ	၇၅/၅
၂။	ဗယ်လက်ကာနို	၆၂/၇
၃။	မာလာဂါ	၇၃/၃
၄။	အယ်လ်ချီ	၆၈/၄
၅။	အိုဆာဆူနာ	၅၆/၈

ဂိုးသွင်းနှုန်းအမြင့်ဆုံးကစားသမားများ

စဉ်	အမည်	သွင်းဂိုး	အသင်းသွင်းဂိုး
၁။	စီရော်နယ်လ်ဒို(ရီးယဲလ်)	၂၂ ဂိုး	၆၅ ဂိုး
၂။	ဒီယေဂိုကော်စတာ(အက်သလက်)	၂၀ ဂိုး	၅၆ ဂိုး
၃။	အလက်ဆစ်ဆန်းချက်ဇ်(ဘာစီလိုနာ)	၁၄ဂိုး	၆၃ ဂိုး
၄။	ဂရော်ဇ်မန်း(ဆိုစီဒက်)	၁၄ ဂိုး	၄၂ ဂိုး
၅။	ဘန်ဇီမာ(ရီးယဲလ်)	၁၃ ဂိုး	၆၅ ဂိုး

ပျမ်းမျှစွမ်းဆောင်ရည်အမြင့်ဆုံးကစားသမားများ

စဉ်	အမည်	ပျမ်းမျှစွမ်းဆောင်ရည်
၁။	မက်ဆီ(ဘာစီလိုနာ)	၈.၁၄
၂။	စီရော်နယ်လ်ဒို(ရီးယဲလ်)	၈.၁၄
၃။	ရာကီတစ်(ဆီဗီလာ)	၇.၈၂
၄။	နေမာ(ဘာစီလိုနာ)	၇.၇၃
၅။	အလက်ဆစ်ဆန်းချက်ဇ်(ဘာစီလိုနာ)	၇.၇၂

ဂိုးဖန်တီးမှုအမြင့်ဆုံးကစားသမားများ

စဉ်	အမည်	ဂိုးဖန်တီးမှု
၁။	ဖာဘရီဂတ်စ်(ဘာစီလိုနာ)	၁၀
၂။	ကိုကီ(အက်သလက်)	၉
၃။	နေမာ(ဘာစီလိုနာ)	၈
၄။	ကားလို့စ်ဗီလာ(ဆိုစီဒက်)	၈
၅။	ဂါရက်ဘေးလ်(ရီးယဲလ်)	၈

(လာလီဂါပွဲစဉ်(၂၃)အပြီးအသင်းများနှင့် ကစားသမားများ၏ ထူးခြားချက်များကိုဖော်ပြရာတွင် အသင်းများ၊ ကစားသမားများ၏ တစ်ပွဲပျမ်းမျှစွမ်းဆောင်ရည်အပေါ်ကိုမူတည်၍ အဆင့်သတ်မှတ်ထားခြင်းဖြစ်သည်)

Premier Eleven Sports Journal Vol:11 No.25 16, February, 2014

SERIE-A
WEEK 24

ပြီးခဲ့တဲ့တစ်ပတ်က ဂျူဗင်တပ်စ်၊ ရိုးမားစတဲ့အသင်းတွေ နိုင်ပွဲကိုယ်စီပျောက်ခဲ့ကြလို့ နောက်ကလိုက်နေတဲ့ နာပိုလီအသင်းနဲ့ အမှတ်ကွာဟချက် နည်းနည်းနီးစပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ပတ်မှာတော့ နာပိုလီအသင်းက အဝေးကွင်းမှာ တန်းဆင်းဇုန်ထဲက ဆာဆူအိုလိုနဲ့ ကစားရမှာဖြစ်ပြီး ဆာဆူအိုလိုရဲ့ ရှုံးအား ပထမအကျော့က အနိုင်မရခဲ့မှုတွေကြောင့် နာပိုလီအခက်တွေ့ဦးမှာပါ။ ပွဲစဉ်(၂၄)မှာတော့ အကောင်းဆုံးပွဲစဉ်အဖြစ် ဖီအိုရင်တီးနား-အင်တာမီလန် ထိပ်တိုက်တွေ့မယ့်ပွဲဖြစ်ပြီး ဥရောပပြိုင်ပွဲဝင်ခွင့်ရဖို့ အမှတ်လုကြမယ့်ပွဲဖြစ်ပါတယ်။

အိမ်ကွင်းမှာ ရလဒ်ကောင်းမယ့် ဖီအိုရင်တီးနား

ပထမအကျော့ရလဒ်များ

အူဒီးနီးစ်	၁-၀	ဂျီနိုအာ
ဘိုလော့ဂ်နာ	၃-၃	အေစီမီလန်
ချီယေဗို	၁-၂	ဂျူဗင်တပ်စ်
လာဇီယို	၃-၁	ကာတာနီယာ
လီဗော်နို	၁-၁	ကာဂလီယာရီ
နာပိုလီ	၁-၁	ဆာဆူအိုလို
ပါးမား	၄-၃	အတ္တလန်တာ
ဆမ်ဒိုးရီးယား	၀-၂	ရိုးမား
တိုရီနို	၂-၂	ဗီရိုနာ
အင်တာမီလန်	၂-၁	ဖီအိုရင်တီးနား

ဂိုးအများဆုံးသွင်းထားသူများ

အမည်	အသင်း	ဂိုး
ရော့စီ	ဖီအိုရင်တီးနား	၁၄
တီဗက်ဇ်	ဂျူဗင်တပ်စ်	၁၃
ဘာရာဒီ	ဆာဆူအိုလို	၁၂
ဟီဂွာအင်	နာပိုလီ	၁၂
အင်မိုဘီလီ	တိုရီနို	၁၂

ပထမအကျော့ဆုံတွေ့ခဲ့စဉ်က ဖီအိုရင်တီးနားအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေသည့် ပလာစီယိုဇ်

အေစီမီလန် နှင့် ဘိုလော့ဂ်နာ

အေစီမီလန်	နောက်ဆုံး(၅)ပွဲ		ဘိုလော့ဂ်နာ		
ဆာဆူအိုလို	L(A)	(3-4)	လာဇီယို	D(H)	(0-0)
ဗီရိုနာ	W(H)	(1-0)	နာပိုလီ	D(H)	(2-2)
ကာဂလီယာရီ	W(A)	(2-1)	ဆမ်ဒိုးရီးယား	D(A)	(1-1)
တိုရီနို	D(H)	(1-1)	အူဒီးနီးစ်	L(H)	(0-2)
နာပိုလီ	L(A)	(1-3)	တိုရီနို	W(A)	(2-1)

နောက်ဆုံး(၃)နှစ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁	အေစီမီလန်	၁-၀	ဘိုလော့ဂ်နာ
၂၀၁၁-၁၂	အေစီမီလန်	၁-၁	ဘိုလော့ဂ်နာ
၂၀၁၂-၁၃	အေစီမီလန်	၂-၁	ဘိုလော့ဂ်နာ

အေစီမီလန်အသင်းရဲ့ လူအင်အားက စီးရီးအေလိုအဆင့်မှာတော့ အတော်လေးတောင့်တင်းတဲ့အနေအထားလို့ ဆိုနိုင်တယ်။ ဒါပေမဲ့ ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကလည်းညံ့၊ နည်းပြကလည်းညံ့ဖြစ်နေတယ်။ ဘိုလော့ဂ်နာလိုအသင်းကိုတော့ အိမ်ကွင်းမှာ အနိုင်ကစားမယ်လို့ယူဆရတယ်။ နောက်ဆုံးအိမ်ကွင်း(၃)ပွဲမှာလည်း (၂)ပွဲနိုင်ခဲ့လို့ အေစီမီလန် အနိုင်သေချာပါတယ်။

ကာတာနီယာ နှင့် လာဇီယို

ကာတာနီယာ	နောက်ဆုံး(၅)ပွဲ		လာဇီယို		
အတ္တလန်တာ	L(A)	(1-2)	ဘိုလော့ဂ်နာ	D(A)	(0-0)
ဖီအိုရင်တီးနား	L(H)	(0-3)	အူဒီးနီးစ်	W(A)	(3-2)
အင်တာမီလန်	D(A)	(0-0)	ဂျူဗင်တပ်စ်	D(H)	(1-1)
လီဗော်နို	D(H)	(3-3)	ချီယေဗို	W(A)	(2-0)
ပါးမား	D(A)	(0-0)	ရိုးမား	D(H)	(0-0)

နောက်ဆုံး(၃)နှစ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁	ကာတာနီယာ	၁-၄	လာဇီယို
၂၀၁၁-၁၂	ကာတာနီယာ	၁-၀	လာဇီယို
၂၀၁၂-၁၃	ကာတာနီယာ	၄-၀	လာဇီယို

အမှတ်ပေးဇယားအောက်ဆုံးရောက်နေတဲ့ ကာတာနီယာနဲ့ ဇယားလယ်က လာဇီယိုတို့ရဲ့ပွဲက လာဇီယိုသာတယ်လို့ ယူဆနိုင်ပါတယ်။ ဒါပေမဲ့ လာဇီယိုက ဒီတစ်ရာသီလုံးမှာ ပြီးခဲ့တဲ့ တစ်ပတ်ကမှ အဝေးကွင်းနိုင်ပွဲစရတဲ့အသင်း။ ကာတာနီယာကလည်း ခြေစွမ်းမာလာပြီးသရေပွဲတွေရလာတယ်။ ဒီပွဲကာတာနီယာအနိမ့်ဆုံးသရေပါ။

ဖီအိုရင်တီးနား နှင့် အင်တာမီလန်

နောက်ဆုံး(၅)ပွဲအခြေအနေ

ဖီအိုရင်တီးနား			အင်တာမီလန်		
တိုရီနို	D(A)	(0-0)	ချီယေဗို	D(H)	(1-1)
ကာတာနီယာ	W(A)	(3-0)	ဂျီနိုအာ	L(A)	(0-1)
ဂျီနိုအာ	D(H)	(3-3)	ကာတာနီယာ	D(H)	(0-0)
ကာဂလီယာရီ	L(A)	(0-1)	ဂျူဗင်တပ်စ်	L(A)	(1-3)
အတ္တလန်တာ	W(H)	(2-0)	ဆာဆူအိုလို	W(H)	(1-0)

နောက်ဆုံး(၅)နှစ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၈-၀၉	ဖီအိုရင်တီးနား	၀-၀	အင်တာမီလန်
၂၀၀၉-၁၀	ဖီအိုရင်တီးနား	၂-၂	အင်တာမီလန်
၂၀၁၀-၁၁	ဖီအိုရင်တီးနား	၁-၂	အင်တာမီလန်
၂၀၁၁-၁၂	ဖီအိုရင်တီးနား	၀-၀	အင်တာမီလန်
၂၀၁၂-၁၃	ဖီအိုရင်တီးနား	၄-၁	အင်တာမီလန်

ဖီအိုရင်တီးနားက စီးရီးအေနောက်ဆုံး(၁၀)ပွဲမှာ (၆)ပွဲနိုင်ခဲ့တယ်။ အင်တာမီလန်ကတော့ ဒီ(၁၀)ပွဲမှာ နိုင်ပွဲ(၂)ပွဲသာရခဲ့ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပွဲမှာ ဆာဆူအိုလိုကိုအနိုင်ရခဲ့ပေမယ့် ဒီပွဲမှာလည်း ခြေစွမ်းက အားရစရာမရှိဘူး။ အဝေးကွင်း(၁၁)ပွဲမှာ (၃)ပွဲနိုင်၊ (၄)ပွဲသရေ၊ (၄)ပွဲရှုံးခဲ့ပြီး နိုင်ခဲ့တဲ့ (၃)ပွဲကလည်း ရာသီအစတုန်းက ခြေတက်နေတဲ့အချိန်မှာပါ။ လက်ရှိအချိန်မှာတော့ အင်တာမီလန်ရဲ့ အဝေးကွင်းရလဒ်က အသင်းငယ်လေးတစ်သင်းရဲ့ အဆင့်ပဲရှိပါတယ်။ ဖီအိုရင်တီးနားက အိမ်ကွင်းကောင်းတဲ့အသင်းဖြစ်ပြီး ဒီရာသီမှာ (၁)ပွဲပဲ ရှုံးဖူးတယ်။ လက်ရှိခြေစွမ်းကလည်းအင်တာမီလန်ထက်သာတယ်။ ဒါ့အပြင် ဖီအိုရင်တီးနားတိုက်စစ်မှာ ရော့စီကလွဲပြီး မက်ထရီ၊ ဂိုးမက်ဇ်တို့နဲ့ လူပြန်စုံလာပါပြီ။ ဒါဟာတိုက်စစ်မှာ ပုံမှန်ဂိုးသွင်းမယ့်သူမရှိတဲ့ အင်တာမီလန်ထက်သာတဲ့အချက်ဖြစ်ပါတယ်။ ဖီအိုရင်တီးနားနိုင်မယ်။ ဒါပေမဲ့ ကြားရက်မှာ ကိုပါအီတာလီယာကစားထားရပြီး ပွဲပန်းနေနိုင်လို့ဂိုးတော့နည်းနိုင်တယ်။

PROBABLE LINE-UP



စီးရီးအေအမှတ်ပေးဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁။	ဂျူဗင်တပ်စ်	၂၃	၁၉	၃	၁	၅၆	၁၈	၆၀
၂။	ရိုးမား	၂၂	၁၅	၆	၁	၄၅	၁၁	၅၁
၃။	နာပိုလီ	၂၃	၁၄	၅	၄	၄၇	၂၇	၄၇
၄။	ဖီအိုရင်တီးနား	၂၃	၁၃	၅	၅	၄၂	၂၄	၄၄
၅။	အင်တာမီလန်	၂၃	၉	၉	၅	၄၀	၂၇	၃၆
၆။	ဗီရိုနာ	၂၃	၁၁	၃	၉	၃၉	၃၇	၃၆
၇။	တိုရီနို	၂၃	၈	၉	၆	၃၆	၃၀	၃၃
၈။	ပါးမား	၂၂	၈	၉	၅	၃၂	၂၇	၃၃
၉။	လာဇီယို	၂၃	၈	၈	၇	၂၉	၂၉	၃၂
၁၀။	ဂျီနိုအာ	၂၃	၈	၆	၉	၂၄	၂၈	၃၀
၁၁။	အေစီမီလန်	၂၃	၇	၈	၈	၃၆	၃၅	၂၉
၁၂။	ဆမ်ဒိုးရီးယား	၂၃	၇	၇	၉	၂၇	၃၂	၂၈
၁၃။	အတ္တလန်တာ	၂၃	၈	၃	၁၂	၂၄	၃၂	၂၇
၁၄။	အူဒီးနီးစ်	၂၃	၈	၂	၁၃	၂၅	၃၂	၂၆
၁၅။	ကာဂလီယာရီ	၂၃	၅	၉	၉	၂၁	၃၂	၂၄
၁၆။	ဘိုလော့ဂ်နာ	၂၃	၄	၉	၁၀	၂၂	၃၉	၂၁
၁၇။	ချီယေဗို	၂၃	၄	၆	၁၃	၁၆	၃၂	၁၈
၁၈။	လီဗော်နို	၂၃	၄	၅	၁၄	၂၂	၄၁	၁၇
၁၉။	ဆာဆူအိုလို	၂၃	၄	၅	၁၄	၂၃	၄၉	၁၇
၂၀။	ကာတာနီယာ	၂၃	၃	၇	၁၃	၁၆	၄၀	၁၆

ဂျူဗင်တပ်စ် နှင့် ချီယေဗို

ဂျူဗင်တပ်စ်	နောက်ဆုံး(၅)ပွဲ		ချီယေဗို		
ကာဂလီယာရီ	W(A)	(4-1)	အင်တာမီလန်	D(A)	(1-1)
ဆမ်ဒိုးရီးယား	W(H)	(4-2)	ပါးမား	L(H)	(1-2)
လာဇီယို	D(A)	(1-1)	နာပိုလီ	D(A)	(1-1)
အင်တာမီလန်	W(H)	(3-1)	လာဇီယို	L(H)	(0-2)
ဗီရိုနာ	D(A)	(2-2)	အူဒီးနီးစ်	L(A)	(0-3)

နောက်ဆုံး(၃)နှစ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၁၀-၁၁	ဂျူဗင်တပ်စ်	၂-၂	ချီယေဗို
၂၀၁၁-၁၂	ဂျူဗင်တပ်စ်	၁-၁	ချီယေဗို
၂၀၁၂-၁၃	ဂျူဗင်တပ်စ်	၂-၀	ချီယေဗို

ချီယေဗိုက အသင်းကြီးတွေကို ဒုက္ခပေးတတ်တဲ့အသင်းပါ။ ဒါပေမဲ့ ဂျူဗင်တပ်စ်ကွင်းမှာတော့ မဖြစ်နိုင်လောက်ဘူး။ ဂျူဗင်တပ်စ်က ရိုးမားရဲ့ ဖိအားပေးခြင်းကို ပြန်ခံလာရတယ်။ (၆)မှတ်ကွာအနေအထားက စိတ်ချရတဲ့အနေအထားမဟုတ်ဘူး။ ဒါကြောင့် အိမ်ကွင်းမှာ ဒီလိုပွဲမျိုးကိုအနိုင်ကစားမှာသေချာပြီး၊ ဂိုးလည်းပြတ်သွားနိုင်တယ်။

ကာဂလီယာရီ နှင့် လီဗော်နို

ကာဂလီယာရီ	နောက်ဆုံး(၅)ပွဲ		လီဗော်နို		
ဂျူဗင်တပ်စ်	L(H)	(1-4)	ပါးမား	L(H)	(0-3)
အတ္တလန်တာ	L(A)	(0-1)	ရိုးမား	L(A)	(0-3)
အေစီမီလန်	L(H)	(1-2)	ဆာဆူအိုလို	W(H)	(3-1)
ဖီအိုရင်တီးနား	W(H)	(1-0)	ကာတာနီယာ	D(A)	(3-3)
ဆမ်ဒိုးရီးယား	L(A)	(0-1)	ဂျီနိုအာ	L(H)	(0-1)

နောက်ဆုံး(၃)နှစ်ဆက် အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

၂၀၀၆-၀၇	ကာဂလီယာရီ	၂-၂	လီဗော်နို
၂၀၀၇-၀၈	ကာဂလီယာရီ	၀-၀	လီဗော်နို
၂၀၀၉-၁၀	ကာဂလီယာရီ	၃-၀	လီဗော်နို

ကာဂလီယာရီက နောက်ပိုင်းပွဲတွေမှာ ရလဒ်မကောင်းဘူး။ လီဗော်နိုကတော့ တန်းဆင်းဇုန်ထဲရောက်နေပြီး ရှုံးပွဲတွေကလည်း အရမ်းများနေတယ်။ ခြေကျနေတဲ့အသင်း(၂)သင်းရဲ့ ပွဲစဉ်မှာ အိမ်ရှင်အခွင့်အရေးကိုထည့်တွက်သင့်ပေမယ့် အမှတ်ပိုလိုတဲ့ လီဗော်နိုကိုပဲ ကြိုက်ပါတယ်။ သရေကျသွားဖို့များတယ်။

စာမျက်နှာ(၉)သို့ ➤➤➤➤

LIGUE 1

FRANCE LIGUE 25

ဒီတစ်ပတ်ပြင်သစ်လီဂူးပွဲစဉ်(၂၅)ရဲ့ ပွဲအများစုမှာ အမှတ်လုပွဲတွေကို မြင်တွေ့ရဖို့ရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့အသင်းတွေနဲ့ ဥရောပပြိုင်ပွဲဝင်ခွင့်ရဖို့ အမှတ်လိုနေတဲ့အသင်းတွေ ရင်ဆိုင်ကြမှာဖြစ်ပြီး သက်ဆိုင်ရာရည်မှန်းချက်ကိုယ်စီအတွက် အများမခံဘဲကစားကြမှာလည်း ဖြစ်ပါတယ်…

ဥရောပပြိုင်ပွဲဝင်ခွင့်နဲ့ တန်းမဆင်းရရေး မျှော်လင့်ချက် အတွက်အမှတ်လုမယ့်

ပထမအကျော့ရလဒ်များ

ဗလင်စီနက်စ်	၀-၁	PSG
မာဆေးလ်	၂-၁	စိန့်အက်တီယန်
အေယက်စီယို	၂-၁	လိုင်ယွန်
ဘော်ဒိုး	၀-၀	ရိမ်းစ်
ဂွအင်ဂမ့်	၅-၁	ဆိုးချော့စ်
နန့်စ်	၂-၀	နိုက်စ်
တူးလော့စ်	၁-၀	လော်ရီယန့်
မိုနာကို	၃-၀	ဘတ်စတီယာ
လိုင်လီ	၃-၀	အီဗီယန်
မောင့်ပယ်လီယာ	၀-၀	ရိန်းစ်

ဂိုးအများဆုံးသွင်းထားသူများ

အီဘရာဟီမိုဗစ်(PSG)	၁၈ ဂိုး
ကာဗာနီ(PSG)	၁၃ ဂိုး
လာကာဇက်တီ(လိုင်ယွန်)	၁၃ ဂိုး
အဘူဘာကာ(လော်ရီယန့်)	၁၂ ဂိုး
ဂျစ်နက်(မာဆေးလ်)	၁၁ ဂိုး

မိုနာကိုကွင်းလယ်လူ ကာရက်စ်ကို ပထမအကျော့တွေ့ဆုံမှုတွင် ဘတ်စတီယာဘက်သို့ထိုးဖောက်နေစဉ်

➤➤➤➤

ဆာဆူအိုလို နှင့် နာပိုလီ

ဆာဆူအိုလို	နောက်ဆုံး(၅)ပွဲ	နာပိုလီ	
အေစီမီလန်	W(H) (4-3)	ဗီရိုနာ	W(A) (3-0)
တိုရီနို	L(H) (0-2)	ဘိုလော့ဂ်နာ	D(A) (2-2)
လီဇော်နို	L(A) (1-3)	ချီယေဗို	D(H) (1-1)
ဗီရိုနာ	L(H) (1-2)	အတ္တလန်တာ	L(A) (0-3)
အင်တာမီလန်	L(A) (1-0)	အေစီမီလန်	W(H) (3-1)

ဆာဆူအိုလိုအသင်းက အိမ်ကွင်း၊ အဝေးကွင်းမရွေး ရလဒ်တွေဆိုးနေတယ်။ နောက်ဆုံးကစားခဲ့တဲ့ (၉)ပွဲမှာ (၁)ပွဲနိုင်၊ (၈)ပွဲရှုံးခဲ့တယ်။ နာပိုလီကလည်း အရင်လိုပုံစံကောင်းမှာတော့ ရှိမနေတော့ဘူး။ ဒါပေမဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ဒီပွဲကိုတော့ အနိုင်ကစားမှာပါ။ ဂိုးပြတ်၊ မပြတ်တော့ စဉ်းစားရလိမ့်မယ်။

အတ္တလန်တာ နှင့် ပါးမား

အတ္တလန်တာ	နောက်ဆုံး(၅)ပွဲ	ပါးမား	
ကာတာနီယာ	W(H) (2-1)	လီဗော်နို	W(A) (3-0)
ကာဂလီယာရီ	W(H) (1-0)	ချီယေဗို	W(A) (2-1)
တိုရီနို	L(A) (0-1)	အူဒီးနီးစ်	W(H) (1-0)
နာပိုလီ	W(H) (3-0)	ရိုးမား	PP (-)
ဖီအိုရင်တီးနား	L(A) (0-2)	ကာတာနီယာ	D(H) (0-0)

အတ္တလန်တာလည်း ရလဒ်ကောင်းနေတယ်လို့ဆိုရမယ်။ ပါးမားကလည်း နိုင်ပွဲတွေဆက်တိုက်ရနေပါတယ်။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲတွေမှာတော့ အတ္တလန်တာက ရှုံးခဲ့ပြီး၊ ပါးမားက သရေကျခဲ့တယ်။ ဒီပွဲက အတ္တလန်တာရဲ့ အိမ်ကွင်းဖြစ်နေလို့ အားမျှနေပြီး၊ ပထမအကျော့ကလိုပဲ အကြိတ်အနယ်ကစားရမယ်။ သရေကျနိုင်တယ်။

ဂျိနိုအာ နှင့် အူဒီးနီးစ်

ဂျိနိုအာ	နောက်ဆုံး(၅)ပွဲ	အူဒီးနီးစ်	
ရိုးမား	L(A) (0-4)	ဆမ်ဒိုးရီးယား	L(A) (0-3)
အင်တာမီလန်	W(H) (1-0)	လာဇီယို	L(H) (2-3)
ဖီအိုရင်တီးနား	D(A) (3-3)	ပါးမား	L(A) (0-1)
ဆမ်ဒိုးရီးယား	L(H) (0-1)	ဘိုလော့ဂ်နာ	W(A) (2-0)
လီဗော်နို	W(A) (1-0)	ချီယေဗို	W(H) (3-0)

ဂျိနိုအာအသင်းက အိမ်ကွင်းရလဒ်ကောင်းတဲ့အသင်းလို့ ဆိုနိုင်ပါတယ်။ အူဒီးနီးစ်ကလည်း စီးရီးအေမှာ နောက်ဆုံး (၂)ပွဲဆက်အနိုင်ရခဲ့တယ်။ ရပ်တည်မှုသိပ်မကွာသလို၊ ခြေစွမ်းနဲ့ ရလဒ်လည်း သိပ်မကွာတဲ့အသင်းတွေပါ။ ဒါပေမဲ့ အူဒီးနီးစ်က အဝေးကွင်းမှာ ရှုံးပွဲတွေအရမ်းများတယ်၊ ရလဒ်ဆိုးလေ့ရှိတယ်။ ဂျိနိုအာကိုပဲ ရွေးချယ်ရမယ်။

ရိုးမား နှင့် ဆမ်ဒိုးရီးယား

ရိုးမား	နောက်ဆုံး(၅)ပွဲ	ဆမ်ဒိုးရီးယား	
ဂျိနိုအာ	W(H) (4-0)	အူဒီးနီးစ်	W(H) (3-0)
လီဗော်နို	W(H) (3-0)	ဂျူဗင်တပ်စ်	L(A) (2-4)
ဗီရိုနာ	W(A) (3-1)	ဘိုလော့ဂ်နာ	D(H) (1-1)
ပါးမား	PP (-)	ဂျိနိုအာ	W(A) (1-0)
လာဇီယို	D(A) (0-0)	ကာဂလီယာရီ	W(H) (1-0)

ဆမ်ဒိုးရီးယားက ခပ်လွယ်လွယ်အနိုင်ယူလို့ရမယ့်အသင်းမျိုးတော့မဟုတ်ဘူး။ ပထမအကျော့တုန်းက ဆမ်ဒိုးရီးယားကွင်းမှာ ရိုးမားဂိုးပြတ်နိုင်ခဲ့ပေမယ့် လက်ရှိရိုးမားက နိုင်ပွဲစံချိန်တွေယူခဲ့တုန်းက ပုံစံမဟုတ်သလို၊ ဆမ်ဒိုးရီးယားကလည်း ကစားပုံရော ရလဒ်ပါပိုကောင်းလာတယ်။ ရိုးမားနိုင်ရင်တောင်ဂိုးမပြတ်ဘူး။ သရေလည်းကျသွားနိုင်တယ်။

ဗီရိုနာ နှင့် တိုရီနို

ဗီရိုနာ	နောက်ဆုံး(၅)ပွဲ	တိုရီနို	
နာပိုလီ	L(H) (0-3)	ဖီအိုရင်တီးနား	D(H) (0-0)
အေစီမီလန်	L(A) (0-1)	ဆာဆူအိုလို	W(A) (2-0)
ရိုးမား	L(H) (1-3)	အတ္တလန်တာ	W(H) (1-0)
ဆာဆူအိုလို	W(A) (2-1)	အေစီမီလန်	D(A) (1-1)
ဂျူဗင်တပ်စ်	D(H) (2-2)	ဘိုလော့ဂ်နာ	L(H) (1-2)

အိမ်ကွင်းကောင်းတဲ့ ဗီရိုနာ နာပိုလီကို ဂိုးပြတ်ရှုံးပြီးကတည်းက ဦးကျိုးသွားတယ်။ နောက်ဆုံးအိမ်ကွင်း(၃)ပွဲမှာ နိုင်ပွဲမရခဲ့ဘူး။ ဒါပေမဲ့ ကစားခဲ့တဲ့အသင်းတွေက နာပိုလီ၊ ရိုးမား၊ ဂျူဗင်တပ်စ်တို့ဖြစ်ပြီး လက်ရှိစီးရီးအေရဲ့အကောင်းဆုံးအသင်းတွေ။ ဂျူဗင်တပ်စ်နဲ့ပွဲကခြေစွမ်းကလည်း အားရစရာကောင်းတယ်။ နိုင်ပွဲပြန်ရလိမ့်မယ်။

စိန့်အက်တီယန် နှင့် မာဆေးလ်

စိန့်အက်တီယန်	နောက်ဆုံး(၅)ပွဲ	မာဆေးလ်	
ဂွအင်ဂမ့်	D(A)(0-0)	အီဗီယန်	W(A)(2-1)
လိုင်လီ	W(H)(2-0)	မိုနာကို	L(A)(0-2)
ဘော်ဒိုး	L(A)(0-2)	ဗလင်စီနက်စ်	W(H)(2-1)
ဗလင်စီနက်စ်	W(H)(3-0)	တူးလော့စ်	D(H)(2-2)
တူးလော့စ်	D(A)(0-0)	ဘတ်စတီယာ	W(H)(3-0)

စိန့်အက်တီယန်က အိမ်ကွင်းနောက်ဆုံး(၅)ပွဲကို ပေးဂိုးမရှိအနိုင်ကစားထားပြီး မာဆေးလ်ကတော့ အဝေးကွင်းနောက်ဆုံး(၅)ပွဲမှာ (၁)ပွဲသာ နိုင်ထားပါတယ်။ ဒီပွဲမှာလည်း စိန့်အက်တီယန်ပဲနိုင်ဖို့ရှိပြီး (၂-၁)ဂိုးလောက်ဖြစ်နိုင်ပါတယ်။

PSG နှင့် ဗလင်စီနက်စ်

PSG	နောက်ဆုံး(၅)ပွဲ	ဗလင်စီနက်စ်	
အေယက်စီယို	W(A)(2-1)	ဘတ်စတီယာ	W(H)(3-2)
နန့်စ်	W(H)(5-0)	လော်ရီယန့်	D(H)(1-1)
ဂွအင်ဂမ့်	D(A)(1-1)	မာဆေးလ်	L(A)(1-2)
ဘော်ဒိုး	W(H)(2-0)	စိန့်အက်တီယန်	L(A)(0-3)
မိုနာကို	D(A)(1-1)	နိုက်စ်	W(H)(2-1)

တန်းဆင်းဇုန်ထဲကလွတ်မြောက်ဖို့ ဗလင်စီနက်စ် ရုန်းကန်နေပေမယ့် အိမ်ကွင်းမှာသာ အမှတ်တွေယူနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့်မို့ PSG လိုအသင်းကို အဝေးကွင်းမှာ သရေကစားဖို့တောင်မဖြစ်နိုင်ပါဘူး။ PSG နဲ့ ဂိုးအများပါ။

ဘတ်စတီယာ နှင့် မိုနာကို

ဘတ်စတီယာ	နောက်ဆုံး(၅)ပွဲ	မိုနာကို	
မောင့်ပယ်လီယာ	D(H)(0-0)	မောင့်ပယ်လီယာ	D(A)(1-1)
ဗလင်စီနက်စ်	L(A)(2-3)	တူးလော့စ်	W(A)(2-0)
ဘော်ဒိုး	W(H)(1-0)	မာဆေးလ်	W(H)(2-0)
ဂွအင်ဂမ့်	W(H)(3-2)	လော်ရီယန့်	D(A)(1-1)
မာဆေးလ်	L(A)(0-3)	PSG	D(H)(1-1)

ဘတ်စတီယာ အိမ်ကွင်းနောက်ဆုံး(၃)ပွဲဆက် ရလဒ်ကောင်းထားပါတယ်။ ဒါကြောင့် ဖယ်လ်ကာအိုမ ပါဝင်ဘဲ တိုက်စစ်လျော့နေတဲ့ မိုနာကိုအသင်း အခက်တွေ့နိုင်ပါတယ်။ ဘတ်စတီယာ(၁-၁)မိုနာကို ဖြစ်နိုင်ပါတယ်။

အီဗီယန် နှင့် လိုင်လီ

အီဗီယန်	နောက်ဆုံး(၅)ပွဲ	လိုင်လီ	
မာဆေးလ်	L(H)(1-2)	ရိမ်းစ်	L(H)(1-2)
ရိန်းစ်	D(A)(0-0)	စိန့်အက်တီယန်	L(A)(0-2)
လိုင်ယွန်	L(A)(0-3)	ရိန်းစ်	D(H)(1-1)
အေယက်စီယို	D(H)(1-1)	နိုက်စ်	L(A)(0-1)
မောင့်ပယ်လီယာ	D(A)(1-1)	ဆိုးချော့စ်	W(H)(2-0)

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ လိုင်လီအမှားခံလို့မရပါဘူး။ အီဗီယန်ကလည်း တန်းဆင်းအန္တရာယ်ရှိနေတဲ့အသင်းဖြစ်လို့ လိုင်လီဆီက အမှတ်ရအောင်ကြိုးစားမှာပါ။ သရေကျရင် (၁-၁)၊ လိုင်လီနိုင်ရင်လည်း (၁-၂)လောက်ပဲဖြစ်မှာပါ။

နိုက်စ် နှင့် နန့်စ်

နိုက်စ်	D(A)	W(H)	L(A)	W(H)	L(A)
နန့်စ်	W(H)	L(A)	D(H)	L(A)	L(H)

အဝေးကွင်းမှာ နန့်စ်တိုက်စစ်ရုန်းကန်ရတာပြီး နောက်ဆုံး(၅)ပွဲမှာ (၁)ဂိုးပဲသွင်းထားနိုင်ပါတယ်။ ဒီအနေအထားက အိမ်ကွင်း(၄)ပွဲဆက်နိုင်ထားတဲ့ နိုက်စ်အတွက် အခက်အခဲမရှိနိုင်ဘဲ နိုင်ပွဲယူသွားဖို့များပါတယ်။

ပြင်သစ်လီဂူးအမှတ်ပေးဇယား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာ	ရမှတ်
PSG	၂၄	၁၆	၇	၁	၅၅	၁၆	၃၉	၅၅
မိုနာကို	၂၄	၁၄	၈	၂	၃၉	၁၇	၂၂	၅၀
လိုင်လီ	၂၄	၁၃	၅	၆	၂၆	၁၄	၁၂	၄၄
စိန့်အက်တီယန်	၂၄	၁၂	၅	၇	၃၃	၂၂	၁၁	၄၁
မာဆေးလ်	၂၄	၁၁	၆	၇	၃၆	၂၆	၁၀	၃၉
လိုင်ယွန်	၂၄	၁၀	၇	၇	၃၇	၃၀	၇	၃၇
ရိမ်းစ်	၂၄	၉	၉	၆	၂၉	၂၉	၀	၃၆
ဘော်ဒိုး	၂၃	၉	၇	၇	၂၉	၂၅	၄	၃၄
နန့်စ်	၂၄	၁၀	၃	၁၁	၂၅	၂၅	၀	၃၃
လော်ရီယန့်	၂၃	၉	၅	၉	၃၁	၃၀	၁	၃၂
ဘတ်စတီယာ	၂၃	၈	၆	၉	၂၇	၃၄	-၇	၃၀
တူးလော့စ်	၂၃	၇	၉	၇	၂၃	၂၈	-၅	၃၀
နိုက်စ်	၂၄	၉	၃	၁၂	၂၃	၃၀	-၇	၃၀
မောင့်ပယ်လီယာ	၂၄	၅	၁၃	၆	၂၉	၂၉	၀	၂၈
ရိန်းစ်	၂၄	၆	၉	၉	၂၆	၂၈	-၂	၂၇
ဂွအင်ဂမ့်	၂၄	၆	၈	၁၀	၂၃	၂၇	-၄	၂၆
အီဗီယန်	၂၄	၅	၈	၁၁	၂၂	၃၉	-၁၇	၂၃
ဗလင်စီနက်စ်	၂၄	၅	၆	၁၃	၂၄	၃၇	-၁၃	၂၁
ဆိုးချော့စ်	၂၄	၃	၆	၁၅	၁၇	၄၆	-၂၉	၁၅
အေယက်စီယို	၂၄	၂	၈	၁၄	၁၉	၄၁	-၂၂	၁၄

လိုင်ယွန် နှင့် အေယက်စီယို

လိုင်ယွန်	နောက်ဆုံး(၅)ပွဲ	အေယက်စီယို	
ဆိုးချော့စ်	W(H)(2-0)	PSG	L(H)(1-2)
ရိမ်းစ်	W(A)(2-0)	နိုက်စ်	L(A)(0-2)
အီဗီယန်	W(H)(3-0)	ဆိုးချော့စ်	D(H)(1-1)
ရိန်းစ်	L(A)(0-2)	အီဗီယန်	D(A)(1-1)
နန့်စ်	W(A)(2-1)	ရိန်းစ်	W(H)(3-1)

ဒီပွဲကလည်း ဥရောပဝင်ခွင့်ရဖို့ ကြိုးစားနေတဲ့ လိုင်ယွန်နဲ့ တန်းမဆင်းရဖို့ အမှတ်လိုနေတဲ့ အေယက်စီယိုတို့ရဲ့ပွဲပါ။ အေယက်စီယို နောက်ဆုံး(၃)ပွဲဆက်ရှုံးပွဲမရှိအောင် ကစားထားနိုင်ခဲ့ပေမယ့် လိုင်ယွန်ကွင်းမှာ သရေတောင်မရနိုင်ပါဘူး။

ရိန်းစ် နှင့် မောင့်ပယ်လီယာ

ရိန်းစ်	D(H)	D(H)	D(A)	W(H)	L(A)
မောင့်ပယ်လီယာ	D(H)	W(A)	W(H)	W(A)	D(H)

အဝေးကွင်း(၅)ပွဲဆက်နိုင်ထားတဲ့ မောင့်ပယ်လီယာက လက်ရှိအချိန်မှာ ခြေမမှန်တဲ့ ရိန်းစ်ကိုလည်း အခက်တွေ့စေဦးမှာပါ။ ရပ်တည်မှုချင်းသိပ်မကွာတဲ့ အနေအထားကြောင့်လည်း ဒီပွဲမှာ မောင့်ပယ်လီယာ သရေလောက်ကစားမှာပါ။

လော်ရီယန့် နှင့် တူးလော့စ်

လော်ရီယန့်	L(A)	W(H)	D(A)	D(H)	-(P)
တူးလော့စ်	D(H)	W(A)	L(H)	D(A)	D(H)

(၂)သင်းစလုံး နိုင်ပွဲကိုယ်စီပျောက်နေကြပါတယ်။ ဒါပေမဲ့ တူးလော့စ်က မာဆေးလ်၊ မိုနာကို၊ စိန့်အက်တီယန် အစရှိတဲ့ ထိပ်ပိုင်းအသင်းတွေနဲ့ ရင်ဆိုင်ခဲ့ရလို့ဖြစ်ပြီး လော်ရီယန့်က ခြေကျနေသလိုပါပဲ။ တူးလော့စ်သရေရနိုင်ပါတယ်။

ဆိုးချော့စ် နှင့် ဂွအင်ဂမ့်

ဆိုးချော့စ်	L(A)	L(H)	D(A)	W(H)	L(A)
ဂွအင်ဂမ့်	D(H)	L(A)	D(H)	L(A)	D(A)

ရာသီဝက်နောက်ပိုင်း ခြေကျသွားတဲ့ ဂွအင်ဂမ့် လက်ရှိအချိန်မှာ တန်းဆင်းအန္တရာယ်ရှိနေခဲ့ပြီ၊ ဆိုးချော့စ်ကလည်း တန်းဆင်းဇုန်ထဲက လွတ်ဖို့ရုန်းနေတာပါ။ အိမ်ကွင်းမှာ ဘဝတူ ဂွအင်ဂမ့်ကို ဆိုးချော့စ်အနိုင်ကစားဖို့များပါတယ်။

ရိမ်းစ် နှင့် ဘော်ဒိုး

ရိမ်းစ်	W(A)	L(H)	D(A)	L(H)	W(A)
ဘော်ဒိုး	L(H)	L(A)	W(H)	L(A)	-(P)

(၃)ပွဲဆက်အရှုံးကို ရပ်တန့်နိုင်ခဲ့တဲ့ ရိမ်းစ် အိမ်ကွင်းမှာလည်း စိတ်ဓာတ်အတက်နဲ့ ဘော်ဒိုးကိုရင်ဆိုင်မှာပါ။ ဒါ့အပြင် ပြိုင်ပွဲစုံအဝေးကွင်း(၃)ပွဲဆက်ရှုံးထားတဲ့ ဘော်ဒိုး ဒီပွဲမှာလည်း ရိမ်းစ်ကို အရှုံးပေးရဦးမှာပါ။

Premier Eleven Sports Journal Vol:11 No.25 16, February, 2014

BUNDESLIGA WEEK 21

ဒီတစ်ပတ်ဘွန်ဒက်စ်လီဂါပွဲစဉ်တွေကိုကြည့်ရင် ဘေယန်မြူးနစ်၊ ဒေါ့မွန်တို့လို အမှတ်ပေးဇယားထိပ်ပိုင်းက အသင်းကြီးတွေအများစု နိုင်ပွဲဆက်ကြဦးမှာပါ။ လေဗာကူဆင်ကတော့ အိမ်ကွင်းဆိုပေမယ့် အခုနောက်ပိုင်း အကောင်းဆုံးခြေစွမ်းနဲ့ နိုင်ပွဲတွေဆက်လာတဲ့ ရှော်လ်ကာနဲ့ရင်ဆိုင်ရမှာဖြစ်လို့ အနည်းငယ်ရုန်းကန်ရဖို့ ရှိနေပါတယ်။ မိုချန်ဂလာဘတ်ကတော့ အဝေးကွင်းမှာ ရုန်းကန်ရမယ့်အခြေအနေပါ…

နိုင်ပွဲဆက်ဖို့ရှိတဲ့ ဘေယန်နဲ့ဒေါ့မွန်

ပထမအကျော့ ရလဒ်များ	ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၁)
၃၀/၃၁/၁-၈/၉-၂၀၁၃	၂၂/၂၃-၂-၂၀၁၄
ဟန်နိုဗာ ၄-၁ မိန့်ဇ်	ရှော်လ်ကာ - မိန့်ဇ်
ရှော်လ်ကာ ၂-၀ လေဗာကူဆင်	မိုချန်ဂလာဘတ် - ဟော်ဖန်ဟင်မ်
ဟမ်းဘတ် ၄-၀ ဘရန့်ရှဝစ်	စတုဂတ် - ဟာသာဘာလင်
ဖရန့်ဖတ် ၀-၁ ဒေါ့မွန်	နူရင်ဘတ် - ဘရန့်ရှဝစ်
မိုချန်ဂလာဘတ် ၄-၁ ဝါဒါဘရီမင်	ဖရိုင်းဘတ် - အော့စ်ဘတ်
စတုဂတ် ၆-၂ ဟော်ဖန်ဟင်မ်	ဟမ်းဘတ် - ဒေါ့မွန်
နူရင်ဘတ် ၀-၁ အော့စ်ဘတ်	ဝုလ်ဖ်ဘတ် - လေဗာကူဆင်
ဖရိုင်းဘတ် ၁-၁ ဘေယန်မြူးနစ်	ဖရန့်ဖတ် - ဝါဒါဘရီမင်
ဝုလ်ဖ်ဘတ် ၂-၀ ဟာသာဘာလင်	ဟန်နိုဗာ - ဘေယန်မြူးနစ်

ဂိုးအများဆုံးသွင်းထားသူများ	
ရာမိုစ် (ဟာသာဘာလင်)	၁၄ ဂိုး
လီဝန်ဒေါစကီး (ဒေါ့မွန်)	၁၃ ဂိုး
မန်ဒ္ဇူကစ် (ဘေယန်မြူးနစ်)	၁၂ ဂိုး
အော်ဘာမီယန်း (ဒေါ့မွန်)	၁၁ ဂိုး
အိုင်ဘီဆီဗစ် (စတုဂတ်)	၁၀ ဂိုး

ပြီးခဲ့သည့်ရာသီက လေဗာကူဆင်ကွင်းတွင် လေဗာကူဆင်နှင့် ရှော်လ်ကာတို့ တွေ့ဆုံခဲ့စဉ် (ယင်းပွဲတွင် လေဗာကူဆင်က ၂-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်) (Photo: AFP)

မိန့်ဇ် နှင့် ဟန်နိုဗာ

မိန့်ဇ်	နောက်ဆုံး(၅)ပွဲ	ဟန်နိုဗာ	
မိုချန်ဂလာဘတ်	D(H) (0-0)	နူရင်ဘတ်	D(H) (3-3)
ဟမ်းဘတ်	W(A) (3-2)	ဖရိုင်းဘတ်	L(A) (1-2)
စတုဂတ်	W(A) (2-1)	ဝုလ်ဖ်ဘတ်	W(A) (3-1)
ဖရိုင်းဘတ်	W(H) (2-0)	မိုချန်ဂလာဘတ်	W(H) (3-1)
ဝုလ်ဖ်ဘတ်	L(A) (0-3)	ရှော်လ်ကာ	L(A) (2-0)

ထိပ်တိုက်တွေ့ဆုံမှုမှာ ရလဒ်ပိုင်းမကွာပေမယ့် မိန့်ဇ်ကွင်းမှာဆိုရင်တော့ ဟန်နိုဗာတို့ အနည်းငယ်ရုန်းကန်ရလေ့ရှိပါတယ်။ ဒါပေမဲ့ အိမ်ကွင်းမှာ နောက်ဆုံးတွေ့ဆုံခဲ့တဲ့(၆)ကြိမ်ကိုကြည့်ရင် မိန့်ဇ်တို့ အသာရထားတာ မရှိပါဘူး။ အဝေးကွင်းဆိုပေမယ့် ဟန်နိုဗာ မရှုံးပါဘူး။

လေဗာကူဆင် နှင့် ရှော်လ်ကာ

လေဗာကူဆင်	နောက်ဆုံး(၅)ပွဲ	ရှော်လ်ကာ	
ဖရန့်ဖတ်	L(H) (0-1)	ဖရိုင်းဘတ်	W(H) (2-0)
ဝါဒါဘရီမင်	L(A) (0-1)	နူရင်ဘတ်	D(A) (0-0)
ဖရိုင်းဘတ်	L(A) (2-3)	ဟမ်းဘတ်	W(A) (3-0)
စတုဂတ်	W(H) (2-1)	ဝုလ်ဖ်ဘတ်	W(H) (2-1)
မိုချန်ဂလာဘတ်	W(A) (1-0)	ဟန်နိုဗာ	W(H) (2-0)

အိမ်ကွင်းတွင် နောက်ဆုံး(၃)ကြိမ်ဆုံတွေ့ခဲ့သမျှ	
၂၀၁၀-၁၁	လေဗာကူဆင် ၂-၀ ရှော်လ်ကာ
၂၀၁၁-၁၂	လေဗာကူဆင် ၀-၁ ရှော်လ်ကာ
၂၀၁၂-၁၃	လေဗာကူဆင် ၂-၀ ရှော်လ်ကာ

အခုနောက်ပိုင်းပွဲတွေကိုကြည့်ရင် ရှော်လ်ကာတို့ အတည်ငြိမ်ဆုံးခြေစွမ်းနဲ့ နိုင်ပွဲတွေ ဆက်တိုက်ပြန်ရာတွေ့လာနေပါတယ်။ လေဗာကူဆင်ရဲ့ အခုနောက်ပိုင်းခြေစွမ်းကတော့ မငြိမ်ပါဘူး။ တစ်ခုစဉ်းစားရမှာက ထိပ်တိုက်တွေ့ဆုံမှုကိုကြည့်ရင် လေဗာကူဆင်တို့အသာရထားသလို၊ လေဗာကူဆင်ကွင်းမှာဆိုရင်လည်း ရှော်လ်ကာတို့ အနည်းငယ်ရုန်းကန်ရတတ်တာပါပဲ။ အိမ်ကွင်းမှာ နောက်ဆုံးတွေ့ဆုံခဲ့တဲ့(၉)ကြိမ်ကိုကြည့်ရင် လေဗာကူဆင်တို့ (၅)ကြိမ်အနိုင်ရပြီး (၃)ကြိမ်ရှုံးနိမ့်ကာ တစ်ကြိမ် သရေကျထားပါတယ်။ လေဗာကူဆင်ရဲ့ ဒီရာသီ အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိသေးတဲ့ ရလဒ်က ကျေနပ်စရာအလွန် ကောင်းနေပါတယ်။ ရှော်လ်ကာရဲ့ အဝေးကွင်းရလဒ်ကလည်း အဆိုးရွားကြီးထဲမှာ မပါပါဘူး။ အကြိတ်အနယ်ရှိမယ့် ပွဲတစ်ပွဲဖြစ်လာဖို့ရှိပြီး ရှော်လ်ကာ အမြင့်ဆုံး မျှော်မှန်းနိုင်မှာ သရေပါ။

ဘရန့်ရှဝစ် နှင့် ဟမ်းဘတ်

ဘရန့်ရှဝစ်	နောက်ဆုံး(၅)ပွဲ	ဟမ်းဘတ်	
အော့စ်ဘတ်	L(A) (1-4)	ဘေယန်မြူးနစ်	L(A) (1-3)
ဟော်ဖန်ဟင်မ်	W(H) (1-0)	မိန့်ဇ်	L(H) (2-3)
ဝါဒါဘရီမင်	D(A) (0-0)	ရှော်လ်ကာ	L(H) (0-3)
ဒေါ့မွန်	L(H) (1-2)	ဟော်ဖန်ဟင်မ်	L(A) (0-3)
ဖရန့်ဖတ်	L(A) (0-3)	ဟာသာဘာလင်	L(H) (0-3)

ထိပ်တိုက်တွေ့ဆုံမှုမှာ ဟမ်းဘတ်တို့ အသာရထားပေမယ့် ဘရန့်ရှဝစ်ကွင်းမှာဆိုရင်တော့ ရုန်းကန်ရတတ်တဲ့ အစဉ်အလာရှိပါတယ်။ အိမ်ကွင်းမှာ နောက်ဆုံးတွေ့ဆုံခဲ့တဲ့(၉)ကြိမ်ကိုကြည့်ရင် ဘရန့်ရှဝစ်တို့ တစ်ကြိမ်သာ ဟမ်းဘတ်ကို ရှုံးနိမ့်ထားပါတယ်။ အိမ်ရှင် မရှုံးပါဘူး။

ဒေါ့မွန် နှင့် ဖရန့်ဖတ်

ဒေါ့မွန်	နောက်ဆုံး(၅)ပွဲ	ဖရန့်ဖတ်	
ဟော်ဖန်ဟင်မ်	D(A) (2-2)	လေဗာကူဆင်	W(A) (1-0)
ဟာသာဘာလင်	L(H) (1-2)	အော့စ်ဘတ်	D(H) (1-1)
အော့စ်ဘတ်	D(H) (2-2)	ဟာသာဘာလင်	W(H) (1-0)
ဘရန့်ရှဝစ်	W(A) (2-1)	ဘေယန်မြူးနစ်	L(A) (0-5)
ဝါဒါဘရီမင်	W(A) (5-1)	ဘရန့်ရှဝစ်	W(H) (3-0)

ထိပ်တိုက်တွေ့ဆုံမှုမှာ ဒေါ့မွန်တို့အသာရထားသလို ဒေါ့မွန်ကွင်းမှာဆိုရင်လည်း ဖရန့်ဖတ်တို့ ရုန်းကန်ရတတ်တဲ့အစဉ်အလာရှိပါတယ်။ နိုင်ပွဲပြန်ရာတွေ့လာပြီဖြစ်တဲ့ ဒေါ့မွန်တို့ ဒီပွဲမှာလည်း အနိုင်ကစားဦးမှာပါ။

ဝါဒါဘရီမင် နှင့် မိုချင်ဂလာဘတ်

ဝါဒါဘရီမင်	နောက်ဆုံး(၅)ပွဲ	မိုချင်ဂလာဘတ်	
ဟာသာဘာလင်	L(A) (2-3)	မိန့်ဇ်	D(A)(0-0)
လေဗာကူဆင်	W(H) (1-0)	ဝုလ်ဖ်ဘတ်	D(H)(3-1)
ဘရန့်ရှဝစ်	D(H) (0-0)	ဘေယန်မြူးနစ်	L(H)(0-2)
အော့စ်ဘတ်	L(A) (1-3)	ဟန်နိုဗာ	L(A)(1-3)
ဒေါ့မွန်	L(H) (1-5)	လေဗာကူဆင်	L(H)(0-1)

အိမ်ကွင်းမှာ နောက်ဆုံးတွေ့ဆုံခဲ့တဲ့(၉)ကြိမ်ကိုကြည့်ရင် အိမ်ရှင်ဝါဒါဘရီမင်တို့ ရှုံးပွဲမရှိဘဲ အနိုင်နဲ့သရေရလဒ်တွေကိုသာ ယူဆောင်ထားပါတယ်။ မိုချန်ဂလာဘတ် အမြင့်ဆုံး မျှော်မှန်းနိုင်မှာ သရေပါ။

ဟော်ဖန်ဟင်မ် နှင့် စတုဂတ်

ဟော်ဖန်ဟင်မ်	နောက်ဆုံး(၅)ပွဲ	စတုဂတ်	
ဒေါ့မွန်	D(H) (2-2)	ဝုလ်ဖ်ဘတ်	L(A) (1-3)
ဘရန့်ရှဝစ်	L(A) (0-1)	မိန့်ဇ်	L(H) (1-2)
နူရင်ဘတ်	L(A) (0-4)	ဘေယန်မြူးနစ်	L(H) (1-2)
ဟမ်းဘတ်	W(H) (3-0)	လေဗာကူဆင်	L(A) (1-2)
ဖရိုင်းဘတ်	D(A) (1-1)	အော့စ်ဘတ်	L(H) (1-4)

စတုဂတ်ကို ဟော်ဖန်ဟင်မ်တို့ တစ်ကြိမ်သာ အနိုင်ရထားဖူးပါတယ်။ ပိုဆိုးတာက အိမ်ကွင်းမှာ ဟော်ဖန်ဟင်မ်တို့ အနိုင်မရဖူးတာပါပဲ။ ဒီရာသီ အိမ်ကွင်းရလဒ်ကောင်းတဲ့ ဟော်ဖန်ဟင်မ်တို့ အနိုင်ပါ။

အော့စ်ဘတ် နှင့် နူရင်ဘတ်

အော့စ်ဘတ်	နောက်ဆုံး(၅)ပွဲ	နူရင်ဘတ်	
ဘရန့်ရှဝစ်	W(H) (4-1)	ဟန်နိုဗာ	D(A) (3-3)
ဖရန့်ဖတ်	D(A) (1-1)	ရှော်လ်ကာ	D(H) (0-0)
ဒေါ့မွန်	D(A) (2-2)	ဟော်ဖန်ဟင်မ်	W(H) (4-0)
ဝါဒါဘရီမင်	W(H) (3-1)	ဟာသာဘာလင်	W(A) (3-1)
စတုဂတ်	W(A) (4-1)	ဘေယန်မြူးနစ်	L(H) (0-2)

နူရင်ဘတ်ကို အော့စ်ဘတ်တို့ တစ်ကြိမ်သာအနိုင်ရထားဖူးသလို အိမ်ကွင်းမှာ လုံးဝအနိုင်မရဖူးပါဘူး။ ဒါပေမဲ့ ဒီရာသီ အော့စ်ဘတ်ရဲ့ အိမ်ကွင်းရလဒ်က ကျေနပ်စရာကောင်းပါတယ်။ အိမ်ရှင်အနိုင်ပါ။

ဘေယန်မြူးနစ် နှင့် ဖရိုင်းဘတ်

ဘေယန်မြူးနစ်	နောက်ဆုံး(၅)ပွဲ	ဖရိုင်းဘတ်	
ဟမ်းဘတ်	W(H) (3-1)	ရှော်လ်ကာ	L(A) (0-2)
မိုချန်ဂလာဘတ်	W(A) (2-0)	ဟန်နိုဗာ	W(H) (2-1)
စတုဂတ်	W(A) (2-1)	လေဗာကူဆင်	W(H) (3-2)
ဖရန့်ဖတ်	W(H) (5-0)	မိန့်ဇ်	L(A) (0-2)
နူရင်ဘတ်	W(A) (2-0)	ဟော်ဖန်ဟင်မ်	D(H) (1-1)

ဘေယန်မြူးနစ်ကွင်းမှာ ဖရိုင်းဘတ်တို့ နိုင်ပွဲလုံးဝမရသေးပါဘူး။ ဒီရာသီမှာ ဘေယန်မြူးနစ်တို့ အိမ်ကွင်းရှုံးပွဲလည်း လုံးဝမရှိသေးပါဘူး။ ဖရိုင်းဘတ်ရဲ့ အဝေးကွင်းရလဒ်ကလည်း ဆိုးရွားပါတယ်။ အိမ်ရှင် ဂိုးပြတ်၊ မပြတ်ပဲ ကြည့်ရမှာပါ။

ဘွန်ဒက်စ်လီဂါအမှတ်ပေးဇယား

			စုစုပေါင်း					အိမ်ကွင်း			အဝေးကွင်း			
အဆင့်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	နိုင်	သရေ	ရှုံး	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဘေယန်မြူးနစ်	၂၀	၁၈	၂	၀	၅၃	၈	၁၀	၀	၀	၈	၂	၀	၅၆
၂	လေဗာကူဆင်	၂၀	၁၄	၁	၅	၃၇	၂၀	၈	၁	၁	၆	၀	၄	၄၃
၃	ဒေါ့မွန်	၂၀	၁၂	၃	၅	၄၇	၂၄	၆	၁	၃	၆	၂	၂	၃၉
၄	ရှော်လ်ကာ	၂၀	၁၁	၄	၅	၃၉	၂၉	၇	၁	၂	၄	၃	၃	၃၇
၅	မိုချန်ဂလာဘတ်	၂၀	၁၀	၃	၇	၃၆	၂၅	၈	၁	၂	၂	၂	၅	၃၃
၆	ဝုလ်ဖ်ဘတ်	၂၀	၁၀	၃	၇	၃၃	၂၄	၇	၁	၂	၃	၂	၅	၃၃
၇	ဟာသာဘာလင်	၂၀	၉	၄	၇	၃၁	၂၄	၅	၁	၄	၄	၃	၃	၃၁
၈	အော့စ်ဘတ်	၂၀	၉	၄	၇	၃၀	၂၉	၆	၁	၂	၃	၃	၅	၃၁
၉	မိန့်ဇ်	၂၀	၉	၃	၈	၂၉	၃၅	၅	၂	၃	၄	၁	၅	၃၀
၁၀	ဟန်နိုဗာ	၂၀	၇	၃	၁၀	၂၉	၃၅	၆	၃	၁	၁	၀	၉	၂၄
၁၁	ဟော်ဖန်ဟင်မ်	၂၀	၅	၇	၈	၄၀	၄၇	၂	၅	၃	၃	၂	၅	၂၂
၁၂	ဖရန့်ဖတ်	၂၀	၅	၆	၉	၂၄	၃၄	၂	၄	၄	၃	၂	၅	၂၁
၁၃	ဝါဒါဘရီမင်	၂၀	၅	၅	၁၀	၂၄	၄၅	၃	၃	၄	၂	၂	၆	၂၀
၁၄	စတုဂတ်	၂၀	၅	၄	၁၁	၃၃	၄၁	၂	၃	၅	၃	၁	၆	၁၉
၁၅	ဖရိုင်းဘတ်	၂၀	၄	၆	၁၀	၂၀	၃၆	၂	၄	၄	၂	၂	၆	၁၈
၁၆	နူရင်ဘတ်	၂၀	၂	၁၁	၇	၂၄	၃၆	၁	၅	၄	၁	၆	၃	၁၇
၁၇	ဟမ်းဘတ်	၂၀	၄	၄	၁၂	၃၃	၄၇	၂	၁	၇	၂	၃	၅	၁၆
၁၈	ဘရန့်ရှဝစ်	၂၀	၃	၃	၁၄	၁၁	၃၇	၂	၁	၇	၁	၂	၇	၁၂

ဟာသာဘာလင် နှင့် ဝုလ်ဖ်ဘတ်

ဟာသာဘာလင်	နောက်ဆုံး(၅)ပွဲ	ဝုလ်ဖ်ဘတ်	
ဝါဒါဘရီမင်	W(H) (3-2)	ဖရိုင်းဘတ်	W(A) (3-0)
ဒေါ့မွန်	W(A) (2-1)	စတုဂတ်	W(H) (3-1)
ဖရန့်ဖတ်	L(A) (0-1)	ဟန်နိုဗာ	L(H) (1-3)
နူရင်ဘတ်	L(H) (1-3)	ရှော်လ်ကာ	L(A) (1-2)
ဟမ်းဘတ်	W(A) (3-0)	မိန့်ဇ်	W(H) (3-0)

အိမ်ကွင်းမှာ နောက်ဆုံးတွေ့ဆုံခဲ့တဲ့(၂)ကြိမ်ကိုကြည့်ရင် အိမ်ရှင် ဟာသာဘာလင်တို့ နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဒီရာသီမှာတော့ ဟာသာဘာလင်တို့ အိမ်ကွင်းရလဒ် ကောင်းနေပါတယ်။ အိမ်ရှင်အနိုင်ပါ။

ဗန်ပါစီနှင့် ပတ်သက်၍ ဝင်းဂါး မတင်မကျဖြေ

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် မန်ယူအသင်း၏ တိုက်စစ်မှူးဗန်ပါစီအားလာမည့်နွေရာသီတွင်ပြန်လည်ခေါ်ယူမည်ဟု သတင်းများက ဖော်ပြနေကြရာ ကာကယ်ရှင်ဖြစ်သူ ဝင်းဂါးက ယင်းသတင်းများနှင့်ပတ်သက်၍ မတင်မကျအဖြေပေးခဲ့ကြောင်း သိရှိရသည်။ ဝင်းဂါးက "လက်ရှိအချိန်မှာ ဒီအကြောင်း ပြောဖို့မလိုအပ်သေးပါဘူး။ ဗန်ပါစီဟာ ဂန္ထဝင်မြောက်တဲ့ ထိပ်တန်းကစားသမားတစ်ဦးပါ။ ကျွန်တော်တို့အားလုံး ဒီလိုပဲသိနားလည်ထားပါတယ်"ဟု မီဒီယာများကို ဖြေကြားသွားခဲ့သည်။

ဗီလာနည်းပြရာထူးကို ဆိုးလ်ရှား ပယ်ချခဲ့

ကာဒစ်ဖ်စီးတီးအသင်း၏ နည်းပြဖြစ်သူ ဆိုးလ်ရှားက မိမိသည် ဗီလာအသင်းနည်းပြရာထူးကို ငြင်းဆန်ပယ်ချခဲ့ဖူးသည်ဟု ပြီးခဲ့သည့်အင်္ဂါနေ့ကကစားခဲ့သော ကာဒစ်ဖ်-ဗီလာပွဲမတိုင်မီ ပြောကြားခဲ့သည်။ ဗီလာအသင်းသည် လွန်ခဲ့သည့်(၂)နှစ်က မိမိကိုကမ်းလှမ်းခဲ့ခြင်းဖြစ်သည်ဟု ဆိုးလ်ရှားက ဆိုသည်။ "ကျွန်တော်အဲဒီတုန်းက ဗီလာအသင်းပိုင်ရှင် ရန်ဒီလာနာနဲ့စကားပြောဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက်အချိန်မကျသေးလို့ငြင်းဆန်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ဖေဘီယန်စကီးအား ခေါ်ယူရန် ရော်လ်ကာစီစဉ်

ဂျာမန်ကလပ် ရော်လ်ကာအသင်းသည် အာဆင်နယ်ဂိုးသမား ဖေဘီယန်စကီးအားခေါ်ယူရန် စီစဉ်နေကြောင်းသိရသည်။ ပိုလန်ဂိုးသမား ဖေဘီယန်စကီးသည် အာဆင်နယ်အသင်းတွင် ပုံမှန်ကစားခွင့်မရရှိသဖြင့် အသင်းမှထွက်ခွာလိုနေသူ ဖြစ်ပြီး၊ အသင်း၏ စာချုပ်သက်တမ်းတိုးရန်ကမ်းလှမ်းမှုကို ငြင်းဆန်ထားသူဖြစ်သည်။ သူသည် ယခုနှစ်ဇွန်လတွင်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍အလွတ်ပြောင်းရွှေ့ခွင့်ရရှိမည်ဖြစ်ပြီး ရော်လ်ကာအသင်းက အကြိုသဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုရန် စီစဉ်နေသည်။

ဆွမ်ဆီးနည်းပြသစ်အဖြစ် ကိုးမန်း ရေပန်းစား

ဟော်လန်ကလပ် ဖီယင်နုအသင်း၏ နည်းပြဖြစ်သူ ရော်နယ်လ်ကိုးမန်းသည် ဆွမ်ဆီးအသင်း၏ နည်းပြသစ်ဖြစ်လာရန် ရေပန်းစားနေကြောင်းသိရသည်။ ယခုရာသီကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကိုးမန်းသည် ပရီးမီးယားလိဂ်သို့ လာရောက်နည်းပြရန် ဆန္ဒရှိနေပြီး၊ ဆွမ်ဆီးအသင်းက သူ့ကို ဆက်သွယ်မှုများရှိနေကြောင်း သူ၏အေးဂျင့်ဖြစ်သူ ဝိုဒ်အယ်လ်ဘာက မီဒီယာများနှင့်တွေ့ဆုံရာတွင် ဝန်ခံပြောကြားခဲ့သည်။

ဘယ်လာမီ (၃)ပွဲပယ်ပြစ်ဒဏ်ကျခံရပြီး ယာယာတိုရေးအရေးယူ မခံရခြင်းအတွက် ဒိုင်လူကြီးဟောင်း ဂရေဟမ်ပူးလ် ဝေဖန်

အင်္ဂလန် ပရီးမီးယားလိဂ်ဒိုင်လူကြီးဟောင်း ဂရေဟမ်ပူးလ်သည် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)၏ အထူးကော်မရှင်အဖွဲ့ဝင်(၃)ဦး၏ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ သူပုံမှန်ရေးသားနေသော Dailymail သတင်းစာမှ ဆောင်းပါးတွင် ဝေဖန်ရေးသားခဲ့ကြောင်း သိရှိရသည်။

ပြီးခဲ့သည့်တစ်ပတ်ပွဲစဉ်များတွင် နော့ဝစ်ချ်-မန်စီးတီးပွဲ၌ မန်စီးတီး ကွင်းလယ်လူယာယာတိုရေးမှာ နော့ဝစ်ချ်ကစားသမားဝုဖ်ဝင်ကယ်ကို ခြေဖြင့်ကန်ခဲ့သော်လည်း FA၏အရေးယူမှုကိုမခံရဘဲ၊ ဆွမ်ဆီး-ကာဒစ်ဖ်ပွဲတွင် ကာဒစ်ဖ်စီးတီးအသင်း၏ ဝါရင့်တိုက်စစ်မှူး ဘယ်လာမီမှာဆွမ်ဆီးကွင်းလယ်လူ ဒီဂတ်ဇ်မန်းကိုနောက်မှနေ၍ လက်သီးဖြင့် ထိုးခဲ့ခြင်းကြောင့် (၃)ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။

ဝေးလ်စ်ကလပ်အသင်းနှစ်သင်းဆုံတွေ့သောယင်းဒါဘီပွဲစဉ်တွင် ဆွမ်ဆီးအသင်းက ကာဒစ်ဖ်အသင်းကို(၃-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဒိုင်လူကြီးမာရီနာကယင်းဖြစ်ရပ်ကို မြင်တွေ့ခြင်းမရှိ၍ အရေးယူခဲ့ခြင်း မရှိသော်လည်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)တာဝန်ရှိသူများက ရုပ်သံပြကွက်များကို ပြန်လည်ကြည့်ရှုစစ်ဆေးကာ ဘယ်လာမီကိုစွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ ဘယ်လာမီက သူ့အပေါ် စွဲချက်ကို လက်ခံခဲ့ပြီး ချေပခြင်းမရှိ၍ စည်းမျဉ်းများ အရ (၃)ပွဲပယ်ပြစ်ဒဏ်ကျခံရမည် ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ယင်းဖြစ်ရပ်နှစ်ခုတွင် FA ကော်မရှင်အဖွဲ့ဝင်(၃)ဦး၏ ဆုံးဖြတ်ချက်မှာ မေးခွန်းထုတ်စရာဖြစ်နေကြောင်း၊ ကစားသမားများ၊ နည်းပြများနှင့်ပရိသတ်များထဲမှ အချို့အနေဖြင့် FA သည် အသင်းကြီးများကို မျက်နှာလိုက်သည်ဆိုသည့် ထင်မြင်မှုများရှိနေရာ ယခုဆုံးဖြတ်ချက်များမှာ ၎င်းထင်မြင်မှုများကို ပိုမိုခိုင်မြဲစေခဲ့သည်ဟုရေးသားခဲ့သည်။ ထို့အပြင်အထူးကော်မရှင်အဖွဲ့ဝင်(၃)ဦး၏(ဒိုင်လူကြီးများမမြင်တွေ့၍အရေးမယူခဲ့သောဖြစ်ရပ်များ အပေါ်)အရေးယူပုံအဆင့်ဆင့်ကိုလည်း ဂရေဟမ်ပူးလ်ကအောက်ပါအတိုင်းဖော်ပြခဲ့သည်။ ယင်းအရေးယူပုံအရဘယ်လာမီ၏ဖြစ်ရပ်တွင် အဖွဲ့ဝင်(၃)ဦးစလုံးက အနီကတ်ပြခံရသင့်သည်ဟု ယူဆခဲ့ကြခြင်းဖြစ်ပြီး၊ ယာယာတိုရေး၏ဖြစ်ရပ်တွင်မူ ယင်းအဖွဲ့ဝင်(၃)ဦးအနက်မှ အနည်းဆုံး(၁)ဦးက အနီကတ်နှင့်မထိုက်တန်ဟု မှတ်ချက်ပေးခဲ့ခြင်းကြောင့်ဖြစ်ကြောင်းလည်း ဂရေဟမ်ပူးလ်က ရှင်းလင်းတင်ပြခဲ့သည်။

ဒိုင်လူကြီးအရေးမယူခဲ့သော ဖြစ်ရပ်များတွင် ကစားသမားများကို စွဲချက်တင်ပုံ

- ❒ အင်္ဂလန်ဘောလုံးလိဂ်ပြိုင်ပွဲ(၄)ခုရှိ ပွဲစဉ်များ၌ ဒိုင်လူကြီးအရေးမယူခဲ့သောဖြစ်ရပ်များတွင် ကစားသမားတစ်ဦးအနေဖြင့် အရေးယူခံရသင့်သည်ဟု တစ်စုံတစ်ဦးက(အသင်းတာဝန်ရှိသူဖြစ်စေ၊ ဒိုင်အဖွဲ့ဝင်တစ်ဦးဖြစ်စေ၊ ပရိသတ်တစ်ဦးဖြစ်စေ)ယူဆခဲ့လျှင် FA ထံသို့ သတိပေးတိုင်ကြားနိုင်သည်။
- ❒ ယင်းတိုင်ကြားချက်ကို FA က လက်ခံရရှိခဲ့လျှင် ယင်းဖြစ်ရပ်ပါဝင်နိုင်သည့် ရုပ်သံပြကွက်များကို စုဆောင်းပြီး ပရီးမီးယားလိဂ်ဒိုင်လူကြီးဟောင်း (၃)ဦးပါဝင်သော ကော်မရှင်အဖွဲ့သို့ ပေးပို့မည်။ ၎င်းဒိုင်လူကြီးဟောင်း(၃)ဦးမှာ စတိဗ်ဒန်း၊ အလန်ဝီလီ၊ ဂူလ်စတန်ဟာမ်းတို့ဖြစ်ကြသည်။
- ❒ ယင်းဖြစ်ရပ်ကို မမြင်တွေ့သော ဒိုင်လူကြီးမှာ ယခုအရေးယူမှုတွင် ပါဝင်မည်မဟုတ်ပေ။
- ❒ ဒိုင်လူကြီးဟောင်း (၃)ဦးအနေဖြင့် ရုပ်သံပြကွက်များကို တပြိုင်နက်၊ တစ်ထိုင်တည်းကြည့်ရှုမည်မဟုတ်ပေ။
- ❒ FA မှ အထူးဖန်တီးထားသော လုံခြုံမှုရှိသည့် ဝက်ဘ်ဆိုက်မှတစ်ဆင့် လျှို့ဝှက်နံပါတ်ကိုအသုံးပြုကာ မိမိတို့၏နေအိမ်များတွင် အသီးသီးကြည့်ရှုနိုင်ကြမည်ဖြစ်သည်။
- ❒ ထို့နောက် ၎င်းတို့(၃)ဦးမှ ယင်းဖြစ်ရပ်ကို မည်ကဲ့သို့အရေးယူသင့်သည်(အရေးယူရန်မလိုအပ်/အဝါကတ်သာပြသင့်သည်/အနီကတ်ပြ ထုတ်ပယ်သင့်သည်)ဆိုသည်အား FAထံသို့ အသီးသီး ပြန်ကြားချက်များပေးပို့ကြရမည်ဖြစ်သည်။
- ❒ ၎င်းတို့ (၃)ဦးစလုံးက ယင်းဖြစ်ရပ်တွင်ကစားသမားကို ထုတ်ပယ်သင့်သည်ဟု ယူဆမှသာလျှင်ကစားသမားကို FAက စွဲချက်တင်သွားမည်ဖြစ်သည်။

စပါးတောင်ပံကစားသမား လာမယ်လာ ကျောဒဏ်ရာကြောင့် (၆)ပတ်ခန့်နားရဦးမည်

စပါးအသင်း၏ ပြောင်းရွှေ့ကြေးစံချိန်တင်ကစားသမား လာမယ်လာသည် ကျောဒဏ်ရာကြောင့် ရက်သတ္တပတ်(၆)ပတ်ခန့်အနားယူရဦးမည်ဖြစ်ကြောင်း သိရှိရသည်။

လာမယ်လာသည် ပေါင်ဒဏ်ရာကြောင့် ကာလကြာရှည်အနားယူနေရသူဖြစ်ပြီး ယခု ၂၀၁၄ ခုနှစ်အတွင်း အသင်း၏ပွဲစဉ်များတွင် ပါဝင်နိုင်ခြင်းမရှိသေးပေ။ ယခုလည်း ကျောတွင်ရရှိနေသည့် ဒဏ်ရာကြောင့် နောက်ထပ် (၆)ပတ်ခန့်အနားယူရမည်ဖြစ်ကြောင်း စပါးအသင်းတာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။ ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ရိုးမားအသင်းမှ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း (၃၀)ဖြင့် ရောက်ရှိလာသော အာဂျင်တီးနားတောင်ပံကစားသမား လာမယ်လာသည် ယခုရာသီတွင် စပါးအသင်းအတွက် ပရီးမီးယားလိဂ်ပွဲ (၉)ပွဲအပါအဝင် (၁၇)ပွဲသာ ကစားထားရသေးသူဖြစ်သည်။ အကယ်၍ စပါးအသင်းက သူ့အား အလိုမရှိတော့ပါက အငှားခေါ်ယူရန် ဂျူဗီ၊ အင်တာ၊ ရိုးမားအစရှိသော အသင်းများက ဆန္ဒရှိနေကြကြောင်း သိရသည်။

လာမယ်လာ၏ စပါးမှတ်တမ်း

ကစားထားသောပွဲ	၁၇ ပွဲ
ကစားထားသောမိနစ်	၉၂၁ မိနစ်
သွင်းယူထားသောဂိုး	၁ ဂိုး
တစ်မိနစ်ကုန်ကျငွေ	၃၂၅၇၃ ပေါင်



BRIEF

- ❒ လီဗာပူးလ်အသင်းနည်းပြ ဘရန်ဒန်ရော်ဂျာက အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန်ကိစ္စကို အဆောတလျင်ပြုလုပ်သွားမည်မဟုတ်ဟု ပြောကြားခဲ့သည်။
- ❒ မန်ယူအသင်း၏ ကွင်းလယ်လူဟောင်း ရွိုင်ကင်းက နည်းပြဒေးဗစ်မိုယက်စ်အနေဖြင့် လာမည့်နွေရာသီတွင် ထိပ်တန်းကစားသမားအနည်းဆုံး(၆)ဦး ဝယ်ယူရန်လိုအပ်သည်ဟု ပြောကြားခဲ့သည်။
- ❒ ဆန်းဒါးလန်းအသင်းသည် စပိန်ဆီဂန်ဒါကလပ် ဇာရာဂိုဇာတွင် အငှားသွားကစားနေသော မန်ယူတိုက်စစ်မှူး အိန်ဂျယ်လိုဟင်းနရစ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရသည်။
- ❒ အာဆင်နယ်အသင်းသည် အေဂျက်စ်တိုက်စစ်မှူး ကလာဆန်အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရှိရသည်။

Premier Eleven Sports Journal Vol:11 No.25 16, February, 2014

ဗန်ပါစီနှင့် ရွန်နီ အတွဲအဖက်မမိတော့ပုံကို Dailymail ဖော်ပြ



မန်ယူအသင်း၏ တွဲဖက်တိုက်စစ်မှူးနှစ်ဦးဖြစ်သော ဗန်ပါစီနှင့် ရွန်နီတို့သည် ယခုနောက်ပိုင်းပွဲစဉ်များတွင် အတွဲအဖက်မမိတော့ဘဲ ပြီးခဲ့သည့်တစ်ပတ်က ဖူလ်ဟမ်နှင့် (၂-၂)ဂိုးဖြင့် သရေကျသောပွဲတွင် အဆိုးဆုံးအခြေအနေတစ်ရပ်ဖြစ်ခဲ့သည်ဟု ဗြိတိန်သတင်းစာ Dailymail က ဖော်ပြခဲ့ကြသည်။ Dailymail က ယင်းပွဲတွင် ၎င်းတို့နှစ်ဦးကြားဘောလုံးပေးပို့မှု အလွန်လျော့နည်းသွားပုံကို ရုပ်ပုံများနှင့်တကွဖော်ပြခဲ့သည်။ မန်ယူနှင့်ဖူလ်ဟမ်တို့သရေကျခဲ့သော ပွဲစဉ်တွင် ၎င်းတို့နှစ်ဦးအကြား အပြန်အလှန်ဘောလုံးပေးပို့သည့်အကြိမ်မှာ (၆) ကြိမ်သာရှိခဲ့ပြီး ယင်းထဲမှ နှစ်ကြိမ်မှာ ပွဲအစ စပေးဘောပေးခြင်းဖြစ်ကြောင်း၊ ပွဲချိန်အတွင်း တစ်ဦးနှင့်တစ်ဦးဘောလုံးပေးပို့မှုမှာ စုစုပေါင်း (၄)ကြိမ်သာရှိကြောင်း Dailymail က ဖော်ပြခဲ့သည်။ ရွန်နီသည် ဗန်ပါစီကို တစ်ပွဲလုံး(၂)ကြိမ်သာ ဘောလုံးပေးပို့ခဲ့ပြီး (၁)ကြိမ်မှာ စပေးဘောဖြစ်ကြောင်း၊ ဗန်ပါစီမှာလည်း ရွန်နီကို ဘောလုံး(၄)ကြိမ်ပေးရာ၌(၁)ကြိမ်မှာ စပေးဘောဖြစ်ကြောင်း Dailymail က ဘောလုံးပေးပို့ပုံရုပ်ပုံများနှင့်တကွ ဖော်ပြခဲ့သည်။ ယင်းပွဲတွင် မန်ယူကစားသမားများအကြား တစ်ဦးကိုတစ်ဦးဘောလုံးပေးပို့မှုအကြိမ်ပေါင်း (၆၄၉)ကြိမ်ရှိခဲ့ပြီး တစ်ချိန်က အတွဲအဖက်မိသည်ဟု ကျော်ကြားခဲ့သည့် တိုက်စစ်မှူးနှစ်ဦးအကြားဘောလုံးပေးပို့မှုမှာ ယင်းပမာဏ၏ (၁)ရာခိုင်နှုန်းပင်မရှိဟု Dailymail ကဖော်ပြခဲ့သည်။

အာဆင်နယ်သို့ ပြောင်းလိုသည်ဆိုသည့် ဂျီရော့၏ စကားကို ဟူဂိုလိုရစ်ငြင်းဆန်

စပါးအသင်း၏ဂိုးသမားဖြစ်သူ ဟူဂိုလိုရစ်က သူသည် မြို့ခံပြိုင်ဘက် အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ကစားလိုသည်ဆိုသည့် ပြောဆိုမှုများကို ငြင်းဆန်ပယ်ချလိုက်သည်။ လိုရစ်၏ ပြင်သစ်လက်ရွေးစင်အသင်းကစားဖော် အာဆင်နယ်တိုက်စစ်မှူး ဂျီရော့က လိုရစ်သည် အာဆင်နယ်သို့ ပြောင်းရွှေ့လိုသည်ဟု အင်တာဗျူးတစ်ခုတွင် ဆိုခဲ့ခြင်းဖြစ်သည်။ လိုရစ်က "ဂျီရော့ရဲ့ အင်တာဗျူးအကြောင်းကို ကျွန်တော်ကြားပါတယ်။ တချို့စကားတွေဟာ သူလှည့်ဖြားပြီးပြောတယ်လို့ ထင်ပါတယ်"ဟုပြောကြားခဲ့သည်။

မိုယက်စ် ဒေါသထွက်ဖွယ်ရှိသည့် ရေးသားမှုကို Twitter တွင် ဇာဟာ ဖော်ပြခဲ့

မန်ယူအသင်းမှ ကာဒစ်ဖ်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသော တောင်ပံကစားသမား ဇာဟာသည် မန်ယူနည်းပြ မိုယက်စ် ဒေါသထွက်စေမည့် ရေးသားမှုတစ်ခုကို Twitter တွင်ရေးသားဖော်ပြခဲ့ကြောင်း သိရှိရသည်။ ဇာဟာသည် ကာဒစ်ဖ်နည်းပြ ဆိုးလ်ရှား၏ ပုံကိုဖော်ပြခဲ့ပြီး ပုံအောက်တွင် ဆိုးလ်ရှားလောက် မည်သူ့ကိုမှယုံကြည်စရာမရှိဟု ရေးသားခဲ့ရာ မိုယက်စ်ကိုခနဲ့သကဲ့သို့ဖြစ်နေပြီး စိတ်ဆိုးဒေါသထွက်စရာဖြစ်နေကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။

SHORT

❒ အာဆင်နယ်အသင်းသည် ဘွန်ဒစ်လီဂါကလပ် ဝုလ်ဖ်ဘတ်အသင်း၏ လူငယ်ကစားသမား မက်ဆီမီလီယံအာနိုးအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရှိရသည်။ အသက်(၁၉)နှစ်အရွယ် အာနိုးသည် ဂျာမန်ယူ-၂၁ အသင်း၏ ကစားသမားတစ်ဦးလည်းဖြစ်ပြီး ယခုရာသီတွင် ဝုလ်ဖ်ဘတ်အသင်းအတွက် (၂၂)ပွဲကစားထားရာ၌ (၈)ဂိုးသွင်းယူထားကာ စီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်း၏ ပစ်မှတ်ထားမှုကို ခံနေရသူလည်းဖြစ်သည်။

❒ ချယ်လ်ဆီးအသင်း၏ တောင်ပံကစားသမား ဟာဇက်က သူသည် ပြင်သစ်ကလပ် PSG အသင်းသို့ ပြောင်းရွှေ့ရန် စဉ်းစားနေသည်ဆိုသည့်သတင်းများကို ငြင်းဆန်ပယ်ချလိုက်သည်။ ဟာဇက်က သူသည် ချယ်လ်ဆီးအသင်း၌သာ ပျော်ရွှင်နေကြောင်းနှင့် မိမိကဲ့သို့ လူငယ်ကစားသမားတစ်ဦးသည် လမ်းပတ်၊ ပီတာဆက်ချ်၊ အီတူးအစရှိသော ဝါရင့်ကစားသမားများထံမှ သင်ယူစရာများစွာ ရှိနေသည်ဟုပြောကြားခဲ့သည်။

❒ မန်ယူနည်းပြ ဒေးဗစ်မိုယက်စ်က အသင်း၏ ဝါရင့်နောက်ခံလူ ဖာဒီနန်နှင့်ပတ်သက်၍ သတင်းများ၏ ဖော်ပြမှုများကို ငြင်းဆန်လိုက်သည်။ Sky Sports အပါအဝင် သတင်းမီဒီယာများက ဖာဒီနန်သည် ရာသီကုန်တွင် မန်ယူအသင်းမှထွက်ခွာမည်ဖြစ်ပြီး ယခုရက်ပိုင်းအတွင်း UAE နိုင်ငံသို့ သွားရောက်မည့် မန်ယူအသင်း၏ လေ့ကျင့်ရေးခရီးစဉ်တွင်လည်း ပါဝင်မည်မဟုတ်ဘဲ ချန်လှပ်ခံရမည်ဟု ဖော်ပြနေကြရာ မိုယက်စ်က ယင်းသတင်းများကို ဒေါသတကြီးငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

❒ စပါးအသင်း၏ နည်းပြဖြစ်သူ တင်မ်ရှားဝုဒ်က ပရီးမီးယားလိဂ် ရာသီလက်ကျန် (၁၃)ပွဲတွင် ရလဒ်များကောင်းအောင်ကြိုးစားပြီး ရာသီကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် ကြိုးပမ်းသွားမည်ဟု ဗုဒ္ဓဟူးနေ့က ကစားခဲ့သော နယူးကာဆယ်-စပါး ပွဲမတိုင်မီ ပြောကြားခဲ့သည်။

❒ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ယခုနောက်ပိုင်းပွဲစဉ်များတွင်ခြေစွမ်းမပြနိုင်၍ ဝေဖန်မှုများခံနေရသော အသင်းကွင်းလယ်လူ အိုဇေးလ်ဘက်မှ ကာကွယ်ပြောကြားခဲ့သည်။ ဝင်းဂါးက အိုဇေးလ်သည် ပရီးမီးယားလိဂ်၏ ဖိအားများကို ခံနိုင်ရည်ရှိပြီး သူ့အပေါ် ဝေဖန်မှုများကို အကောင်းဆုံးခြေစွမ်းနှင့် တုံ့ပြန်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ပီတာဆက်ချ်နှင့် အီဗန်နိုဗစ် စကားများသည့်ဖြစ်ရပ်ကို မော်ရင်ဟိုအကောင်းမြင်ခဲ့ပြီး သဘောကျနှစ်သက်သည်ဟုဆို

ဝက်စ်ဘရွန်းဂိုးသမားဖော်စတာနှင့် တောရက်စ်လည်း ပွဲအပြီးအချင်းများခဲ့

ပြီးခဲ့သည့်အင်္ဂါနေ့က ကစားခဲ့သောပရီးမီးယားလိဂ်ပွဲစဉ်(၂၆) ဝက်စ်ဘရွန်း-ချယ်လ်ဆီးပွဲတွင် ချယ်လ်ဆီးဂိုးသမားပီတာဆက်ချ်နှင့် နောက်ခံလူအီဗန်နိုဗစ်တို့ ကွင်းအတွင်း စကားများခဲ့ရာ နည်းပြမော်ရင်ဟိုက ယင်းဖြစ်ရပ်ကို အကောင်းမြင်ခဲ့ပြီး သဘောကျနှစ်သက်သည်ဟု ပြောကြားခဲ့ကြောင်းသိရှိရသည်။

ယင်းပွဲတွင် ချယ်လ်ဆီးအသင်းက(၁-၀)ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် (၈၇)မိနစ်တွင် ဝက်စ်ဘရွန်းတိုက်စစ်မှူးအနီချီဘီက ချေပဂိုးပြန်လည်သွင်းယူကာ ပွဲအပြီးတွင် (၁-၁)ဂိုးဖြင့်သရေကျခဲ့သည်။ ပီတာဆက်ချ်နှင့် အီဗန်နိုဗစ်တို့ ကွင်းအတွင်းစကားများခဲ့သည့်ဖြစ်ရပ်နှင့်ပတ်သက်၍ ပွဲအပြီးတွင်မီဒီယာများက မေးမြန်းခဲ့ရာ မော်ရင်ဟိုက "သူတို့ဘာဖြစ်ခဲ့လဲဆိုတာကိုတော့ ကျွန်တော်သေချာမသိပါဘူး။ ဒါပေမဲ့ ဒါမျိုးကို ကျွန်တော်နှစ်သက်ပါတယ်။ ကစားသမားတွေ စိတ်ခံစားမှုပြင်းပြစွာနဲ့ကစားတာကို ကျွန်တော်သဘောကျပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က အမှားအယွင်းပြုလုပ်ခဲ့တယ်ဆိုရင်တော့ သူတို့(၂)ဦးပြန်ပြီး ညှိနှိုင်းကြတာကို ကျွန်တော်လိုချင်ပါတယ်" ဟုပြောကြားခဲ့သည်။ ယင်းပွဲ၏ ပွဲချိန်(၄၅) မိနစ်တွင်ဝက်စ်ဘရွန်းအသင်းဘက်သို့ပေးခဲ့ရသည့် လက်ပစ်ဘောနှင့်ပတ်သက်၍ အီဗန်နိုဗစ်က စည်းကြပ်ဒိုင်အား မကျေမနပ်ပြောဆိုရာမှ ဝင်ရောက်ထိန်းသိမ်းသော အသင်းခေါင်းဆောင် ပီတာဆက်ချ်နှင့် ဆက်လက်စကားများခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်တွင် ဒိုင်လူကြီးက အီဗန်နိုဗစ်ကို အဝါပြခဲ့ကြောင်းလည်းသိရှိရသည်။

ယင်းပွဲအပြီးတွင် ဝက်စ်ဘရွန်းဂိုးသမား ဘင်ဖော်စတာနှင့် ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ်တို့မှာလည်း အချင်းများခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်တွန်းထိုးမှုများပြုလုပ်ခဲ့ကြောင်းသိရှိရသည်။ ပွဲပြီးခါနီး မြက်ခင်းပေါ်သို့လဲကျရာမှ ပြန်မထဘဲအချိန်ဆွဲနေသော ဘင်ဖော်စတာကို တောရက်စ်က မကျေမနပ်ပြောဆိုမှုများပြုလုပ်ရာမှ ၎င်းတို့(၂)ဦး တင်းမာမှုများဖြစ်ပေါ်ခဲ့ပြီး ပွဲအပြီး ကွင်းပြင်သို့ထွက်ခွာရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တွန်းထိုးမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဖော်စတာကမူ တောရက်စ်နှင့်ဖြစ်ပွားခဲ့သောပြဿနာမှာ မကြီးမားကြောင်းနှင့် ၎င်းတို့(၂)ဦး ချစ်ချစ်ခင်ခင် အချင်းများခဲ့ခြင်းသာဖြစ်သည်ဟု ပွဲအပြီးတွင်ပြောကြားသွားခဲ့သည်။

အသင်းအပေါ် မော်ရင်ဟို အားမလိုအားမရညည်းတွား

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဝက်စ်ဘရွန်းနှင့်သရေကျသောပွဲအပြီးတွင် အသင်းအပေါ် အားမလိုအားမရ ညည်းတွားပြောဆိုမှုများပြုလုပ်ခဲ့ပြီး မိမိတို့အသင်းသည် ပွဲတစ်ပွဲကို အနိုင်ရအောင် ထိန်းချုပ်ကစားနိုင်သည့်အနေအထားမျိုးမရှိခဲ့ဟု ပြောကြားခဲ့သည်။ "ပထမပိုင်း မိနစ်(၆၀)ကတော့ ကျွန်တော်တို့ရဲ့ လက်ထဲမှာပဲ ပွဲကအလုံးစုံရှိခဲ့ပါတယ်။ ဝက်စ်ဘရွန်းအသင်းဟာ ကျွန်တော်တို့ဂိုးဧရိယာထဲကို ခြေတောင်မချနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ဒုတိယပိုင်းပြီးခါနီးမှာ အခြေအနေက ပြောင်းသွားပါတယ်။ ကျွန်တော်တို့ဟာ ပွဲတစ်ပွဲကို အနိုင်ရအောင် ထိန်းချုပ်နိုင်တဲ့အနေအထားမျိုးမှာမရှိခဲ့ပါဘူး။ တကယ်ဆိုရင် ပွဲတစ်ပွဲကို (၂-၀)ဂိုးနဲ့ အဆုံးသတ်နိုင်တဲ့ အနေအထားမျိုးရှိနေရမှာပါ။ ဘာပဲပြောပြော ဒီတစ်မှတ်ဟာ ဝက်စ်ဘရွန်းအသင်းအတွက် ထိုက်တန်ပါတယ်"ဟု ဆိုခဲ့သည်။

တောရက်စ်နှင့် ဘင်ဖော်စတာတို့ ပွဲအပြီးတွင် တစ်ဦးနှင့်တစ်ဦး တွန်းထိုးနေကြစဉ်

ယခုရာသီ လစာအများဆုံးဘောလုံးသမားစာရင်းတွင် PSG တိုက်စစ်မှူး အီဘရာဟီမိုဗစ် ထိပ်ဆုံးမှဦးဆောင်

ထိပ်ဆုံး (၁၀)ဦးစာရင်းတွင် ပရီးမီးယားလိဂ်မှ ရွန်နီတစ်ဦးသာ ပါဝင်

ပြင်သစ်နိုင်ငံအခြေစိုက် သတင်းစာတစ်စောင်ဖြစ်သော Le Parisien သတင်းစာက ယခုရာသီ လစာငွေအများဆုံးရရှိနေသော ဘောလုံးသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ပြင်သစ်ကလပ် PSG အသင်း၏ ဆွီဒင်လူမျိုးတိုက်စစ်မှူး အီဘရာဟီမိုဗစ်က ထိပ်ဆုံးမှဦးဆောင်လျက်ရှိနေကြောင်းသိရသည်။

အသက်(၃၂)နှစ်အရွယ်ရှိပြီဖြစ်သူ အီဘရာဟီမိုဗစ်သည် ယခုရာသီ၌ တစ်နှစ်လစာငွေအဖြစ် ယူရို (၁၄.၆၇)သန်း ရရှိနေရာ စီရော်နယ်လ်ဒို၊ မက်ဆီအစရှိသော ကမ္ဘာ့အကောင်းဆုံးကစားသမားများကို ဖြတ်ကျော်ကာ ထိပ်ဆုံးတွင် ဦးဆောင်နေခြင်းဖြစ်သည်။ ဒုတိယနေရာတွင် ရီးယဲလ်မက်ဒရစ်အသင်း၏ ပေါ်တူဂီတောင်ပံကစားသမား စီရော်နယ်လ်ဒိုရှိနေပြီး တစ်နှစ်လစာငွေ ယူရို(၁၄.၄)သန်း ရရှိနေသည်။

တတိယနေရာတွင် ပြင်သစ်ကလပ် မိုနာကိုအသင်း၏ ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုရှိနေပြီး တစ်နှစ်လစာယူရို (၁၄.၁၅)သန်း ရရှိနေသည်။ ထိပ်ဆုံး(၈)ဦးနေရာကို ပြင်သစ်ကလပ်အသင်းများနှင့် စပိန်ကလပ်အသင်းများမှ ကစားသမားများကသာ ဦးဆောင်နေခဲ့ကြပြီး ပရီးမီးယားလိဂ်မှ မန်ယူတိုက်စစ်မှူး ဝိန်းရွန်နီမှာ အဆင့်(၉)နေရာတွင် ရပ်တည်နေကြောင်း သိရှိရသည်။ အဆင့်(၁၀)နေရာတွင် တူရကီကလပ် ဂါလာတာစာရေးအသင်း၏ ဝါရင့်တိုက်စစ် မှူး ဒရော့ဘာ (၃၅နှစ်)ရှိနေပြီး လစာငွေအများဆုံးရ ကစားသမား(၁၀)ဦးထဲတွင် အသက်အကြီးဆုံးကစားသမားလည်းဖြစ်သည်။ ပြင်သစ်ကလပ် PSG အသင်းသည် ၂၀၁၁ ခုနှစ်အတွင်းက ကာတာရင်းနှီးမြှုပ်နှံမှုများအသင်းသို့ဝင်ရောက်လာပြီးနောက် ငွေကြေးများစွာသုံးစွဲကာ အသင်းကို ပြင်ဆင်လျက်ရှိနေရာ ၂၀၁၁ မှ လက်ရှိအချိန်အထိ (၃)နှစ်တာကာလအတွင်း သုံးစွဲငွေမှာ ယူရို(၃၆၄)သန်းအထိ ရှိသွားပြီဖြစ်သည်။ PSG အသင်းသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ကစားသမားများကို မြင့်မားသည့်ပြောင်းရွှေ့ကြေးများဖြင့် ခေါ်ယူခဲ့ပြီး လစာငွေများစွာပေးချေလျက်ရှိနေရာ အီဘရာဟီမိုဗစ်ကို ပေးချေခဲ့သည့်လစာငွေမှာ ကမ္ဘာ့စံချိန်အဖြစ် ရပ်တည်နေခြင်းလည်းဖြစ်သည်။

လစာငွေအများဆုံးရရှိနေကြသည့် ဘောလုံးသမားများ

ကစားသမား	လူမျိုး	ကလပ်	တစ်နှစ်ဝင်ငွေ(ယူရို)
အီဘရာဟီမိုဗစ်	ဆွီဒင်	PSG	၁၄.၆၇ သန်း
စီရော်နယ်လ်ဒို	ပေါ်တူဂီ	ရီးယဲလ်	၁၄.၄ သန်း
ဖယ်လ်ကာအို	ကိုလံဘီယာ	မိုနာကို	၁၄.၁၅ သန်း
သီယာဂိုဆေးလ်ဗား	ဘရာဇီးလ်	PSG	၁၂.၁၅ သန်း
မက်ဆီ	အာဂျင်တီးနား	ဘာစီလိုနာ	၁၀.၇ သန်း
ဂါရတ်ဘေးလ်	ဝေးလ်စ်	ရီးယဲလ်	၉.၄၆ သန်း
ဇာဗီ	စပိန်	ဘာစီလိုနာ	၈.၀၇ သန်း
အင်နီယေစတာ	စပိန်	ဘာစီလိုနာ	၈.၀၇ သန်း
ရွန်နီ	အင်္ဂလန်	မန်ယူ	၇.၈၇ သန်း
ဒရော့ဘာ	အိုင်ဗရီကို့စ်	ဂါလာတာစာရေး	၇.၆၈ သန်း

လုခ်ဒီဂျောင်ကို နယူးကာဆယ် အပြီးသတ် ခေါ်ယူလို

နယူးကာဆယ်အသင်းသည် မိုချန်ဂလာဘတ်အသင်းထံမှ အငှားဖြင့်ခေါ်ယူထားသည့် တိုက်စစ်မှူးလုခ်ဒီဂျောင်ကို အပြီးသတ်စာချုပ်ချုပ်ရန်ဆန္ဒရှိနေကြောင်းသိရသည်။ နယူးကာဆယ်အသင်းသည် ဟော်လန်တိုက်စစ်မှူး လုခ်ဒီဂျောင်ကို ယခုနှစ်ရာသီကုန်အထိ အငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ခြေစွမ်းပြကစားနိုင်သဖြင့် အပြီးသတ်ခေါ်ယူလိုနေခြင်းဖြစ်သည်။ မိုချန်ဂလာဘတ်အသင်းအနေဖြင့် လုခ်ဒီဂျောင်အတွက်ပြောင်းရွှေ့ကြေးပေါင်(၆)သန်းခန့်ရရှိပါက ရောင်းချရန်အသင့်ရှိနေကြောင်းသိရသည်။

ယာယာတိုရေးကို အရေး မယူခဲ့ခြင်းကို မော်ရင်ဟိုဝေဖန်

ချယ်လ်ဆီးအသင်း နည်းပြမော်ရင်ဟိုက နောဝစ်ချ်ကစားသမားဗန်ဝုလ်ဖ်ဂင်ကယ်လ်ကိုကန်ခဲ့သည့် မန်စီးတီးကွင်းလယ်လူယာယာတိုရေးအား FA မှအရေးမယူခဲ့ခြင်းကို ဝေဖန်ခဲ့သည်။ မော်ရင်ဟိုက "ဒီဖြစ်ရပ်မှာ ယာယာတိုရေးကို FA ကအရေးမယူခဲ့တဲ့အတွက် ကစားသမားတစ်ဦးဟာ နိုင်လူကြီးမမြင်ရင် ဘာမဆိုလုပ်ခွင့်ရှိတယ်ဆိုတာ ပြသလိုက်သလိုပါပဲ။ နောက်ဆို ကင်မရာတွေပဲရှိရှိ၊ ဘာတွေပဲရှိရှိ ကျွန်တော်လည်း ကိုယ်လုပ်ချင်တာလုပ်ပါတော့မယ်"ဟုဆိုခဲ့သည်။

စပါးနောက်ခံလူ ချီရီချတ်စ် (၆)ပတ်ခန့်အနားယူရမည်

စပါးအသင်းနောက်ခံလူ ချီရီချတ်စ်သည် နောက်ကျောဒဏ်ရာကြောင့် (၆)ပတ်ခန့်အနားယူရမည်ဖြစ်ကြောင်းသိရသည်။ချီရီချတ်စ်သည် ယင်းဒဏ်ရာအား ပြီးခဲ့သည့်လအတွင်းကရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းဒဏ်ရာကို Scanဖြင့် စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် မူလထင်မှတ်ထားသည်ထက် ပိုမိုဆိုးရွားကြောင်းတွေ့ရှိခဲ့ရပြီး (၆)ပတ်ခန့်အနားယူရဖွယ်ရှိနေခြင်းဖြစ်သည်။ ချီရီချတ်စ်သည် ယခုနှစ်ရာသီအစကမှ စပါးအသင်းထံသို့ပေါင်(၈.၅)သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

တယ်ရီကိုရွေးချယ်တော့မည်မဟုတ်ဟု ဟော့ဒ်ဆန်အတည်ပြု

အင်္ဂလန်အသင်းနည်းပြရွိုင်းဟော့ဒ်ဆန်က လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင်ဟောင်းတယ်ရီကို ရွေးချယ်မည်မဟုတ်ကြောင်းအတည်ပြုပြောကြားခဲ့သည်။ တယ်ရီသည် ယခုနှစ်ရာသီတွင် ချယ်လ်ဆီးအသင်းအတွက်ခြေစွမ်းပြကစားနေသူတစ်ဦးဖြစ်ပြီး ၎င်းကိုအင်္ဂလန်အသင်းတွင်ပြန်လည်ရွေးချယ်ရန် တိုက်တွန်းပြောဆိုမှုများရှိနေသော်လည်း တယ်ရီကိုယ်တိုင်လက်ရွေးစင်အသင်းအတွက်ကစားရန်ဆန္ဒမရှိတော့သလို၊ ဟော့ဒ်ဆန်ကလည်း ၎င်းကိုရွေးချယ်မည်မဟုတ်ဟုဆိုခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာနှင့်ပွဲတွင် နာဆရီပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိ

ဒူးဒဏ်ရာမှပြန်လည်သက်သာလာပြီဖြစ်သည့် မန်စီးတီးကွင်းလယ်လူနာဆရီသည် လာမည့်တစ်ပတ်တွင်ကစားမည့် ဘာစီလိုနာနှင့်ချန်ပီယံလိဂ်ရှုံးထွက်ပွဲစဉ်တွင် အသင်းအတွက်ပါဝင်ကစားနိုင်ဖွယ်ရှိနေကြောင်းသိရသည်။ နာဆရီသည် ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက နယူးကာဆယ်နှင့်ကစားခဲ့သောပွဲတွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး (၈)ပတ်ခန့်အနားယူရမည်ဟုသတင်းများထွက်ပေါ်ခဲ့သည်။ လက်ရှိအချိန်တွင်မူ သူ၏ဒဏ်ရာအနေအထားမှာ သက်သာလာပြီဖြစ်၍ ပြီးခဲ့သည့်အင်္ဂါနေ့က အသင်းနှင့်အတူလေ့ကျင့်ခန်းဆင်းနေပြီဖြစ်သလို၊ ဘာစီလိုနာနှင့်ပွဲတွင်ပါဝင်ကစားနိုင်ဖွယ်ရှိနေကြောင်းသိရသည်။

အက်ရှလေကိုးလ်အားခေါ်ယူရန် မန်ယူနှင့်လီဗာပူးလ်အပြိုင်ဖြစ်

ချယ်လ်ဆီးအသင်းမှထွက်ခွာရန်နီးစပ်နေသည့် နောက်ခံလူအက်ရှလေကိုးလ်အားခေါ်ယူရန် မန်ယူနှင့်လီဗာပူးလ်အသင်းတို့အပြိုင်ဖြစ်နေကြောင်းသိရသည်။ အက်ရှလေကိုးလ်သည် ယခုနှစ်ရာသီတွင် အက်ဇ်ပီလီကွယ်တာ၏နောက်၌အရန်ကစားသမားအဖြစ်သာပါဝင်ကစားခွင့်ရနေသူဖြစ်ပြီး လာမည့်နွေရာသီတွင်အသင်းမှထွက်ခွာရန်ဆန္ဒရှိနေသူဖြစ်သည်။ သို့ဖြစ်ရာ မန်ယူနှင့်လီဗာပူးလ်တို့မှာအက်ရှလေကိုးလ်အားခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်ပြီး အက်ရှလေကိုးလ်အနေဖြင့် ချယ်လ်ဆီးအသင်းမှထွက်ခွာဖြစ်ခဲ့ပါက ပရီးမီးယားလိဂ်တွင်နောက်ထပ်တစ်ရာသီဆက်ကစားသွားလိုကြောင်းသိရသည်။

Brief

- ❒ အာဆင်နယ်အသင်းတိုက်စစ်မှူးပိုဒိုစကီးက ၂၀၀၉ခုနှစ်အတွင်းက ဘေယန်မြူးနစ်အသင်းမှထွက်ခွာခဲ့ပြီး ကိုလုံးအသင်းသို့ပြောင်းရွှေ့ခဲ့ခြင်းအပေါ် နောင်တရမိကြောင်းဝန်ခံပြောကြားခဲ့သည်။
- ❒ မန်ယူအသင်းကစားသမားဟောင်းပေါလ်အင့်စ်က မန်ယူအသင်းတွင် ရွိုင်းကင်းကဲ့သို့ အသင်းကိုဦးဆောင်နိုင်မည့်ကစားသမားတစ်ဦးလိုအပ်နေပြီဖြစ်ကြောင်း သုံးသပ်ပြောဆိုခဲ့သည်။
- ❒ လီဗာပူးလ်အသင်းနောက်ခံလူစကာတယ်လ်က ပြီးခဲ့သည့်နွေရာသီကာလတွင် အသင်းမှထွက်ခွာရန်နီးစပ်ခဲ့သော်လည်း နောက်ပိုင်းတွင်ပုံမှန်ကစားခွင့်ပြန်လည်ရရှိခဲ့သဖြင့် အားရကျေနပ်မိကြောင်းပြောကြားခဲ့သည်။



>>> စာမျက်နှာ (၂)မှ

သရေတစ်မှတ်စီခွဲယူတဲ့ပွဲ
အာဆင်နယ် ၀-၀ မန်ယူ

လတ်တလော ခံစစ်ပိုင်းအမှားများနေတဲ့ နှစ်သင်း ဂိုးမပေးရအောင် ထိန်းကစားရင်းနဲ့ပဲ သရေရလဒ်နဲ့ ပွဲပြီးခဲ့တယ်။ ပွဲတစ်ပွဲလုံး ခြုံကြည့်ရင် ထိပ်သီးနှစ်သင်းတွေဆုံတဲ့ပွဲက ဖျော်ဖြေမှုမပေးနိုင်ခဲ့ဘဲ ဒုတိယပိုင်းတစ်ဝက်နီးပါးရောက်မှ အပြန်အလှန်ရှိခဲ့ပေမယ့် ပွဲပြီးခါနီးမှာတော့ နှစ်သင်းစလုံး သရေရလဒ်ကိုပဲ ဦးတည်ကစားသွားခဲ့ပါတယ်။ အာဆင်နယ်ကွင်းလယ်က အိုဇေးလ်ရဲ့ Dead Pass တွေလည်း တစ်ပွဲလုံး မမြင်ရသလောက်နီးပါးဖြစ်ခဲ့တယ်။ ဒီပွဲမှာ ရိုဆစ်စကီးကို ပွဲစကတည်းက သုံးခဲ့ပေ

အာဆင်နယ်တိုက်စစ်မှူး ဂျီရော့ အပိုင်ဂိုးသွင်းခွင့်လွဲချော်ခဲ့စဉ်

မယ့် ကွင်းလယ်က Creative လုံးဝမရှိခဲ့ဘဲ သာမန်ပေးပို့မှုတွေနဲ့ ပြီးဆုံးခဲ့တယ်။ မန်ယူအသင်းမှာလည်း ရွန်နီ နောက်ပိုင်းပွဲတွေမှာ ပုံမှန်ခြေစွမ်းပျောက်ဆုံးနေပြီး ကစားပုံကလည်း တာဝန်ကျေနိုင်လွန်းတယ်။ မာတာနဲ့ ချိတ်ဆက်မကစားနိုင်တဲ့အပြင် ဗန်ပါစီအတွက်လည်း တိုက်စစ်လမ်းကြောင်းတွေ ရွန်နီ မဖန်တီးနိုင်ခဲ့ဘူး။ ပွဲအစမှာ အာတီတာအမှားကနေ ဗန်ပါစီဆွဲပြေးကာ လွတ်လွတ်ကျွတ်ကျွတ်ကန်ခွင့်ရပေမယ့် ကန်ချက်ပျောခဲ့ပြီး ဒုတိယပိုင်းမှာလည်း ရွန်နီရဲ့ရှားရှားပါးပါးဖန်တီးမှုကနေ ဗန်ပါစီအပိုင်ခေါင်းတိုက်ချက်ကို ဆဇက်စနီ ပုတ်ထုတ်ခဲ့မှုက ဘားတန်းထိထွက်ခဲ့တယ်။ အာဆင်နယ်အသင်းဘက်က ကိုစီယယ်လ်နီ ခေါင်းတိုက်ဂိုးသွင်းမှုကို ဗလင်စီယာ ဂိုးစည်းပေါ်ကနေ ရှင်းထုတ်ခဲ့ရပြီး ဂျီရော့ကလည်း ထုံးစံအတိုင်း ဖြန်းတီးမှုက ပိုများနေခဲ့တယ်။ ဒီနေ့ပွဲမှာ ထူးခြားတာက တောင်ပံတွေကနေ ဖြတ်တင်ဘောတွေကို အဓိကအားပြုကစားလေ့ရှိတဲ့ မန်ယူအသင်းထက် အာဆင်နယ်က ဆာဂ်ဂ်နာရဲ့ ညာခြမ်းကနေ Cross တွေတင်ကစားခဲ့ပေမယ့် ထိရောက်မှုမရှိခဲ့ပါဘူး။

အိမ်ကွင်း(၄)ပွဲဆက်ရှုံးနိမ့်မှု
နယူးကာဆယ် ၀-၄ စပါး

ဒါဘီပွဲဂိုးပြတ်အရှုံးက အနာမကျက်သေးခင်မှာပဲ နယူးကာဆယ်တို့ နောက်ထပ်အိမ်ကွင်းဂိုးပြတ်ရှုံးပွဲတစ်ပွဲကို ရင်ဆိုင်လိုက်ရတယ်။ နယူးကာဆယ်အနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ပရီးမီးယားလိဂ်(၄)ပွဲဆက် ရှုံးပွဲခဲ့တာဖြစ်ပြီး ပရီးမီးယားလိဂ်သမိုင်းမှာ အဆိုးရွားဆုံးမှတ်တမ်းဝင်ခဲ့တယ်။ ဒီ(၄)ပွဲစလုံး နယူးကာဆယ်တိုက်စစ်က ဂိုးပေါက်မတွေခဲ့ဘဲ ပါပစ်ဆစ်စီ၊ ဆမ်မီအမီယိုဘီနဲ့ နောက်ရောက်လာတဲ့ လုခ်ဒီကျောင်တို့အတွဲက ဒီပွဲမှာအလုပ်မဖြစ်ခဲ့ပါဘူး။ နည်းပြအလန်ပါဂျူးအနေနဲ့ ရီမီမကစားနိုင်သေးတဲ့ တိုက်စစ်ပိုင်းမှာ အမျိုးမျိုးစမ်းသပ်မှုတွေပြုလုပ်ခဲ့ပေမယ့် သိပ်တော့မထူးခြားခဲ့ပါဘူး။ ကစားအားမကွာပေမယ့် အဆုံးသတ်ပိုင်းကွာခြားမှုကြောင့် စပါးအသင်း ဂိုးပြတ်အနိုင်ရခဲ့တာပါ။ တင်မ်ရှားဝုဒ်လက်အောက်မှာ ဂိုးသွင်းခြေတွေ့နေတဲ့ အဒီဘာယောက (၁၉)မိနစ်နဲ့ (၈၂)မိနစ်တွေမှာ နှစ်ဂိုးသွင်းခဲ့ပြီး ပေါလင်ဟိုက (၅၃)မိနစ်နဲ့ ချက်ဒ်လီက (၈၈)မိနစ်တွေမှာ တစ်ဂိုးစီသွင်းပေးခဲ့ပါတယ်။

ပယ်နယ်တီကံကောင်းတဲ့လီဗာပူးလ်
ဖူလ်ဟမ် ၂-၃ လီဗာပူးလ်

နာကျင်အချိန်ပိုမှာ ရရှိခဲ့တဲ့ ပယ်နယ်တီကို အသင်းခေါင်းဆောင် ဂျရတ်က ကန်သွင်းကာ လီဗာပူးလ်အသင်းကို နိုင်ပွဲဆက်စေခဲ့ပါတယ်။ ဒီရာသီ ပရီးမီးယားလိဂ်မှာ ပယ်နယ်တီအများဆုံး (၆)ကြိမ်အထိရထားတဲ့ လီဗာပူးလ်အသင်း နောက်က(၂)ကြိမ်တိုင်တိုင်လိုက်ကစားခဲ့ရပေမယ့် ဖူလ်ဟမ်အသင်းကို အဝေးကွင်းမှာ အသာစီးကကစားနိုင်ခဲ့တာပါ။ ဖူလ်ဟမ်အနေနဲ့ တန်းမဆင်းရရေးရုန်းကန်ခဲ့ပေမယ့် လီဗာပူးလ်အသင်းကို ဘယ်လိုမှမယှဉ်နိုင်ခဲ့ပါဘူး။ ဖူလ်ဟမ်ရရှိတဲ့ဂိုးနှစ်ဂိုးကလည်း လီဗာပူးလ်နောက်တန်း အမှားတွေကနေရရှိခဲ့တာဖြစ်ပြီး ဝက်စ်ဘရွန်းနဲ့ပွဲမှာလည်း ကိုယ့်ဂိုးကိုယ်သွင်းခဲ့တဲ့ ကိုလိုတိုရေးက ပွဲအစ(၈)မိနစ်မှာပဲ ဖူလ်ဟမ်ကို လက်ဆောင်ဂိုးသွင်းပေးခဲ့ကာ ဖူလ်ဟမ်နောက်ခံလူ ရစ်ချတ်ဆင် သွင်းယူတဲ့ဂိုးကလည်း စကားတယ်လ်ဆီကနေလုယူပြီး (၆၃)မိနစ်မှာ ကန်သွင်းသွားခဲ့တာဖြစ်ပါတယ်။ လီဗာပူးလ်အသင်းအဖို့ နောက်ကလိုက်သွင်းတဲ့ချေပဂိုးတွေကိုတော့ ဂိုးမြူးနေတဲ့ စတာရစ်ချ်က (၄၁)မိနစ်နဲ့ ကော်တင်ဟိုက (၇၂)မိနစ်တွေမှာ သွင်းယူပေးခဲ့ပါတယ်။

ဒီတစ်ပတ်ရဲ့ ထူးခြားချက်များ

- ချယ်လ်ဆီးနောက်ခံလူ အီဗန်နိုဗစ်သည် ပရီးမီးယားလိဂ်သွင်းဂိုး(၁၆)ဂိုးအထိ ရှိလာခဲ့ပြီး သမိုင်းတစ်လျှောက် နောက်ခံလူများထဲတွင် စတုတ္ထမြောက်အများဆုံး ဖြစ်လာခဲ့သည်။
- ဝက်စ်ဟမ်းအသင်းသည် ၁၉၈၅နောက်ပိုင်း ပရီးမီးယားလိဂ်(ယခင် ပထမတန်း)ပြိုင်ပွဲတွင် (၄)ပွဲဆက်တိုက် Clean Sheet ရလဒ်ကို ပြန်လည်ရရှိခဲ့သည်။
- အက်စတွန်ဗီလာအသင်းအနေဖြင့် နောက်ဆုံးကစားထားသည့် ပရီးမီးယားလိဂ်ပွဲချိန်(၄)နာရီအတွင်း ပြိုင်ဘက်ဂိုးပေါက်တည့်အောင် ခြိမ်းခြောက်နိုင်မှု (၃)ကြိမ်သာရှိခဲ့သည်။
- စတာရစ်ချ်သည် ပရီးမီးယားလိဂ်(၇)ပွဲဆက်တိုက် ဂိုးသွင်းနိုင်သည့် ပထမဆုံးလီဗာပူးလ်ကစားသမား ဖြစ်လာခဲ့သည်။
- နယူးကာဆယ်အသင်းသည် အိမ်ကွင်းပရီးမီးယားလိဂ်ပွဲစဉ်များတွင် ဂိုးမသွင်းနိုင်သည်မှာ (၃၇၀)မိနစ်အထိ ရှိလာခဲ့သည်။
- အဝေးကွင်းတွင် ဂိုးပြတ်အနိုင်ရခဲ့သည့် စပါးအသင်းအနေဖြင့် ၂၀၁၂ ဒီဇင်ဘာ(၂၆)ရက်နေ့နောက်ပိုင်း ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ပထမဆုံး (၄)ဂိုး ပြန်သွင်းနိုင်ခဲ့သည်။

အခြားပွဲရလဒ်များ

ကာဒစ်ဖ် ၀-၀ အက်စတွန်ဗီလာ
ဝက်စ်ဟမ်း ၂-၀ နော်ဝစ်ချ်
[illegible](၅၄')
[illegible](၇၄')
အဲဗာတန် P-P ခရစ္စတယ်ပဲလေ့စ်
မန်စီးတီး P-P ဆန်းဒါးလန်း
စတုတ်စီးတီး ၁-၁ ဆွမ်ဆီး
[illegible](၁၇')
[illegible](၅၂')

ဂိုးအများဆုံးသွင်းထားသူများ

အမည်	အသင်း	ဂိုး
ဆွာရက်ဇ်	လီဗာပူးလ်	၂၃
စတာရစ်ချ်	လီဗာပူးလ်	၁၆
အဂွေရို	မန်စီးတီး	၁၅
ယာယာတိုရေး	မန်စီးတီး	၁၂
ဟာဇက်	ချယ်လ်ဆီး	၁၂
ရီမီ	နယူးကာဆယ်	၁၀
ဂျီရော့	အာဆင်နယ်	၁၀
ဂျေးရိုအိရိုဗက်ဇ်	ဆောက်သမ်တန်	၁၀
ဗန်ပါစီ	မန်ယူ	၁၀

ပရီးမီးယားလိဂ်အမှတ်ပေးဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	အိမ်ကွင်း နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	အဝေးကွင်း နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာခြားချက်	ရမှတ်
၁။	ချယ်လ်ဆီး	၂၆	၁၇	၆	၃	၄၈	၁၉	၁၁	၂	၀	၂၈	၇	၆	၄	၃	၂၀	၁၂	၂၉	၅၇
၂။	အာဆင်နယ်	၂၆	၁၇	၅	၄	၄၈	၂၆	၉	၃	၁	၂၂	၆	၈	၂	၃	၂၆	၂၀	၂၂	၅၆
၃။	မန်စီးတီး	၂၅	၁၇	၃	၅	၆၈	၂၇	၁၁	၀	၁	၄၂	၉	၆	၃	၄	၂၆	၁၈	၄၁	၅၄
၄။	လီဗာပူးလ်	၂၆	၁၆	၅	၅	၆၆	၃၂	၁၁	၁	၁	၃၈	၉	၅	၄	၄	၂၈	၂၃	၃၄	၅၃
၅။	စပါး	၂၆	၁၅	၅	၆	၃၆	၃၂	၆	၃	၄	၁၅	၁၈	၉	၂	၂	၂၁	၁၄	၄	၅၀
၆။	အဲဗာတန်	၂၅	၁၂	၉	၄	၃၇	၂၆	၈	၃	၁	၂၃	၁၀	၄	၆	၃	၁၄	၁၆	၁၁	၄၅
၇။	မန်ယူ	၂၆	၁၂	၆	၈	၄၁	၃၀	၆	၃	၄	၁၈	၁၂	၆	၃	၄	၂၃	၁၈	၁၁	၄၂
၈။	ဆောက်သမ်တန်	၂၆	၁၀	၉	၇	၃၇	၂၉	၅	၅	၃	၂၀	၁၆	၅	၄	၄	၁၇	၁၃	၈	၃၉
၉။	နယူးကာဆယ်	၂၆	၁၁	၄	၁၁	၃၂	၃၈	၅	၃	၅	၁၇	၁၉	၆	၁	၆	၁၅	၁၉	-၆	၃၇
၁၀။	ဆွမ်ဆီး	၂၆	၇	၇	၁၂	၃၃	၃၆	၄	၄	၅	၂၄	၂၀	၃	၃	၇	၉	၁၆	-၃	၂၈
၁၁။	ဝက်စ်ဟမ်း	၂၆	၇	၇	၁၂	၂၈	၃၃	၄	၃	၆	၁၇	၁၉	၃	၄	၆	၁၁	၁၄	-၅	၂၈
၁၂။	အက်စတွန်ဗီလာ	၂၆	၇	၇	၁၂	၂၈	၃၆	၃	၂	၈	၁၂	၂၀	၄	၅	၄	၁၅	၁၅	-၈	၂၈
၁၃။	ဟားလ်စီးတီး	၂၆	၇	၆	၁၃	၂၅	၃၀	၅	၄	၄	၁၆	၁၀	၂	၂	၉	၉	၂၀	-၆	၂၇
၁၄။	စတုတ်စီးတီး	၂၆	၆	၉	၁၁	၂၇	၄၁	၅	၆	၂	၁၇	၁၄	၁	၃	၉	၁၀	၂၇	-၁၄	၂၇
၁၅။	ခရစ္စတယ်ပဲလေ့စ်	၂၅	၈	၂	၁၅	၁၈	၃၄	၆	၂	၅	၁၃	၁၅	၂	၀	၁၀	၅	၁၉	-၁၆	၂၆
၁၆။	နော်ဝစ်ချ်	၂၆	၆	၇	၁၃	၁၉	၃၉	၄	၅	၄	၁၁	၁၉	၂	၂	၉	၈	၂၀	-၂၀	၂၅
၁၇။	ဝက်စ်ဘရွန်း	၂၆	၄	၁၂	၁၀	၃၀	၃၈	၃	၆	၄	၁၅	၁၅	၁	၆	၆	၁၅	၂၃	-၈	၂၄
၁၈။	ဆန်းဒါးလန်း	၂၅	၆	၆	၁၃	၂၅	၃၈	၃	၂	၈	၁၃	၂၀	၃	၄	၅	၁၂	၁၈	-၁၃	၂၄
၁၉။	ကာဒစ်ဖ်	၂၆	၅	၇	၁၄	၁၉	၄၄	၄	၄	၅	၁၂	၁၈	၁	၃	၉	၇	၂၆	-၂၅	၂၂
၂၀။	ဖူလ်ဟမ်	၂၆	၆	၂	၁၈	၂၆	၅၈	၃	၁	၉	၁၆	၂၈	၃	၁	၉	၁၀	၃၀	-၃၂	၂၀

ပြီးခဲ့တဲ့အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တွေမှာ စပိန်ဘုရင့်ဖလား ဆီမီးဖိုင်နယ်(ဒုတိယအကျော့)ပွဲစဉ်တွေ ကစားခဲ့ပါတယ်။ ဒီပွဲတွေမှာ ပထမအကျော့က နိုင်ပွဲကိုယ်စီရခဲ့ကြတဲ့ ရီးယဲလ်နဲ့ ဘာစီလိုနာတို့ပဲ ဗိုလ်လုပွဲကို တက်ရောက်သွားကြပါတယ်။

ရီးယဲလ်နဲ့ ဘာစီလိုနာပဲဗိုလ်လုပွဲတက်ခဲ့တဲ့

စပိန်ဘုရင့်ဖလားဆီမီးဖိုင်နယ်(ဒု-ကျော့)သုံးသပ်ချက်

ရီးယဲလ်အတွက် အနိုင်ဂိုး(၂)ဂိုးသွင်းယူခဲ့သည့် စီရော်နယ်လ်ဒို ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်

အက်သလက်တီကို ၀-၂ ရီးယဲလ်
(နှစ်ကျော့ပေါင်း ၅-၀ ဂိုးဖြင့် ရီးယဲလ် ဗိုလ်လုပွဲတက်ရောက်)

ပထမအကျော့က (၃)ဂိုးပြတ်အရှုံးက အက်သလက်တီကို ပြန်လာဖို့ ခက်စေတယ်။ ဒီပွဲမှာလည်း အက်သလက်တီကိုခံစစ်က ရီးယဲလ်ကို လက်ဆောင်ပယ်နယ်တီ(၂)ဂိုးနဲ့ ဆီးကြိုခဲ့ပါတယ်။ စီရော်နယ်လ်ဒို၊ ဘေးလ်တို့ရဲ့ တိုးအားတွေကြောင့်လည်း အက်သလက်တီကိုခံစစ် ဖိအားပိုများခဲ့ရပါတယ်။ ဒါ့အပြင် ပွဲချိန် (၇)မိနစ်မှာပဲ ရီးယဲလ်ဘက်ကို ပယ်နယ်တီပေးခဲ့ရလို့ နဂိုတည်းက မျှော်လင့်ချက်မဲ့နေတဲ့ အက်သလက်တီကို ပိုဆိုးသွားခဲ့ရတယ်။ တိုက်စစ်ပိုင်းမှာလည်း အဓိကတိုက်စစ်မှူး ဒီယေဂိုကော်စတာ ပွဲပယ်ခံထားရလို့ အက်သလက်တီကို အားနည်းသွားခဲ့တဲ့အပြင် ရာအူးလ်ဂါစီယာ၊ ခရစ္စတီယန်ရိုဒရီဂွက်ဇ်တို့ရဲ့ အားထုတ်မှုတွေကိုလည်း ရီးယဲလ်ဂိုးသမား ကာဆီးလက်စ်၊ နောက်ခံလူ ဗာရာနီတို့ တားဆီးခဲ့လို့ နှစ်သိမ့်ဂိုးတောင် မရခဲ့ပါဘူး။ ရီးယဲလ်ရဲ့ ပထမဂိုးကို (၇)မိနစ်မှာ စီရော်နယ်လ်ဒိုက သူ့ကြောင့်ရတဲ့ ပယ်နယ်တီကတစ်ဆင့်နဲ့ (၁၆)မိနစ်မှာ ဘေးလ်ကြောင့်ရတဲ့ ပယ်နယ်တီကနေသွင်းယူခဲ့တာဖြစ်ပါတယ်။ ဒီရလဒ်ကြောင့် လက်ရှိ ချန်ပီယံဆုကို အက်သလက်တီကို စွန့်လွှတ်ခဲ့ရသလို၊ ၁၉၉၉ ခုနှစ်နောက်ပိုင်း(ရက်ပေါင်း ၅၃၅၉ ရက်ကြာ) ရီးယဲလ်ကို အိမ်ကွင်းမှာမနိုင်တဲ့ မှတ်တမ်းဆိုးကို ဆက်လက်ပိုင်ဆိုင်ခဲ့ပါတယ်။

ဆိုစီဒက် ၁-၁ ဘာစီလိုနာ
(နှစ်ကျော့ပေါင်း ၃-၁ ဂိုးဖြင့် ဘာစီလိုနာ ဗိုလ်လုပွဲတက်ရောက်)

ဘာစီလိုနာအသင်းက ထုံးစံအတိုင်း ဘောလုံးပိုင်ဆိုင်မှု ထက်ကျော်လောက်နဲ့ ပွဲကိုဦးဆောင်နိုင်ခဲ့ပါတယ်။ ဆိုစီဒက်အသင်းကလည်း ဂရစ်ဇ်မန်း၊ ကားလိုစ်ဗီလာတို့ရဲ့ တောင်ပံအားတွေနဲ့ ဘာစီလိုနာကို တုံ့ပြန်ခဲ့ပေမယ့် နိုင်ပွဲရဖို့အထိတော့ မဖြစ်ခဲ့ပါဘူး။ ဘာစီလိုနာအတွက် ဦးဆောင်ဂိုးကို (၂၇)မိနစ်မှာ ဂိုးပေါက်ပြန်တွေ့လာတဲ့ မက်ဆီက သွင်းယူခဲ့ပြီး ဆိုစီဒက်အတွက် ချေပဂိုးကိုတော့ (၈၇)မိနစ်မှာမှ ကွင်းလယ်လူ ဂရစ်ဇ်မန်းက သွင်းယူပေးခဲ့ပါတယ်။

ပွဲရလဒ်များ
အက်သလက်တီကို ၀-၂ ရီးယဲလ်
ဆိုစီဒက် ၁-၁ ဘာစီလိုနာ
ဗိုလ်လုပွဲ
ရီးယဲလ် - ဘာစီလိုနာ
(၁၉-၄-၂၀၁၄)

ဂိုးပြတ်နိုင်ပြီးနောက်တစ်ဆင့်တက်တဲ့ဘေယန်

ဂျာမန်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ သုံးသပ်ချက်

ကြားရက်မှာ ကစားခဲ့တဲ့ ဂျာမန်ဖလားကွာတားဖိုင်နယ်ပွဲစဉ်တွေမှာ ဘွန်ဒက်စ်လီဂါထိပ်သီးအသင်းတွေဖြစ်တဲ့ ဘေယန်မြူးနစ်၊ ဒေါ့မွန်တို့ အနိုင်ရခဲ့ပေမယ့် လေဗာကူဆင်အသင်းကတော့ ဘွန်ဒက်စ်လီဂါ-၂က ကိုင်ဇာစလော့တန်ကို အိမ်ကွင်းမှာပဲ အရှုံးပေးကာ ဖြိုင်ပွဲက ထွက်ခွာခဲ့ရပါတယ်။ [illegible]

ပွဲရလဒ်များ
ဖရန့်ဖတ် ၀-၁ ဒေါ့မွန်
ဟော်ဖန်ဟင်မ် ၂-၃ ဝုလ်ဖ်ဘတ်
လေဗာကူဆင်၀-၀ကိုင်ဇာစလော့တန်
(အချိန်ပိုတွင်၁-၀ဂိုးဖြင့် ကိုင်ဇာအနိုင်ရ)
ဟမ်းဘတ်၀-၅ ဘေယန်မြူးနစ်

ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်(ဒု-ကျော့)ပွဲစဉ်တွေမှာတော့ ပထမအကျော့က အရေးနိမ့်ခဲ့တဲ့ ဖီအိုရင်တီးနားနဲ့ နာပိုလီတို့ ပြိုင်ဘက်တွေကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။

ရှုံးကြေးဆပ်ပြီး ဗိုလ်လုပွဲတက်တဲ့ ဖီအိုရင်တီးနားနဲ့ နာပိုလီ

ကိုပါအီတာလီယာဆီမီးဖိုင်နယ် (ဒုတိယအကျော့)သုံးသပ်ချက်

နာပိုလီ ၃-၀ ရိုးမား
(နှစ်ကျော့ပေါင်း ၅-၃ ဂိုးဖြင့် နာပိုလီ ဗိုလ်လုပွဲတက်ရောက်)

ပထမအကျော့က မပြတ်သားခဲ့တဲ့ရလဒ်ကြောင့် အခုပွဲက အကြိတ်အနယ်ရှိခဲ့ပါတယ်။ နာပိုလီအသင်းက ဟီဂွအင်၊ ကယ်လီယွန်၊ ဟမ်ဆစ်စတဲ့ အဓိကကစားသမားတွေနဲ့အတူ လက်ရှိအချိန်မှာ ခြေစွမ်းပြနေတဲ့ လူငယ်တောင်ပံကစားသမားမာတင်စ်ကို ပွဲထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ နာပိုလီဂိုးမရခင်အချိန်မှာ ဂျာဗင်ဟို၊ လယာယစ်၊ ဒက်စထရီတို့နဲ့ ရိုးမားအသင်းတိုက်စစ်က ပိုသာခဲ့ပြီး ရရှိခဲ့တဲ့အခွင့်အရေးတွေကို ဒက်စထရီ အသုံးမချနိုင်ခဲ့လို့ ဂိုးမရခဲ့တာပါ။(၃၃)မိနစ်မှာတော့ နာပိုလီဂိုးရခဲ့ပြီး ညာတောင်ပံက မက်ဂျီယိုရဲ့ တိကျသေသပ်တဲ့ ဖြတ်တင်ဘောကို ကယ်လီယွန်က အပိုင်ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းအစမှာပဲ နာပိုလီဂိုး(၂)ဂိုးထပ်ရခဲ့ပြီး (၄၈)မိနစ်မှာဟီဂွအင်က ခေါင်းတိုက်ပြီး တစ်ဂိုးနဲ့(၅၁)မိနစ်မှာ ဂျော်ဂျင်ဟိုက တစ်ဂိုးသွင်းယူခဲ့ပါတယ်။ နောက်ပိုင်းမှာ ရိုးမားက လူအပြောင်းအလဲတွေလုပ်ခဲ့ပေမယ့် မထူးခြားခဲ့ဘဲ ပြိုင်ပွဲက ထွက်ခဲ့ရပါတယ်။

ဖီအိုရင်တီးနား ၂-၀ အူဒီးနီးစ်
(နှစ်ကျော့ပေါင်း ၃-၂ ဂိုးဖြင့် ဖီအိုရင်တီးနား ဗိုလ်လုပွဲတက်ရောက်)

ဖီအိုရင်တီးနားအသင်း အိမ်ကွင်းမှာ လိုအပ်တဲ့ဂိုးအရေအတွက်နဲ့ အနိုင်ယူ ဗိုလ်လုပွဲတက်ခဲ့ပေမယ့် လွယ်ကူတဲ့နိုင်ပွဲတော့ မဖြစ်ခဲ့ပါဘူး။ (၁၄)မိနစ်မှာ အဖွင့်ဂိုးပေးလိုက်ရလို့ အူဒီးနီးစ်အသင်းက ဖောင်ဖျက်ကစားခဲ့ပြီး ဖီအိုရင်တီးနားဂိုးသမားနီတိုသာ လက်စွမ်းမပြခဲ့ရင် ဖီအိုရင်တီးနားရဲ့ ဗိုလ်လုပွဲမျှော်လင့်ချက်ဝေးခဲ့ရမှာပါ။ နီတိုက ပထမပိုင်းမှာ ဒိုမစ်ဇီရဲ့ ခေါင်းတိုက်ချက်၊ ပွဲပြီးခါနီးမှာ မူရီယယ်လ်ရဲ့ ကန်ချက်တွေကို ကာကွယ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဒီနာတာလီရဲ့ အပိုင်ခေါင်းတိုက်ချက် ဘားတန်းထိထွက်ခဲ့လို့လည်း အူဒီးနီးစ်ကံဆိုးခဲ့ရပါတယ်။ ဖီအိုရင်တီးနားအတွက် ဂိုးတွေကိုတော့ (၁၄)မိနစ်မှာ ပါစကွယ်လ်က မြေပြင်ကျကန်ချက်နဲ့ (၆၁)မိနစ်မှာ ကွာဒရာဒိုက ယော်ကွင်းပေးတာကနေ ကန်သွင်းခဲ့တာဖြစ်ပါတယ်။

ဗိုလ်လုပွဲ
ဖီအိုရင်တီးနား - နာပိုလီ

လိုင်လီ၊ မိုနာကိုတို့ နိုင်ပွဲရဖို့ ရုန်းကန်ခဲ့ရတဲ့

ပြင်သစ်ဖလားရှုံးထွက်(၁၆)သင်းအဆင့်ရလဒ်များ

မထင်မှတ်တာတွေ ဖြစ်ပေါ်လေ့ရှိတဲ့ ပြင်သစ်ဖလားပြိုင်ပွဲက ရှုံးထွက်(၁၆)သင်းအဆင့်မှာလည်း မမျှော်မှန်းထားတဲ့ အခြေအနေတွေကို မြင်ခဲ့ရပါတယ်။အဲဒါကတော့ လက်ရှိအဆင့်ကိုရောက်ရှိနေတဲ့ ပြင်သစ်လီဂူးအသင်းတွေအနေနဲ့ အသင်းငယ်လေးတွေကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပြီး နောက်တစ်ဆင့်အတွက် ရုန်းကန်ခဲ့ရပါတယ်။ မောင့်ပယ်လီယာအသင်းကအောက်တန်းအသင်းငယ်လေးကန်းစ်ကိုရှုံးကာ ပြိုင်ပွဲကထွက်ခဲ့ရသလို ပြင်သစ်လီဂူးရဲ့အသင်းကြီးဖြစ်တဲ့ လိုင်လီကလည်းလီဂူး-၂က ကိန်းကို ပယ်နယ်တီအဆုံးအဖြတ်ကစားပြီးမှ အနိုင်ရခဲ့ပါတယ်။ ကျန်ရှိတဲ့ ရိန်းစ်၊ ဂူအင်ဂမ့်တို့လည်း အဝေးကွင်းမှာနိုင်ပွဲရဖို့ ခက်ခဲခဲ့ပါတယ်။ လီဂူးအသင်း အချင်းချင်းတွေ့ဆုံတဲ့ပွဲဖြစ်တဲ့နိုက်စ်နဲ့ မိုနာကိုတို့ပွဲက အကြိတ်အနယ်ရှိခဲ့ပြီး အချိန်ပိုအထိကစားခဲ့ရပါတယ်။ အချိန်ပိုမှာ မိုနာကိုက အနိုင်ရခဲ့ပါတယ်။

ပွဲရလဒ်များ
ကန်းစ်၀-၀မောင့်ပယ်လီယာ
(အချိန်ပိုတွင် ၁-၀ဂိုးဖြင့် ကန်းစ်နိုင်)
အန်ဂါစ် ၁-၁ CAဘတ်စတီယာ
(အချိန်ပိုတွင် ၃-၁ ဂိုးဖြင့် အန်ဂါစ်နိုင်)
လိုင်လီ ၃-၃ ကိန်း
(ပယ်နယ်တီအဆုံးအဖြတ်တွင်လိုင်လီနိုင်)
မူလင်စ် ၃-၁ ဆက်တေးစ်
လီလေရှုဒေး ၀-၂ ဂူအင်ဂမ့်
အော်ဝေး ၀-၁ ရိန်းစ်
နိုက်စ် ၀-၀ မိုနာကို
(အချိန်ပိုတွင် ၁-၀ ဂိုးဖြင့် မိုနာကိုနိုင်)
(လိုင်ယွန့်ပွဲရလဒ်ကို အချုပ်ပိုတွင် ဖော်ပြထားပါသည်)
ကွာတားဖိုင်နယ် - ၂၅/၂၆-၃-၁၄
ဆီမီးဖိုင်နယ် - ၁၅/၁၆-၄-၁၄
ဖိုင်နယ် - ၃-၅-၁၄
ပြင်သစ်လိဂ်ပွဲစဉ်(၂၂)ပွဲကျန်ရလဒ်
တူးလော့စ်၁-၃ ဘတ်စတီယာ

ယခုတစ်ပတ်အတွင်းကစားမည့်ပွဲစဉ်များ

အချိန်	ပွဲစဉ်	ပြသမည့်လိုင်း
စနေနေ့(၁၅-၂-၂၀၁၄)		
FA Cup(5th Round)		
7:15PM	ဆန်းဒါးလန်း - ဆောက်သမ်တန်	
9:30PM	ကာဒစ်ဖ် - ဝီဂန်	
9:30PM	ရှက်ဖီးဝင်းစ်ဒေး - ချာလ်တန်	
11:45PM	မန်စီးတီး - ချယ်လ်ဆီး	
La-Liga		
02:30AM	အယ်လ်ချီ - အိုဆာဆူနာ	TSPHD2
9:30PM	အက်သလက်တီကို - ဗယ်လာဒိုလစ်	TSPHD2
11:30PM	လီဗန်တေး - အယ်လ်မီရီယာ	TSPHD2
Serie-A		
02:15AM	အေစီမီလန် - ဘိုလော့ဂ်နာ	TSP1
Bundesliga		
02:00AM	မိန့်ဇ် - ဟန်နိုဗာ	
9:00PM	ဘေယန်မြူးနစ် - ဖရိုင်းဘတ်	
9:00PM	ဒေါ့မွန် - ဖရန့်ဖတ်	
9:00PM	ဟော်ဖန်ဟင်မ် - စတုဂတ်	
9:00PM	ဘရန့်ရှဝစ် - ဟမ်ဘတ်	
9:00PM	ဝါဒါဘရီမင် - မိုချန်ဂလာဘတ်	
12:00	လေဗာကူဆင် - ရှော်လ်ကာ	
French Ligue		
02:00AM	PSG - ဗလင်စီနက်စ်	
10:30PM	ဘတ်စတီယာ - မိုနာကို	
League Championship		
9:30PM	ဘန်းလောက် - ဘန်လေ	
9:30PM	ဘာမင်ဂမ် - ဟတ်ဒါဖီးလ်	
9:30PM	ဒွန်ကက်စတာ - ဘန်စလေ	
9:30PM	အစ်ဝစ်ချ် - ဘလက်ပူးလ်	
9:30PM	မီဝေါလ် - ဘော်လ်တန်	
9:30PM	ဝက်ဖို့ဒ် - မစ်ဒယ်ဘာရော့	
AFC Champions League(Play-off 3)		
3:15PM	မဲလ်ဘုန်းဗစ်ထရီ - မြောင်တောင်	
6:00PM	ဘေဂျင်းဂူအန် - ချောင်ဘူရီ	
9:30PM	လက်ဝီယာ - အယ်လ်ကူဝိတ်	
11:00PM	အယ်လ်ကာဆီယာ - အယ်လ်ဂျက်ရှ်	
တနင်္ဂနွေနေ့(၁၆-၂-၂၀၁၄)		
FA Cup(5th Round)		
8:00PM	အဲဗာတန် - ဆွမ်ဆီး	
9:30PM	ရှက်ဖီးယူနိုက်တက် - နော့တင်ဟမ်ဖောရက်စ်	
10:30PM	အာဆင်နယ် - လီဗာပူးလ်	
La-Liga		
01:30AM	ဘာစီလိုနာ - ဗယ်လက်ကာနို	TSPHD2
03:30AM	ဗီလာရီးယဲလ် - ဆယ်လ်တာဗီဂို	TSPHD2
5:30PM	ဂရန်နာဒါ - ဘက်တစ်	TSPHD2
10:30PM	ဂိတာဖေး-ရီးယဲလ်မက်ဒရစ်	TSPHD2
Serie-A		
02:15AM	ဖီအိုရင်တီးနား - အင်တာမီလန်	TSP1
6:00PM	ကာတာနီယာ - လာဇီယို	TSP1
8.30PM	အတ္တလန်တာ - ပါမား	TSP6
8.30PM	ကာကလီယာရီ - လီဗော်နို	TSP5
8:30PM	ဂျီနိုအာ - အူဒီးနီးစ်	TSP2
8:30PM	ဂျူဗင်တပ်စ် - ချီယေဗို	TSP1
8:30PM	ဆာဆူအိုလို - နာပိုလီ	
Bundesliga		
9.00PM	အော့စ်ဘတ် - နူရင်ဘတ်	
11:00PM	ဟာသာဘာလင် - ဝုလ်ဖ်ဘတ်	
French Ligue		
01:30AM	လော်ရီယန့် - တူးလော့စ်	
01:30AM	နိုက်စ် - နန့်စ်	
01:30AM	ဆိုးချော့စ် - ဂူအင်ဂမ့်	
01:30AM	ရိမ်းစ် - ဘော်ဒိုး	
01:30AM	ရိန်းစ် - မောင့်ပယ်လီယာ	
7:30PM	လိုင်ယွန် - အေယက်စီယို	
10:30PM	အီဗီယန် - လိုင်လီ	
League Championship		
10:00PM	QPR - ရက်ဒင်း	
တနင်္လာနေ့(၁၇-၂-၂၀၁၄)		
La-Liga		
00:30AM	ဘီလ်ဘာအို - အက်စ်ပန်ညိုး	TSPHD2
02:30AM	ဆီဗီလာ - ဗလင်စီယာ	TSPHD2
Serie-A		
02:15AM	ရိုးမား - ဆမ်ဒိုရီးယား	TSP1
French Ligue		
02:30AM	စိန့်အက်တီယန် - မာဆေးလ်	
အင်္ဂါနေ့(၁၈-၂-၂၀၁၄)		
FA Cup(5th Round)		
02:15AM	ဘရိုက်တန် - ဟားလ်စီးတီး	
La-Liga		
03:30AM	မလာဂါ - ဆိုစီဒက်	TSPHD2
Serie-A		
02:15AM	ဗိုရိုနာ - တိုရီနို	TSP1
ဗုဒ္ဓဟူးနေ့(၁၉-၂-၂၀၁၄)		
Champions League(Round of 16, 1st Leg)		
02:15AM	မန်စီးတီး - ဘာစီလိုနာ	TSP1
02:15AM	လေဗာကူဆင် - PSG	TSP3
League Championship		
02:15AM	ရှက်ဖီးဝင်းစ်ဒေး - ဒါဘီ	
02:15AM	ဝီဂန် - ဘန်စလေ	
02:15AM	ယိုဗီးလ် - ဝက်ဖို့ဒ်	
ကြာသပတေးနေ့(၂၀-၂-၂၀၁၄)		
Champions League(Round of 16, 1st Leg)		
02:15AM	အေစီမီလန် - အက်သလက်တီကို	TSP3
02:15AM	အာဆင်နယ် - ဘေယန်မြူးနစ်	TSP1
League Championship		
02:15AM	နော့တင်ဟမ် - လက်စတာ	
Europa League(Round of 32, 1st Leg)		
11:30PM	အန်ဇီ - KRCဂျင့်	
သောကြာနေ့(၂၁-၂-၂၀၁၄)		
Europa League(Round of 32, 1st Leg)		
00:30AM	ချာနိုမိုရတ်စ် - လိုင်ယွန်	
00:30AM	ဒိနိပရို - ဗေဲ	
00:30AM	ဒိုင်နမိုကိဗ် - ဗလင်စီယာ	
00:30AM	အက်ဂျက်ရှ် - ဖီအိုရင်တီးနား	
00:30AM	ဂျူဗင်တပ်စ် - ထရတ်ဇွန်စပေါ်	
00:30AM	လီဘရက် - အယ်လ်ခမာ	
00:30AM	PAOK - ဘင်ဖီကာ	
02:35AM	အေဂျက်စ် - ဆာလ်ဇ်ဘာ့ဂ်	
02:35AM	ပေါ်တို - ဖရန့်ဖတ်	
02:35AM	လာဇီယို - လူဒိုဂိုရတ်စ်	
02:35AM	မက္ကာဘီတဲလ်အဗစ် - ဘေဆယ်	
02:35AM	ဟာရီဘော - ဆီဗီလာ	
02:35AM	ဘက်တစ် - ရူဘင်ကာဇန်	
02:35AM	ဆွမ်ဆီး - နာပိုလီ	
02:35AM	ဗစ်တိုးရီးယားပါလ်ဇန် - ရှက်တာဒိုးနက်	

လိဂ်ချန်ပီယံရှစ်ပွဲစဉ်(၂၇)သုံးသပ်ချက်

ကြားရက်မှာ လိဂ်ချန်ပီယံပွဲစဉ်(၂၇)ကို ကစားခဲ့ပါတယ်။ ဒါပေမဲ့ ပွဲအားလုံးကို ကစားခဲ့တာမဟုတ်ဘဲ FA ဖလားစတုတ္ထအဆင့်ကစားခဲ့ရလို့ ရွှေ့ဆိုင်းထားတဲ့အသင်းတွေရဲ့ ပွဲစဉ်(၆)ပွဲကို ယှဉ်ပြိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာတော့ အိမ်ရှင်(၂)သင်းနိုင်နဲ့ တစ်ပွဲသရေ ဧည့်သည်အသင်းတွေ (၃)ပွဲ အနိုင်ရခဲ့ကြပါတယ်။ အဲဒီအသင်းတွေထဲမှာ အမှတ်ပေးဇယားထိပ်ဆုံးက လက်စတာကိုဖိအားပေးနေတဲ့ ဘန်လေ၊ ပရီးမီးယားလိဂ်တန်းတက်ခွင့်ရဖို့ အခွင့်အရေးရှိနေတဲ့ နော်တင်ဟမ်၊ ဘရိုက်တန်နှင့် ဝီဂန်အသင်းတွေ အနိုင်ရခဲ့ပါတယ်။

ပွဲရလဒ်များ

ရှက်ဖီးဝင်းစဒေး ၀-၃ ဝီဂန်
ဟတ်ဒါဖီးလ် ၀-၃ နော်တင်ဟမ်
ဘရိုက်တန် ၁-၀ လိဒ်စ်
ယိုဗီးလ် ၁-၁ မီဝေါလ်
ဝက်ဖို့ဒ် ၁-၀ ဘာမင်ဂမ်
ဘော်လ်တန် ၀-၁ ဘန်လေ

Premier Eleven Sports Journal Vol:11 No.25 16, February, 2014

ဘာနေဗျူးကွင်းတိုးချဲ့စီမံကိန်းတွင် အခန်း(၁၂၀)ပါဟိုတယ်ကို ကွင်းအတွင်းပွဲကြည့်စင်အပေါ်၌ ထည့်သွင်းတည်ဆောက်မည်

ရီးယဲလ်အသင်း၏ အိမ်ကွင်းဘာနေဗျူး တိုးချဲ့မည့် စီမံကိန်းတွင် အခန်း(၁၂၀)ပါဟိုတယ်တစ်ခုကို ပွဲကြည့်စင်အပေါ်၌ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်အင်္ဂါနေ့က ဘာနေဗျူးကွင်း တိုးချဲ့စီမံကိန်းမှ အစီအစဉ်အချို့ကို တာဝန်ယူဆောင်ရွက်မည့် L-35 Ribas ကုမ္ပဏီက ထုတ်ဖော်ကြေညာခဲ့ရာတွင် ယင်းကဲ့သို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

L-35 Ribas ကုမ္ပဏီမှ ဗိသုကာပညာရှင်တစ်ဦးဖြစ်သူ လိုပက်ဇ်ချိဆာရီက ဘာနေဗျူးကွင်းအား ကမ္ဘာ့အားကစားလောကတွင် အကောင်းဆုံးကွင်းတစ်ခုဖြစ်လာစေရန်အတွက်သာမန်ထက်ပိုထူးခြားသည့် ဒီဇိုင်းများ ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်ကြောင်းပြောကြားခဲ့သည်။ လိုပက်ဇ်ချိဆာရီက "ဘာနေဗျူးကွင်းတိုးချဲ့မယ့် စီမံကိန်းမှာ ပုံမှန်မဟုတ်တဲ့ အရောအနှောတည်ဆောက်ပုံဒီဇိုင်းတွေကို ဖော်ဆောင်သွားမှာပါ။ ဟိုတယ်၊ အရောင်းပြခန်းတွေကို ထည့်သွင်းသွားမှာလည်း ဖြစ်ပါတယ်။ ဘာနေဗျူးကွင်းဟာ ဘောလုံးပွဲရှိတဲ့ နေ့ရက်တွေမှာတင်မဟုတ်ဘဲ အခြားအချိန်တွေမှာပါ အသုံးဝင်နေအောင် ရည်ရွယ်ထားပါတယ်။ လက်ရှိကွင်းအရွယ်အစားကို ပိုကြီးမားအောင် တိုးချဲ့သွားမှာဖြစ်ပြီး ဟိုတယ်တစ်ခုကိုလည်း ဘာနေဗျူးကွင်းရဲ့ အမြင့်ဆုံးနေရာမှာ ထည့်သွင်းတည်ဆောက်သွားမှာပါ။ အဲဒီဟိုတယ်ရဲ့ အောက်မှာတော့ အထူးပွဲကြည့်စင်တွေ ရှိပါလိမ့်မယ်။ ထည့်သွင်းတည်ဆောက်မယ့် ဟိုတယ်မှာ အခန်း(၁၂၀) လောက်ပါရှိမှာဖြစ်ပြီး အဲဒီအခန်းတွေကနေ ကွင်းထဲမှာကစားနေတဲ့ ဘောလုံးပွဲတွေကို ကြည့်ရှုနိုင်ပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။

ဘာနေဗျူးကွင်းတိုးချဲ့မည့် စီမံကိန်းအား လာမည့် ၂၀၁၅ခုနှစ်နွေရာသီကာလ မတိုင်မီစတင်ဦးမည်မဟုတ်ကြောင်း သိရသည်။ အဆိုပါကွင်းတိုးချဲ့စီမံကိန်းအတွက် ရီးယဲလ်အသင်းက ယူရိုသန်း(၄၀၀)ခန့် အသုံးပြုသွားရန်လျာထားပြီး ကုန်ကျစရိတ်တစ်ဝက်ကို ကွင်းအမည်မှုပိုင်ခွင့် ရောင်းချခြင်းမှရှာဖွေသွားရန်လည်း စီစဉ်ထားသည်။ ဘာနေဗျူးကွင်းအမည်မှုပိုင်ခွင့်အား ဝယ်ယူရန် မိုက်ခရိုဆော့ဖ်ကုမ္ပဏီနှင့် အီမရိတ်စ်လေကြောင်းလိုင်းတို့မှ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ရီးယဲလ်အသင်းသည် လက်ရှိကွင်းအရွယ်အစားအား ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်ကမှ တိုးချဲ့ထားခြင်းဖြစ်သည်။

ဥရောပတိုက်အတွင်း အကြီးမားဆုံးကွင်း(၉)ကွင်း

အမည်	အသင်း	ပရိသတ်ဦးရေ	တည်ဆောက်သည့်နှစ်	အမည်	အသင်း	ပရိသတ်ဦးရေ	တည်ဆောက်သည့်နှစ်
နူးကမ့်	ဘာစီလိုနာ	၉၇၇၈၇	၁၉၅၇	Stade de France	ပြင်သစ်	၈၀၀၀၀	၁၉၉၈
ဝင်ဘလေ	အင်္ဂလန်	၉၀၀၀၀	၂၀၀၇	လုဇ်နီကီ	ရုရှား	၇၈၃၀၀	၁၉၅၆
ဘာနေဗျူး	ရီးယဲလ်	၈၅၄၅၄	၁၉၄၇	အိုးလ်ထရက်ဖို့ဒ်	မန်ယူ	၇၅၈၈၁	၁၉၁၀
အီဒူနာပတ်ခ်	ဒေါ့မွန်	၈၀၇၂၀	၁၉၇၄	Ataturk	တူရကီ	၇၅၁၄၅	၂၀၀၁
ဆန်စီရို	အေစီ/အင်တာ	၈၀၀၁၈	၁၉၂၆				

မက်ဒရစ်ဒါဘီတွင် ရီးယဲလ်တိုက်စစ်မှူး စီရော်နယ်လ်ဒို မီးခြစ်ဖြင့်ပစ်ပေါက်ခံရ

ပြီးခဲ့သည့်အင်္ဂါနေ့က စပိန်ဘုရင့်ဖလားဒုတိယအကျော့ပွဲစဉ်အဖြစ် ကစားခဲ့သည့် အက်သလက်တီကိုနှင့် ရီးယဲလ်တို့၏မက်ဒရစ်ဒါဘီပွဲစဉ်တွင် အက်သလက်တီကိုပရိသတ်များသည် ပထမပိုင်းပြီးဆုံးချိန်၌ စီရော်နယ်လ်ဒိုအဝတ်လဲခန်းသို့အသွားတွင် မီးခြစ်ဖြင့်ပစ်ပေါက်ခဲ့ကြကြောင်းသိရသည်။ အက်သလက်တီကိုပရိသတ်များ ယင်းကဲ့သို့ ပြုမူခဲ့ခြင်းမှာ ပထမပိုင်းပြီးဆုံးခါနီးအချိန်တွင် အက်သလက်တီကိုနောက်ခံလူမန်ကွီလီနှင့်စီရော်နယ်လ်ဒိုတို့ လေထဲ၌ဘောလုံးယှဉ်လုခဲ့ကြရာမှ မန်ကွီလီသည် ဦးခေါင်းဖြင့်မြက်ခင်းပြင်ပေါ်သို့ ပုံပျက်ပန်းပျက်ကျခဲ့သည်။ အဆစ်လွဲခဲ့သည့် မန်ကွီလီသည် ဆေးရုံသို့ရောက်ရှိခဲ့သဖြင့် အက်သလက်တီကိုအသင်းပရိသတ်များက စီရော်နယ်လ်ဒိုအားအမျက်ထွက်ကာ မီးခြစ်ဖြင့် ပစ်ပေါက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း စပိန်မီဒီယာများကဖော်ပြခဲ့သည်။

ဂိုးပြတ်ရှုံးနိမ့်ကာ စပိန်ဘုရင့်ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း ဆီမွန်နီစိတ်မပျက်

အက်သလက်တီကိုအသင်းနည်းပြ ဆီမွန်နီက မြို့ခံပြိုင်ဘက်ရီးယဲလ်အသင်းအား နှစ်ကျော့ပေါင်းရလဒ် (၅-၀)ဂိုးဖြင့် အရေးနိမ့်ကာ စပိန်ဘုရင့်ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း စိတ်မပျက်မိကြောင်း ပြောကြားခဲ့သည်။ ဆီမွန်နီက ရှုံးပွဲတိုင်းမှာ ပျော်စရာမကောင်းသော်လည်း ရီးယဲလ်အသင်းအား ဂိုးပြတ်အရေးနိမ့်ရခြင်းနောက်ကွယ်၌ ကံတရား၏ဆုံးဖြတ်ချက်များပါဝင်နေကြောင်း ဖွင့်ဟခဲ့သည်။ ဆီမွန်နီက" နှစ်ကျော့စလုံးမှာ အဖြစ်အပျက်အချို့က ပွဲရလဒ်ကိုအလှည့်အပြောင်း ဖြစ်စေခဲ့ပါတယ်။ ပထမအကျော့မှာတုန်းက လက်ဆောင်ဂိုး(၂)ဂိုးပေးခဲ့ရသလို၊ ဒုတိယအကျော့မှာလည်း ပယ်နယ်တီ(၂)လုံးပေးခဲ့ရပါတယ်။ ဖလားလက်လွှတ်ခဲ့ရပေမယ့် အကောင်းဆုံးလုပ်နိုင်ခဲ့ပါတယ်"ဟုပြောကြားခဲ့သည်။

ဒီစတီဖာနိုနှင့် ရာအူးလ်တို့၏သွင်းဂိုးစံချိန်ကို မက်ဆီလိုက်မီရန် နီးစပ်နေ

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် စပိန်ဂန္တဝင်တိုက်စစ်မှူးများဖြစ်သည့် ဒီစတီဖာနိုနှင့် ရာအူးလ်တို့၏ လာလီဂါအမှတ်ပေးပြိုင်ပွဲ သွင်းဂိုးစံချိန်ကို လိုက်မီရန် နီးစပ်လာခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့ကကစားခဲ့သည့်ဆီဗီလာနှင့်ပွဲတွင် ဂိုး(၂)ဂိုးသွင်းယူနိုင်ခဲ့သူ မက်ဆီ၏ အမှတ်ပေးပြိုင်ပွဲသွင်းဂိုးမှာ (၂၂၆)ဂိုးအထိရှိလာခဲ့ပြီဖြစ်ပြီးဒီစတီဖာနိုနှင့် (၁)ဂိုး၊ ရာအူးလ်နှင့် (၂)ဂိုးသာကွာဟတော့သည်။ သို့သော် မက်ဆီသည် လာလီဂါအမှတ်ပေးပြိုင်ပွဲဂိုးသွင်းအများဆုံးစာရင်းတွင် အဆင့်(၅)နေရာတွင်ရှိနေပြီး ထိပ်ဆုံး၌ရပ်တည်နေသည့် တိုက်စစ်မှူးဟောင်းတယ်လ်မိုဇာရာ၏ သွင်းဂိုး (၂၅၁)ဂိုးကို လိုက်မီရန်(၂၅)ဂိုးလိုအပ်နေသေးကြောင်း သိရသည်။

BRIEF

❒ ဗလင်စီယာကွင်းလယ်လူ ရိုမီယူသည် ညာဘက်ဒူးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သဖြင့် (၄)ပတ်မှ (၆)ပတ်အထိ အနားယူရဖွယ်ရှိနေကြောင်း သိရသည်။

❒ အက်စ်ပန်ညိုအသင်းသည် ရီးယဲလ်အသင်းမှ စိတ်ဝင်စားနေသည့် ဂိုးသမားကီကိုကက်ဆီလာအား လာမည့်(၂)ပတ်အတွင်း စာချုပ်သစ်ချုပ်ဆိုရန်စီစဉ်လျက်ရှိသည်။

❒ ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမူက အိမ်ကွင်းနူးကမ့်အားတိုးချဲ့မည့်ကိစ္စမှာ အသင်း၏မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စဟုပြောကြားခဲ့သည်။

❒ ရီးယဲလ်အသင်းနည်းပြ အန်ဆယ်လော့တီက စပိန်ဘုရင့်ဖလားဗိုလ်လုပွဲသို့ တက်ရောက်နိုင်သည့်အတွက် ဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။

❒ အက်သလက်တီကိုအသင်းကွင်းလယ်လူ သီယာဂိုသည် ဒူးဒဏ်ရာခွဲစိတ်မှုခံယူရမည်ဖြစ်သဖြင့် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

❒ ရီးယဲလ်ဂိုးသမားကာဆီးလက်စ်က စီရော်နယ်လ်ဒိုအား မီးခြစ်ဖြင့်ပစ်ပေါက်ခဲ့သည့် အက်သလက်တီကိုပရိသတ်များ၏လုပ်ရပ်မှာ အလွန်စိတ်ပျက်စရာကောင်းကြောင်း ပြောကြားခဲ့သည်။

အီတီဟတ်လေကြောင်းလိုင်းနှင့်ယူရို(၁၁၅)သန်းတန် ကွင်းအမည်မှုပိုင်ခွင့်အက်သလက်တီကိုချုပ်ဆိုမည်

အက်သလက်တီကိုအသင်းသည် ကွင်းသစ်အမည်မှုပိုင်ခွင့်အတွက် အီတီဟတ်လေကြောင်းလိုင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ အီတီဟတ်လေကြောင်းလိုင်းသည် ၂၀၁၅ခုနှစ်တွင်ဖွင့်လှစ်မည့် အက်သလက်တီကိုအသင်း၏ ကွင်းသစ်အမည်မှုပိုင်ခွင့်အား (၁၀)နှစ်စာအတွက် ယူရို(၁၁၅)သန်းဖြင့် အကြိုစာချုပ်ချုပ်ဆိုရန်နီးစပ်နေကြောင်း အားကစားဈေးကွက်အေဂျင်စီတစ်ခုဖြစ်သည့် Euroamericas မှ ဖော်ပြခဲ့သည်။ Euroamericas မှ ဖော်ပြခဲ့သည့်အတိုင်း အမှန်တကယ်ဖြစ်လာပါက အက်သလက်တီကိုအသင်းသည် အီတီဟတ်လေကြောင်းလိုင်းမှ ကွင်းအမည်မှုပိုင်ခွင့်ဝယ်ယူထားသည့်တတိယမြောက်အသင်းဖြစ်လာမည်ဖြစ်သည်။ အီတီဟတ်လေကြောင်းလိုင်းသည် လက်ရှိအချိန်တွင် မန်စီးတီးနှင့် ဩစတြေးလျနိုင်ငံရှိ မဲလ်ဘုန်းကွင်းတို့အား အမည်မှုပိုင်ခွင့်စာချုပ်များချုပ်ဆိုထားသည်။

အက်သလက်တီကိုအသင်းကွင်းသစ်၏ လက်ရှိအမည်မှာEstadio Olimpico de Madrid ဖြစ်ကြောင်းသိရပြီး ၂၀၁၁ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့သည်။ မူလကပရိသတ်(၂၀၀၀၀)သာဆံ့သည့်ကွင်းကို အက်သလက်တီကိုအသင်းက ယူရိုသန်း(၂၇၀)အကုန်အကျခံကာ ပရိသတ်(၆၇၅၀၀)ဆံ့ ကွင်းသစ်အဖြစ်တိုးချဲ့ခဲ့ခြင်းဖြစ်သည်။

■■■

Vol:11 No.25 16, February, 2014 Premier Eleven Sports Journal

နာပိုလီနှင့်ပွဲတွင် အရန်ခုံ၌ ငိုကြွေးခဲ့သည့် ဘာလိုတယ်လီကို ဝေဖန်မှုများထွက်ပေါ်

လူသားပီသသည့်အပြုအမူတစ်ရပ်ဟု အီတလီလက်ရွေးစင်နည်းပြပရင်ဒယ်လီကာကွယ်ပြောကြား

နာပိုလီအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် လူစားလဲခံရပြီးနောက် အရန်ခုံတန်း၌ ငိုကြွေးခဲ့သည့် အေစီမီလန်တိုက်စစ်မှူးဘာလိုတယ်လီ၏ လုပ်ရပ်အား အီတလီမီဒီယာများနှင့် ပရိသတ်များထံမှ ဝေဖန်မှုများစွာ ထွက်ပေါ်နေကြောင်း သိရသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး ဘာလိုတယ်လီထံမှ ဖြေရှင်းချက်မပေးခဲ့ခြင်းကြောင့် အီတလီမီဒီယာများက နာပိုလီအသင်းပရိသတ်များ၏ လူမျိုးရေးခွဲခြားအော်ဟစ်မှုများကြောင့်ဟု ခန့်မှန်းရေးသားနေကြပြီး ပရိသတ်များကလည်း လူမှုရေးကွန်ရက်များမှတစ်ဆင့် ရက်စွဲဖွယ်ကောင်းသည့် လုပ်ရပ်အဖြစ် ဝေဖန်ပြစ်တင်နေကြခြင်းဖြစ်သည်။ နာပိုလီအသင်းကလည်း အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ကာ ယင်းပွဲစဉ်တွင် နာပိုလီအသင်းပရိသတ်များမှာ လူမျိုးရေးခွဲခြားသည့်အော်ဟစ်မှုများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ရှင်းလင်းခဲ့သည်။

နာပိုလီအသင်း၏ ဖော်ပြချက်တွင် "အချို့သောမီဒီယာများ၏ ဖော်ပြချက်တွင် ဘာလိုတယ်လီကွင်းအတွင်း ငိုကြွေးခဲ့ခြင်းနှင့်ပတ်သက်ပြီး နာပိုလီပရိသတ်များ၏ လူမျိုးရေးခွဲခြားမှုဟု ဖော်ပြနေခြင်းအား မိမိတို့အသင်းအနေဖြင့် ပယ်ချကြောင်း၊ ယင်းပွဲစဉ်တွင် မိမိတို့အသင်းပရိသတ်များအနေဖြင့်

> ကျွန်တော်တို့ဟာ ကျွန်တော်တို့ခံစားနေရတဲ့စိတ်ခံစားမှုအတွက် ရှက်ရွံ့ဖို့မလိုပါဘူး။ သူငိုကြွေးတာဟာ စိတ်ဓာတ်ကြံ့ခိုင်မှုအားနည်းတဲ့ သင်္ကေတလည်းမဟုတ်ပါဘူး။ လူသားပီသတဲ့ အပြုအမူတစ်ရပ်လို့ပဲ ကျွန်တော်မြင်ပါတယ်. . .

လူမျိုးရေးခွဲခြားအော်ဟစ်မှုများ လုံးဝမပြုလုပ်ခဲ့ခြင်းကို လာရောက်ကြည့်ရှုအားပေးသူတိုင်း တွေ့မြင်နိုင်ကြောင်း"ရေးသားခဲ့သည်။ အေစီမီလန်နည်းပြဆီးဒေါ့ဖ်နှင့် အသင်းဖော်အဘီတီတို့ကလည်း လူမျိုးရေးခွဲခြားမှုကြောင့် မဟုတ်ဘဲ၊ ရှုံးပွဲကြောင့် ဝမ်းနည်းကြေကွဲခဲ့ရခြင်းဟု ရှင်းလင်းခဲ့သည်။

အီတလီလက်ရွေးစင်အသင်းနည်းပြပရင်ဒယ်လီကလည်း ဘာလိုတယ်လီ ယခင်ဖြစ်ပွားခဲ့သည့်ပြဿနာများနှင့် နှိုင်းယှဉ်၍ "ကျွန်တော့်အမြင်ကတော့ နာပိုလီလို အသင်းမျိုးနဲ့ရင်ဆိုင်ရတဲ့ပွဲဟာ သူ့လိုလူငယ်တစ်ယောက်အတွက် အရမ်းဖိအားများပြီး ထိန်းချုပ်ဖို့ခက်ခဲပါတယ်။ အရင်တုန်းကလို ဒိုင်တွေ၊ ပြိုင်ဘက်ကစားသမားတွေနဲ့ ပြဿနာဖြစ်ပွားတာထက်စာရင် အခုလိုငိုကြွေးတာကို ကျွန်တော်ပိုသဘောကျပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ခံစားနေရတဲ့စိတ်ခံစားမှုအတွက် ရှက်ရွံ့ဖို့မလိုပါဘူး။ သူငိုကြွေးတာဟာ စိတ်ဓာတ်ကြံ့ခိုင်မှုအားနည်းတဲ့ သင်္ကေတလည်းမဟုတ်ပါဘူး။ လူသားပီသတဲ့ အပြုအမူတစ်ရပ်လို့ပဲ ကျွန်တော်မြင်ပါတယ်"ဟု ကာကွယ်ပြောကြားခဲ့သည်။ ဘာလိုတယ်လီသည် နာပိုလီအသင်းနှင့်စီးရီးအေပထမအကျော့တွေ့ဆုံမှုတွင် ကွင်းလယ်ဒိုင်ကို ရန်မူခဲ့၍ (၃)ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရဖူးသည်။

ဥရောပအသင်းကြီးများ၏ပစ်မှတ်ဖြစ်နေသည့် ဗီဒယ်လ်နှင့် ပေါ့ဘာကို ၂၀၁၈ အထိ သက်တမ်းတိုးရန် ဂျူဗင်တပ်စ်စီစဉ်

ဂျူဗင်တပ်စ်အသင်းသည် အသင်း၏ အဓိကကွင်းလယ်လူများဖြစ်သော ဗီဒယ်လ်နှင့် ပေါ့ဘာတို့ကို ၂၀၁၈ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် စီစဉ်နေကြောင်း သိရသည်။ ဂျူဗင်တပ်စ်အသင်း၏ အတောက်ပဆုံးကစားသမားများဖြစ်သည့် ဗီဒယ်လ်နှင့် ပေါ့ဘာတို့သည် ဥရောပအသင်းကြီးများ၏ အဓိကပစ်မှတ်ဖြစ်နေသည့်အတွက် ရေရှည်ထိန်းသိမ်းထားနိုင်ရန် ဂျူဗင်တပ်စ်အသင်းက စီစဉ်နေခြင်းဖြစ်သည်။

ဗီဒယ်လ်သည် ပြီးခဲ့သည့်နှစ် ဇီဇင်ဘာလ အစောပိုင်းကမှ အသင်းနှင့် ၂၀၁၇ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးထားသူဖြစ်သော်လည်း မန်ယူအသင်းက အကြိမ်ကြိမ်ကမ်းလှမ်းနေမှုကြောင့် ၎င်းကို တစ်ပတ်လစာယူရို(၂)သိန်းအထိတိုးမြှင့်ပေးကာ ၂၀၁၈ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် ဂျူဗင်တပ်စ်အသင်းမှ စီစဉ်နေခြင်းဖြစ်သည်။ လူငယ်ကြယ်ပွင့်ပေါ့ဘာကိုလည်း PSG အသင်းက မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းနေသည့်အတွက် ၂၀၁၈ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် ကစားသမား၏အေးဂျင့်နှင့် ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

> **ဗီဒယ်လ်၊ ပေါ့ဘာတို့နှင့် ပတ်သက်သည့် အချက်အလက်အချို့**
>
> - ဂျူဗင်တပ်စ်အသင်းသို့ ၂၀၁၁ ခုနှစ်တွင် ရောက်ရှိခဲ့သူ ဗီဒယ်လ်သည် အသင်းအတွက်နှစ်တိုင်းခြေစွမ်းပြနိုင်သည့် ပရိသတ်အချစ်တော်ကစားသမားတစ်ဦးဖြစ်ပြီး ဥရောပအကောင်းဆုံးကွင်းလယ်လူတစ်ဦးအဖြစ်သတ်မှတ်ခံထားရ။
> - ၂၀၁၂ ခုနှစ်တွင် မန်ယူအသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာခဲ့သူပေါ့ဘာသည် အချိန်တိုအတွင်း ဥရောပအတောက်ပဆုံးလူငယ်ကြယ်ပွင့်တစ်ဦးဖြစ်လာခဲ့။

ဂျူဗင်တပ်စ်အသင်း၏ အဓိကကွင်းလယ်လူများဖြစ်သော ဗီဒယ်လ်(ဝဲ) နှင့် ပေါ့ဘာ

ရာသီကုန်တွင် အင်တာမီလန်မှ အာဂျင်တီးနားကစားသမားများ ထွက်ဖွယ်ရှိ

အင်တာမီလန်အသင်းမှ အာဂျင်တီးနားကစားသမားများဖြစ်သော ဆမ်မြူရယ်၊ ဂျာဗီယာဇနက်တီ၊ ဒီယေဂိုမီလီတိုနှင့် ကမ်ဘီယာဆိုတို့သည် ရာသီကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း အီတလီမီဒီယာများက ရေးသားဖော်ပြနေကြသည်။ အဆိုပါကစားသမားများအနက် ကမ်ဘီယာဆိုမှလွဲ၍ ကျန်ကစားသမားများသည် ယခုရာသီတွင် အသင်း၌ ပုံမှန်ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရသလို၊ အသင်းကိုပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် စီစဉ်နေသည့် ဥက္ကဋ္ဌသိုဟာကြောင့် အသင်းမှထွက်ခွာဖွယ်ရှိနေကြခြင်းဖြစ်သည်။ ကမ်ဘီယာဆိုမှာလည်း အင်တာမီလန်အသင်း၏ အဓိကကစားသမားတစ်ဦး ဖြစ်သော်လည်း ၎င်းကို တစ်နှစ်လစာငွေယူရို(၄.၅)သန်းအထိ ပေးချေနေရသည့်အတွက် လစာငွေလျှော့ရယူမှသာ အသင်းတွင် ဆက်ထားရှိဖွယ်ရှိနေသည်။

ဗီရိုနာ-ဂျူဗင်တပ်စ်ပွဲတွင် ဂျူဗင်တပ်စ်ပရိသတ်တစ်ဦး ဖမ်းဆီးခံရ

(၂-၂)ဂိုးဖြင့် သရေကျခဲ့သည့် ဗီရိုနာနှင့် ဂျူဗင်တပ်စ်အသင်းတို့ ပွဲစဉ်တွင် ပွဲကြည့်စင်များ၌ နှစ်ဖက်ပရိသတ်များ ပြဿနာဖြစ်ပွားခဲ့သလို၊ ဂျူဗင်တပ်စ်ပရိသတ်တစ်ဦးမှာလည်း လက်နက်ကိုင်ဆောင်မှုဖြင့် ဖမ်းဆီးခံလိုက်ရကြောင်း သိရသည်။ အီတလီရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ အသက်(၃၀)အရွယ်ရှိ ဂျူဗင်တပ်စ်ပရိသတ်တစ်ဦးကို ကွင်းအတွင်းသို့ လက်နက်သယ်ဆောင်လာမှုဖြင့် ဖမ်းဆီးလိုက်ကြောင်းနှင့် အဆိုပါပရိသတ်ကို ဆိုင်းငံ့(၈)လ ထောင်ဒဏ်၊ ဒဏ်ငွေ ယူရို(၂၀၀၀)နှင့် အားကစားပြိုင်ပွဲများကြည့်ရှုခွင့်ရာသက်ပန် ပိတ်ပင်လိုက်ကြောင်း သိရသည်။ ယင်းပရိသတ်သည် ကွင်းအတွင်းသို့ (၂၄)စင်တီမီတာရှိ ဓား၊ မီးရှူးမီးပန်းများ၊ မီးခိုးဗုံးများ သယ်ဆောင်လာခြင်းဖြစ်ကြောင်းလည်း ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

Brief

- ❒ ရိုးမားအသင်းတိုက်စစ်မှူးဂျာဗင်ဟိုက ၎င်းသည် လန်ဒန်ဒါဘီ၊ ပြင်သစ်မြောက်ပိုင်းဒါဘီပွဲများကို ယှဉ်ပြိုင်ကစားခဲ့ဖူးသော်လည်း ရောမဒါဘီ၏ အရှိန်အဝါအား မမီကြောင်း ဝန်ခံပြောကြားလိုက်သည်။
- ❒ နာပိုလီအသင်း၏ အဓိကကစားသမားများဖြစ်သော ကယ်လီယွန်၊ ဂျော်ဂျင်ဟိုနှင့်အင်လာတို့သည် ပွဲပယ်ပြစ်ဒဏ်ကြောင့် ဆာဆူအိုလိုနှင့်ပွဲကို လွဲချော်ရတော့မည်ဖြစ်သည်။
- ❒ ဖီအိုရင်တီးနားအသင်းတောင်ပံကစားသမားကွာဒရာဒိုက ကိုပါအီတာလီယာဖလားဖိုင်နယ်တက်၍ ဝမ်းမြောက်မိသော်လည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ဖိုင်နယ်ပွဲတွင် ပါဝင်ခွင့်မရ၍ စိတ်ပျက်မိကြောင်း ဆိုခဲ့သည်။
- ❒ ဂျူဗင်တပ်စ်အသင်းနည်းပြဟောင်းဖြစ်သူ ရုရှားလက်ရွေးစင်အသင်းနည်းပြကာပယ်လိုက ဗီရိုနာကို သရေကျခြင်းကြောင့် ကစားသမားများကို အပိုလေ့ကျင့်ခန်းပြုလုပ်စေခဲ့သည့် ဂျူဗင်တပ်စ်နည်းပြကွန်တီအား ဝေဖန်လိုက်သည်။
- ❒ လာဇီယိုအသင်းသည် ရာသီကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကလိုဆေ၊ မော်ရီ၊ ဘီယာဗာ၊ ဒီယက်စ်တို့ကို စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်း သိရသည်။
- ❒ နာပိုလီအသင်းဂန္ထဝင်တိုက်စစ်မှူးမာရာဒိုနာက ပုံမှန်ခြေစွမ်းအောက်ရောက်နေသော လူငယ်တိုက်စစ်မှူးအင်ဆစ်ဂနီအား လှောင်ပြောင်နေသည့် နာပိုလီအသင်းပရိသတ်များအား ပြစ်တင်ဝေဖန်လိုက်သည်။
- ❒ ဗီရိုနာအသင်းနှင့် သရေကျခဲ့သည့်ပွဲတွင် ခြေသလုံးကြွက်သားဒဏ်ရာရရှိခဲ့သည့် ဂျူဗင်တပ်စ်နောက်ခံလူချီလီနီ၏ ဒဏ်ရာမှာ မပြင်းထန်သော်လည်း ယခုတစ်ပတ်တွင်ကစားမည့် ချီယေဗိုနှင့်ပွဲကို လွဲချော်မည်ဖြစ်သည်။

ဘရာဇီးလ်နိုင်ငံ၌ဖြစ်ပွားနေသော ဆန္ဒပြမှုများကို သတင်း ယူရာမှ ဂျာနယ်လစ်တစ်ဦးမတော်တဆဖြစ်ရပ်ကြောင့်သေဆုံး

ဘရာဇီးလ်နိုင်ငံ၊ ရီယိုဒီဂျနေးရိုး မြို့တွင်ဖြစ်ပွားလျက်ရှိနေသော ဆန္ဒပြမှုများကိုသတင်းရိုက်ကူးရာမှ ဘရာဇီးလ်လူမျိုးဂျာနယ်လစ်တစ်ဦးမှာ ဦးခေါင်း၌ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ပြီးခဲ့သည့်တနင်္လာနေ့က ကွယ်လွန်သွားခဲ့ကြောင်းသိရသည်။

လက်ရှိအချိန်တွင် ဘရာဇီးလ်နိုင်ငံ၌ ကမ္ဘာ့ဖလားပြိုင်ပွဲအပေါ် ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွားနေသည့်အပြင် ပြီးခဲ့သည့်ရက်ပိုင်းမှစတင်၍ ယာဉ်စီးခများကို တိုးမြှင့်ကောက်ခံမည်ဟု ဘရာဇီးလ်အစိုးရကကြေညာခဲ့သဖြင့် ရီယိုဒီဂျနေးရိုးမြို့တွင် ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ ယင်းကဲ့သို့ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များနိုက်

ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။ အသက်(၄၉)နှစ်အရွယ်ရှိပြီဖြစ်သူ အန်ဒရာဒီတွင် ဗန်နက်ဆာ ဟုအမည်ရှိသည့် အသက်(၂၉)နှစ်အရွယ် သမီးတစ်ဦးရှိပြီး ၎င်း၏သမီးမှာလည်း ဂျာနယ်လစ်တစ်ဦးအဖြစ် လုပ်ကိုင်နေသူဖြစ်သည်။

လက်ရှိအချိန်တွင် ဘရာဇီးလ် ရဲတပ်ဖွဲ့သည် အန်ဒရာဒီကို မီးကျည်ဖြင့်ပစ်ပေါက်ခဲ့သည်ဟု သံသယရှိသူ အသက်(၂၂)နှစ်အရွယ်ဖေဘီယိုရာပိုဇိုဟုအမည်ရှိသည့် လူငယ်တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်းသိရသည်။ ၎င်းက မီးကျည်သေနတ်ကိုကိုင်ဆောင်ခဲ့ကြောင်းဝန်ခံခဲ့ပြီး ယင်းသေနတ်ကို အခြားဆန္ဒပြသူ

ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များ ခိုက်ရန်ဖြစ်ပွားသည့်သတင်းကို ဘရာဇီးလ်ရုပ်သံလိုင်း Bandeirantes မှ သတင်းရိုက်ကူးနေစဉ်ရုပ်သံရိုက်ကူးသူ (Cameraman)ဆန်တီယာဂို အန်ဒရာဒီ၏ဦးခေါင်းကို မီးကျည်တစ်ခု လာရောက်ထိမှန်ခဲ့…

ရန်ဖြစ်ပွားသည့်သတင်းကို ဘရာဇီးလ်ရုပ်သံလိုင်း Bandeirantes မှ သတင်းရိုက်ကူးနေစဉ် ရုပ်သံရိုက်ကူးသူ(Camera man)ဆန်တီယာဂို အန်ဒရာဒီ၏ ဦးခေါင်းကို မီးကျည်တစ်ခု လာရောက်ထိမှန်ခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် အန်ဒရာဒီမှာ ကိုမာရောဂါခံစားခဲ့ရသဖြင့် ဆေးရုံသို့ တင်ပို့၍ ခွဲစိတ်ကုသမှုခံယူခဲ့သော်လည်း ၎င်း၏ဦးနှောက်မှာအလုပ်မလုပ်တော့ဟုသတင်းများထွက်ပေါ်လာခဲ့ပြီး မကြာမီမှာပင် ကွယ်လွန်သွားခဲ့ကြောင်းသိရသည်။ Bandeirantes ရုပ်သံလိုင်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "ဆန်တီယာဂို အန်ဒရာဒီရဲ့ ဦးနှောက်ဟာ အလုပ်မလုပ်တော့ဘဲ အဲဒီဒဏ်ရာကြောင့် ပြီးခဲ့တဲ့တနင်္လာနေ့ကကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ အန်ဒရာဒီရဲ့မိသားစုဟာ သူ့ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ကို လှူဒါန်းခဲ့ပြီး

တစ်ဦးထံလွှဲပြောင်းပေးခဲ့ကြောင်းပြောကြားခဲ့သည်။ အကယ်၍ ဖေဘီယိုရာပိုဇိုအနေဖြင့် အပြစ်ရှိကြောင်းတွေ့ရှိပါက ထောင်ဒဏ်(၃၅)နှစ်အထိကျခံရမည့်အနေအထားရှိနေကြောင်းသိရသည်။ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲစတင်ရန် (၄)လခန့်သာလိုတော့ချိန်တွင် ကမ္ဘာ့ဖလားအိမ်ရှင်ဘရာဇီးလ်နိုင်ငံ၌ ကဏ္ဍအသီးသီးတွင် မတည်ငြိမ်မှုများ ဖြစ်ပွားလျက်ရှိနေသည်။ ဘရာဇီးလ်နိုင်ငံတွင် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမည့်အပေါ် ဆန့်ကျင်ဆန္ဒပြသည့်ဖြစ်ရပ်များမှာ ယခုအချိန်အထိ ဆက်လက်ဖြစ်ပွားနေခဲ့ဖြစ်ပြီး ကွင်းတည်ဆောက်ရေးလုပ်ငန်းများတွင်လည်း အလုပ်သမားများ မတော်တဆသေဆုံးသည့် ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့၍ ကမ္ဘာ့ဖလားကျင်းပရေးတာဝန်ရှိသူများမှာ ဝေဖန်မှုများနှင့်ရင်ဆိုင်နေရကြောင်းသိရသည်။

Photo: AFP

မသေဆုံးမီအချိန်ပိုင်းအတိုအတွင်း အန်ဒရာဒီအား တွေ့ရစဉ်

ဦးခေါင်းကို မီးကျည်ထိမှန်ခဲ့ရာမှသေဆုံးခဲ့သည့်ဆန်တီယာဂိုအန်ဒရာဒီ ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်

ရက်အတော်ကြာ ရီဘာရီ အနားယူရမည်

ဘောယန်မြူးနစ် တောင်ပံကစားသမားရီဘာရီသည် တင်ပါးခွဲစိတ်ကုသမှုခံယူခဲ့ရခြင်းကြောင့် ရက်အတော်ကြာအနားယူရမည်ဖြစ်ပြီး အာဆင်နယ်နှင့်ပွဲကို လွဲချော်ရန်သေချာနေပြီဖြစ်ကြောင်း သိရသည်။ ရီဘာရီအနေဖြင့် သူ၏ဒဏ်ရာကို ပြီးခဲ့သည့်တစ်ပတ်က ခွဲစိတ်ကုသမှုခံယူခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်နှင့်ချန်ပီယံလိဂ်ပွဲမတိုင်မီ ဒဏ်ရာမှပြန်လည်သက်သာလာရန် ဘောယန်မြူးနစ်အသင်းက မျှော်လင့်ခဲ့သော်လည်း ယခုအခါရက်အတော်ကြာ အနားယူရမည်ဖြစ်၍ ယင်းပွဲကိုလွဲချော်ရန် ရာခိုင်နှုန်းများနေကြောင်းသိရသည်။

ဟမ်းဘတ်အသင်းကို ပရိသတ်များတိုက်ခိုက်ခဲ့ကြ

ဟမ်းဘတ်အသင်းသည် ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သော ဟာသာဘာလင်နှင့်ပွဲတွင် အိမ်ကွင်း၌(၃)ဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီး နောက်ဆုံး(၆)ပွဲဆက်ရှုံးနိမ့်ခဲ့သဖြင့် ယင်းပွဲအပြီးတွင် ဟမ်းဘတ်ပရိသတ်များမှာ အသင်းမှကစားသမားများကို ရန်ပြုတိုက်ခိုက်ခဲ့ကြကြောင်းသိရသည်။ ယင်းပွဲအပြီးတွင် ပရိသတ်အယောက်(၁၀၀)ခန့်မှာ ဟမ်းဘတ်ကစားသမားများကွင်းအတွင်းမှ ထွက်လာသည့်အချိန်၌ ခဲများဖြင့်ပစ်ပေါက်ခဲ့ကြသည့်အပြင် ရိုင်းစိုင်းသည့်စကားလုံးများဖြင့် အော်ဟစ်ဆဲဆိုခဲ့ကြကြောင်းသိရသည်။

PSG နည်းပြဘလန့်၏ ပွဲပယ်ပြစ်ဒဏ်ပယ်ဖျက်ခံရ

PSG အသင်းနည်းပြလောရင့်ဘလန့်အပေါ် ချမှတ်ထားသည့်တစ်ပွဲပယ်ပြစ်ဒဏ်အား UEFA က ပယ်ဖျက်ပေးခဲ့ကြောင်းသိရသည်။ PSG အသင်းသည် ယခုနှစ်ချန်ပီယံလိဂ်အုပ်စုအဆင့်တွင် ပွဲစဉ်(၃)ပွဲခန့်ကို အချိန်နောက်ကျပြီးမှ ကွင်းအတွင်းသို့ ရောက်ရှိခဲ့သည့်အတွက် ဘလန့်မှာ (၁)ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ပြီး UEFA က ယင်းပြစ်ဒဏ်အစားယူရို(၁)သောင်းနှင့် သတိပေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

Brief

❒ ယခုနှစ်ရာသီကုန်တွင် ဘေယန်မြူးနစ်သို့ပြောင်းရွှေ့တော့မည့် ဒေါ့မွန်အသင်း တိုက်စစ်မှူးလီဝန်ဒေါစကီးပိုင်ဆိုင်သည့် ယူရို(၉၆၀၀၀)ခန့်တန်ဖိုးရှိသောပေါ်ရှေးကားအား ပြီးခဲ့သည့်တနင်္လာနေ့က လူရမ်းကားများက ရိုက်နှက်ဖျက်ဆီးမှုများပြုလုပ်ခဲ့ပြီး ယင်းလူရမ်းကားများမှာ ဒေါ့မွန်ပရိသတ်များဟုတ်၊ မဟုတ်ကို ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်းသိရသည်။

❒ ဘရာဇီးလ်အသင်းနည်းပြစကိုလာရီသည် လာမည့်လတွင် တောင်အာဖရိကအသင်းနှင့်ကစားမည့်ခြေစမ်းပွဲအတွက် ပထာမကစားသမား(၁၆)ဦးစာရင်းကိုထုတ်ပြန်ကြေညာခဲ့ရာ ဝါရင့်ကွင်းလယ်လူကာကာမပါဝင်ခဲ့ဘဲ ဖာနန်ဒင်ဟိုနှင့်ရာဖင်ဟာတို့ ပါဝင်လာခဲ့ကြောင်းသိရသည်။

❒ ခရီအေးရှားကလပ် ဒိုင်နမိုဇာဂရက်အသင်းမှ လူငယ်ကြယ်ပွင့်ကစားသမားဟာလီလိုဗစ်ကို ဥရောပထိပ်သီးအသင်းများဖြစ်သည့်ဘာစီလိုနာ၊ စပါး၊ အာဆင်နယ်တို့ကစိတ်ဝင်စားနေပြီး ဘာစီလိုနာအသင်းက ပေါင်(၃.၇)သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဒိုင်နမိုဇာဂရက်အသင်းက ပယ်ချခဲ့ကြောင်းသိရသည်။

❒ အင်္ဂလန်အသင်းဂန္တဝင်ဂိုးသမားတစ်ဦးဖြစ်သူပီတာရှယ်လ်တန်က ဆဲလ်တစ်ဂိုးသမားဖော်စတာအနေဖြင့် အင်္ဂလန်လက်ရွေးစင်အသင်းတွင်ပုံမှန်ရွေးချယ်ခံရလိုပါက ပရီးမီးယားလိဂ်သို့ပြောင်းရွှေ့ကစားရန်လိုအပ်ကြောင်းတိုက်တွန်းပြောဆိုခဲ့သည်။

❒ ၂၀၁၂၊ အောက်တိုဘာလကတည်းက စကော့တလန်လက်ရွေးစင်အသင်းနှင့်ဝေးကွာနေသည့် ဝါရင့်ကွင်းလယ်လူဖလက်ချာသည် လာမည့်လတွင် ပိုလန်နှင့်ကစားမည့်ခြေစမ်းပွဲအတွက် ရွေးချယ်ခံထားရကြောင်းသိရသည်။

ဘောလုံးလောကနှင့် (၂)နှစ်ကျော်ကြာ ဝေးကွာနေသည့် ဝါရင့်တိုက်စစ်မှူးအက်ဒရီယာနိုအား ပါရာနန်စီအသင်းခေါ်ယူ

ဘရာဇီးလ်ကလပ် ပါရာနန်စီအသင်းသည်ဘရာဇီးလ်လက်ရွေးစင်တိုက်စစ်မှူးဟောင်း အက်ဒရီယာနိုကို ခေါ်ယူစာချုပ်ခဲ့ကြောင်းသိရသည်။

အသက်(၃၁)နှစ်အရွယ်ရှိပြီဖြစ်သူ အက်ဒရီယာနိုသည် စီးရီးအေအသင်းများဖြစ်ကြသည့် ပါးမား၊ အင်တာမီလန်၊ ရိုးမားအသင်းများတွင်ကစားခဲ့သလို၊ ၂၀၁၂ခုနှစ်အတွင်းက ဖလာမင်ဂိုအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် ဘောလုံးလောကနှင့်ဝေးကွာနေသူဖြစ်သည်။ ကစားသမားဘဝတစ်လျှောက်တွင် ပြဿနာရှာသူအဖြစ် နာမည်ကျော်ကြားသူ အက်ဒရီယာနိုသည် အက်သလက်တီကိုပါရာနန်စီအသင်းတွင် ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက လေ့ကျင့်မှုများပြုလုပ်နေသူဖြစ်ပြီး ပါရာနန်စီအသင်းအနေဖြင့် အက်ဒရီယာနို၏ခြေစွမ်းအပေါ် မူတည်၍ စာချုပ်သက်တမ်းကာလကို ထည့်သွင်းစဉ်းစားသွားမည်ဟုသိရသည်။

အက်ဒရီယာနိုက "ဘောလုံးလောကကို ပြန်လည်ဝင်ရောက်ခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အဲဒီအတွက် အများကြီးကြိုးစားအားထုတ်ခဲ့ရတာပါ။ ဂိုးတွေအများကြီး ပြန်လည်သွင်းယူနိုင်အောင် နောက်ထပ် ဆက်ပြီးကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

Photo: 1001Goal.com

ဘောလုံးလောကနှင့် (၂)နှစ်ကျော်ဝေးကွာနေရာမှ ပါရာနန်စီအသင်းနှင့်စာချုပ်ချုပ်ခဲ့သူ အက်ဒရီယာနို

အီရန်အမျိုးသမီးဘောလုံးအသင်းတွင် အမျိုးသားများပါဝင်ကစားနေ

လိင်စစ်ဆေးမှုများရှောင်တခင်ပြုလုပ်ရန် အီရန်ဘောလုံးအဖွဲ့ချုပ် ညွှန်ကြား

အီရန်အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းတွင် အမျိုးသားဘောလုံးသမား(၄)ဦးပါဝင်ကစားနေသည်ဟု စစ်ဆေးတွေ့ရှိခဲ့ရကြောင်း သိရသည်။ အဆိုပါအမျိုးသားဘောလုံးသမားများသည် လိင်ပြောင်းလဲခွဲစိတ်မှု ခံယူထားကြသူများဖြစ်သော်လည်း အပြည့်အဝ လိင်ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် လိင်စစ်ဆေးမှုတွင် ပေါ်ပေါက်ခဲ့ခြင်းလည်းဖြစ်သည်။

အီရန်နိုင်ငံသည် လိင်ပြောင်းလဲမှုအားဘာသာရေးအရ တားမြစ်ထားသော်လည်း ဥပဒေအရ တရားဝင်ခွင့်ပြုချက်ပေးထားသည်။ သို့ရာတွင် လိင်တူဆက်ဆံခြင်းကိုမူ ပြင်းထန်သည့်ဥပဒေများထုတ်ပြန်ကာ တားမြစ်ထားကြောင်းလည်း သိရသည်။ အီရန်အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတွင် အမျိုးသားများ ပါဝင်နေခြင်းနှင့်ပတ်သက်ပြီး အီရန်ဘောလုံးအဖွဲ့ချုပ် ဆေးအဖွဲ့ခေါင်းဆောင်ဖြစ်သူ အာမက်ဟာရီမိန်းက "သူတို့ဟာ လိင်ပြောင်းလဲခွဲစိတ်မှုတွေ ပြုလုပ်ပြီး အမျိုးသမီးအသင်းမှာ ပါဝင်ကစားနေပေမယ့် ပြီးပြည့်စုံတဲ့ပြောင်းလဲမှုတွေ မပြုလုပ်နိုင်သေးတာကြောင့် စစ်ဆေးဖော်ထုတ်နိုင်ခဲ့တာပါ"ဟု ပြည်တွင်းသတင်းဌာနတစ်ခုဖြစ်သော IRNA သို့ အတည်ပြုပြောကြားခဲ့သည်။ လိင်ပြောင်းလဲမှုအပြည့်အဝပြုလုပ်နိုင်ရန်အတွက် ဟော်မုန်းကုထုံးများ အပါအဝင် နှစ်နှစ်ခန့်အချိန်ယူဆောင်ရွက်ရခြင်းလည်းဖြစ်သည်။

အဆိုပါပြဿနာပေါ်ပေါက်လာပြီးနောက် အီရန်ဘောလုံးအဖွဲ့ချုပ်သည် အီရန်ပရော်ဖက်ရှင်နယ်အမျိုးသမီးလိဂ်ဖြစ်သော အီရန်အမျိုးသမီးပရီးမီးယားလိဂ်ပြိုင်ပွဲဝင် အသင်းများမှ အမျိုးသမီးဘောလုံးသမားများကို လိင်စစ်ဆေးမှုများရှောင်တခင်ပြုလုပ်ရန် ညွှန်ကြားချက်ပေးထားကြောင်း သိရသည်။ အီရန်နိုင်ငံသည် အမျိုးသမီးများ၏အခွင့်အရေးကို ဝိတ်ပင်သည့်နိုင်ငံဖြစ်သည့်အတွက် အမျိုးသားပြိုင်ပွဲများကို အမျိုးသမီးများဝင်ရောက်ကြည့်ရှုခွင့်မရှိသလို၊ အမျိုးသမီးဘောလုံးလိဂ်ပြိုင်ပွဲမှာလည်း ဖူဆယ်ပုံစံရုံတွင်းပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။

အီရန်အမျိုးသမီးဘောလုံးအသင်း၏ မှတ်တမ်းမှတ်ရာအချို့

စတင်တည်ထောင်သည့်နှစ် - ၂၀၀၅ ၊ လက်ရှိကမ္ဘာ့အဆင့်- ၅၃၊ အမြင့်ဆုံးကမ္ဘာ့အဆင့်- ၄၈(စက်တင်ဘာ ၂၀၀၈)၊ အနိမ့်ဆုံးကမ္ဘာ့အဆင့်-၁၄၄(ဒီဇင်ဘာ ၂၀၀၇)။

ပထမဆုံးနိုင်ငံတကာပွဲ - အီရန် ၅-၀ ဆီးရီးယား(စက်တင်ဘာ ၂၀၀၅)၊

အကြီးမားဆုံးနိုင်ပွဲ- အီရန် ၁၃-၀ ဆီးရီးယား(စက်တင်ဘာ ၂၀၀၇)၊ အကြီးမားဆုံးရှုံးပွဲ- ထိုင်း ၈-၁ အီရန် (ဇူလိုင် ၂၀၀၉)၊ အောင်မြင်မှုများ- ဒုတိယသုံးကြိမ်(အနောက်အာရှအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ)

Photo: Aljazeera.com

အမျိုးသားများ ပါဝင်ကစားနေသည်ဟု စစ်ဆေးတွေ့ရှိခဲ့ရသည့် အီရန်အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း

SHORT

❒ ယူအေအီးလူငယ်ကြယ်ပွင့် အဗ္ဗဒူရာမန်ကို ခေါ်ယူရန် အာဆင်နယ်၊ လီဗာပူးလ်၊ အဲဗာတန်၊ ဟားလ်စီးတီး၊ ဗီလာစသည့် ပရီးမီးယားလိဂ်အသင်းများမှ အပြိုင်စိတ်ဝင်စားနေကြကြောင်း သိရသည်။ အသက်(၂၂)နှစ်အရွယ်ရှိ အဗ္ဗဒူရာမန်ကို ပြီးခဲ့သည့်ရာသီက အာဆင်နယ်အသင်းမှ ခြေစွမ်းစမ်းသပ်ရန် ကြိုးစားခဲ့သော်လည်း ၎င်း၏ကလပ်အယ်လ်အိန်းအသင်းက ခွင့်မပြုခဲ့၍ မအောင်မြင်ခဲ့ပေ။

❒ AFC ချန်ပီယံလိဂ်ပြိုင်ပွဲဝင် ဝက်စ်တန်းဆစ်ဒနီအသင်းသည် ဩစတြေးလျနိုင်ငံအခြေစိုက်စီးပွားရေးကုမ္ပဏီတစ်ခုဖြစ်သည့် Visy နှင့် အကျီစပွန်ဆာစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။ စာချုပ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းမပြုခဲ့သော်လည်း ဝက်စ်တန်းဆစ်ဒနီအသင်း၏ AFC ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်များတွင် Visy စာတန်းပါအသင်းအကျီများကို ဝတ်ဆင်ကစားမည်ဖြစ်သည်။

❒ ဩစတြေးလျလက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအကြိုခြေစမ်းပွဲအဖြစ် အီကွေဒေါအသင်းနှင့် အင်္ဂလန်နိုင်ငံတွင် ခြေစမ်းကစားရန် စီစဉ်ထားကြောင်း သိရသည်။ အဆိုပါခြေစမ်းပွဲကို လာမည့်မတ်လ(၆)ရက်တွင် အင်္ဂလန်ချန်ပီယံရှစ်ကလပ်မီဝေါလ်အသင်းအိမ်ကွင်း The Den တွင် ကစားမည်ဖြစ်ကြောင်း ဩစတြေးလျဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

❒ အေလိဂ်ကလပ် မဲလ်ဘုန်းဗစ်ထရီအသင်း၏ ဝါရင့်နောက်ခံလူအက်ဒရီယန်လီယာသည် မျက်နှာတွင် ပြင်းထန်စွာထိခိုက်မိသောကြောင့် တစ်လခန့် အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။ လီယာသည် စင်ထရယ်ကို့စ်အသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်၌ ပြိုင်ဘက်အသင်းတိုက်စစ်မှူးမက်ဆီမွန်နှင့်ထိခိုက်မိကာ မျက်ခွံ့ရိုး၊ နှာခေါင်း၊ မေးရိုးကျိုးဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝါရင့်ကွင်းလယ်လူဒီယာမန်တီကို ကွမ်ကျိုးအဲဗားဂရင်းအသင်း ခေါ်ယူ

တရုတ်စူပါလိဂ်ထိပ်သီးကလပ် ကွမ်ကျိုးအဲဗားဂရင်းအသင်းသည် ဘိုလော့ဂ်နာအသင်းမှ ဝါရင့်ကွင်းလယ်လူဒီယာမန်တီအား ခေါ်ယူလိုက်ကြောင်း ထုတ်ပြန်ခဲ့သည်။ အသက်(၃၀)နှစ်အရွယ်ရှိ အီတလီလက်ရွေးစင်ဟောင်းဒီယာမန်တီသည် ဗီအိုရင်တီးနား၊ လီဗော်နို၊ ဝက်စ်ဟမ်း၊ ဘရက်စီယာအသင်းများတွင် ကစားခဲ့ဖူးသည့်အတွေ့အကြုံရင့်ကွင်းလယ်လူတစ်ဦးဖြစ်ပြီး ၎င်း၏ပြောင်းရွှေ့ကြေးကိုမူ ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိခဲ့ပေ။

ရော်လ်ကာနောက်ခံလူအူချီဒါ ဒဏ်ရာကြောင့် ချန်ပီယံလိဂ် လွဲချော်ဖွယ်ရှိနေ

ရော်လ်ကာအသင်း၏ ဂျပန်လက်ရွေးစင်ညာနောက်ခံလူအူချီဒါသည် ပေါင်ဒဏ်ရာကြောင့် ရက်သတ္တပတ်(၃)ပတ်ခန့် အနားယူရဖွယ်ရှိနေကြောင်း သိရသည်။ အူချီဒါသည် ယင်းဒဏ်ရာအား ဟန်နိုဗာအသင်းကို အနိုင်ရရှိသည့်ပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီလကုန်အထိ အနားယူရဖွယ်ရှိသောကြောင့် ရီးယဲယ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ရှုံးထွက်အဆင့်ပထမအကျော့ကို လွဲချော်ဖွယ်ရှိနေသည်။

၂၀၁၃-၁၄ ရာသီ ဥရောပထိပ်တန်းလိဂ်များရှိ အာရှဘောလုံးသမားများ ထဲမှ ဂိုးအများဆုံးသွင်းသူစာရင်းတွင် အိုကာဇာကီ ဦးဆောင်

၂၀၁၃-၁၄ ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်များရှိ အာရှဘောလုံးသမားများထဲမှ ဂိုးအများဆုံးသွင်းသူစာရင်းတွင် ဘွန်ဒစ်လီဂါကလပ်မိန်နဇ်အသင်းမှ ဂျပန်တိုက်စစ်မှူးအိုကာဇာကီက ထိပ်ဆုံးတွင် ဦးဆောင်နေကြောင်း သိရသည်။ အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ထုတ်ပြန်သည့်မှတ်တမ်းများအရ ၂၀၁၃-၁၄ ဘောလုံးရာသီ၏ ဥရောပထိပ်တန်းလိဂ်များရှိ အာရှကစားသမားများထဲမှ ဂိုးအများဆုံးသွင်းသူစာရင်းထိပ်ဆုံး(၅)ဦးတွင် ဂျပန်ကစားသမားများက (၃)ဦးဖြင့် အများဆုံးရှိနေပြီး တောင်ကိုရီးယားကစားသမား(၂)ဦး ပါဝင်ခဲ့သည်။

ထိပ်ဆုံးမှ ဦးဆောင်ခဲ့သူ ဂျပန်လက်ရွေးစင်တိုက်စစ်မှူးအိုကာဇာကီသည် ယခုရာသီ၌ မိန်နဇ်အသင်းအတွက် လိဂ်ပွဲ(၁၉)ပွဲတွင် (၉)ဂိုးအထိ သွင်းယူပေးထားနိုင်သည်။ ဒုတိယနေရာတွင် ရှိနေသူမှာ လေဗာကူဆင်အသင်း၏ တောင်ကိုရီးယားတိုက်စစ်မှူးဆွန်ဟောင်မင်ဖြစ်ပြီး လိဂ်ဂိုး(၈)ဂိုး သွင်းယူပေးထားသည်။ ဂျပန်လက်ရွေးစင်ကစားသမားများဖြစ်သော အင်တာမီလန်တောင်ပံကစားသမားနာဂါတိုမိုနှင့် ဟော်လန်ကလပ်ဗီတက်ဆီ အသင်းမှ တိုက်စစ်မှူးဟာဗန်နားတို့က သွင်းဂိုး(၅)ဂိုးစီဖြင့် တတိယနေရာတွင် ရှိနေကြသည်။ ဆန်းဒါးလန်းအသင်း၏ တောင်ကိုရီးယားကွင်းလယ်လူကီဆန်ယောင်းက သွင်းဂိုး (၂)ဂိုးဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်နေသည်။

ဥရောပထိပ်တန်းလိဂ်များ၏ ဒုတိယတန်းပြိုင်ပွဲများတွင်မူ ဘွန်ဒစ်လီဂါ(၂)ကလပ်ဖရန့်ဖတ်အသင်း၏ဩစတြေးလျတိုက်စစ်မှူးမက်သယူးလက်ကီက သွင်းဂိုး(၆)ဂိုးဖြင့် ထိပ်ဆုံးတွင် ရှိနေသည်။

ရွှေရဲမွန် ဟိုတယ်
Shwe Yè Mon Hotel
"လုံခြုံစိတ်ချ၍ စိတ်ငြိမ်အေးချမ်းပြီး ဝုဏ်သိက္ခာရှိစွာ တည်းခိုလိုသော ဧည့်သည်တော်များအတွက် ရွှေရဲမွန်ဟိုတယ် အသစ်ကြီးတွင် ဈေးနှုန်းချိုသာစွာဖြင့် စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ပါပြီ"





၅၃ - လမ်း၊ ၃၈ × ၃၉ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
Tel; 02-77542, 77162 09-250533331, 250533339
email : shweyemonhotel@gmail.com web : www.shweyemonhotel.com

Premier Eleven Sports Journal Vol:11 No.25 16, February, 2014

Fed Cup တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ အီတလီ၊ ချက်၊ ဂျာမနီနှင့် ဩစတြေးလျအသင်းများတက်ရောက်

၂၀၁၄ Fed Cup အမျိုးသမီးအသင်းလိုက်တင်းနစ်ပြိုင်ပွဲ ပထမအဆင့်(ကွာတားဖိုင်နယ်)ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ပြီး လက်ရှိချန်ပီယံ အီတလီ၊ ချက်၊ ဂျာမနီနှင့် ဩစတြေးလျအသင်းများ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း AFP သတင်းဌာနက ဖော်ပြခဲ့သည်။

နောက်ဆုံး(၅)နှစ်တွင် (၃)ကြိမ်အထိ ဗိုလ်စွဲထားခဲ့သည့် အီတလီအသင်းတွင် နာမည်ကြီးများဖြစ်သည့် ရိုယာဗိုနီ၊ ပန်နက်တာနှင့် ဗင်ချီတို့မပါဝင်ခဲ့သော်လည်း အမေရိကန်မြေတွင်ပင် အိမ်ရှင်အသင်းကို (၃-၀)ပွဲဖြင့် အပြတ်အသတ်ဦးဆောင်ခဲ့ပြီး (၃-၁)ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ စပိန်မြေတွင်ကစားခဲ့သည့် ချက်အသင်းနှင့် စပိန်အသင်းတို့ပွဲမှာ စနေနေ့တွင် တစ်ဦးချင်းပွဲစဉ်တစ်ပွဲကစားပြီးနောက် မိုးရွာသွန်းမှုကြောင့် လက်ကျန်ပွဲစဉ်အားလုံးကို တနင်္လာနေ့တွင်မှ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ပွဲမှာ အကြိတ်အနယ်ဖြစ်ခဲ့ပြီး ၂၀၁၁နှင့် ၂၀၁၂ ခုနှစ်များတွင်ဗိုလ်စွဲထားခဲ့သည့် ချက်အသင်းမှာ နောက်ဆုံးနှစ်ယောက်တွဲပွဲစဉ်အဆုံးအဖြတ်တွင် အနိုင်ယူကာ စပိန်အသင်းကို (၃-၂)ပွဲဖြင့်အနိုင်ရရှိခဲ့သည်။ ဩစတြေးလျအသင်းမှာ အိမ်ကွင်းတွင် နာမည်ကြီးတင်းနစ်မယ်များမပါဝင်သည့် ရုရှားအသင်းကို (၄-၀)ပွဲဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ ဩစတြေးလျအသင်းတွင် ၂၀၁၁ ယူအက်စ်အိုးပင်းချန်ပီယံ စတိုဆာဦးဆောင်ကစားခဲ့ပြီး အသင်းအနေဖြင့် (၂၁)နှစ်အတွင်း ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ပက်ကိုဗစ်၊ အန်ဂျယ်လီကာဘာတို့ပါဝင်သည့် ဂျာမနီအသင်းက ဟန်တူခိုဗာ၊ စီဘူလ်ကိုဗာတို့ပါဝင်သည့် ဆလိုဗက်ကီးယားအသင်းကို အဝေးကွင်းတွင်ပင် (၃-၁)ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ Fed Cup ဆုဖလားကို ၁၉၉၂ခုနှစ်က နောက်ဆုံးအကြိမ် ရရှိထားခဲ့သည့် ဂျာမနီအသင်းမှာ ၁၉၉၅ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်အဆင့်သို့ ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

Photo : AFP

အဆုံးအဖြတ်နှစ်ယောက်တွဲပွဲစဉ်တွင် အနိုင်ရခဲ့သည့် ချက်တင်းနစ်မယ်များ

၂၀၁၄ Fed Cup ပြိုင်ပွဲမှာ (၅၂)ကြိမ်မြောက်အဖြစ် ကျင်းပသည့်ပြိုင်ပွဲဖြစ်ပြီး ယခုနှစ် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့သည့် (၄)သင်းစလုံးမှာ ချန်ပီယံဆုဖလားကို အနည်းဆုံး(၂)ကြိမ်စီရယူထားနိုင်ခဲ့ကြသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် အီတလီနှင့် ချက်၊ ဂျာမနီနှင့် ဩစတြေးလျအသင်းများ တွေ့ဆုံလျက်ရှိနေပြီး ယင်းပွဲစဉ်များကို လာမည့်ဧပြီလ(၁၉)နှင့် (၂၀)ရက်နေ့များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ATP Tour ပွဲစဉ်များတွင် မွန်ဖေးလ်၊ စီလစ်နှင့် ဖော့ဂ်နီနီတို့ အသီးသီးဗိုလ်စွဲခဲ့

ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် Sud Open ပြိုင်ပွဲတွင် အိမ်ရှင်တင်းနစ်သမား မွန်ဖေးလ်က တစ်နိုင်ငံတည်းသား ဂတ်စ်ကေးကို ၆-၄၊ ၆-၄ဖြင့်လည်းကောင်း၊ ခရိုအေးရှားနိုင်ငံတွင်ကျင်းပခဲ့သည့် PBZ Zagreb Indoors ပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံသား မာရင်စီလစ်က ဂျာမနီမှ တွမ်မီဟတ်စ်ကို ၆-၃၊ ၆-၄ဖြင့်လည်းကောင်း၊ ချီလီနိုင်ငံတွင် ကျင်းပခဲ့သည့် Royal Guard Open ပြိုင်ပွဲတွင် အီတလီမှ ဖော့ဂ်နီနီက အာဂျင်တီးနားမှ လီယိုနာဒိုမေယာကို ၆-၂၊ ၆-၄ဖြင့်လည်းကောင်း အသီးသီးဗိုလ်စွဲခဲ့ကြကြောင်း သိရသည်။

Scottish Open တွင် မက်အီရွိုင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ကမ္ဘာ့အဆင့်(၆)အထိ ကျဆင်းခဲ့ရသည့် မြောက်အိုင်ယာလန်ဂေါက်သီးသမား မက်အီရွိုင်းသည် လာမည့်ဇူလိုင်(၁၀)ရက်နေ့မှ (၁၃)ရက်နေ့အထိကျင်းပမည့် Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ မက်အီရွိုင်းအနေဖြင့် ယမန်နှစ်က ဖီးလ်မစ်ကယ်လ်ဆင် ယင်းပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက် British Open ချန်ပီယံဆုကိုရရှိခဲ့သည့်စွမ်းဆောင်မှုမျိုး ရယူရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

အိန္ဒိယအိုလံပစ်ကော်မတီအား အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းထားမှုကို IOC ရုပ်သိမ်းခဲ့

(၁၄)လကြာအဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းခံထားရသည့် အိန္ဒိယအိုလံပစ်ကော်မတီအား ပြစ်ဒဏ်ချမှတ်ထားမှုကို IOC ပြန်လည်ပယ်ဖျက်ပေးခဲ့ကြောင်း သိရသည်။ အဖွဲ့အစည်းအတွင်းမှ ခြစားမှုပြဿနာများကြောင့် IOC မှ အရေးယူခဲ့ခြင်းဖြစ်ပြီး ဆိုချီအိုလံပစ်ပြိုင်ပွဲဝင် အိန္ဒိယအားကစားသမားများအနေဖြင့် နိုင်ငံအလံအောက်တွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် လော်ရန်ဇိုနှင့် ဟွန်ဒါအသင်း ဆွေးနွေးသွားဖွယ်ရှိနေ

MotoGP ပြိုင်ပွဲဝင် ဟွန်ဒါအသင်းသည် ယခုနှစ်အကုန်တွင် ယမဟာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် စပိန်ဆိုင်ကယ်သမား ဂျော့ချ်လော်ရန်ဇိုအား ခေါ်ယူရန်ဆွေးနွေးသွားဖွယ်ရှိနေသည်။ ဟွန်ဒါအသင်းအနေဖြင့် အနာဂတ်တွင် မက်မားကွက်ဇ်နှင့် လော်ရန်ဇိုတို့ကို အတူပြိုင်ပွဲဝင်ရန် ဆန္ဒရှိနေကြောင်း သတင်းများကဖော်ပြခဲ့သည်။

နိုင်ငံရေးပြဿနာများကြောင့် အိုလံပစ်အိမ်ရှင်အခွင့်အရေးကို ထိခိုက်မည်မဟုတ်ဟု ဆာဂျီဘူကာဆို

ယူကရိန်းနာမည်ကြီးတုတ်ထောက်ခုန်သမားဟောင်းနှင့် ယူကရိန်းအိုလံပစ်ကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ ဆာဂျီဘူကာက နိုင်ငံတဝှမ်း ဆန္ဒပြပွဲများကြောင့် ၂၀၂၂ ဆောင်းရာသီအိုလံပစ် အိမ်ရှင်အခွင့်အရေးကို ထိခိုက်စေမည်မဟုတ်ဟုပြောကြားခဲ့သည်။ ယူကရိန်းရှိ Lviv မြို့သည် ၂၀၂၂ အိုလံပစ်အိမ်ရှင်အဖြစ် ဝင်ရောက်ရွေးချယ်ခံသွားမည်ဖြစ်သည်။

နိုင်ငံခြားသားအလုပ်သမားများ အိုလံပစ်လုပ်ငန်းခွင်တွင် လစာမရရှိခဲ့မှုများအား IOC စစ်ဆေးမည်

နိုင်ငံတကာအိုလံပစ်ကော်မတီ(IOC)သည် ကျင်းပလျက်ရှိသည့် ၂၀၁၄ ဆိုချီဆောင်းရာသီအိုလံပစ်ပြိုင်ပွဲအတွက် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် နိုင်ငံခြားသားအလုပ်သမားများ လစာငွေမရှိခဲ့မှုအပေါ် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။ IOCသည် လူ့အခွင့်အရေးအဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီး လစာငွေမရှိခဲ့သည့် အလုပ်သမား(၂၀၀)ကျော်ပါ စာရင်းကိုလည်း ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

IN-BRIEF

❒ တရုတ်တင်းနစ်မယ် လီနာက ဩစတြေးလျအိုးပင်းချန်ပီယံဆု ရယူနိုင်ခဲ့သည့် လက်စွမ်းထက် ပိုမိုကောင်းမွန်သည့်စွမ်းဆောင်မှုမျိုး ရနိုင်သေးကြောင်း ကြုံးဝါးခဲ့သည်။

❒ တောင်အာဖရိကနိုင်ငံတွင် ကျင်းပခဲ့သည့် Joburg Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံသား ဂျော့ချ်ကိုဇီးက ပထမဆုံးEuropean Tour ဆုဖလား ရရှိခဲ့သည်။

❒ ယခုနှစ်တွင် ပထမဆုံးအကြိမ် ညပိုင်းတွင်ကျင်းပမည့် ဘာရိန်းဂရင်းပရီဖော်မြူလာဝမ်းပွဲစဉ်ကို ညနေ(၆)နာရီတွင် စတင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

❒ ဇင်ဘာဘွေလက်ရွေးစင်ခရစ်ကတ်သမားများသည် လစာငွေနှင့် အပိုဆုကြေးများ မရရှိခဲ့မှုကြောင့် နိုင်ငံအသင်း ကိုယ်စားပြုမကစားဘဲ သပိတ်မှောက်ခဲ့သည်။

❒ ခရိုအေးရှားနာမည်ကြီး အမြင့်ခုန်မယ် ဘလန်ကာဗလာဆစ်သည် ခြေချင်းဝတ်ဒဏ်ရာကြောင့် (၇)လကြာအနားယူခဲ့ရပြီးနောက် ပြိုင်ပွဲပြန်ဝင်နိုင်တော့မည်ဖြစ်သည်။

❒ ကင်ညာအစိုးရသည် ကမ္ဘာ့တားမြစ်ဆေးတိုက်ဖျက်ရေးအေဂျင်စီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် တားမြစ်ဆေးစစ်ဆေးမှုတွင် ရန်ပုံငွေတိုးမြှင့်ပေးရန် သဘောတူခဲ့သည်။

❒ ၂၀၂၀ တိုကျိုနွေရာသီအိုလံပစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ယိုရှီရိုမော်ရီက ၂၀၁၄ ဆိုချီအိုလံပစ်ဖွင့်ပွဲသည် ၎င်းတို့ကို စိတ်အားထက်သန်စေကြောင်း ဆိုခဲ့သည်။

AT & T Pebble Beach ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံ ဂျင်မီဝေါ်လ်ကာ ယခုနှစ်အတွင်း(၃)ကြိမ်မြောက်ဆုဖလားရယူ

အမေရိကန်ဂေါက်သီးသမား ဂျင်မီဝေါ်လ်ကာသည် AT & T Pebble Beach National Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက် ၂၀၁၄ PGA Tour ရာသီတွင် တတိယအကြိမ်မြောက်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဂျင်မီဝေါ်လ်ကာသည် ယင်းပြိုင်ပွဲ နောက်ဆုံးနေ့တွင် နှစ်ချက်ပိုရိုက်ခဲ့သော်လည်း (၄)ရက်ပေါင်းတွင်မှ (၁၂)ချက်လျော့ရိုက်ကာ စုစုပေါင်း (၂၇၆)ချက်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဂျင်မီဝေါ်လ်ကာသည် ယခုနှစ်ရာသီအတွင်း Frys.com နှင့် Sony Open ပြိုင်ပွဲများတွင် ဗိုလ်စွဲနိုင်ခဲ့ပြီး ပွဲစဉ်(၈)ပွဲတွင် (၃)ပွဲအထိ အနိုင်ရရှိထားခဲ့သည်။

Photo : AFP

ယခုပြိုင်ပွဲတွင် (၂)ကြိမ်ဗိုလ်စွဲထားခဲ့သည့် ဒပ်စတင်ဂျွန်ဆင်မှာ တစ်ချက်အကွာဖြင့် ဂျင်းရန်နားနှင့်အတူ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ပြီး ရော်ဒန်စပိသ်နှင့် ကီဗင်နာတို့က သုံးချက်အကွာစီဖြင့် အဆင့်(၄)နေရာ ရရှိခဲ့ကြသည်။ ယခုနှစ်ပြိုင်ပွဲသို့ တိုက်ဂါးဝုဒ်နှင့် မက်အီရွိုင်းတို့မှအပ နာမည်ကြီးဂေါက်သီးသမားအများစု ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကမ္ဘာ့နံပါတ်(၄) ဖီးလ်မစ်ကယ်လ်ဆင်မှာမူ (၄)ချက်လျော့သာ ရိုက်နိုင်ခဲ့ကာ အဆင့်(၁၉)နေရာတွင် ရပ်တည်ခဲ့သည်။

တစ်ပတ်အတွင်းကြည့်ရှုရမည့်အားကစားပြိုင်ပွဲများ

ဂေါက်သီး

PGA Tour ပွဲစဉ်ဖြစ်သည့် Northern Trust Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ(၁၃)ရက်နေ့မှ (၁၆)ရက်နေ့အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ (၂၉၀ TSP5 မှ မြန်မာစံတော်ချိန်နံနက် အစောပိုင်းတွင် တိုက်ရိုက်ပြသမည်ဖြစ်သည်။)

တင်းနစ်

ATP Tour ပြိုင်ပွဲ(၃)ပွဲနှင့် WTA Tour ပြိုင်ပွဲ(၂)ပွဲကို ဖေဖော်ဝါရီ(၁၀)ရက်နေ့မှ ဖေဖော်ဝါရီ(၁၆)ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ (၂၉၀ TSP4 ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသဖွယ်ရှိသည်။)

ဘတ်စကတ်ဘော

၂၀၁၃-၁၄ ရာသီ အမေရိကန်ပရိုဘတ်စကတ်ဘောလိဂ် (NBA) ပြိုင်ပွဲ၏ ပုံမှန်ရာသီပွဲစဉ်များကိုယှဉ်ပြိုင်ကစားလျက်ရှိသည်။ (၂၉၀ TSP3 ရုပ်သံလိုင်းမှ မြန်မာစံတော်ချိန် နံနက်ပိုင်းအချိန်များတွင် တိုက်ရိုက်ပြသလျက်ရှိသည်။)

အိုလံပစ်

(၂၂)ကြိမ်မြောက်အဖြစ်ကျင်းပသည့် ၂၀၁၄ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ရုရှားနိုင်ငံ၊ ဆိုချီမြို့တွင် ဖေဖော်ဝါရီလ(၇)ရက်နေ့မှစတင်ကျင်းပလျက်ရှိပြီး လာမည့် ဖေဖော်ဝါရီလ(၂၃)ရက်နေ့အထိကျင်းပသွားမည်ဖြစ်သည်။)

အရေးကြော့ဒုံ့ဖို့မှ ဘယ်သူလဲ?

ဆက်ပိုင်

Photos : AFP

ပြီးခဲ့တဲ့နှစ် ၂၀၁၂-၁၃ ရာသီပရီးမီးယားလိဂ်မှာ နည်းပြအပြောင်းအလဲစုစုပေါင်း(၇)ဦးထိဖြစ်ပေါ်ခဲ့တယ်။ အဲဒီ(၇)ဦးထဲမှာ ဖာဂူဆန်တစ်ယောက်ပဲ အနားယူခဲ့တာဖြစ်ပြီး ကျန်(၆)ဦးကတော့ သက်ဆိုင်ရာကလပ်အသင်းအသီးသီးကနေထုတ်ပယ်ခံခဲ့ရသူတွေဖြစ်ပါတယ်။ ပထမဆုံးထုတ်ပယ်ခံရသူက ဒီမတ်တီယို၊ နောက်(၄၈)နာရီအကြာမှာပဲ QPR နည်းပြ မာ့ခ်ဟူးချ်၊ အဲဒီနောက် ဆောက်သမ်တန်နည်းပြ နီဂျယ်အက်ကင်စ်။ မတ်လလောက်အရောက်မှာ ရက်ဒင်းနည်းပြ ဘရိုင်ယန်မက်ဒါမော့၊ မတ်လကုန်ခါနီးမှာပဲ ဆန်းဒါးလန်းနည်းပြမာတင်အိုနေးလ်တို့ ဆက်တိုက်ဆိုသလိုထုတ်ပယ်ခံခဲ့ရတယ်။ ရာသီကုန်ခါနီးမှာ မန်ယူနည်းပြဖာဂူဆန်အနားယူကြောင်းကြေညာခဲ့တယ်။ ရာသီကုန်ပြီး နောက်ပိုင်း မေလ(၁၃)ရက်နေ့မှာမန်စီးတီးအသင်းက မန်စီနီကို ထပ်မံထုတ်ပယ်လိုက်တယ်။ ဒါကြောင့် တစ်ရာသီလုံးမှာမှ ထုတ်ပယ်ခံရတဲ့နည်းပြက(၆)ဦးပဲရှိခဲ့တာဖြစ်ပါတယ်။

ပိုဆိုးလာတဲ့ ၂၀၁၃-၁၄

အခုနှစ်ရာသီမှာတော့ ပရီးမီးယားလိဂ်ရာသီတစ်ဝက်ကျိုးချိန်ကာလမှာတင် ထုတ်ပယ်ခံရတဲ့နည်းပြ(၇)ဦးအထိရှိသွားပါပြီ။ ပထမဆုံးအားတားခံဖြစ်ခဲ့ရသူကတော့ မာတင်အိုနေးလ်အစားဆန်းဒါးလန်းအသင်းကိုတာဝန်ယူခဲ့တဲ့ ဒီကာနီယိုပါပဲ။ နောက်တစ်လအကြာ အောက်တိုဘာလမှာပဲ ခရစ္စတယ်ပဲလေ့စ်နည်းပြ ဟော်လိုဝေးထုတ်ပယ်ခံရတယ်။ အဆိုးဆုံးလကတော့ ဒီဇင်ဘာလဖြစ်ပြီး အဲဒီလအတွင်းမှာဖူလ်ဟမ်နည်းပြမာတင်ဂျိုးလ်၊ ဝက်စ်ဘရွန်းနည်းပြ စတိဗ်ကလက်ခ်၊ စပါးနည်းပြ ဘိုအက်ရှ် ကာဒစ်ဖ်နည်းပြမက်ကေးတို့ ဆက်တိုက်ဆိုသလိုထုတ်ပယ်ခံခဲ့ရတယ်။ အခုနောက်ဆုံး ဆွမ်ဆီးနည်းပြ လောဒရပ်က အခုနှစ်ရာသီ(၇)ဦးမြောက်နည်းပြအဖြစ်ထုတ်ပယ်ခံခဲ့ရတယ်။ ရာသီပြီးဆုံးဖို့လိုသေးပေမယ့်လည်း မနှစ်ကထက်တောင်ပိုပြီးနည်းပြတွေအတွက် ဖိအားများလာခဲ့တဲ့နှစ်ဖြစ်လာတယ်။ အသင်းပိုင်ရှင်တွေအနေနဲ့လည်း အသင်းရဲ့ရလဒ်ဆိုးရွားလာပြီဆိုတာနဲ့နည်းပြကို ထုတ်ပယ်ဖို့စဉ်းစားလာတဲ့အစဉ်အလာတစ်ခုကို ပရီးမီးယားလိဂ်မှာမြင်တွေ့နေရပါပြီ။ စပါးအသင်းဥက္ကဋ္ဌလီဗိုင်းဆိုရင် ဘိုအက်ရှ်အတွက် ရာသီအစမှာပေါင်သန်း(၁၀၀)ကျော်သုံးစွဲခွင့်ပြုခဲ့တယ်။ ဘိုအက်ရှ်လိုအပ်တာကို၊ လိုချင်တာကိုဖြည့်ဆည်းပေးခဲ့တယ်။ ဒါပေမဲ့ ရလဒ်မကောင်းတဲ့အချိန်ရောက်ရင်လည်း ထုတ်ပယ်ဖို့ဝန်မလေးခဲ့ဘူး။ ကာဒစ်ဖ်နည်းပြမက်ကေးကိုအသင်းပရိသတ်တွေက တောက်လျှောက်ထောက်ခံအားပေးခဲ့တယ်။ ပရီးမီးယားလိဂ်ကိုရောက်အောင်ပို့ပေးခဲ့တဲ့ နည်းပြကိုလည်း ရလဒ်တွေဆိုးရွားလို့ဆိုတဲ့အကြောင်းပြချက်နဲ့ အသင်းပိုင်ရှင် ဗင်ဆင့်တန်က ထုတ်ပယ်ခဲ့တယ်။ ဒီလိုအချိန်မှာ ဘယ်အသင်းပရိသတ်မျက်နှာကိုမှကြည့်မနေခဲ့ဘူး။ ဆွမ်ဆီးနည်းပြမိုက်ကယ်လောဒရပ်ဆိုရင်လည်း မနှစ်ကရာသီမှာ လိဂ်ဖလားရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သူပါ။ ဒါပေမဲ့ အသင်းနိုင်ပွဲတွေနည်းပါးလာပြီဆိုတာနဲ့ ထုတ်ပယ်ပစ်ခဲ့တယ်။ ဒါတွေကိုကြည့်ရင် အသင်းပိုင်ရှင်တွေအနေနဲ့လည်း အတိတ်ကအောင်မြင်မှုတွေနဲ့မတိုင်းတာဘဲ အခုလက်ရှိစွမ်းဆောင်ရည်အပေါ်မှာသာမူတည်ဆုံးဖြတ်လာသူတွေဖြစ်လာခဲ့တယ်။

ဘယ်သူတွေဖြစ်လာဦးမှာလဲ

ဒီလိုအခြေအနေတွေဖြစ်လာတော့ လက်ရှိပရီးမီးယားလိဂ်နည်းပြတိုင်းရဲ့ထိုင်ခုံကလှုပ်ခတ်လာတယ်။ မန်စီနီလို မန်စီးတီးအတွက်ဆုဖလားတွေယူပေးခဲ့တဲ့နည်းပြတောင်မှ ထုတ်ပယ်ခံခဲ့ရတာ တခြားနည်းပြတွေဒီလိုဖြစ်လာတာ မထူးဆန်းပါဘူး။ ကျန်တဲ့ရာသီဝက်မှာရော ဘယ်အသင်းနည်းပြတွေအထုတ်ခံရနိုင်မလဲ၊ အခုချိန်မှာထုတ်ပယ်ခံရဖို့ ရေပန်းစားနေတဲ့နည်းပြတွေကိုစာရင်းပြုစုလိုက်ရင် ဖူလ်ဟမ်နည်းပြ မူလန်စတင်၊ နောဝစ်ချ်နည်းပြ ခရစ္စဟောက်တန်၊ အက်စတွန်ဗီလာနည်းပြ ပေါလ်လမ်ဘတ်တို့က ထိပ်ဆုံးကရေပန်းစားနေသူတွေဖြစ်လာပါတယ်။ မန်ယူအသင်းနည်းပြ မိုယက်စ်တောင်ရေပန်းစားမှုမှာ အဆင့်(၆)နေရာမှာရပ်တည်နေခဲ့တာပါ။ နည်းပြတိုင်းကလည်း အသင်းရလဒ်ကောင်းဖို့ပဲ ရှေးရှုကြသူတွေပါ။ ဘယ်အသင်းနည်းပြကမှ အသင်းကျရှုံးအောင်လုပ်မယ့်သူတွေမဟုတ်ပါဘူး။ အကြောင်းအမျိုးမျိုးကြောင့်သာထုတ်ပယ်ခံရတာဖြစ်တဲ့အတွက် ရာသီမကုန်ခင်မှာရော ပရီးမီးယားလိဂ်ဘယ်နည်းပြတွေထပ်အထုတ်ခံရဦးမလဲဆိုတာကလည်း စိတ်ဝင်စားစရာအကြောင်းအရာတစ်ခု ဖြစ်လာခဲ့ပါပြီ။

ပရီးမီးယားလိဂ်နောက်ဆုံး(၁၀)ပွဲမှာ (၁)ပွဲသာအနိုင်ရရှိထားတဲ့ဝက်စ်ဘရွန်းအသင်းကို ပွဲကိုင်ပေးနေတာက ရီးယဲလ်ဘက်တစ်နည်းပြဟောင်း ပီပီမဲလ်ပဲဖြစ်ပါတယ်။ နည်းပြဟောင်းစတိဗ်ကလက်ခ်လက်ထက်က ယိုင်နဲ့နေတဲ့အနေအထားကို ပီပီမဲလ်ပြန်လည်တည့်မတ်အောင်ကြိုးစားနေချိန်မှာ လူငယ်ကစားသမားတချို့ကို နေရာပေးပွဲထုတ်လာတာကိုမြင်တွေ့ခဲ့ရပါတယ်။ ဒီထဲမှာ အက်စ်ပန်ညိုကခေါ်ယူထားတဲ့ ဘီဖူမာနဲ့ ဘီရာဟီနိုတို့ကိုအခုနောက်ပိုင်းပွဲတိုင်းလိုလို သုံးစွဲလာနေပြီဖြစ်ပါတယ်...

နည်းပြပီပီမဲလ် ယုံကြည်စွာပွဲထုတ်လာတဲ့ ဘီရာဟီနိုနဲ့ ဘီဖူမာ

ဘီရာဟီနို

Photo : AFP

နည်းပြစတိဗ်ကလက်ခ်လက်ထက်မှာ အရန်ကစားသမားတစ်ဦးအဖြစ်သာ ကစားပေးနေရတဲ့ အင်္ဂလန်ကြယ်ပွင့် ဘီရာဟီနိုဆိုသူလည်း အခုနည်းပြသစ် ပီပီမဲလ်လက်ထက်မှာတော့ ပွဲထွက်ကစားသမားတစ်ယောက်အဖြစ်ကစားပေးနေရပါပြီ။ သူ့ရဲ့ပထမဆုံးပရီးမီးယားလိဂ်သွင်းဂိုးကို အိုးလ်ထရက်ဖို့ဒ်မှာ မန်ယူကို(၂-၁)ဂိုးနဲ့ အနိုင်ရခဲ့တဲ့ပွဲမှာ အနိုင်ဂိုးသွင်းယူပေးခဲ့သူလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာပဲ ဝက်စ်ဘရွန်းအသင်းနဲ့စာချုပ်သက်တမ်းတိုးခဲ့တာကြောင့် ဘီရာဟီနိုဟာ ၂၀၁၇ ခုနှစ်အထိရှိနေမှာဖြစ်ပါတယ်။ ဘီရာဟီနိုဟာ တိုက်စစ်မှူးတစ်ဦးဆိုပေမယ့် လည်းသူတကယ်ကစားတဲ့နေရာက ကွင်းလယ်ဘယ်၊ ညာတောင်ပံနေရာတွေပဲဖြစ်ပါတယ်။ စတိဗ်ကလက်ခ်လက်ထက်မှာရော၊ အခု ပီပီမဲလ်လက်ထက်မှာရော ဘီရာဟီနိုဟာ တိုက်စစ်မှူးနေရာထက် တောင်ပံနေရာတွေမှာသာကစားစေခဲ့တာပါ။ အင်္ဂလန်သက်တမ်းအလိုက် အသင်းတွေမှာလည်း တောက်လျှောက်ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး လက်ရှိအချိန်မှာတော့ အင်္ဂလန်ယူ-၂၁ အသင်းသားတစ်ယောက်ဖြစ်ပါတယ်။ အင်္ဂလန်နည်းပြ ရွိုင်းဟော့ဒ်ဆန်ရဲ့ ဦးစားပေးကစားသမားစာရင်းထဲမှာတစ်ယောက်အပါအဝင်ဖြစ်နေသူပါ။ လက်ရှိအချိန်မှာ ဝက်စ်ဘရွန်းအသင်းဟာ တန်းဆင်းဇုန်အန္တရာယ်နဲ့ရင်ဆိုင်နေရပါပြီ။ ဒါပေမဲ့ ချယ်လ်ဆီး၊ လီဗာပူးလ်တို့လိုအသင်းတွေကို အိမ်ကွင်းမှာမရှုံးအောင်ကစားထားနိုင်ခဲ့ပါတယ်။ နည်းပြသစ်ပီပီမဲလ်ကလည်း လူငယ်ကစားသမားတွေကို ပိုပြီးအားပြုကစားလာပါတယ်။ ဒီလိုအနေအထားမျိုးမှာ ဘီရာဟီနို၊ အသင်းဖော် ဘီဖူမာတို့လိုလူငယ်ကစားသမားတွေကိုတစ်ပြိုင်နက်ပွဲထုတ်သုံးစွဲလာနေပါပြီ။ ဝက်စ်ဘရွန်းအသင်းတန်းဆင်းဇုန်ကလွတ်မြောက်ဖို့၊ ပရီးမီးယားလိဂ်မှာ ဆက်လက်ရှင်သန်ဖို့အတွက် ဘီရာဟီနိုတစ်ယောက် ကယ်တင်နိုင်မလား ဆိုတာ...။

ဘီရာဟီနို(Fact Box)

အမည်ရင်း	ဆိုင်ဒိုဘီရာဟီနို
မွေးသက္ကရာဇ်	၄-၈-၁၉၉၃ (၂၀)နှစ်
မွေးရပ်	ဘူရွန်ဒီ
အရပ်	(၅)ပေ၊ (၁၀)လက်မ
ကစားသည့်နေရာ	တောင်ပံတိုက်စစ်
ကျောနံပါတ်	၃၈

ဘီဖူမာ

ပြီးခဲ့တဲ့ ချယ်လ်ဆီးကိုအိမ်ကွင်းမှာ(၁-၁)ဂိုးနဲ့သရေကျခဲ့တဲ့ပွဲမှာ ချယ်လ်ဆီးနောက်တန်းကို အလုပ်ရှုပ်စေခဲ့တဲ့မျက်နှာသစ်ကစားသမားတစ်ယောက်ကိုမြင်တွေ့ခဲ့ရပါတယ်။ စတိဗ်ကလက်ခ်ထုတ်ပယ်ခံရပြီးနောက် နည်းပြသစ်ပီပီမဲလ်လက်ထက်မှာ စတင်အသုံးပြုခဲ့တဲ့သူလည်းဖြစ်ပါတယ်။ သူကတော့ပရီးမီးယားလိဂ်မှာမြင်တွေ့ရခဲ့တဲ့ ဆံပင်ဒီဇိုင်းအသစ်အဆန်းနဲ့ စပိန်ကလပ် အက်စ်ပန်ညိုအသင်းကနေ အခုဆောင်းရာသီအပြောင်းအရွှေ့ကာလမှာ နည်းပြပီပီမဲလ်အငှားနဲ့ခေါ်ယူခဲ့တဲ့ ပြင်သစ်နိုင်ငံသား ဘီဖူမာဆိုသူပဲဖြစ်ပါတယ်။ ချယ်လ်ဆီးနဲ့ပွဲမှာပထမဆုံး ပွဲထွက်ကစားသမားတစ်ယောက်အဖြစ် ပွဲထွက်လာတဲ့ ဘီဖူမာဟာ ချယ်လ်ဆီးနောက်တန်းကို ပွဲချိန်ပြည့်နီးပါး သူ့ရဲ့ဘောလုံးအလှုပ်အရှားအလိမ်အခေါက်စွမ်းရည်တွေနဲ့ အလုပ်ရှုပ်စေခဲ့တာအမှန်ပါ။ နည်းပြပီပီမဲလ်ရဲ့ ဝုက်ဖဲတစ်ချပ်အဖြစ် ပရီးမီးယားလိဂ်ကို ခေါ်ယူလာခဲ့သူဖြစ်ပါတယ်။ ဘီဖူမာကိုခေါ်ယူခဲ့တဲ့ ပီပီမဲလ်က "သီဗီ(ဘီဖူမာ)က ထူးခြားတဲ့ကစားသမားတစ်ယောက်ပါ။ သူဟာပျော်ပျော်နေတတ်သူလည်းဖြစ်ပါတယ်။ နောက်တစ်ခုက သူ့ရဲ့ဘောလုံးဦးနှောက်ပါပဲ။ သူဟာ ပွဲတစ်ပွဲကို ဘယ်လိုကစားမလဲဆိုတာ ပြောင်းလဲတွေးခေါ်တတ်သူပါ။ ဒီမှာရှိနေတဲ့ အနီချီဘီ၊ ဗီဒရာ၊ အနယ်လ်ကာတို့နဲ့မတူတဲ့ ကစားကွက်ကို ဖန်တီးပေးနိုင်သူလည်းဖြစ်ပါတယ်"လို့ မှတ်ချက်ပြု ချီးကျူးခဲ့ပါသေးတယ်။ လူငယ်ကြယ်ပွင့်တစ်ယောက် ဘောလုံးလောကမှာပေါ်ထွက်လာပြီဆိုရင် နာမည်ကြီးကစားသမားတွေနဲ့ နှိုင်းနှိုင်းတာထုံးစံတစ်ခုဖြစ်နေပါပြီ။ အခုလည်း ဘီဖူမာကို အေစီမီလန်တိုက်စစ်မှူး ဘာလိုတယ်လီနဲ့ နှိုင်းနှိုင်းထားပါတယ်။ ပရီးမီးယားလိဂ်လို ခက်ခဲတဲ့လိဂ်တစ်ခုမှာ ခြေချခွင့်ရခဲ့တဲ့ ဘီဖူမာကို နည်းပြပီပီမဲလ် ဘယ်လိုအသုံးချခဲ့တယ်ဆိုတာ ချယ်လ်ဆီးနဲ့ပွဲမှာ ချပြခဲ့ပြီးပါပြီ။ ဘီဖူမာအနေနဲ့ အကောင်းဆုံးကြိုးစားပြီး ဝက်စ်ဘရွန်းအသင်းအတွက် ဘယ်လိုရလဒ်ကောင်းတွေ စွမ်းဆောင်ပေးနိုင်ဦးမလဲဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ...။

Photo : AFP

ဘီဖူမာ(Fact Box)

အမည်ရင်း	သီဗီဂွီဝန်ဘီဖူမာကူလိုဘာ
မွေးသက္ကရာဇ်	၁၃-၅-၁၉၉၂ (၂၁)နှစ်
မွေးရပ်	စိန့်ဒင်းနစ်၊ ပြင်သစ်
အရပ်	(၅)ပေ၊ (၁၁)လက်မ
ကစားသည့်နေရာ	ရှေ့တန်း
လက်ရှိကလပ်	ဝက်စ်ဘရွန်း(အငှား)
ကျောနံပါတ်	၅၀

Premier Eleven Sports Journal Vol:11 No.25 16, February, 2014

ကမ္ဘာ့ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

၂၀၁၃-၁၄ ကမ္ဘာ့ပိုက်ကျော်ခြင်းပြိုင်ပွဲ(ISTAF Super Series FINALS 2013/14)ကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် လာမည့် မတ်(၅)ရက်မှ(၉)ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲကို မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်(ISTAF)မှဦးဆောင်ကျင်းပခြင်းဖြစ်ပြီး တစ်ရာသီလျှင် (၄)ပွဲနှုန်းဖြင့် နိုင်ငံအနှံ့အပြား၌ ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။ ယခုပြိုင်ပွဲမှာ ၂၀၁၃-၁၄ ရာသီ၏ ပထမဆုံးပြိုင်ပွဲဖြစ်ပြီး သုံးယောက်တွဲ(Regu)အမျိုးအစားတစ်မျိုးတည်းကိုသာ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို အမျိုးသား၊ အမျိုးသမီး နှစ်သင်းစလုံးကို ဝင်ရောက်ယှဉ်ပြိုင်သွားရန် စီစဉ်ဆောင်ရွက်နေလျက်ရှိပြီး လာမည့် ဖေဖော်ဝါရီ(၁၅)ရက်မှစ၍ ကစားသမားများကို စခန်းဝင်လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်သည်။

ယခုပြိုင်ပွဲမှာ မြန်မာပိုက်ကျော်ခြင်းအဖွဲ့အတွက် ၂၀၁၄ ခုနှစ်၏ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၃ ဆီးဂိမ်းစ်တွင် မြန်မာပိုက်ကျော်ခြင်းအဖွဲ့မှာ ရွှေ(၄)၊ ငွေ(၄)၊ ကြေး(၂)ဆုများရရှိခဲ့ပြီး ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့များတွင် အငွမအအောင်မြင်ဆုံးဖြစ်ခဲ့သည်။

ပြီးခဲ့သည့်ဆီးဂိမ်းစ်၌ ပြိုင်ပွဲဝင်နေသည့် မြန်မာပိုက်ကျော်ခြင်းကစားသမားတစ်ဦး (ဓာတ်ပုံ-ညီညီစိုးညွန့်)

VFF ၏အကြောင်းပြန်မှု အမျိုးသမီးအသင်း စောင့်မျှော်

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ဗီယက်နမ်အမျိုးသမီးလက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းကစားရန် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်(VFF)ထံသို့ ကမ်းလှမ်းထားလျက်ရှိပြီး အကြောင်းပြန်မှုကို စောင့်မျှော်နေလျက်ရှိကြောင်း သိရသည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် လာမည့် မေလအတွင်း ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပပြုလုပ်မည့် ၂၀၁၄ အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမကစားသမား(၂၈)ဦးဖြင့် လေ့ကျင့်မှုများပြုလုပ်နေလျက်ရှိကြောင်း သိရသည်။

မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

၂၀၁၄ ခုနှစ်၊ မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီ(၂၈)ရက်မှ မတ်(၆)ရက်အထိ ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားရုံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူများကို ၂၀၁၄ အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူများကို ပဏာမလက်ရွေးစင် ကစားသမားများအဖြစ် ရွေးချယ်ပြီး ၂၀၁၅ စင်ကာပူဆီးဂိမ်းစ်ပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘိုးလင်း ပဏာမလက်ရွေးစင်ရွေးချယ်ပွဲ ပြုလုပ်

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဘိုးလင်းပြိုင်ပွဲနှင့် ပဏာမလက်ရွေးစင်ရွေးချယ်ပွဲကို ပြီးခဲ့သည့် ဖေဖော်ဝါရီ(၁၂)ရက်က ရန်ကုန်မြို့ရှိ Asia Point ဘိုးလင်းစင်တာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အလွတ်တန်းနှင့် အပျော်တမ်းဟူ၍ အမျိုးအစား(၂)မျိုးထည့်သွင်းကျင်းပခဲ့ပြီး အလွတ်တန်းတွင် ပထမဆု ကျပ်(၅)သိန်း၊ ဒုတိယဆု ကျပ်(၃)သိန်း၊ တတိယဆု ကျပ်(၂)သိန်း၊ အပျော်တမ်းတွင် ပထမဆု ကျပ်(၁)သိန်း၊ ဒုတိယဆု ကျပ်(၇၅၀၀၀)၊ တတိယဆု ကျပ်(၅၀၀၀၀)တို့ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

AFC Challenge Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို မော်လ်ဒိုက်နိုင်ငံတွင်ပြုလုပ်

မြန်မာအသင်း ပွဲဦးထွက်ပွဲစဉ်အဖြစ် အိမ်ရှင် မော်လ်ဒိုက်အသင်းနှင့် စတင်ကစားရမည်

အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ဦးဆောင်ကျင်းပမည့် ၂၀၁၄ AFC Challenge Cup ဘောလုံးပြိုင်ပွဲ အုပ်စုများထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု(က)တွင်ကျရောက်နေကာ ပွဲဦးထွက်ပွဲစဉ်အဖြစ် အိမ်ရှင် မော်လ်ဒိုက် အသင်းနှင့် စတင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

AFC သည် အုပ်စုများမဲခွဲခြင်းအခမ်းအနားကို ပြီးခဲ့သည့် ဖေဖော်ဝါရီ(၁၂)ရက်က မော်လ်ဒိုက်နိုင်ငံရှိ Paradise Island Resort တွင် ကျင်းပခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အိမ်ရှင် မော်လ်ဒိုက်အသင်းနှင့်အတူ ခြေစစ်ပွဲအောင်အသင်း (၇)သင်းတို့ကို မဲနှိုက်ရေးဆွဲခဲ့ခြင်းဖြစ်ပြီးအိမ်ရှင်မော်လ်ဒိုက်၊ ၂၀၁၂ ပြိုင်ပွဲတွင် ဒုတိယဆုရ တာ့ခ်မင်နစ္စတန်အသင်းတို့ကို ဦးစားပေးအသင်းများအဖြစ် သတ်မှတ်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ အုပ်စုခွဲဝေမှုအရ အုပ်စု(က)တွင် အိမ်ရှင် မော်လ်ဒိုက်၊ ပါလက်စတိုင်း၊ ကာဂျစ္စတန်၊ မြန်မာ၊ အုပ်စု(ခ)တွင် တာ့ခ်မင်နစ္စတန်၊ ဖိလစ်ပိုင်၊ လာအိုနှင့် အာဖဂန်နစ္စတန်အသင်းတို့ ပါဝင်လျက်ရှိသည်။ ပြိုင်ပွဲကို လာမည့် မေ(၁၉)ရက်မှ (၃၀)ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို မေ(၁၉)ရက်မှ (၂၄)ရက်အထိ လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ(၂၇)ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ(၃၀)ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ယခုပြိုင်ပွဲကို ၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည့် နာမည်ကြီး မြောက်ကိုရီးယားအသင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ ယခု ၂၀၁၄ ပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းမှာ ၂၀၁၅ အာရှဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

AFC သည် AFC Challenge Cup ပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်က စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းမှာ ပထမဆုံးအကြိမ်ပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲများကိုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းမှာ ၂၀၀၈ ပြိုင်ပွဲနှင့် ၂၀၁၀ ပြိုင်ပွဲတို့တွင် စတုတ္ထနေရာများရရှိခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၂ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခြင်းမရှိဘဲ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးရလဒ်နှင့်ရင်ဆိုင်ခဲ့ရကြောင်း သိ ရသည်။

အုပ်စု(က)		
မော်လ်ဒိုက်၊ ကာဂျစ္စတန်၊ ပါလက်စတိုင်း၊ မြန်မာ		
၁၉-၅-၁၄	ပါလက်စတိုင်း	- ကာဂျစ္စတန်
	မော်လ်ဒိုက်	- မြန်မာ
၂၁-၅-၁၄	မြန်မာ	- ပါလက်စတိုင်း
	ကာဂျစ္စတန်	- မော်လ်ဒိုက်
၂၃-၅-၁၄	မော်လ်ဒိုက်	- ပါလက်စတိုင်း
	ကာဂျစ္စတန်	- မြန်မာ
အုပ်စု(ခ)		
တာ့ခ်မင်နစ္စတန်၊ ဖိလစ်ပိုင်၊ အာဖဂန်နစ္စတန်၊ လာအို		
၂၀-၅-၁၄	တာ့ခ်မင်နစ္စတန်	- လာအို
	ဖိလစ်ပိုင်	- အာဖဂန်နစ္စတန်
၂၂-၅-၁၄	လာအို	- ဖိလစ်ပိုင်
	အာဖဂန်နစ္စတန်	- တာ့ခ်မင်နစ္စတန်
၂၄-၅-၁၄	တာ့ခ်မင်နစ္စတန်	- ဖိလစ်ပိုင်
	အာဖဂန်နစ္စတန်	- လာအို
၂၇-၅-၁၄	ဆီမီးဖိုင်နယ်	
၃၀-၅-၁၄	တတိယနေရာလုပွဲ/ဗိုလ်လုပွဲ	

၂၀၁၄ AFC Challenge Cup ခြေစစ်ပွဲတွင်
မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်နေစဉ် (ဓာတ်ပုံ-ညီညီစိုးညွန့်)

MNL Myanmar 2014 (League Competition) (ပထမအကျော့)

ပွဲစဉ်(၁)				
၁-၂-၁၄	ရန်ကုန်	၂-၁	မနော်မြေ	YUSC
၁-၂-၁၄	ဇေယျာရွှေမြေ	၂-၁	Southern	မုံရွာ
၁-၂-၁၄	KBZ	၂-၁	နေပြည်တော်	KBZ
၁-၂-၁၄	GFA	၀-၆	ဇွဲကပင်	အောင်ဆန်း
၁-၂-၁၄	ရတနာပုံ	၁-၀	ချင်း	ဗထူး
၂-၂-၁၄	မကွေး	၂-၁	ဧရာဝတီ	YTC
ပွဲစဉ်(၂)				
၈-၂-၁၄	KBZ	၁-၁	ရန်ကုန်	KBZ
၈-၂-၁၄	ဧရာဝတီ	၀-၁	ရတနာပုံ	အောင်ဆန်း
၈-၂-၁၄	မကွေး	၀-၁	ဇေယျာရွှေမြေ	YTC
၉-၂-၁၄	မနော်မြေ	၂-၀	Southern	YTC
၉-၂-၁၄	GFA	၀-၁	ချင်း	အောင်ဆန်း
၁၀-၂-၁၄	ဇွဲကပင်	၀-၂	နေပြည်တော်	အောင်ဆန်း
ပွဲစဉ်(၃)				
၁၅-၂-၁၄	နေပြည်တော်	-	ချင်း	YTC
၁၅-၂-၁၄	ရန်ကုန်	-	ဇေယျာရွှေမြေ	YUSC
၁၅-၂-၁၄	ဇွဲကပင်	-	ရတနာပုံ	အောင်ဆန်း
၁၆-၂-၁၄	ဧရာဝတီ	-	KBZ	အောင်ဆန်း
၁၆-၂-၁၄	မနော်မြေ	-	မကွေး	YTC
၁၇-၂-၁၄	Southern	-	GFA	YTC
ပွဲစဉ်(၄)				
၂၁-၂-၁၄	နေပြည်တော်	-	မနော်မြေ	YTC
၂၁-၂-၁၄	ဧရာဝတီ	-	ရန်ကုန်	အောင်ဆန်း
၂၂-၂-၁၄	ဇေယျာရွှေမြေ	-	GFA	မုံရွာ
၂၂-၂-၁၄	မကွေး	-	ချင်း	YTC
၂၃-၂-၁၄	Southern	-	ဇွဲကပင်	YTC
၂၃-၂-၁၄	KBZ	-	ရတနာပုံ	KBZ
ပွဲစဉ်(၅)				
၁-၃-၁၄	မကွေး	-	KBZ	YTC
၂-၃-၁၄	ဇေယျာရွှေမြေ	-	မနော်မြေ	မုံရွာ
၂-၃-၁၄	ချင်း	-	ဇွဲကပင်	YTC
၂-၃-၁၄	ရတနာပုံ	-	ရန်ကုန်	ဗထူး
၃-၃-၁၄	နေပြည်တော်	-	GFA	အောင်ဆန်း
၃-၃-၁၄	Southern	-	ဧရာဝတီ	YTC
ပွဲစဉ်(၆)				
၇-၃-၁၄	ရန်ကုန်	-	GFA	YUSC
၈-၃-၁၄	ဧရာဝတီ	-	နေပြည်တော်	အောင်ဆန်း
၈-၃-၁၄	ရတနာပုံ	-	မကွေး	ဗထူး
၈-၃-၁၄	Southern	-	ချင်း	YTC
၉-၃-၁၄	ဇွဲကပင်	-	ဇေယျာရွှေမြေ	အောင်ဆန်း
၉-၃-၁၄	မနော်မြေ	-	KBZ	YTC
ပွဲစဉ်(၇)				
၁၅-၃-၁၄	KBZ	-	ဇွဲကပင်	KBZ
၁၅-၃-၁၄	ရတနာပုံ	-	Southern	ဗထူး
၁၅-၃-၁၄	နေပြည်တော်	-	ဇေယျာရွှေမြေ	NPT
၁၅-၃-၁၄	မကွေး	-	ရန်ကုန်	YTC
၁၆-၃-၁၄	ဧရာဝတီ	-	ချင်း	အောင်ဆန်း
၁၆-၃-၁၄	မနော်မြေ	-	GFA	YTC
ပွဲစဉ်(၈)				
၂၂-၃-၁၄	ဇေယျာရွှေမြေ	-	KBZ	မုံရွာ
၂၂-၃-၁၄	ဇွဲကပင်	-	ဧရာဝတီ	အောင်ဆန်း
၂၃-၃-၁၄	ရန်ကုန်	-	Southern	YUSC
၂၃-၃-၁၄	နေပြည်တော်	-	ရတနာပုံ	NPT
၂၃-၃-၁၄	GFA	-	မကွေး	အောင်ဆန်း
၂၃-၃-၁၄	ချင်း	-	မနော်မြေ	YTC
ပွဲစဉ်(၉)				
၂၉-၃-၁၄	Southern	-	နေပြည်တော်	YTC
၂၉-၃-၁၄	GFA	-	KBZ	အောင်ဆန်း
၂၉-၃-၁၄	မနော်မြေ	-	ရတနာပုံ	YTC
၂၉-၃-၁၄	ဇေယျာရွှေမြေ	-	ဧရာဝတီ	မုံရွာ
၂၉-၃-၁၄	ရန်ကုန်	-	ချင်း	YUSC
၃၀-၃-၁၄	ဇွဲကပင်	-	မကွေး	အောင်ဆန်း
ပွဲစဉ်(၁၀)				
၅-၄-၁၄	မကွေး	-	နေပြည်တော်	YTC
၅-၄-၁၄	ရတနာပုံ	-	GFA	ဗထူး
၅-၄-၁၄	ဇေယျာရွှေမြေ	-	ချင်း	မုံရွာ
၆-၄-၁၄	ဧရာဝတီ	-	မနော်မြေ	အောင်ဆန်း
၆-၄-၁၄	Southern	-	KBZ	YTC
၁၂-၄-၁၄	ရန်ကုန်	-	ဇွဲကပင်	YUSC
ပွဲစဉ်(၁၁)				
၇-၆-၁၄	ရန်ကုန်	-	နေပြည်တော်	YUSC
၇-၆-၁၄	ရတနာပုံ	-	ဇေယျာရွှေမြေ	ဗထူး
၇-၆-၁၄	GFA	-	ဧရာဝတီ	အောင်ဆန်း
၇-၆-၁၄	Southern	-	မကွေး	YTC
၈-၆-၁၄	ဇွဲကပင်	-	မနော်မြေ	အောင်ဆန်း
၈-၆-၁၄	ချင်း	-	KBZ	YTC

MFF MYANMAR NATIONAL LEAGUE

MNL ပွဲစဉ်(၃)တွင် ရန်ကုန်ယူနိုက်တက်နှင့်ဇေယျာရွှေမြေ၊ ဧရာဝတီနှင့် KBZ တို့ တွေ့ဆုံနေပြီး အိမ်ကွင်းရလဒ်ကောင်းကိုထိန်းသိမ်းနိုင်မည်ဟု ရန်ကုန်နည်းပြ ယုံကြည်

ပြီးခဲ့သည့် ၂၀၁၃ ရာသီက ဒုတိယအကျော့အဖြစ် ရန်ကုန်ယူနိုက်တက်နှင့် ဇေယျာရွှေမြေအသင်းတို့ တွေ့ဆုံခဲ့စဉ် (ယင်းပွဲတွင် ရန်ကုန်အသင်းက ၃-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်) (ဓာတ်ပုံ-ညီညီစိုးညွန့်)

MNL အမှတ်ပေးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)ကို လာမည့် ဖေဖော်ဝါရီ(၁၅၊ ၁၆)ရက်များတွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အသင်းကြီးများဖြစ်သော ရန်ကုန်ယူနိုက်တက်နှင့် ဇေယျာရွှေမြေ၊ ဧရာဝတီနှင့် KBZ တို့ တွေ့ဆုံနေလျက်ရှိကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၎င်းတို့၏အိမ်ကွင်းဖြစ်သော YUSC ကွင်းတွင် ဇေယျာရွှေမြေနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီးနည်းပြချုပ်ဖြစ်သူအဲရစ်ဗီလျံက အိမ်ကွင်းအစဉ်အလာရလဒ်ကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ ရန်ကုန်အသင်းသည် ၎င်းတို့၏ အိမ်ကွင်းဖြစ်သော YUSC ကွင်းတွင် (၂၅) ပွဲဆက်နိုင်ပွဲစံချိန်ရရှိထားသည့်အသင်းဖြစ်ပြီး ရှုံးပွဲလုံးဝကြုံတွေ့ထားရသေးခြင်းမရှိသည့် အသင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်နှင့် ဇေယျာရွှေမြေတို့၏ ပြီးခဲ့သည့်(၂)ရာသီ တွေ့ဆုံမှု

၂၀၁၂ (ပ-ကျော့)	ရန်ကုန်	၁-၀	ဇေယျာရွှေမြေ	
၂၀၁၂(ဒု-ကျော့)	ဇေယျာရွှေမြေ	၀-၁	ရန်ကုန်	
၂၀၁၃(ပ-ကျော့)	ဇေယျာရွှေမြေ	၁-၀	ရန်ကုန်	
၂၀၁၃(ဒု-ကျော့)	ရန်ကုန်	၃-၂	ဇေယျာရွှေမြေ	

အဲရစ်က "ကျွန်တော်တို့အသင်းဟာ အကောင်းဆုံးအနေအထားကိုမရရှိသေးပေမယ့် မကြာခင်ရရှိလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အသင်းဟာ KBZ နဲ့ပွဲကစပြီး ပွဲကျပ်တွေ ဆက်တိုက်ကစားနေရပါတယ်။ ဒီလိုပွဲကျပ်ကာလမှာ အမှတ်တွေ မဆုံးရှုံးဖို့က အရေးကြီးပါတယ်။ အခုတွေ့ဆုံမယ့် ဇေယျာရွှေမြေအသင်းက လက်ရှိ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အသင်းပါ။ နောက်ပြီး သူတို့အသင်းမှာ ကစားသမားကောင်းတွေအများကြီးရှိသလို ကစားဟန်ကလည်း မာကျောပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အသင်းကလည်း အိမ်ကွင်းရလဒ်ကောင်းတဲ့အစဉ်အလာရှိပါတယ်။ ဇေယျာရွှေမြေကို အနိုင်ယူပြီး အိမ်ကွင်းရလဒ်ကောင်းတဲ့အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။ ရန်ကုန်အသင်းသည် ပြီးခဲ့သည့်ရာသီက အိမ်ကွင်းတွင် ဇေယျာရွှေမြေကိုအနိုင်ရရှိခဲ့သော်လည်း အဝေးကွင်းတွင်မူ ရှုံးနိမ့်ထားကြောင်း သိရသည်။

၂၀၁၄ MNL တွင် ထိပ်ဆုံး(၃)သင်းကိုသာ ဆုကြေးချီးမြှင့်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် လက်ရှိကျင်းပနေသော ၂၀၁၄ MNL အမှတ်ပေးလိဂ်ပြိုင်ပွဲအပြီးတွင် ထိပ်ဆုံးရပ်တည်မှုရ (၃)သင်းကိုသာ ဆုကြေးငွေများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

MFF သည် ပြီးခဲ့သည့် ၂၀၁၃ ရာသီက ထိပ်ဆုံးရပ်တည်မှုရ(၅)သင်းအထိကို ဆုကြေးငွေများချီးမြှင့်ခဲ့သော်လည်း ယခုနှစ်ရာသီတွင်မူ ထိပ်ဆုံးရပ်တည်မှုရ (၃)သင်းအထိကိုသာ ဆုကြေးငွေများချီးမြှင့်သွားရန် ပြောင်းလဲပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ်ရာသီအတွက် ချီးမြှင့်မည့် ဆုကြေးငွေများကိုလည်းသတ်မှတ်ခဲ့ပြီး ချန်ပီယံအသင်းကို ကျပ်သိန်း (၁၀၀၀)၊ ဒုတိယရအသင်းကို ကျပ်သိန်း(၇၅၀)၊ တတိယရအသင်းကို ကျပ်သိန်း(၅၀၀) ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ MFF သည် လာမည့် ဧပြီလအတွင်း စတင်ရန်လျာထားသည့် ၂၀၁၄ MFF Cup ရှုံးထွက်ပြိုင်ပွဲ၏ ဆုကြေးငွေများကိုမူ အတည်မပြုနိုင်သေးကြောင်း သိရသည်။ MFF သည် ယခုနှစ်ရာသီတွင် လအလိုက် အကောင်းဆုံးနည်းပြနှင့် ကစားသမားဆုများကိုလည်း ချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်နေလျက်ရှိကြောင်း သိရသည်။

၂၀၁၂ MNL ပြိုင်ပွဲတွင်ဗိုလ်စွဲခဲ့သည့် ရန်ကုန်အသင်း (ဓာတ်ပုံ-ညီညီစိုးညွန့်)

ရန်ကုန်ကိုအနိုင်ရရန် ဇော်လင်းထွန်း ဆန္ဒပြင်းပြ

ဇေယျာရွှေမြေအသင်းခေါင်းဆောင်ဖြစ်သူ ဇော်လင်းထွန်းသည် ရန်ကုန်အသင်း၏ အိမ်ကွင်းတွင် ပထမဆုံးနိုင်ပွဲရယူရန် ဆန္ဒပြင်းပြနေကြောင်း သိရသည်။

ဇော်လင်းထွန်းက "(၂)ပွဲဆက် အနိုင်ရရှိထားတဲ့အတွက် ရလဒ်ပိုင်းကိုကျေနပ်ပေမယ့် အသင်းရဲ့ကစားပုံကိုတော့ (၈၀)ရာခိုင်နှုန်းလောက်ပဲ ကျေနပ်မှုရှိပါတယ်။ ရန်ကုန်အသင်းရဲ့ကွင်းမှာ တစ်ကြိမ်မှအနိုင်မရယူဖူးပါဘူး။ ဒီအစဉ်အလာကို ချိုးဖျက်ပြီး ပထမဆုံးနိုင်ပွဲရရှိဖို့ ဆန္ဒပြင်းပြနေပါတယ်" ဟု ပြောကြားခဲ့သည်။

ထိပ်ဆုံးက ဟံသာဝတီနှင့် မြန်မာယူ-၁၉ တွေ့ဆုံ

၂၀၁၄ MNL-2 အမှတ်ပေးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)ကို ဖေဖော်ဝါရီ (၁၄၊ ၁၅၊ ၁၆)ရက်များတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးမှ ဟံသာဝတီနှင့် မြန်မာယူ-၁၉အသင်းတို့ တွေ့ဆုံနေကြောင်း သိရသည်။ ပွဲစဉ်(၂)အပြီးတွင် ဟံသာဝတီက (၂)ပွဲကစား၊ (၂)ပွဲနိုင်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည်။

၁၄-၂-၁၄	ဟံသာဝတီ	-	ယူ-၁၉	ပဒုမ္မာ
	မောရဝတီ	-	ရခိုင်	စလင်း
၁၅-၂-၁၄	Horizon	-	မြဝတီ	ပဒုမ္မာ
	Best Utd	-	ဒဂုံ	စလင်း
၁၆-၂-၁၄	ငွေကြယ်ပွင့်	-	တက္ကသိုလ်	ပဒုမ္မာ

Premier Eleven Sports Journal Vol:11 No.24 9, February, 2014



ရွိုင်ကင်း

ရွိုင်ကင်းက နှလုံးလို၊ ကလီစာလို၊ သွေးစက်တွေလို ကစားသမားပါ။ သူ့ရဲ့ ဇီဇဝါကိုက ခေါင်းဆောင်စိတ်ရှိတဲ့ ကစားသမားဖြစ်တယ်။ ကျွန်တော့်ရဲ့ နည်းပြသက်တမ်းမှာ အဝတ်လဲခန်းအပေါ် ဩဇာလွှမ်းမိုးမှုအရှိဆုံး ကစားသမားဖြစ်တယ်။ ကျွန်တော်နဲ့ထပ်တူ အသင်းအပေါ် စိတ်ဓာတ်လှုံ့ဆော်နိုင်စွမ်းရှိသူလည်းဖြစ်တယ်။

ဒါပေမဲ့ ရွိုင်ကင်းအသင်းကထွက်တဲ့ ၂၀၀၅ မှာတော့ ကျွန်တော်နဲ့သူကြားက ဆက်ဆံရေးပြိုကွဲခဲ့တယ်။ သူ့ကိုဆဲလ်တစ်ကိုထွက်ခွင့်ပေးတာ ဟာအလွန်လိုအပ်တဲ့လုပ်ရပ်လို့ ကျွန်တော်အနိုင်အမာယူဆခဲ့တယ်။ အသင်းရဲ့မောင်းနှင်အားကို ကျွန်တော်ဘာကြောင့်ထွက်စေချင်ခဲ့တာလဲ။

ရွိုင်ကင်းအနေနဲ့ သူဟာမန်နေဂျာတစ်ဦးလို ကစားသမားတိုင်းကို နေရာမရွေး၊ အခြေအနေမရွေး ဆူနိုင်၊ ဆဲနိုင်တဲ့သူလို့ထင်ရင်တော့ ဒါဟာမှားနေပြီ။ ကစားသမားတိုင်းက သူ့ကိုကြောက်ကြပါတယ်။ ဒါကိုကျွန်တော်လည်း သဘောကျပါတယ်။ ဘရိုင်ယန်ရော့ဘ်ဆင်၊ စတိဗ်ဘရုစ်၊ ကန်တိုနာတို့လည်း သူ့လိုပဲကစားသမားတွေရဲ့ကြောက်ရွံ့လေးစားမှုကိုရခဲ့ပါတယ်။ ဒါပေမဲ့ သူတို့က မန်နေဂျာအလုပ်ကို ဝင်မလုပ်ကြဘူး။

ရွိုင်ကင်းအပေါ် တချို့ကစားသမားတွေက အမြင်မကြည်တော့ဘူး။ ဥပမာအားဖြင့် တစ်နေ့ကျွန်တော်အဝတ်လဲခန်းထဲလာတဲ့အချိန်မှာ သူနဲ့ နစ္စတယ်ရွိုင်းတို့ အပြန်အလှန်တွန်းလား၊ ဆွဲလားလုပ်နေကြတယ်။ အသင်းဖော်တွေက ဖိုင်းဖျန်ဖြေကြတယ်။ နစ္စတယ်ရွိုင်းက အနည်းဆုံးတော့ ရွိုင်ကင်းကို ပြန်လှန်ရဲတဲ့သတ္တိရှိသူပါ။ သူတို့ပြင်းပြင်းထန်ထန်တိုက်နိုက်ကြတော့မယ့်အချိန်မှာ ကျွန်တော်ဝင်တားရတယ်။

ကွီရော့ဇ်နဲ့ကျွန်တော်စကားပြောတယ်။ ဒီဖြစ်ရပ်မှာ ရွိုင်ကင်းလွန်နေပြီ။ သူ့ခံယူချက်နဲ့အပြုအမူကိုမပြောင်းရင် ရေရှည်မှာမလွယ်တော့ဘူး။ ကျွန်တော်တို့က သူ့ရဲ့ အခန်းကဏ္ဍကို မလျှော့ချပါဘူး။ ဒါပေမဲ့ သူကလည်း လိုတာထက်ပိုပြီး မယူသင့်ဘူး။ ပြီးတော့ ကွင်းတွင်းစွမ်းဆောင်ရည်မှာလည်း သူကကျလာပြီ။ ကစားဖော်တွေက ဒီအချက်ကို ဘယ်တုန်းကမှ သူ့ကို မဝေဖန်ကြဘူး။ ဆိုကြပါစို့၊ ကစားသမားတစ်ယောက်ကဘောလုံးရထားတယ်။ တခြားကစားသမားတွေက နေရာလွတ်တွေရှာပြီ။ သူက အဲဒီလို အချိန်ကိုက်မလှုပ်ရှားနိုင်တော့ဘူး။ ဒါပေမဲ့ အဖြစ်မှန်ကို သူက လက်မခံဘူး။ သူ့မှာ လိုအပ်ချက်ရှိနေပြီဆိုတာသူမသိဘူး။

သူက ကစားသမားတွေ သူ့ကို ဝိုင်းရံထားစေချင်တယ်၊ သူကကစားကွက်ကိုတည်ဆောက်မယ်။ ကျွန်တော်က သူ့ကိုကွင်းထဲမှာထည့်ထားတာက အသင်းကိုဦးဆောင်ဖို့၊ ကစားကွက်ကိုဦးဆောင်ဖို့မဟုတ်ဘူး။ ဒါက တဖြည်းဖြည်းနဲ့ ပြဿနာဖြစ်လာတယ်။ အသက်အရွယ်နဲ့ကျဆင်းလာတဲ့ ကြံ့ခိုင်မှုအခြေအနေကြောင့် ခံစစ်ကူဖို့တာဝန်ကို သူအပြည့်အဝမယူနိုင်တော့ဘူး။ သူဟာ အရင်ရွိုင်ကင်းမဟုတ်တော့ဘူး။ ဒါကို သူ့ကိုယ်သူမသိဘူး။ သူ့ဒူးဒဏ်ရာခွဲစိတ်ရတယ်။ ခြေဖနောင့်ဒဏ်ရာခွဲစိတ်ရတယ်။ သူ့အသက်အရွယ်အရ ဒီအခြေအနေကနေ အကောင်းဆုံးပုံစံပြန်မရနိုင်တော့ဘူးဆိုတာကိုလည်း ကိုယ့်ကိုယ်ကိုယ်မသိဘူး။

ကျွန်တော့်ရည်ရွယ်ချက်က သူကွင်းလယ်မှာပဲနေ။ အသင်းကို ဦးဆောင်၊ မောင်းနှင်။ နိုင်းကစား။ နောက်ကို နည်းနည်းယို့။ ဒါပဲ။ ဒါပေမဲ့ သူက တက်ချင်သလိုတက်တယ်။ ဆင်းချင်သလိုဆင်းတယ်။ သူထင်သလိုလုပ်နေတယ်။ ကျွန်တော် စိတ်ပျက်ပျက်နဲ့ ကြည့်နေရတယ်။ အဲဒီအချိန်မှာ စာချုပ်ပြဿနာပေါ်တယ်။ ကျွန်တော်တို့က ကာလတိုပဲချုပ်ချင်တယ်။ သူက နှစ်ရှည်စာချုပ်ဖို့ပြောတယ်။ သူက သူ့ကိုယ်သူ ပီတာပန်လို့ထင်နေတယ်။ ဘယ်ဖြစ်နိုင်မလဲ၊ ရိုင်ယန်ဂစ်နဲ့တော့ ယှဉ်လို့မရဘူး။ ဂစ်က အရမ်းစည်းကမ်းရှိတဲ့သူ။ ပြီးတော့ ဘယ်တုန်းကမှ ဒဏ်ရာပြင်းပြင်းထန်ထန်မရခဲ့ဖူးတဲ့သူ။

၂၀၀၅-၀၆ ရာသီကြိုမှာ ကျွန်တော်တို့ ပေါ်တူဂီမှာ စခန်းဝင်ခဲ့တယ်၊ အဲဒီအချိန်တုန်းကလည်း ပြဿနာပေါ်ခဲ့တယ်။ ကားလို့စ်ကွီရော့ဇ်ရဲ့ အစီအစဉ်နဲ့ ပေါ်တူဂီကို ကျွန်တော်တို့ရွေးချယ်ခဲ့တယ်။ ဗယ်လီနိုလိုဘိုဒေသက နေချင်စရာကောင်းပြီး ကစားသမားတွေလည်း အကြိုက်တွေ့တဲ့နေရာပါ။ ကျွန်တော်က ပြင်သစ်အားလပ်ရက်ခရီးရှည်က နေပူးပေါင်းခဲ့တယ်။ အသင်းသားတွေအားလုံး၊ အဖွဲ့ဝင်အားလုံးက ကြိုရောက်နေပြီ။ ကျွန်တော်ရောက်တာနဲ့ သတင်းဆိုးကစောင့်နေတယ်။ ကားလို့စ်က ရွိုင်ကင်းပြဿနာရှာတဲ့အကြောင်းကိုပြောပြတယ်။

ဗယ်လီနိုလိုဘိုက အိမ်သေးသေးလေးတွေမှာ အသင်းသားတွေက တစ်ယောက်တစ်လုံး နေကြတယ်။ အားလုံးလည်းအဆင်ပြေတယ်။ သူက အဆင်မပြေဘူး။ ကွီရော့ဇ်သတ်မှတ်ပေးတဲ့ ပထမအိမ်ကိုသူငြင်းတယ်။ အဲကွန်းမကောင်းလို့၊ ဒုတိယအိမ်ကိုလည်း ထပ်ငြင်းတယ်။ တတိယအိမ်ကတော့ တကယ်ကောင်းတဲ့အိမ်ပါ။ ကားလို့စ်က အကောင်းဆုံးစီစဉ်ပေးတာပဲ၊ ဒါပေမဲ့ သူက ဒီအိမ်ကိုလည်းငြင်းတယ်။ တကယ်တော့ ရွိုင်ကင်းက အခြားရွာတစ်ရွာမှာ နေချင်တာ။ ကွင်တာဒိုလာဂိုဆိုတဲ့ရွာ။ သူ့မိသားစုနဲ့သူ နေချင်တာ။

ပထမညကတော့ ကျွန်တော်တို့ ဟိုတယ်မှာပဲစုကြတယ်။ အကင်တွေကင်စားပြီး၊ လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါး နေကြတယ်။ အဲဒီအချိန်မှာ ရွိုင်ကင်း ကျွန်တော့်ဆီရောက်လာတယ်။ ကျွန်တော်နဲ့ဆွေးနွေးစရာရှိတယ်လို့ပြောတယ်၊ "ရွိုင်။ ပြောကြတာပေါ့။ အခုတော့နေဦး။ မနက်မှပြောမယ်"လို့ ကျွန်တော်ပြန်ပြောလိုက်တယ်။

နောက်နေ့မနက်ထရိန်နင်ပြီးတော့ သူ့ကို ကျွန်တော်တည့်တည့်ပဲမေးလိုက်တယ်။ "ရွိုင်။ မင်းပြောမှာကိုငါသိတယ်။ အိမ်ကိုငါကြည့်ပြီးပြီ။ အကုန်လုံးပြည့်စုံနေတာပဲ"။ ရွိုင်ကင်းက သူပြောချင်တာတွေကို အရှည်ကြီးလျှောက်ပြောတော့တာပဲ၊ ဒီလိုနေရာမျိုးကို ဘာကြောင့် ရွေးရတာလဲလို့လည်းမေးခွန်းထုတ်တယ်။ သူ့ကရှိသမျှအပြစ်တွေကိုပြောတယ်။ ကျွန်တော် တော်တော်လေးစိတ်ပျက်သွားတယ်။ တစ်သင်းလုံးက အဆင်ပြေတယ်။ သူတစ်ဦးတည်းအဆင်မပြေဘူး။ သူက ကားလို့စ်ကိုလည်း စခန်းဝင်ခရီးစဉ်တစ်လျှောက်လုံးစိတ်အနှောင့်အယှက်ပေးခဲ့တယ်။

ခရီးစဉ်ပြီးတော့ ကျွန်တော့်ရုံးခန်းကို သူ့ကိုခေါ်လိုက်တယ်။ သူနဲ့ ကားလို့စ်ကြားက ပြဿနာကိုကျွန်တော်ဖြေရှင်းပေးမယ်။ ပြီးတော့ ကားလို့စ်ကို သူပြန်တောင်းပန်ဖို့ပြောမယ်လို့ စဉ်းစားထားတယ်။ ရုံးခန်းထဲဝင်လာတာနဲ့ သူက "ခင်ဗျား ပြောင်းလဲသွားပြီ"လို့ပြောလာတယ်။ ကျွန်တော်ချက်ချင်းပြန်ပြောတယ်။ "ဟုတ်တယ် ရွိုင်။ ငါပြောင်းလဲသွားပြီ။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ဟာ မနေ့ကနဲ့မတူလို့ပဲ။ မင်းရောငါရော၊ အားလုံးရော ကမ္ဘာသစ်တွေနဲ့ နေ့တိုင်းရင်ဆိုင်နေရတာ။ အခြေအနေနဲ့ လိုက်လျောညီထွေမရှိတဲ့သူက ကျန်ခဲ့မှာပဲ။ ဒီတော့ ငါပြောင်းလဲရတယ်"။ သူက ထပ်ပြောတယ်။ "ခင်ဗျားအရင်က ဖာဂူဆန်မဟုတ်တော့ဘူး"တဲ့။

ကျွန်တော်တို့ရဲ့ အခြေအနေက နည်းနည်းတော့တင်းမာလာတယ်။ "မင်းက အသင်းခေါင်းဆောင်ကွ။ မင်းက တခြားကစားသမားတိုင်းထက် တာဝန်ယူမှု၊ အနစ်နာခံမှုရှိရမယ်။ အခုတော့ မင်းကအားလုံးထက် ပြီးပြည့်စုံတဲ့ အိမ်မှာနေရတာတောင် တဲစုတ်တစ်လုံးမှာ နေရသလိုလုပ်နေတယ်။ ငါက မင်းကိုဘယ်နေရာမှာထားပေးရမှာလဲ။ အားလုံးထက်ကျော်ပြီး ဘယ်လိုအခွင့်အရေးကိုပေးရမှာလဲ"။

ဒီပြဿနာနောက်ပိုင်းသူနဲ့ကျွန်တော် နည်းနည်းစိမ်းသွားတယ်။ တကယ်တော့ အဲဒီဖြစ်ရပ်ဟာ နောက်ဖြစ်လာမယ့် ပြဿနာတွေရဲ့ အစပဲ။ တစ်နေ့တော့ သူနဲ့ MUTV နဲ့အင်တာဗျူးလုပ်တယ်။ အဲဒီအင်တာဗျူးအစီအစဉ်က ပြဿနာဖြစ်ခဲ့တယ်။ ဒီအင်တာဗျူးမတိုင်ခင် ပွဲမှာကျွန်တော်တို့အသင်း ရလဒ်မကောင်းခဲ့ဘူး။ ဒါကို ဒီအစီအစဉ်မှာ သူက ရမ်းတော့တာပဲ။ ပထမတော့ ကျွန်တော်မသိဘူး။ ဒေါသထွက်နေတဲ့ ဂယ်ရီနဗီးလ်က ကျွန်တော့်ကိုဖုန်းလှမ်းဆက်တယ်။ "ဘော့စ် ကြည့်သင့်တယ်ထင်တယ်"လို့ပြောတယ်။

သူက ကီရန်ရစ်ချတ်ဆင်ကို ပျင်းလို့ပြောတယ်။ စကော့တလန်သားထဲမှာ ဖလက်ချာက တော်တော်ညံ့တဲ့သူလို့ပြောတယ်။ ပြီးတော့ ဗာဒီနန့်ကို တစ်ပတ်ပေါင်(၁၂၀၀၀၀) လောက်ရနေတဲ့ သူ(ထိုအချိန်က လစာ)က ပေါ်းမှဲ့ပွဲမှာ (၂၅)မိနစ်ပဲ ကောင်းကောင်းကစားနိုင်တယ်။ ဒါကို စူပါစတားလို့ခေါ်သလားလို့ မေးခွန်းထုတ်တယ်။ ကျွန်တော်ဘုရားတလိုက်မိတယ်။ အဲဒါနဲ့ ရုံးအဖွဲ့ကို ဖုန်းဆက်ပြီး အင်တာဗျူးအစီအစဉ်အစအဆုံးဗီဒီယိုခွေကို ကျွန်တော့်ရုံးခန်းကိုပို့ပေးဖို့နဲ့အေးဗစ်ဂီးလ်ကိုပါ ပေးဖို့ဖုန်းဆက်လိုက်တယ်။

ဘုရားသခင်။ ဒီခွေကိုပြန်ကြည့်တော့မှ သူဝေဖန်တာ အသင်းမှာရှိသမျှလူကုန်ပြီ။ အလန်စမစ်၊ ဗန်ဒါဆား။ အခြား၊ အခြားသောများစွာ။ ဒါပေမဲ့ ကျွန်တော်တို့အသင်းရဲ့ ဘောလုံးသင်တန်းကျောင်းကိစ္စအတွက် ဒူဘိုင်းကိုအရေးပေါ်သွားရလို့ ကျွန်တော်မရှင်းနိုင်သေးဘူး။ ဂယ်ရီနဗီးလ်ဆီက ဖုန်းလာတယ်။ အဝတ်လဲခန်းထဲမှာ အားလုံးက စိတ်ပျက်နေကြတဲ့အကြောင်း၊ လေ့ကျင့်ခန်းအစီအစဉ်မှာ ရွိုင်ကင်းက လုပ်ချင်သလိုလုပ်နေကြောင်း။ ကွီရော့ဇ်ရှိပေမယ့် သူက ဂရုစိုက်ရမယ့်လူလို့မထင်ဘူး။

ကျွန်တော်ပြန်ရောက်တော့ ဒီပြဿနာကို ရှင်းတယ်။ ရွိုင်းနဲ့ မျက်နှာချင်းဆိုင်ပြီး "ဘာတွေဖြစ်ခဲ့သလဲဆိုတာကိုငါသိတယ်။ မင်းဘယ်လိုလုပ်လိုက်တာလဲ။ ဒီလောက်ကျက်သရေမရှိတဲ့စကားတွေကို မင်းဘာကြောင့်ပြောခဲ့တာလဲ။ မင်းဝေဖန်ခဲ့တာ မင်းအသင်းဖော်တွေ။ မင်းက သူတို့အားလုံးကိုအသင်းက ထွက်သွားစေချင်တာလား"။ ရွိုင်းက ကျွန်တော့်ကိုပြန်ရှင်းပြတယ်။ သူ့စကားတွေက အသင်းကိုကောင်းစေချင်လို့ပြောတာဖြစ်ကြောင်းနဲ့ ကျွန်တော့်အနေနဲ့နားလည်သဘောပေါက်သင့်ကြောင်း။ ဒါနဲ့ကျွန်တော် ဗန်ဒါးဆားကို လှမ်းမေးတယ်။ ဗန်ဒါးဆားကမကျေနပ်တဲ့အကြောင်းပြောတော့ ရွိုင်ကင်းက "ယူ့နိုက်တက်အကြောင်း မင်းဘယ်လောက်သိလို့လဲ"လို့ပြန်မေးတယ်။ နစ္စတယ်ရွိုင်းက ဗန်ဒါးဆားဘက်က ဝင်ကာကွယ်တယ်။ ကွီရော့ဇ်ကလည်း ဝင်ပြောတယ်။ အဲဒီအချိန်မှာ စနိုးလ်၊ နစ္စတယ်ရွိုင်းနဲ့ ဖော်ကျွန်းတို့က အခန်းထဲကထွက်သွားတယ်။ ရွိုင်ကင်းက အသားတွေတုန်တဲ့အထိဒေါသထွက်နေတယ်။ ကျွန်တော်က သူ့ထက်ပိုဒေါသထွက်ပြီး ဘာမှမပြောနိုင်ဘူး။ သူလည်းအခန်းထဲက ထွက်သွားတယ်။

ကွီရော့ဇ်ကဒီလိုမြင်ကွင်းမျိုးသူဘယ်တုန်းကမှ မမြင်ခဲ့ဖူးဘူးလို့ပြောတယ်။ ပရော်ဖက်ရှင်နယ်ဘောလုံးအသင်းတစ်သင်းမှာ ဒီလိုပြဿနာမျိုး မရှိလောက်ဘူးလို့ပြောတယ်။ ကျွန်တော်က "သူဒီအသင်းကထွက်သင့်ပြီ"လို့ ပြောတော့ ကားလို့စ်က "ရာနှုန်းပြည့်ပဲ"လို့ ပြန်ပြောတယ်၊ ကျွန်တော် ဒူဘိုင်းမှာရှိနေတဲ့ အေးဗစ်ဂီးလ်ကို ဖုန်းလှမ်းခေါ်လိုက်တယ်။

(ဆက်လက်ဖော်ပြပါဦးမည်)



မန်ယူကို မန်ယူလိုပြန်မြင်ချင်ရင်

ကျော်ရင်

ဒီရာသီ မန်ယူအဖြစ်က အမှတ်ပေးချန်ပီယံဆိုတာဝေး၊ ချန်ပီယံလိဂ်ဝင်ခွင့် မဆိုထားနဲ့ ယူရိုပါလိဂ် ခြေစစ်ပွဲကစားရမယ့်အဆင့်အထိရောက်မသွားဖို့ကြိုးပမ်းနေရတယ်။ အသင်းအခြေအနေက အားတက်စရာ ဘာမှမတွေ့ရဘူး။ အသင်းခေါင်းဆောင်ဗီဒစ် မန်ယူနဲ့လမ်းခွဲဖို့သေချာသွားချိန်မှာ၊ ဒုတိယအသင်းခေါင်းဆောင် အီဗရာ၊ ဝါရင့်အသင်းခေါင်းဆောင်ဟောင်းတွေဖြစ်တဲ့ ဂစ်၊ ဖာဒီနန်တို့ကလည်း ရာသီကုန်မှာ အသင်းနဲ့ သက်တမ်းကုန်တော့မယ်။ အသင်းခေါင်းဆောင်လက်ပတ်ရဖူးတဲ့ ရွန်နီကိုလည်း စာချုပ်(၁)နှစ်ကျော်သာကျန်တော့ပေမယ့် သက်တမ်းမတိုးနိုင်သေးဘူး။ နွေရာသီရောက်တဲ့အထိမှ သက်တမ်းမတိုးနိုင်ရင် ရွန်နီကိုလည်း ထိန်းသိမ်းနိုင်ဖို့မသေချာတော့ဘူး။ ခေါင်းဆောင်အားလုံးရဲ့ အနာဂတ်လှုပ်ခတ်နေတာကြောင့် မန်ယူကလည်း အထိန်းအကွပ်ကင်းမဲ့နေပြီး ပရမ်းပတာနိုင်လွန်းနေတယ်။ ဇန်နဝါရီမှာ အန်ဒါဆန်၊ ဇာဟာ၊ ဖေဘီယိုတို့ အငှားနဲ့တစ်မျိုး အပြီးသတ်တစ်ဖုံ မန်ယူကိုစွန့်ခွာသွားကြပြီ။ အန်ဒါဆန်က မန်ယူကို ပြန်မလာဖို့ ရာနှုန်းပြည့်နီးပါးသေချာနေချိန်မှာ သူ့လိုပဲ နွေရာသီမှာ မန်ယူကိုစွန့်ခွာမယ့်ကစားသမားတွေက အဲ့နဲ့ကျင်းနဲ့ ကျန်နေသေးတယ်ဆိုပြီးဖွလိုက်တယ်။ နောက်မှ ဒီလိုအဓိပ္ပာယ်ကို မဆိုလိုပါဘူးဆိုပြီး ပြန်ရှင်းပေမယ့် ပြောခဲ့တဲ့စကားရဲ့လားရာက ဒီအဓိပ္ပာယ်မဟုတ်လို့ အခြားမရှိနိုင်ပါဘူး။ ဖူလ်ဟမ်နဲ့ပွဲမှာ မန်ယူရဲ့ ဖြတ်တင်ဘောအကြိမ်(၈၀)ကျော်ပြီး စံချိန်တင်သွားတယ်။ ဒါပေမဲ့ ရွန်နီနဲ့ဗန်ပါစီရဲ့ အပြန်အလှန်ပေးပို့မှုဟာ စပေးဘော(၂)ကြိမ်ပါဝင်မှ(၆)ကြိမ်ပဲရှိတယ်။ ရွန်နီဟာ ခေတ်အဆက်ဆက်မှာ စီရော်နယ်လ်ဒို၊ နစ္စတယ်ရွိုင်း၊ ဆာဟာ၊ တီဗက်ဇ်၊ ဘာဘာတော့ဗ်တို့လို အဓိကတိုက်စစ်မှူးအဆက်ဆက်နဲ့ အတွဲအဖက်မိမိ ကစားနိုင်ခဲ့ပေမယ့် ဗန်ပါစီကိုကျမှ ပြိုင်ဘက်တစ်ဦးလို သဘောထားပုံပေါက်နေတယ်။ ဒါကြောင့် ရွန်နီလှုပ်ခတ်နေသလို ဗန်ပါစီရဲ့အနာဂတ်ကလည်း မငြိမ်ပါဘူး။ နောက်ဆုံးတော့ မန်ယူဟာ အသစ်ပြန်လည် တည်ဆောက်တော့မယ့်အသင်းလိုဖြစ်နေပါတယ်။ အကောင်းဘက်ကမြင်သူတွေက မန်ယူအသင်းကို ဘယ်တုန်းကမှမတွေ့ဖူးတဲ့ ပုံစံသစ်နဲ့ မြင်တွေ့ရတော့မယ်။ ဒါက အဆိုးထဲက အကောင်းပဲလို့တွက်နေကြပါတယ်။

ဂလေဇာဓလေ့ ပျက်ဖို့လို

ဖာဂူဆန်က ဒေးဗစ်မိုယက်စ်ကို မန်ယူရဲ့ဓလေ့ကို ဆက်လက်ထိန်းသိမ်းမယ့်သူဆိုပြီး အပ်နှံခဲ့တယ်။ ဒီနေရာမှာ မေးစရာရှိတာက မန်ယူဓလေ့ဆိုတာဘာလဲ။ အကယ်ဒမီထွက်ကစားသမားတွေနဲ့ လူငယ်ကစားသမားတွေကိုနေရာပေးရမယ်။ ဒါကို မိုယက်စ်ဆက်လက်ထိန်းသိမ်းဖို့ အပန်းမကြီးပါဘူး။ အဲဗာတန်မှာ ငယ်မွေးခြံပေါက်ကစားသမားတွေကို ပြုစုပျိုးထောင်ပေးခဲ့တဲ့အတွေ့အကြုံက နည်းမှမနည်းတာ။ ဒါပေမဲ့ နောက်ထပ်မန်ယူမှာ ဖြစ်တည်နေတဲ့ ဓလေ့တစ်ခုရှိပါသေးတယ်။ ဒါကို ဂလေဇာဓလေ့လို့ နာမည်ပေးချင်ပါတယ်။ ရှင်းပြရရင် အမေရိကန်နိုင်ငံ ဖလော်ရီဒါအခြေစိုက် ဂလေဇာမိသားစုဟာ ၂၀၀၅ ခုနှစ် မေလမှာ မန်ယူအသင်းကိုဝယ်ယူခဲ့ပါတယ်။ ဂလေဇာလက်ထက်တစ်လျှောက် ဒီနေ့အထိတွက်ကြည့်ရင် မန်ယူရဲ့ ဝင်ငွေတွေထဲက ပေါင်(၆၉၆)သန်းကို အတိုးနှုန်း၊ ဘဏ်ဝန်ဆောင်မှုနဲ့ ကြွေးမြီတွေအတွက်ရှင်းခဲ့ပြီး ကစားသမားခေါ်ယူမှုအတွက်အသုံးပြုခဲ့တာကပေါင်(၃၈၂.၉)သန်းပဲရှိပါတယ်။ ဒါက ဂလေဇာလက်ထက် ပေါင်(၂)သန်းနဲ့ဗန်ဒါးဆားကို ခေါ်ယူခဲ့တာကစပြီး ပေါင်(၃၇.၁)သန်းနဲ့ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်ခဲ့တဲ့ မာတာကို ခေါ်ယူမှုအထိတွက်ချက်ထားတာဖြစ်ပါတယ်။ ဂလေဇာလက်ထက်မှာ မန်ယူအသင်းဟာ ချန်ပီယံလိဂ်တစ်ကြိမ်၊ ပရီးမီးယားလိဂ်ဖလား(၅)ကြိမ်ရရှိခဲ့ပါတယ်။ ဒါပေမဲ့ မန်ယူအသုံးပြုခဲ့တဲ့ပြောင်းရွှေ့ကြေးဟာ ချန်ပီယံပြိုင်ဘက်တွေဖြစ်ခဲ့တဲ့ မန်စီးတီး၊ ချယ်လ်ဆီး၊ လီဗာပူးလ်တို့ထက်သာမက စပါးလိုဥရောပဝင်ခွင့် နှပ်မမှန်တဲ့ အသင်းထက်တောင် နည်းပါးခဲ့ပါတယ်။ မန်ယူကို ဂလေဇာသိမ်းပိုက်ခဲ့တဲ့ ၂၀၀၅ခုနှစ်ကနေတွက်ရင်အဘူဒါဘီအုပ်စုပိုင်မန်စီးတီးအသင်းဟာပေါင်(၆၉၃.၇)သန်းအသုံးပြုထားပြီး ရုရှားသူဌေးအဘရာမိုဗစ်ချ်ပိုင်ချယ်လ်ဆီးအသင်းဟာပေါင်(၆၀၀.၂)သန်း အသုံးပြုထားပါတယ်။ ဒီ(၂)သင်းဟာ တစ်ဇောက်ကန်းငွေသုံးစွဲတဲ့အသင်း (Kamikaze Spending Clubs) တွေဖြစ်လို့ ဂလေဇာရဲ့ မန်ယူလိုက်မမီတာလို့ ဖြည့်တွေးပေးနိုင်ပါတယ်။ ဒါပေမဲ့ ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဂလေဇာလက်ထက်မှာ စိန်ခေါ်နိုင်စွမ်းအားနည်းတဲ့ လီဗာပူးလ်ရဲ့သုံးစွဲမှု ပေါင်(၄၄၃.၇၅)သန်း၊ ပရီးမီးယားလိဂ်ချန်ပီယံဆုကို လုံးဝစိန်ခေါ်နိုင်စွမ်းမရှိတဲ့ စပါးအသင်းရဲ့သုံးစွဲမှု ပေါင်(၄၄၈.၂)သန်းတို့ထက်တောင် ပေါင်သန်း(၆၀)လောက်လျော့နည်းနေတာကြည့်ရင် မန်ယူရဲ့ ငွေသုံးစီစစ်မှုကိုတွေ့မြင်ရမှာပါ။ ထိပ်သီးအသင်းကြီးတွေထဲမှာ ခြိုးခြံချွေတာလွန်းတဲ့ အာဆင်နယ်သာ ပေါင်(၂၁၇.၅) သန်းနဲ့ ဂလေဇာရဲ့ မန်ယူအောက် လျော့နည်းခဲ့ပါတယ်။ ငွေသုံးစီစစ်တယ်၊ ခြိုးခြံချွေတာတယ်ဆိုတာ ဂလေဇာဓလေ့လို့ သတ်မှတ်ချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒါဟာ မန်ယူဓလေ့၊ ဖာဂူဆန်ဓလေ့မဟုတ်လို့ပါ။ ဖာဂူဆန်ဟာ ငယ်မွေးခြံပေါက်ကစားသမားတွေ၊ ရွက်ပုန်းသီးလူငယ်ကစားသမားတွေကို ပြုစုပျိုးထောင်ပြီး အောင်မြင်မှုများစွာရယူနိုင်ခဲ့တယ်။ ဒါဟာ ဖာဂူဆန်ရဲ့ ဓလေ့တစ်ခုလည်းဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဖာဂူဆန်ဟာ ဒီနေ့အာဆင်နယ်နည်းပြအာစင်ဝင်းဂါးလို၊ ဒေါ့မွန်နည်းပြယာဂင်ကလော့ပ်လို ငွေသုံးနည်းတဲ့ နည်းပြတစ်ဦးမဟုတ်ခဲ့ပါဘူး။ ဖာဂူဆန်ဟာ ဂလေဇာခေတ်မတိုင်ခင်မှာ ပယ်လစ္စတာ၊ ရွှိုင်ကင်း၊ အန်နီကီးလ်၊ ဗာရွန်၊ ဖာဒီနန်တို့ကို ခေါ်ယူပြီး ဗြိတိသျှစံချိန်တင်ပြောင်းရွှေ့ကြေးကို (၅)ကြိမ်တိုင်တိုင် ရိုက်ချိုးခဲ့သူပါ။ ဒါပေမဲ့ ဂလေဇာလက်ထက်မှာတော့ ဗြိတိသျှစံချိန်တင်ပြောင်းရွှေ့ကြေးကို တစ်ကြိမ်မှ ချိုးဖျက်နိုင်ခြင်းမရှိတော့ပါဘူး။ ဂလေဇာလက်ထက် ဖာဂူဆန်တင်နိုင်ခဲ့တဲ့ အပြောင်းအရွှေ့စံချိန်က အဝယ်မှာမဟုတ်ဘဲ အရောင်းမှာဖြစ်ခဲ့တာပါ။ မာ့ခ်ဟူချ်ကို ပေါင်(၂.၃)သန်းနဲ့ရောင်းချခဲ့တဲ့ ၁၉၈၆ခုနှစ်နောက်ပိုင်း မန်ယူ ဗြိတိသျှစံချိန်ထပ်မံမချိုးနိုင်တော့တာကို ပေါင်သန်း(၈၀)နဲ့ စီရော်နယ်လ်ဒိုကိုရောင်းထုတ်ပြီး စံချိန်တင်ခဲ့ပါတယ်။ ဂလေဇာငွေနဲ့ ဖာဂူဆန်ရဲ့ အမြင့်ဆုံးခေါ်ယူမှုဟာ ပေါင်(၃၀.၇၅)သန်းတန် တိုက်စစ်မှူးဘာဘာတော့ဗ်ဖြစ်ပါတယ်။ ဘာဘာတော့ဗ်ပြောင်းရွှေ့ကြေးဟာ ကလပ်အသင်းစံချိန်ချိုးခဲ့ပေမယ့် ဗြိတိသျှစံချိန်နဲ့တော့ လွဲခဲ့ပါတယ်။ ဒီတော့ မန်ယူရဲ့ ငွေသုံးစွဲမှုကျဆင်းလာတာဟာ ဂလေဇာဓလေ့ကြောင့်ဖြစ်ပါတယ်။ မန်ယူနဲ့ ဖာဂူဆန်ရဲ့ဓလေ့မှာရှာရင် စံချိန်တင်ပြောင်းရွှေ့ကြေးတွေပဲတွေ့ရမှာဖြစ်ပါတယ်။ မိုယက်စ်ဟာ မန်ယူဓလေ့ကိုဖျက်ဆီးမယ့်သူမဟုတ်ဘူးလို့ ဖာဂူဆန်မှတ်ချက်ပေးခဲ့ပါတယ်။ မန်ယူဓလေ့ကိုဖျက်ဆီးဖို့လည်းမလိုပါဘူး။ ဂလေဇာဓလေ့ကိုသာ ဖျက်ဆီးပစ်ဖို့လိုအပ်နေတာပါ။

ပေါင်သန်း(၁၀၀)

သတင်းတွေအရ ဒေးဗစ်မိုယက်စ်ဟာ နွေရာသီမှာ ပေါင်သန်း(၁၀၀)အသုံးပြုခွင့်ရမယ်လို့ သိရပါတယ်။ မန်ယူကထွက်ဖို့သေချာနေတဲ့သူတွေဟာ အလွတ်ပြောင်းရွှေ့ကြေးတွေနဲ့ဖြစ်ပါတယ်။ နောက်ထပ်ထွက်ဖို့ သတင်းပြေးနေသူတွေကလည်း စာချုပ်သက်တမ်း(၁)နှစ်နဲ့ (၂)နှစ်အတွင်း ကစားသမားတွေဖြစ်နေလို့ ရောင်းချမှုကနေ ငွေအလုံးအရင်းရဖို့မရှိပါဘူး။ ရွန်နီကိုရောင်းဖို့ဖြစ်လာခဲ့ရင် ငွေအများဆုံးရမှာဖြစ်ပေမယ့် ဒီငွေနဲ့ ရွန်နီအဆင့်ကစားသမားတစ်ဦးကိုပြန်ခေါ်ဖို့ မဖြစ်နိုင်ပါဘူး။ မန်ယူဟာ ရှေ့၊ လယ်၊ နောက် နေရာစုံအားဖြည့်ရမှာဖြစ်ပြီး ဒီအတွက်ပေါင်သန်း(၁၀၀)ဟာ များတယ်လို့မဆိုနိုင်ပါဘူး။ နောက်တန်းကို မိုယက်စ်အားဖြည့်ဖို့သေချာနေပြီး တိုက်စစ်ပိုင်းကလည်း ရွန်နီထွက်ခွာသွားရင်၊ မိုယက်စ်မကြိုက်တဲ့ဟာနန်ဒက်ဇ်ကို ရောင်းထုတ်ခဲ့ရင် ပြန်လည်အားဖြည့်ဖို့သေချာပါတယ်။ ဒါပေမဲ့ မဖြစ်မနေအားဖြည့်ဖို့လိုအပ်နေတာက ဗဟိုကွင်းလယ်နေရာပါ။ မန်ယူရဲ့ကျဆင်းမှုအဝဝဟာ ဗဟိုကွင်းလယ်အားနည်းမှုကြောင့်လို့ပြောချင်ပါတယ်။ ဒီရာသီမှာ မန်ယူရဲ့ ခံစစ်အလုပ်များမှု (Defensive Actions) ဟာ (၁၄၇၂)ကြိမ်နဲ့ ပရီးမီးယားလိဂ်မှာ တတိယအများဆုံးပါ။ ဒါက အသင်းကြီးတစ်သင်းအနေနဲ့ဆိုရင် အင်မတန်ရှက်ဖို့ကောင်းပါတယ်။ ကွင်းလယ်စိုးမိုးမှုအားကောင်းတဲ့ မန်စီးတီးဟာ ပရီးမီးယားလိဂ်မှာ ခံစစ်အလုပ်များမှု အနည်းဆုံး၊ လာလီဂါမှာဆိုရင် ဘာစီလိုနာကအနည်းဆုံးဖြစ်ပါတယ်။ မန်ယူမှာ အသင်းကြီးတစ်သင်းနဲ့ညီညွတ်တဲ့ ကွင်းလယ်အင်ဂျင်မရှိတာကြောင့် တန်းဆင်းဇုန်ကအသင်းတွေထက်တောင် ခံစစ်ပိုင်းအလုပ်များနေတာ ရှက်စရာပါ။ ဒါပေမဲ့ မန်ယူဟာ ဗဟိုကွင်းလယ်အားဖြည့်မှုမှာ ခေတ်အဆက်ဆက် အလွဲလွဲအမှားမှားဖြစ်ခဲ့ပြီး ကလီဘာဆင်၊ ဂျမ်ဘာဂျမ်ဘာ၊ ဗာရွန်၊ အန်ဒါဆန်၊ ဟားဂရေဗ်စ်တို့လို သုံးမရတဲ့ကွင်းလယ်လူတွေနဲ့ ကြုံခဲ့ရပါတယ်။ ပြီးခဲ့တဲ့ နွေရာသီကခေါ်ယူခဲ့တဲ့ ဖယ်လေနီဟာလည်း မှန်ကန်ဖို့မသေချာသေးသလို ဒီအားဖြည့်မှုက ဟားဂရေဗ်ကိုခေါ်ယူခဲ့တဲ့ နောက်ပိုင်း (၆)နှစ်အတွင်းမှာ တစ်ကြိမ်တည်းသော ဗဟိုကွင်းလယ်အားဖြည့်မှု ဖြစ်ခဲ့ပါတယ်။ လွဲချော်မှုများပြီး အားဖြည့်မှုနည်းတာကြောင့် ကွင်းလယ်မျိုးဆက်ပျက်နေတာကြာပါပြီ။ ဒါကြောင့် မန်ယူဟာ တစ်ချိန်ကလို ဗြိတိသျှစံချိန်တင်ပြောင်းရွှေ့ကြေးကို ပြန်ချိုးမယ်၊ မိုယက်စ်ဟာ ဖာဂူဆန်မရခဲ့ဖူးတဲ့ ပေါင်သန်း(၁၀၀)နဲ့ ဂလေဇာဓလေ့ကို ပျက်ယွင်းစေမယ်ဆိုရင် ခေါ်ယူသင့်တဲ့နေရာဟာ တိုက်စစ်မဟုတ်၊ တောင်ပံမဟုတ်၊ နောက်တန်းမဟုတ်၊ ထွက်ခွာတော့မယ့် အသင်းခေါင်းဆောင်နေရာကိုလည်း ဆက်ခံနိုင်၊ မန်ယူကွင်းလယ်ရဲ့ သိက္ခာကိုလည်း ပြန်ဆယ်နိုင်မယ့် ဗဟိုကွင်းလယ်လူတစ်ဦးသာ ဖြစ်သင့်တယ်လို့ ယူဆမိပါတယ်။

မန်ယူကစားသမားများ၏ စာချုပ်သက်တမ်းကျန်ရှိမှု

၂၀၁၄(ယခုရာသီကုန်) - ဗာဒီနန်(၃၅နှစ်)၊ ဗီဒစ်(၃၂နှစ်)၊ အီဗရာ(၃၂နှစ်)၊ ဂစ်(၄၀နှစ်)

၂၀၁၅ - ရွန်နီ(၂၈နှစ်)၊ ကာရစ်(၃၂နှစ်)၊ ကလယ်ဗာလေ(၂၄နှစ်)၊ ဖလက်ချာ(၃၀နှစ်)၊ ဘင်အာမို့စ်(၂၃နှစ်)၊ ဗလင်စီယာ(၂၈နှစ်)

၂၀၁၆ - ဒီဂီယာ(၂၃နှစ်)၊ လင်ဒီဂတ်(၂၉နှစ်)၊ ဗီးလ်ဂျုံးစ်(၂၁နှစ်)၊ အီဗန်စ်(၂၆နှစ်)၊ စမောလင်း(၂၄နှစ်)၊ ရာဖေးလ်(၂၃နှစ်)၊ ကာဂါဝါ(၂၄နှစ်)၊ အက်ရှလေယန်း(၂၈နှစ်)၊ ဟာနန်ဒက်ဇ်(၂၅နှစ်)၊ ဝဲလ်ဘက်(၂၃နှစ်)၊ ဗန်ပါစီ(၃၀နှစ်)

၂၀၁၇ - ဘတ်နာ(၂၅နှစ်)

၂၀၁၈ - ဖယ်လေနီ(၂၆နှစ်)၊ မာတာ(၂၅နှစ်)၊ ယာနူဇေး(၁၉နှစ်)၊ နာနီ(၂၇နှစ်)

Photo : AFP, Gettyimages

Premier Eleven Sports Journal Vol:11 No.25 16, February, 2014

ပရီးမီးယားလိဂ်ချန်ပီယံဆုအတွက် ချယ်လ်ဆီး၊ အာဆင်နယ်၊ မန်စီးတီးတို့ ရေပန်းအစားဆုံးဖြစ်လာသည်။ ဒီအချိန်တွင် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုနှင့် မန်စီးတီးနည်းပြပယ်လီဂရီနီတို့ကြားက Mind Game က စတင်ခဲ့သည်။ မော်ရင်ဟိုကတော့ ထုံးစံအတိုင်း ပြိုင်ဘက်နည်းပြတွေကို အသာစီးယူစိတ်ဓာတ်စစ်ဆင်ရေးလုပ်နေနိုင်ဆဲဖြစ်သည်။ အခုလည်း မန်စီးတီးနည်းပြပယ်လီဂရီနီ အာရုံများအောင် မော်ရင်ဟို စကားစစ်ထိုးနေသည်။ ပရီးမီးယားလိဂ်ပြိုင်ပွဲအဆုံးသတ်ချိန်တွင် ချန်ပီယံဆုကို ဘယ်အသင်းရမည်နည်းဆိုတာ မသေချာသေးပေမယ့် မော်ရင်ဟိုကတော့ ပယ်လီဂရီနီကို ချန်ပီယံပြေးလမ်းပေါ်၌ စကားလုံးများကြားပိတ်မိနေအောင် ပြုလုပ်ထားနိုင်ခဲ့သည်ဟု ဆိုရမည်။

ရင်ခုန်ဖွယ် ဥရောပပွဲစဉ်အချို့ကိုပြန်လည်ခံစားခြင်း

မန်စီးတီးနည်းပြ ပယ်လီဂရီနီ

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို

ဘားကင့်လား။ ။ အာရုပ်ပင်လား

ဝင်းဂါးက အိုဇေးလ်ကိုဘယ်လောက်စိတ်ဝင်စားခဲ့သလဲဆိုတာ မသေချာ။ ရီးယဲယ်က ရောင်းချင်တဲ့အချိန်၊ အာဆင်နယ်က ဗီလာကို အိမ်ကွင်းမှာရှုံးခဲ့တဲ့အချိန်မှာ ခေါ်ခဲ့ခြင်းဖြစ်သည်။ အိုဇေးလ်ရဲ့ အခင်းအကျင်း၊ အမြင်၊ အစွမ်းအစက သံသယဖြစ်စရာမရှိ။ အာဆင်နယ်ရဲ့ မျှော်လင့်ချက်ရောင်နီဖြစ်ခဲ့သည်။ ဒါပေမဲ့ လီဗာပူးလ်နဲ့ပွဲမှာတော့ အိုဇေးလ်ဘာဖြစ်သွားတာလဲ။ လီဗာပူးလ်ရဲ့ ဂိုး(၂)ဂိုးအတွက်သူ့ရဲ့ ပေးပို့ချက်တွေက အထောက်အကူပြုခဲ့သည်။ အသင်းရဲ့ ကစားကွက်အခင်းအကျင်းထဲကို နက်နက်ရှိုင်းရှိုင်း ရောက်မလာ။ ထိုနေ့က သူသည် ပေါင်သန်း(၄၀)ကျော်တန်သည့် ကစားသမားမဟုတ်ခဲ့။

အိုဇေးလ်အာဆင်နယ်အတွက်ကစားခဲ့တာ ပွဲ(၃၀)ကိုတစ်ပွဲလျော့သည်။ ပထမ(၁၀)ပွဲထက်၊ ဒုတိယ(၁၀)ပွဲက စွမ်းဆောင်ရည်ကျလာသည်။ ဒုတိယ(၁၀)ပွဲထက် နောက်ဆုံး(၉)ပွဲမှာ ပိုကျလာသည်။ ဒီ(၉)ပွဲမှာ (၁)ဂိုးမှမရ။ တစ်ကြိမ်သာ ဂိုးဖန်တီးနိုင်ခဲ့သည်။ ဒီ(၉)ပွဲဆိုတာကို အသေးစိတ်ပြန်ကြည့်ရင် မန်စီးတီးကို (၆-၃)ဂိုးနဲ့ ရှုံးတဲ့ပွဲမှာ မာတီဆက်ကာနှင့် ပြဿနာဖြစ်ပြီးကတည်းက ဖြစ်သည်။ အာဆင်နယ်မှာ အိုဇေးလ်ဆက်မနေချင်တော့ဘူးလား။ အသင်းပြောင်းချင်တာလား။ လက်ရှိခြေစွမ်းကတော့ သေချာသည်။ အိုဇေးလ်အစစ်မဟုတ်။

လီဗာပူးလ်ရဲ့နိုင်ပွဲကလှသည်။ Side Back (၂)ယောက်က ပထမဦးစားပေးတွေမဟုတ်။ သူတို့အသင်းမှာ Holding Midfielder စစ်စစ်မပါ။ (၄-၃-၃)နဲ့ (၄-၄-၂)ကိုအဆင်ပြေသလိုကစားသွားသည်။ အာဆင်နယ်ရဲ့ အခင်းအကျင်းက (၄-၂-၃-၁)။ ဒါပေမဲ့ တကယ်ကစားခဲ့တဲ့ပွဲမှာ (၂-၃-၁-၄)အဖြစ် ကစားသမားတွေရဲ့ ရွေ့လျားမှုတွေအရတွေ့ရသည်။ ပြဿနာက အဲဒီမှာပေါ်သည်။ ဆက်ဂ်နာနဲ့ မာတီဆက်ကာကြားမှာ၊ ကိုစီယယ်လ်နီနဲ့ မွန်ရီယဲယ်ကြားမှာ ပြဿနာနေရာလွတ်တွေရှိခဲ့သည်။ ဒီလောက်နဲ့ မပြီးသေး။ ခံစစ်မှာ အရေးကြီးသည့် (၂+၁)ပေါင်းစပ်မှု(နောက်ခံအတွင်းလူ(၂)ဦးနဲ့ ကွင်းလယ်ခံစစ်)က စိတ်ပျက်စရာကောင်းသည်။ အာတီတာရဲ့ ခံစစ်အပေါ် ကူညီနိုင်မှုက သံသယဖြစ်စရာ။ ဒီပွဲမှာ အာဆင်နယ်ရဲ့ အပေးအပို့တွေက စိတ်ပျက်စရာဆိုရင် ဒီ့ထက်ပိုတာက Off-ball Movement တွေဖြစ်သည်။ ရည်ရွယ်ချက်ကင်းသလို၊ ထက်မြက်မှုကင်းမဲ့သည်။ ဒီအချိန်မှာ ရမ်ဆေးနှင့် ဖလာမီနီသာဆိုရင် ဟုတွေးနိုင်သည်။ အိုဇေးလ်ရဲ့ တာဝန်ကျေပေးပို့မှုတွေက တိုက်စစ်အတွက်မထိရောက်။ Normal Passes တွေပေးရင်း ဂိုးဖန်တီးဖို့ထက် ကိုယ်မမှားဖို့ကိုသာ အာရုံစိုက်နေသည်။ Scoring First ဆိုတာထက်၊ Safety First ကိုကစားနေတော့ တိုက်စစ်ကလည်း စိတ်ဝင်စားစရာမရှိတော့။ ဒီပွဲ မှာ လီဗာပူးလ်ရဲ့အနိုင်ကထိုက်တန်သည်။ ဂိုးပြတ်သွားတာကတော့အာဆင်နယ်ကိုကည့်လွန်းနေလို့သာဖြစ်သည်။

မိုင်းလ်ဂိမ်းမိတဲ့အင်ဂျင်နီယာ

မော်ရင်ဟိုရဲ့ မိုင်းလ်ဂိမ်းတွေမှာ ဝင်ကစားနေရင်တော့ ပယ်လီဂရီနီအာရုံနောက်သွားလိမ့်မည်။ မော်ရင်ဟိုက ဒီလိုပဲဆွတတ်သည်။ မခိုးမခန့်အမူအရာနဲ့ သူပြောတဲ့စကားတွေကို ဆက်ဆတ်ခါနေနေရင် ကိုယ့်အလုပ်ပျက်လိမ့်မည်။ မော်ရင်ဟိုကိုစိတ်တိုလေ၊ အမှတ်ပေးဇယားထိပ်ကိုတက်ချင်လေ၊ နိုင်ပွဲအပေါ် ဖိအားများလွန်းလေ၊ အမှားတွေ့လေ။ ပယ်လီဂရီနီအနေနဲ့ ဂွါဒီယိုလာကိုအတုယူသင့်သည်။ မော်ရင်ဟိုရဲ့ မိုင်းလ်ဂိမ်းတွေကို ရှောင်ရှားပြီး ရလဒ်ကောင်းတွေယူခဲ့နိုင်သူက ဂွါဒီယိုလာသာဖြစ်သည်။ သူက မော်ရင်ဟိုပြောသမျှကိုထောက်ခံသည်။ မော်ရင်ဟိုနှင့်ယှဉ်လျှင် ဒုတိယတန်းစားသာဖြစ်သည်ဆိုတာမျိုးတွေပြောပြီး၊ မော်ရင်ဟိုတင်ပေးလိုက်သည့်ဖိအားတွေကိုပုတ်ထုတ်နိုင်ခဲ့သည်။

ပယ်လီဂရီနီက အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ မော်ရင်ဟိုရဲ့ မြင်းသေးလေးပုံပြင်ကိုမကျေနပ်တော့ တုံ့ပြန်သည်။ မော်ရင်ဟိုက အင်ဂျင်နီယာတစ်ယောက်ဖြစ်ပြီး ဒီလောက်သင်္ချာညံ့ရသလားလို့ မပြောရုံတစ်မယ်။ သူ့အသင်းဝန်နဝါရီမှာ အမြတ်ပေါ်ခဲ့တာကို တွက်ပြပြီး ပယ်လီဂရီနီကို ထပ်ဆွပေးသည်။ ဒါက အရှည်ကိုကြည့်ခြင်းဖြစ်သည်။ ပယ်လီဂရီနီကို နွေရာသီမှာ ငွေမသုံးအောင် ချုပ်နှောင်လိုက်ခြင်းဖြစ်သည်။ ရေတိုအတွက်လည်း မန်စီးတီးကို ဒေါသစိတ်တွေတိုးပြီးရင်းတိုးပေးနေခြင်းဖြစ်သည်။ အင်ဂျင်နီယာကြီး ပယ်လီဂရီနီအတွက် မလွဲဖို့တော့လိုနေပြီ။

ပရီးမီးယားလိဂ် ပန်တော်ကျ

ရော်ဘင်ဟို၊ အက်ဆီယန်၊ ဒီဂျောင်၊ တာရက်ဘ်၊ ဘာလိုတယ်လီတို့နှင့် အောစီမီလန် ပွဲထွက်လာသည်။ ဒါတောင် အဝှာသွားကစားဖူးသည့် အီမန်နျူရယ်ဆင်ကိုထည့်မတွက်သေး။ တစ်ချိန်က အောစီမီလန်လို့ပြောလျှင် အတိတ်ကာလခရီးရှည်ကိုကြည့်ရန်မလို။ လွန်ခဲ့သည့် (၅)နှစ်၊ (၆)နှစ်လောက်မှာကို အောစီမီလန်ဥရောပမှာ ရွှေထီးဆောင်းခဲ့သေးသည်။ ကိုယ့်စတိုင်နှင့်ကိုယ်ဥရောပမှာ ရပ်တည်နိုင်သည့်အသင်းဖြစ်သည်။ အန်ဆယ်လော့တီထွက်၊ ကာကာထွက်သည့် နောက်မှာတော့ အောစီမီလန်ဥလည်းကွဲသွားပြီ၊ အသိုက်လည်းပျက်သွားပြီ။ လက်ရှိကျနေပုံက ရပ်တန့်လို့မှ ရပါဦးမည်လား။ အသင်းလူစာရင်းကို ကြည့်လိုက်တော့ ပရီးမီးယားလိဂ်အသင်းအသီးသီးက ပိုနေလို့၊ လျှံနေလို့၊ မသုံးချင်တော့လို့၊ ပြဿနာရှာလွန်းလို့၊ ခြေအဆင့်အတန်းမမီတော့လို့ လွှတ်လိုက်သည့် ကစားသမားတွေနှင့် စုဖွဲ့ထားသည်။ အီတလီရဲ့ အစဉ်အလာကြီးသည့် အသင်းကြီးလို့ပင် ပြောရခက်သည်။ ဒီလိုနဲ့ နာပိုလီကိုဂိုးပြတ်ရှုံးခဲ့သည်။ ဆီးဒေါ့ဖ်ကလည်း အယ်လီဂရီနဲ့ ထူးမခြားနားပတ်ပျိုးကို ဆက်တီးလိုက်သည်။

လီဗာပူးလ်ပွဲတွင် နောက်ခံလူ မာတီဆက်ကာနှင့် ပြဿနာတက်နေသည့် အိုဇေးလ်

Premier ELEVEN SPORTS JOURNAL

SUPPLEMENT အ ချ ပ် ပို

အီတီဟတ်ကွင်းတိုးချဲ့မည့်စီမံကိန်းအတွက် မန်စီးတီးအသင်းခွင့်ပြုချက်ရရှိ အိုးလ်ထရက်ဖို့ဒ်၏နောက် ပရီးမီးယားလိဂ်ဒုတိယအကြီးဆုံးကွင်းအဖြစ် တည်ဆောက်မည်

မန်စီးတီးအသင်း၏ ကွင်းသစ်တိုးချဲ့မည့်စီမံကိန်းကို ပြီးခဲ့သည့်ကြာသပတေးနေ့က မန်ချက်စတာမြို့တော်စည်ပင်မှ ခွင့်ပြုချက်ချမှတ်ပေးလိုက်ကြောင်း သိရှိရသည်။

ကမ္ဘာ့ဘောလုံးလောကတွင် အင်အားကြီးအသင်းတစ်သင်းဖြစ်လာရန် ရည်မှန်းပြင်ဆင်နေသော မန်စီးတီးအသင်းသည် လက်ရှိအချိန်၌ ပရိသတ်(၄၇၀၀၀)ကျော်သာ ဝင်ဆံ့သည့်ကွင်းကိုလည်း တိုးချဲ့ရန် စီစဉ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နိုဝင်ဘာလကတည်းက မန်ချက်စတာမြို့တော်စည်ပင်ထံ တင်ပြခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းတာဝန်ရှိသူများက နောက်ထပ်ထိုင်ခုံအရေအတွက် (၁၄၅၀၀)ထပ်ဖြည့်ကာ စုစုပေါင်းပရိသတ်(၆၂၀၀၀)ကျော်ဝင်ဆံ့သည့်ကွင်းအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါ စီမံကိန်းပြီးဆုံးသွားခဲ့ပါက မန်စီးတီးအသင်း၏ အီတီဟတ်ကွင်းမှာ မြို့ခံပြိုင်ဘက်မန်ယူအသင်း၏ အိုးလ်ထရက်ဖို့ဒ်ကွင်းပြီးလျှင် ပရီးမီးယားလိဂ်၏ ဒုတိယအကြီးဆုံးကွင်းဖြစ်လာမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်၌ အိုးလ်ထရက်ဖို့ဒ်ကွင်းက ပရိသတ်(၇၅၀၀၀)ကျော်ဝင်ဆံ့သည့် အကြီးဆုံးကွင်းအဖြစ် ရပ်တည်နေပြီး အာဆင်နယ်အသင်း၏ အီမရိတ်စ်ကွင်းက (၆၀၀၀၀)ကျော်ဝင်ဆံ့သည့် ဒုတိယအကြီးဆုံးကွင်းအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

မန်စီးတီးအသင်း၏ ကွင်းတိုးချဲ့မည့်အစီအစဉ်မှာ ဂိုးတိုင်နောက်ဘက်ဝန်းကျင်တွင် အဓိကဖြစ်ပြီး လာမည့်မေလအတွင်း လုပ်ငန်းစတင်သွားဖွယ်ရှိနေကြောင်း သိရှိရသည်။ ထို့ပြင် တစ်ဆင့်ချင်းတိုးမြှင့်သွားမည်ဖြစ်ပြီး ပထမအဆင့်တွင် ပရိသတ်(၅၄၀၀၀)အထိ ဝင်ဆံ့ရန်၊ ဒုတိယအဆင့်တွင် အလုံးစုံအချောသပ်ရန် ရည်မှန်းထား၍ ၂၀၁၅-၁၆ ရာသီအမီ အပြီးသတ်နိုင်ရန် မျှော်လင့်ထားကြောင်းလည်း သိရှိရသည်။ မန်စီးတီးအသင်းသည် လက်ရှိအချိန်၌ ဘောလုံးအကယ်ဒမီအဆောက်အဦကိုလည်း ပေါင်သန်း(၂၀၀)အကုန်အကျခံကာ တည်ဆောက်လျက်ရှိပြီး ပြီးစီးရန် နီးကပ်နေပြီဖြစ်ကြောင်းလည်း သိရှိရသည်။

Photo: mcfc.com



ပရီးမီးယားလိဂ်၏ ပရိသတ်ဝင်ဆံ့မှုအများဆုံးကွင်းများ	
အိုးလ်ထရက်ဖို့ဒ်(မန်ယူ)	၇၅၇၃၁ဦး
အီမရိတ်စ်(အာဆင်နယ်)	၆၀၃၃၈ဦး
စိန့်ဂျိမ်းစ်ပတ်ခ်(နယူးကာဆယ်)	၅၂၄၀၅ဦး
Stadium of Light (ဆန်းဒါးလန်း)	၄၈၇၀၇ဦး
အီတီဟတ်(မန်စီးတီး)	၄၇၄၀၅ဦး
အန်ဖီးလ်(လီဗာပူးလ်)	၄၅၂၇၆ဦး
ဗီလာပတ်ခ်(အက်စတွန်ဗီလာ)	၄၂၆၈၂ဦး
စတမ်းဖို့ဒ်ဘရစ်ချ်(ချယ်လ်ဆီး)	၄၁၇၉၈ဦး

မန်စီးတီးနှင့်ပွဲတွင် ပထမကစားသမားများကို မော်ရင်ဟိုအနားပေးဖွယ်ရှိ

ချယ်လ်ဆီးနည်းပြမော်ရင်ဟိုသည် စနေနေ့တွင် ယှဉ်ပြိုင်ကစားရမည့် မန်စီးတီးအသင်းနှင့် FAဖလားပွဲစဉ်၌ ပထမကစားသမားများကို အနားပေးသွားဖွယ်ရှိကြောင်း Mirror သတင်းစာမှ ဖော်ပြခဲ့သည်။ မော်ရင်ဟိုသည် ယခုပြိုင်ပွဲကို ပရီးမီးယားလိဂ်နှင့် ချန်ပီယံလိဂ်တို့၏နောက် တတိယဦးစားပေးအဖြစ်သာ သတ်မှတ်ထားသည့်အတွက် ပွဲကျပ်ကာလအတွင်း ပွဲမပန်းစေရန် ဟာဇက်၊ အော်စကာ၊ ရာမီရက်စ်တို့ကို ချန်လှပ်သွားလိုခြင်းဖြစ်သည်။

သောကြာနေ့နံနက်ပိုင်းသတင်းများ

❒ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က မန်စီးတီး-ဆန်းဒါးလန်းပွဲနှင့် အဲဗာတန်-ပဲလေ့စ်ပွဲများကို လေပြင်းတိုက်ခတ်မှုကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး ပြန်လည်ကစားရမည့်ရက်ကို သတ်မှတ်ရခြင်းမရှိသေးကြောင်း သိရှိရသည်။

❒ အာဆင်နယ်ကိုးသမား ဆဇက်စနီက လာမည့် FA ဖလားပြိုင်ပွဲတွင် အာဆင်နယ်အသင်း၏ ပုံစံအစစ်အမှန်ကိုမြင်တွေ့စေရမည်ဟု လီဗာပူးလ်အသင်းအား သတိပေးပြောကြားလိုက်သည်။

❒ လီဗာပူးလ် တိုက်စစ်မှူးဆွာရက်ဇ်က ကမ္ဘာ့ဖလားမတိုင်မီတွင် ဒဏ်ရာအနာတရ အချိုးရှိမည်ကို မိမိအလွန်စိုးရိမ်မိကြောင်း ပြောကြားခဲ့သည်။

❒ ဘရာဇီးလ်ကွင်းလယ်ကစားသမား ဇီကိုက လာမည့်ကမ္ဘာ့ဖလားတွင် ဘရာဇီးလ်၊ အာဂျင်တီးနား၊ ဥရုဂွေးတို့ထဲမှ တစ်သင်းသင်း ဗိုလ်စွဲလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သည်။

❒ ကမ္ဘာ့ဘောလုံးအကျော်အမော် ဒေးဗစ်ဘက်ခမ်းသည် ဟိုင်ရန်အမည်ရှိ စူပါတိုင်ဖွန်းမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဖိလစ်ပိုင်နိုင်ငံ၊ တက်ကလိုဘန်ပြည်နယ်သို့ ကုလသမဂ္ဂယူနီဆက်ဖ်တာဝန်ရှိသူများနှင့် သွားရောက်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ကလေးငယ်များနှင့် တစ်နာရီနီးပါး ဆော့ကစားခဲ့ကာ ဒုက္ခသည်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြင်သစ်ဖလား ပွဲကျန်ရလဒ်

လိုင်ယွန် ၁-၁ လန်းစ် (မိနစ် ၉၀ ရလဒ်)

ပြင်သစ်လိဂ်အဖွဲ့ချုပ်နှင့် မိုနာကိုအသင်း၏ အခွန်နှုန်းသဘောတူညီမှုအား ပြင်သစ်ကလပ်အသင်းများကန့်ကွက်

မိုနာကိုအသင်းနှင့် ပြင်သစ်ဘောလုံးလိဂ်အဖွဲ့ချုပ်(LFP)တို့ ရယူထားသည့် ပြင်သစ်လိဂ်တွင်ကစားလိုပါက တစ်နှစ်ကိုယူရိုသန်း(၅၀)ပေးဆောင်ရမည့်သဘောတူညီမှုကို PSG၊ မာဆေးလ်၊ ဘော်ဒိုး၊ လိုင်လီ အပါအဝင်အသင်း(၇)သင်းက ကန့်ကွက်ရန်ဆုံးဖြတ်လိုက်ကြောင်း သိရှိရသည်။ မိုနာကိုအသင်းအနေဖြင့် တခြားသောပြင်သစ်ကလပ်အသင်းများထက် အခွင့်သာနေခြင်းကြောင့် ယခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအား ဖီဖာထုတ်ပြန်

ဖေဖော်ဝါရီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ဖီဖာမှထုတ်ပြန်ခဲ့ရာ ထိပ်ဆုံး(၃)နေရာတွင် စပိန်၊ ဂျာမနီနှင့် အာဂျင်တီးနားတို့အပြောင်းအလဲမရှိရပ်တည်လျက်ရှိကြောင်းသိရှိရသည်။ အင်္ဂလန်အသင်းမှာမူ အဆင့်(၂)ဆင့်ကျသွားကာ အဆင့်(၁၅)၌သာ ရပ်တည်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ကမ္ဘာ့အဆင့်(၁၃၀)၊ အာရှအဆင့်(၁၉)တွင် ရပ်တည်နေပြီး အာဆီယံအဆင့်တွင် ဩစတြေးလျ၊ ဖိလစ်ပိုင်တို့၏နောက် တတိယနေရာတွင် ရပ်တည်နေကြောင်းသိရှိရသည်။

စပါးအသင်း AIAနှင့် (၅)နှစ်တာ စပွန်ဆာစာချုပ်ချုပ်ဆို

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဆင့်(၅)နေရာသို့ရောက်ရှိနေသည့် လန်ဒန်မြို့ခံကလပ်စပါးအသင်းသည် ပြီးခဲ့သည့်ကြာသပတေးနေ့က ဟောင်ကောင်အခြေစိုက် AIA ကုမ္ပဏီနှင့် (၅)နှစ်သက်တမ်းရှိ စပွန်ဆာစာချုပ်ချုပ်ဆိုလိုက်ကြောင်း သိရှိရသည်။

စပါးအသင်းသည် AIA ကုမ္ပဏီနှင့် လက်ရှိအချိန်တွင် လက်တွဲထားပြီးဖြစ်သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲမပါဝင်ဘဲ ဖလားပြိုင်ပွဲများတွင်သာ အင်္ကျီစပွန်ဆာအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။ လက်ရှိ စပါးအသင်း၏ ပရီးမီးယားလိဂ်အင်္ကျီစပွန်ဆာမှာ အမေရိကန်နည်းပညာကုမ္ပဏီ HP ဖြစ်သည်။ HP နှင့်စာချုပ်သက်တမ်းမှာ ယခုရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် AIA ကုမ္ပဏီနှင့် သဘောတူညီမှုရယူခဲ့ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။ စာချုပ်သက်တမ်းမှာ (၅)နှစ်ဖြစ်ပြီး စာချုပ်တန်ဖိုးမှာ တစ်နှစ်လျှင် ပေါင်(၁၆)သန်းဖြစ်ကြောင်းလည်း သိရှိရသည်။ စပါးအသင်းသည် AIA အမှတ်တံဆိပ်ကို ၎င်းတို့၏အင်္ကျီရင်ဘတ်တွင် လာမည့် ၂၀၁၄-၁၅ ရာသီမှစတင်၍ ၂၀၁၈-၁၉ ရာသီအထိ အသုံးပြုသွားရမည်ဖြစ်ကြောင်း သိရသည်။

Photo: tottenhamhotspur.com

ကံကြမ္မာ၏ မျက်နှာသာပေးမှုကိုမရသေးဟု မိုယက်စ်ဝန်ခံ ယင်းမှလွဲ၍ မိမိတို့အသင်းအားနည်းချက်မရှိဟု ပြောကြား

Photo: AFP

မန်ယူအသင်း၏ နည်းပြဖြစ်သူ ဒေးဗစ်မိုယက်စ်က မိမိတို့အသင်းသည် ယခုအချိန်အထိ ကံကြမ္မာ၏ မျက်နှာသာပေးခြင်းကို မခံရသေးကြောင်းပြောကြားခဲ့သည်။

အသင်း၏ လက်ရှိအခြေအနေအပေါ်တွင်မူ "ကျွန်တော်တို့ ကံကြမ္မာရဲ့ဖေးမမှုကို အခုအချိန်အထိမရရှိသေးပါဘူး။ ဒီအသင်းရဲ့ ကစားပုံမကောင်းဘူးဆိုရင် ကျွန်တော်လက်မခံနိုင်ပါဘူး။ ဒါပေမဲ့ နိုင်ပွဲတစ်ပွဲအတွက် လိုအပ်တဲ့ကံကြမ္မာကို ကျွန်တော်တို့မရသေးပါဘူး။ ဒီအသင်းဟာ ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတဲ့အသင်းပါ။ ဒီလိဂ်ပြိုင်ပွဲမှာဘယ်အသင်းကို မဆိုယှဉ်နိုင်စွမ်းရှိပါတယ်" ဟု ပြောကြားခဲ့သည်။

၎င်း၏ နည်းစနစ်ပိုင်းအပေါ် ဝေဖန်မှုများကိုလည်း "လူတွေကပြောကြတယ်။ ဖူလ်ဟမ်နဲ့ပွဲမှာကျွန်တော်တို့အသင်းဟာ ဖြတ်တင်ဘောတွေကို ဦးစားပေးလွန်းတယ်တဲ့။ တစ်ကယ်လို့ ဖြတ်တင်ဘောတွေ မပြုလုပ်နိုင်ရင်လည်း သူတို့ဝေဖန်ကြဦးမှာပါ"ဟု ဆိုခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင်အာဆင်နယ်အသင်း၏ ဖိကစားခြင်းကို ခံခဲ့ရသော်လည်း သရေ(၁)မှတ်ကို ရယူနိုင်ခဲ့သည်။ ယင်းပွဲအပြီးတွင် "ကျွန်တော်လုပ်နိုင်သမျှကို လုပ်သွားပါမယ်။ အများကြီးမပြောချင်ပါဘူး။ ဒါပေမဲ့ နောက်ပွဲမှာ နိုင်အောင်ကစားမယ်လို့တော့ ပြောနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

အသက်ပြဿနာအတွက် လာဇီယို ရှင်းလင်း

လာဇီယိုအသင်းသည် ၎င်းတို့အသင်း၏ လူငယ်ကွင်းလယ်လူ မီနာလာ၏ အသက်ပြဿနာအတွက် ရှင်းလင်းမှုများပြုလုပ်ခဲ့ပြီး မှားယွင်းဖော်ပြသည့် မည်သူ့ကိုမဆို ဥပဒေကြောင်းအရရင်ဆိုင်သွားမည်ဟုကြေညာခဲ့သည်။ လာဇီယိုအသင်းသည် အသက်(၁၇)နှစ် အရွယ်မီနာလာ ကို ယမန်နှစ်ကခေါ်ယူခဲ့ခြင်းဖြစ်ပြီး လူငယ်အသင်းပွဲစဉ်များတွင် အသုံးပြုနေသည်။ ၎င်း၏အသက်အမှန်မှာ (၄၁)နှစ်ဟု မီဒီယာအချို့က ဖော်ပြခဲ့ပြီးနောက် လာဇီယိုအသင်းက ယင်းကဲ့သို့ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

တယ်ရီနှင့်ကာဟေးလ် မန်စီးတီးနှင့်ပွဲကို လွဲဖွယ်ရှိ

ချယ်လ်ဆီးအသင်း၏ အဓိက နောက်ခံလူများဖြစ်သော အသင်းခေါင်းဆောင်ဂျွန်တယ်ရီနှင့် ကာဟေးလ်တို့သည် လာမည့်စနေနေ့တွင် ယှဉ်ပြိုင်ကစားမည့် မန်စီးတီးအသင်းနှင့် အက်ဖ်အေဖလားပွဲကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။ ဂျွန်တယ်ရီသည် ကြွက်သားနာကျင်မှုမပြည့်ဝ၍ အသင်းလေ့ကျင့်ရေးအစီအစဉ်များ တွင် မပါဝင်နိုင်သေးသလို၊ ကာဟေးလ်မှာလည်း ဝက်စ်ဘရွန်းနှင့်ပွဲတွင် ခြေသလုံးကြွက်သားဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်သည်။

မလေးရှားမှ အဲဗာတန်ပရိသတ်ကို ဘိန်းစ်နှင့် မာတီနက်ဇ် လက်ခံတွေ့ဆုံ

အဲဗာတန်အသင်းနည်းပြ မာတီနက်ဇ်နှင့် အသင်းခေါင်းဆောင် လေတန်ဘိန်းစ်တို့သည် အဲဗာတန်နှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်ကို လာရောက်ကြည့်ရှုခဲ့သည့် မလေးရှားပရိသတ်တစ်ဦးကို လက်ခံတွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ ယင်းပရိသတ်သည် အဲဗာတန်အသင်းကို နှစ်(၃၀) ကျော်အားပေးလာသူဖြစ်ပြီး၊ ကွင်းတွင်းအထိ ပထမဆုံးလာကြည့်သည့်ပွဲတွင် ရာသီဥတုကြောင့် ပွဲပျက်ခဲ့ကြောင်းသိရှိရသည်။

ဝက်စ်ဘရွန်းကို ထိန်းချုပ်၍မရခဲ့ဟု ချယ်လ်ဆီးနည်းပြ မော်ရင်ဟို ဝန်ခံ

ချယ်လ်ဆီးအသင်း၏ နည်းပြဖြစ်သူ မော်ရင်ဟိုက ဝက်စ်ဘရွန်းအသင်းနှင့် သရေကျခဲ့သည့်ပွဲတွင် ပွဲချိန်နောက်ဆုံးမိနစ်များ၌ ပြိုင်ဘက်အသင်း၏စိတ်ဓာတ်နှင့် ကစားပုံကို မထိန်းချုပ်နိုင်ခဲ့ဟု ဝန်ခံပြောကြားခဲ့သည်။ မော်ရင်ဟိုက "ကျွန်တော်တိုက်စစ်ကစားသမားတွေထပ်ထည့်ပြီး ပွဲကိုထိန်းချုပ်ဖို့ စဉ်းစားခဲ့ပါသေးတယ်။ ဒါပေမဲ့ အလုပ်ဖြစ်မယ်မထင်ဘူး။ သူတို့ရဲ့ စိတ်ဓာတ်နဲ့ကစားအားကို ကျွန်တော်တို့မကျော်နိုင်ခဲ့ဘူး"ဟုဆိုခဲ့သည်။

မန်ယူကိုအနိုင်မရခဲ့ခြင်းအတွက် စိတ်ပျက်မိဟု ဝင်းဂါးပြောကြား

အမှတ်ပေးချန်ပီယံဆုအတွက် အသင်းများစွာလုရမည်ဟု သုံးသပ်

Photo: AFP

အာဆင်နယ်အသင်း၏ နည်းပြဖြစ်သူ အာစင်ဝင်းဂါးက ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် မန်ယူအသင်းကို အိမ်ကွင်းတွင်အနိုင်မရခဲ့ခြင်းအတွက် အလွန်စိတ်ပျက်မိကြောင်းပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ချယ်လ်ဆီးအသင်းသရေကျပြီး နောက်တစ်နေ့တွင် ကစားခဲ့ရခြင်းဖြစ်ပြီး၊ ယင်းပွဲတွင် အနိုင်ရရှိခဲ့ပါက အမှတ်ပေးဇယားထိပ်ဆုံးနေရာကိုရောက်ရှိလာမည်ဖြစ်သည်။ သို့ရာတွင် အခွင့်အရေးကိုအသုံးမချနိုင်ခဲ့ပဲ သရေသာကစားနိုင်ခဲ့ပြီး မန်စီးတီးအသင်းသာ ပွဲကျန်ကိုအနိုင်ကစားခဲ့ပါက အမှတ်ပေးဇယားတတိယနေရာအထိရောက်ရှိသွားမည်ဖြစ်သည်။

ဝင်းဂါးက "ဒီပွဲမှာ အနိုင်မရခဲ့တာကို ကျွန်တော်အတော်လေးစိတ်ပျက်မိပါတယ်။ ဒီပွဲဟာကျွန်တော်တို့ အနိုင်ရခဲ့သင့်တဲ့ပွဲပါ။ ပြီးခဲ့တဲ့ပွဲမှာ ဂိုးတွေအများကြီးပေးထားရလို့ ဒီပွဲမှာကျွန်တော့်အသင်းခံစစ်ကိုအရမ်းအာရုံစိုက်ခဲ့တယ်။ ချန်ပီယံဆုအတွက်က ပိုမိုခက်ခဲလာပါပြီ။ ဒါပေမဲ့ မျှော်လင့်ချက်ကရှိနေဆဲပါ။ အသင်း(၄)သင်းလောက် ရာသီကုန်အထိ တိုက်ပွဲဝင်ရနိုင်ပါတယ်"ဟုပြောကြားခဲ့သည်။

မန်ယူအသင်း၏ စီးပွားရေးအခြေအနေ စိုးရိမ်ရန်မရှိဟု အက်ဒ်ဝုဒ်ဝက်ဒ်ဆို

ရလဒ်များကျဆင်းနေသော်လည်း မန်ယူအသင်းစံချိန်တင်ဝင်ငွေရရှိဆဲ

Photo: AFP

မန်ယူအသင်း ဒုဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝက်ဒ်(ယာဘက်မှ ဒုတိယ) [illegible] တစ်ခုတွင် ဂန္ထဝင်ကစားသမားများနှင့်အတူတွေ့ရစဉ်

မန်ယူအသင်း၏အမှုဆောင်ဒါရိုက်တာနှင့်ဒုဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝုဒ်ဝက်ဒ်က မိမိတို့အသင်း၏ စီးပွားရေးအခြေအနေမှာ ချန်ပီယံလိဂ်ဝင်ခွင့်မရခဲ့လျှင်ပင် စိုးရိမ်စရာမရှိကြောင်းနှင့် အသင်း၏ ဘဏ္ဍာရေးမဟာဗျူဟာမှာ တစ်နှစ်စာချမှတ်ထားခြင်းမဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဝုဒ်ဝက်ဒ်သည် လီဗာပူးလ်အသင်း၏ လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ကာ မန်ယူအသင်းကို အကောင်းဘက်မှ ရှုမြင်သုံးသပ်မှုလည်း ပြုလုပ်ခဲ့သည်။ "လီဗာပူးလ်ဆိုရင် အမှတ်ပေးချန်ပီယံမဖြစ်တာ (၂၄)နှစ်ရှိပြီ။ ဒါပေမဲ့ သူတို့အသင်းရဲ့ အကျီတွေ ရောင်းနေရတုန်းပဲ" ဟုပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိအချိန်တွင် အမှတ်ပေးဇယား၏ အဆင့်(၇)နေရာတွင်ရောက်ရှိနေပြီး၊ အဆင့်(၄)နေရာမှ လီဗာပူးလ်အသင်းနှင့် (၁၁)အထိကွာဟနေပြီဖြစ်သည်။ ယင်းအတွက်ကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ပင် မရေရာတော့သည့် အနေအထားတွင် ၎င်းက အသင်းအပေါ် ကာကွယ်ပြောဆိုမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိမန်ယူအသင်းမှာလည်း အသင်းက ရလဒ်များကျဆင်းနေသည့်ကြားမှပင် ဘဏ္ဍာရေးအခြေအနေမှာ ဦးမော့နေဆဲဖြစ်ပြီး၊ ယခုဘဏ္ဍာရေးနှစ်၏ ဒုတိယ(၃)လပတ်ဝင်ငွေမှာ ယမန်နှစ်က ယခုအချိန်နှင့် နှိုင်းယှဉ်ပါက (၁၁.၆)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်းသိရှိရသည်။ အမှတ်တရပစ္စည်းများရောင်းချမှုမှာ ယမန်နှစ်ယခုအချိန့်ကာလထက် (၁၈.၈)ရာခိုင်နှုန်းတိုးတက်လာခဲ့သလို၊ ရုပ်သံဝင်ငွေမှာလည်း ယမန်နှစ်ကထက် (၁၈.၇)ရာခိုင်နှုန်းအထိ တိုးမြင့်ရရှိခဲ့ကြောင်းသိရှိရသည်။

မန်ယူအသင်းသည် ယခုနှစ်ရာသီကုန်တွင် ဝင်ငွေအရပ်ရပ်ရရှိမှုကို ပေါင်သန်း(၄၂၀)နှင့် (၄၃၀) ကြားရရှိရန် မျှော်မှန်းထားပြီး၊ ယမန်နှစ်က တစ်နှစ်တာလုံး၏ ဝင်ငွေအရပ်ရပ်ပေါင်းမှာ ပေါင်(၃၆၃)သန်းသာ ရှိခဲ့သည်။ ဝက်ဒ်ဝုဒ်က "ကျွန်တော်တို့ရဲ့ စတုတ္ထ(၃)လပတ်ဝင်ငွေက စံချိန်တွေအားလုံးကို ရိုက်ချိုးခဲ့ပါတယ်။ အသင်းပရိသတ်တွေဟာ ကွင်းတွင်းရလဒ်တွေ ကျဆင်းနေချိန်မှာ အသင်းကို ပိုပြီးအားပေးလာတယ်ဆိုတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချမှု ရုပ်သံနဲ့ ကြော်ငြာဝင်ငွေတွေက ကျွန်တော်တို့ရဲ့ ဝင်ငွေရပေါက်ရလမ်းတွေထဲမှာ အနိုင်အမာရှိနေကြပါတယ်"ဟု ပြောကြားခဲ့သည်။

ဆဲလ်ဖို့ဒ်တက္ကသိုလ်မှ အားကစားစီးပွားရေးပရော်ဖက်ဆာတစ်ဦးဖြစ်သူ ခရစ်ဘရက်ဒီကမူ "ရင်းနှီးမြှုပ်နှံသူတစ်ဦးက ပရီးမီးယားလိဂ်မှာ အဆင့်(၃)လောက်ရှိလား၊ ချန်ပီယံလိဂ်မှာ ကွာတားဖိုင်နယ်လောက်တက်လား၊ FA ဖလားမှာ ဗိုလ်လုပွဲလောက်တက်လားဆိုတာကို အနိမ့်ဆုံးခန့်မှန်းထားပါတယ်။ ဒီရာသီရဲ့ ဝင်ငွေက မနှစ်ကအခြေအနေကိုအခြေခံထားပါတယ်။ နောက်ရာသီတော့မလွယ်ပါဘူး"ဟု သုံးသပ်ခဲ့သည်။

BRIEF

- ဘာစီလိုနာအသင်းသည် ကာလရှည်စိတ်ဝင်စားနေသည့် ချယ်လ်ဆီး နောက်ခံလူဒေးဗစ်လူးဝစ်ဇ်အား လာမည့်နွေရာသီအပြောင်းအရွှေ့တွင် ကမ်းလှမ်းရန် စီစဉ်နေသည်။
- မန်ယူအသင်းဒုဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝုဒ်ဝက်ဒ်က ရာသီကုန်တွင် အသင်းအား ပြောင်းလဲမှုကြီးကြီးမားမားပြုလုပ်မည်ဖြစ်ပြီး ကစားသမားအချို့ကို ရောင်းထုတ်သွားမည်ဟု ဆိုခဲ့သည်။
- ဝက်စ်ဟမ်းအသင်းဂိုးသမား အက်ဒရီယန်က ပရီးမီးယားလိဂ်ပွဲစဉ် (၄)ပွဲဆက် Clean Sheet ရရှိခြင်းအတွက် ဂုဏ်ယူမိပြီး၊ အသင်းဖော်များကို ကျေးဇူးတင်ကြောင်း ဆိုခဲ့သည်။
- အေစီမီလန်အသင်းတွင် ပြဿနာများဖြစ်ပွားနေသည့် တိုက်စစ်မှူး ဘာလိုတယ်လီသည် အင်္ဂလန်သို့ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိကြောင်း ၎င်း၏ အေးဂျင့်က အရိပ်အမြွက်ပြောကြားခဲ့သည်။
- စပါးအသင်းနည်းပြဟောင်းဟယ်ရီရက်နပ်က အာဆင်နယ်ကွင်းလယ်လူအိုဇေးလ်အပေါ် ဝေဖန်နေမှုများနှင့်ပတ်သက်ပြီး အိုဇေးလ်အနေဖြင့် အာဆင်နယ်အသင်းတွင် ပွဲစဉ်တိုင်းနီးပါးပွဲထွက်ကစားနေရ၍ ပွဲပန်းနေကြောင်း ကာကွယ်ပြောကြားခဲ့သည်။
- ရာသီကုန်တွင် အာဆင်နယ်အသင်းမှ ထွက်ခွာရန် နီးစပ်နေသည့် နောက်ခံလူဆက်ဂ်နာကို ခေါ်ယူရန် မိုနာကိုနှင့် ဂါလာတာစာရေးအသင်းများမှ တရားဝင်ကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြသည်။

ရန်ကုန်ယူနိုက်တက်နည်းပြဟောင်းဖြစ်သူ ပီတာဘတ္တလာ အာဖရိကမှ ဘော့ဆွာနာလက်ရွေးစင်အသင်းနည်းပြဖြစ်လာ

Photo: nat.com

ရန်ကုန်ယူနိုက်တက်နည်းပြဟောင်း ပီတာဘတ္တလာ

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းနည်းပြဟောင်းပီတာဘတ္တလာသည် အာဖရိကမှ ဘော့ဆွာနာလက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ခန့်အပ်ခံခဲ့ရကြောင်း သိရှိရသည်။

ဝက်စ်ဟမ်းနှင့် ဝက်စ်ဘရွန်းက စားသမားဟောင်း ဘတ္တလာသည် ပြီးခဲ့သည့် အောက်တိုဘာလကတည်းက နည်းပြလက်မဲ့ဖြစ်နေသည့် ဘော့ဆွာနာအသင်းအား (၂)နှစ်စာချုပ်ဖြင့် ကိုင်တွယ်သွားမည်ဖြစ်သည်။ BBC နှင့်တွေ့ဆုံရာ၌ ဘတ္တလာက "ကျွန်တော် တစ်ကယ်ကိုစိတ်လှုပ်ရှားနေပါတယ်။ ကျွန်တော့်အတွက် စိန်ခေါ်မှုတစ်ခုပါ" ဟုပြောကြားခဲ့သည်။

ဘော့ဆွာနာအသင်းသည် နည်းပြဟောင်းဆာရီဒီဂျိုဖစ်အား တစ်လ ဒေါ်လာ(၂၅၀၀၀)အထိ တောင်းဆိုသဖြင့် လမ်းခွဲရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး၊ ဘတ္တလာကိုမူ တစ်လဒေါ်လာ (၈၃၀၀)သာ ပေးချေရမည်ဖြစ်သည်။ ဘတ္တလာသည် (၁၈)နှစ်ကြာမြင့်ခဲ့သည့် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် အင်္ဂလန်ကလပ်များတွင် (၁၀)နှစ်ခန့် နည်းပြကာ ဩစတြေးလျနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် နည်းပြခဲ့သူဖြစ်ကြောင်း သိရသည်။

FA ဖလားပဉ္စမအဆင့်ပွဲစဉ်များမှ ထူးခြားချက်များ

ဆန်းဒါးလန်း နှင့် ဆောက်သမ်တန်

ဒိုင်လူကြီး - မိုက်ခ်ဒင်း

■ ဆန်းဒါးလန်းအသင်း၏ အက်ဖ်အေဖလားနောက်ဆုံး(၁၀)ပွဲအနက် (၈)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အောက်သာ ရှိသည်။ ဆန်းဒါးလန်းအသင်းသည် ဆောက်သမ်တန်အသင်းနှင့်တွေ့ဆုံမှု နောက်ဆုံး(၇)ပွဲဆက် ရှုံးပွဲမရှိခဲ့ချေ။

ကာဒစ်ဖ်စီးတီး နှင့် ဝီဂန်

ဒိုင်လူကြီး - မာတင်အက်ကင်ဆန်

■ ယင်းနှစ်သင်းတွေ့ဆုံမှုနောက်ဆုံး(၇)ပွဲတွင် ဝီဂန်အသင်းက(၅)ပွဲအထိ Clean Sheet ရထားသည်။ ဝီဂန်အသင်းသည် အက်ဖ်အေဖလားနောက်ဆုံး(၁၀)ပွဲဆက် မရှုံးနိမ့်ခဲ့ချေ။ ဝီဂန်အသင်းသည် ကာဒစ်ဖ်အသင်းကို ထိပ်တိုက်တွေ့ဆုံမှုနောက်ဆုံး(၃)ပွဲဆက် အနိုင်ရထားသည်။

ရှက်ဖီးဝင်းစ်ဒေး နှင့် ချာလ်တန်

ဒိုင်လူကြီး - မက်ခ်ကလက်တန်ဘတ်ချ်

■ ရှက်ဖီးဝင်းစ်ဒေးအသင်းသည် အက်ဖ်အေဖလားနောက်ဆုံး(၃)ပွဲဆက် ရှုံးပွဲမရှိသေးသလို၊ ထို(၃)ပွဲစလုံးတွင် ဂိုးသွင်းထားနိုင်သည်။ ချာလ်တန်အသင်းသည် အက်ဖ်အေဖလားအဝေးကွင်းနောက်ဆုံး(၂)ပွဲဆက် Clean Sheet ရလဒ်ဖြင့် အနိုင်ရထားသည်။

မန်စီးတီး နှင့် ချယ်လ်ဆီး

ဒိုင်လူကြီး - ဖီးလ်ဒေါက်

■ မန်စီးတီးအသင်းသည် အက်ဖ်အေဖလားနောက်ဆုံး(၁၅)ပွဲတွင် (၁၂)ပွဲအထိ အနိုင်ရထားသည်။ ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလားနောက်ဆုံး(၃၂)ပွဲတွင် (၃၁)ပွဲအထိ ရှုံးပွဲမရှိခဲ့ချေ။ ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလားနောက်ဆုံး(၇)ပွဲအနက် (၅)ပွဲတွင် Clean Sheet ရထားသည်။

အဲဗာတန် နှင့် ဆွမ်ဆီး

ဒိုင်လူကြီး - ကီဗင်ဖရန့်ဒ်

■ အဲဗာတန်အသင်းသည် အက်ဖ်အေဖလားနောက်ဆုံး(၇)ပွဲအနက် (၆)ပွဲတွင် တစ်ပွဲလျှင် အနည်းဆုံး(၂)ဂိုး သွင်းယူထားသည်။ ဆွမ်ဆီးအသင်း၏ အက်ဖ်အေဖလားနောက်ဆုံး(၁၀)ပွဲအနက် (၉)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅) အထက်တွင် ရှိသည်။

ရှက်ဖီးယူနိုက်တက် နှင့် နော်တင်ဟမ်

ဒိုင်လူကြီး - မိုက်ကယ်အိုလီဗာ(အဝါ-၁၂၊ အနီ-၀)

■ ရှက်ဖီးယူနိုက်တက်အသင်းသည် အက်ဖ်အေဖလားနောက်ဆုံး(၅)ပွဲဆက် မရှုံးနိမ့်အောင် ကစားထားသည်။ နော်တင်ဟမ်အသင်းသည် အက်ဖ်အေဖလားနောက်ဆုံး(၃)ပွဲဆက် Clean Sheet ရထားသည်။

အာဆင်နယ် နှင့် လီဗာပူးလ်

ဒိုင်လူကြီး - ဟောင်းဝပ်ဝက်ဘ်

■ အာဆင်နယ်အသင်းသည် အက်ဖ်အေဖလားအိမ်ကွင်းနောက်ဆုံး(၂)ပွဲဆက် Clean Sheet ရလဒ်ဖြင့် အနိုင်ရထားသည်။ လီဗာပူးလ်အသင်း၏ အက်ဖ်အေဖလားနောက်ဆုံး(၉)ပွဲအနက် (၇)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အထက်တွင် ရှိသည်။

ဘရိုက်တန် နှင့် ဟားလ်စီးတီး

ဒိုင်လူကြီး - လီပရိုဘတ်

■ ဘရိုက်တန်အသင်းသည် အက်ဖ်အေဖလားအိမ်ကွင်းနောက်ဆုံး(၉)ပွဲတွင် (၈)ပွဲအထိ ရှုံးပွဲမရှိအောင် ကစားထားနိုင်သည်။ ဟားလ်စီးတီးအသင်းသည် အက်ဖ်အေဖလားအဝေးကွင်းနောက်ဆုံး(၂)ပွဲဆက် Clean Sheet ရလဒ်ဖြင့် အနိုင်ရထားသည်။

ပရီးမီးယားလိဂ်အသင်းကြီးအချို့၏ ဒဏ်ရာရပွဲပယ်စာရင်း

အာဆင်နယ် - ကယ်လ်ဇေရှန်၊ ဝေါလ်ကော့၊ ရမ်ဆေ၊ ဒီယာဘီ၊ ဖလာမီနီ(ပွဲပယ်)

ချယ်လ်ဆီး - ကာဟေးလ်၊ ဗန်ဂျင်ကယ်လ်။

လီဗာပူးလ် - ဘာနီ၊ လူးကပ်စ်လီဗာ၊ အန်းနရစ်။

မန်စီးတီး - ဟန်နဲဒင်ဟို၊ အဂူရို။

အဲဗာတန် - အယ်လ်ကာရက်ဇ်၊ လူကာကူ၊ ဒိုင်နီ၊ ကိုနေ၊ ဂစ်ဘ်ဆင်။

ကာဒစ်ဖ်စီးတီး - မက်ချ်၊ ဟတ်ဆန်၊ ဘယ်လာမီ(ပွဲပယ်)

ဆောက်သမ်တန် - ရာမီရက်ဇ်၊ လိုဗရန်။

၂၀၁၄ AFC Challenge Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ရန် မြန်မာအသင်း ဧပြီစတုတ္ထပတ်တွင် စတင်လေ့ကျင့်မည်

ဓာတ်ပုံ-ညီညီစိုးညွှန့်

AFC Challenge Cup ခြေစစ်ပွဲတွင် ဂိုးသွင်းအပြီး အောင်ပွဲခံနေသော မြန်မာကစားသမားများ

လာမည့် မေ(၁၉)ရက်မှ (၃၀)ရက်အထိ မော်လ်ဒိုက်နိုင်ငံတွင်ကျင်းပမည့် ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့် ဧပြီစတုတ္ထပတ်တွင် စတင်စခန်းဝင်လေ့ကျင့်သွားရန် စီစဉ်နေကြောင်း သိရသည်။

မြန်မာအသင်း၏ နည်းပြချုပ်အဖြစ် ဆားဘီးယားလူမျိုး အေဗရာမိုဗစ်ကို တာဝန်ပေးအပ်ပြီးနောက်ပိုင်း မြန်မာအသင်းကို ဖွဲ့စည်းရန် ကလပ်အသင်းပွဲစဉ်များကို လိုက်လံကြည့်ရှုလျက်ရှိသလို ပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲများနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ နည်းစနစ်အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ အေဗရာမိုဗစ်နှင့် MFF နည်းစနစ်အဖွဲ့ဝင်များ ညှိနှိုင်းထားမှုအရ မြန်မာအသင်းကို ဧပြီစတုတ္ထပတ်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲအချို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာအသင်းနည်းပြချုပ် အေဗရာမိုဗစ်နှင့် လက်ထောက်နည်းပြ(၂)ဦးသည် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များကို လိုက်လံကြည့်ရှုလျက်ရှိပြီး ကစားသမားများ၏ ပွဲစဉ်အလိုက်စွမ်းဆောင်ရည်များကို မှတ်တမ်းပြုစုထားကြောင်း သိရသည်။ ထို့ပြင် MNL ကလပ်အသင်းများ၏ လေ့ကျင့်မှုအခြေအနေ၊ ကစားသမားများ၏ အသေးစိတ်အခြေအနေများကို သိရှိရန်အတွက် အေဗရာမိုဗစ်သည် ကလပ်အသင်းနည်းပြများနှင့် တွေ့ဆုံညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

AFC Challenge Cup နောက်ဆုံးအဆင့်ပွဲစဉ်များကို မော်လ်ဒိုက်နိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းမှာ အုပ်စု(က)တွင် အိမ်ရှင်မော်လ်ဒိုက်၊ ပါလက်စတိုင်း၊ ကာဂျစ္စတန်တို့နှင့်အတူ ပါဝင်လျက်ရှိသည်။ မြန်မာအသင်းအနေဖြင့် ယင်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မျှော်မှန်းထားပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုများစွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ပံ့ပိုးကူညီမည်ဖြစ်ပြီး ဘောလုံးကန်ဖိနပ်များ လှူဒါန်း

မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက ပံ့ပိုးကူညီမှုများ ပြုလုပ်လျက်ရှိပြီး အလှူရှင် တာကီအိုကာဇီရီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)သို့ ဘောလုံးကန်ဖိနပ်များ လှူဒါန်းခဲ့ကြောင်းသိရသည်။ ယင်းလှူဒါန်းပွဲအခမ်းအနားကို ပြီးခဲ့သည့် ဖေဖော်ဝါရီ(၁၂)ရက်က MFF ရုံးတွင် ပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ ဦးဇော်ဇော်တက်ရောက်ခဲ့ပြီး အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် အလှူရှင် တာကီအိုကာဇီရီ လှူဒါန်းသော ဘောလုံးကန်ဖိနပ်များကို လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။ လာရောက်လှူဒါန်းခဲ့သော အလှူရှင် တာကီအိုကာဇီရီသည် ဂျပန်ဘောလုံးအဖွဲ့ချုပ် (JFA) ဥက္ကဋ္ဌနှင့် ရင်းနှီးသည့်သူဖြစ်ပြီး မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ပံ့ပိုးကူညီခြင်းလည်းဖြစ်သည်။

ဥက္ကဋ္ဌဦးဇော်ဇော် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်(ဓာတ်ပုံ-ညီညီစိုးညွှန့်)

၎င်းသည် မြန်မာအမျိုးသမီးဘောလုံးအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရန်အတွက် ဂျပန်နိုင်ငံမှ အမျိုးသမီးဘောလုံးနည်းပြတစ်ဦးကို ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ စေလွှတ်ပေးရန် စီစဉ်ထားသည်။

MFF သို့ ဘောလုံးကန်ဖိနပ်များ လှူဒါန်းခြင်းမှာ ဒုတိယအကြိမ်မြောက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

MNL Myanmar 2014 ပွဲစဉ်(၃)အကြိုသုံးသပ်ချက်

ရန်ကုန် - ဇေယျာရွှေမြေ

၁၅-၂-၂၀၁၄ (YUSC ကွင်း)ယမန်နှစ်အမှတ်ပေးပြိုင်ပွဲနောက်ဆုံးတွေ့ဆုံမှု ရန်ကုန် ၃-၂ ဇေယျာရွှေမြေ

လက်ရှိခြေစွမ်းပိုင်းအရကြည့်မယ်ဆိုရင်တော့ ကွာခြားမှုမရှိပေမယ့် ရန်ကုန်အသင်းရဲ့ အိမ်ကွင်းကစားပုံက အရမ်းမာကျောပါတယ်။ သရေပွဲတောင်မရှိတဲ့ ပွဲတိုင်းအနိုင်ရထားသလို YUSC ကွင်းမှာကစားတဲ့ပွဲတွေမှာ ဇေယျာရွှေမြေ သရေ(၁)မှတ်တောင် မရဖူးပါဘူး။ ခံစစ်ပိုင်းနဲ့ ကွင်းလယ်ပိုင်းက ရန်ကုန်အသင်းကို ယှဉ်ကစားနိုင်ပေမယ့် ဇေယျာရွှေမြေအသင်းရဲ့ တိုက်စစ်ပိုင်းက တော်တော်အားနည်းပါတယ်။ စောစောစီးစီး ဂိုးမပေးရရင်တော့ ဇေယျာရွှေမြေ သရေ(၁)မှတ် မျှော်လင့်နိုင်ပါလိမ့်မယ်။

ဇွဲကပင် - ရတနာပုံ

၁၅-၂-၂၀၁၄ (အောင်ဆန်းကွင်း)ယမန်နှစ်အမှတ်ပေးပြိုင်ပွဲနောက်ဆုံးတွေ့ဆုံမှု ရတနာပုံ ၂-၁ ဇွဲကပင်

ဇွဲကပင်အသင်းရဲ့ကစားပုံက ပြီးခဲ့တဲ့ရာသီလောက် မာကျောမှုမရှိပါဘူး။ ရတနာပုံအသင်းကတော့ တစ်ပွဲ(၁)ဂိုးနှုန်းပဲ သွင်းထားနိုင်တယ်ဆိုပေမယ့် ကစားပုံက အများကြီးကောင်းမွန်ပါတယ်။ ဇွဲကပင်အသင်းရဲ့ခြေစွမ်း တည်ငြိမ်မှုမရှိသေးလို့ ရတနာပုံအသင်းပဲ အမှတ်ပြည့်ယူသွားပါလိမ့်မယ်။

နေပြည်တော် - ချင်းယူနိုက်တက်

၁၅-၂-၂၀၁၄ (သုဝဏ္ဏကွင်း)ယမန်နှစ်အမှတ်ပေးပြိုင်ပွဲနောက်ဆုံးတွေ့ဆုံမှု - မရှိ

တန်းတက်အသင်းဆိုပေမယ့် ချင်းယူနိုက်တက်က MNL အတွေ့အကြုံရှိတဲ့ အသင်းတစ်သင်းပါ။ နေပြည်တော်အသင်းကလည်း ကစားသမားသစ်အများစုနဲ့ အသစ်နီးပါးတည်ဆောက်ထားတာကြောင့် ပုံစံကောင်းတော့ မရသေးပါဘူး။ ဒါပေမဲ့ ပွဲအဖြေကို ပြောင်းလဲနိုင်တဲ့ ကစားသမားတွေပါဝင်နေတာကြောင့် နေပြည်တော်ပဲ နိုင်ပါလိမ့်မယ်။

ရာဝတီ - KBZ

၁၆-၂-၂၀၁၄ (အောင်ဆန်းကွင်း)ယမန်နှစ်အမှတ်ပေးပြိုင်ပွဲနောက်ဆုံးတွေ့ဆုံမှု ရာဝတီ ၂-၂ KBZ

ပြင်ဆင်မှုတွေအများကြီးပြုလုပ်ထားပေမယ့် (၂)ပွဲဆက်ရှုံးထားတာက ရာဝတီအသင်းကိုရော ကစားသမားတွေရဲ့ ယုံကြည်မှုကိုပါ ထိခိုက်စေနိုင်ပါတယ်။ KBZ အသင်း အဝေးကွင်းလာရောက်ကစားရတယ်ဆိုပေမယ့် ရာဝတီအသင်းရဲ့ လက်ရှိအနေအထားကြောင့် ရှုံးပွဲမကြုံတွေ့နိုင်ပါဘူး။ ပွဲကျဉ်ကာလမှာ အမှတ်တွေမဆုံးရှုံးဖို့ကြိုးစားနေတဲ့ KBZ အသင်း အနိမ့်ဆုံး သရေ(၁)မှတ်ယူသွားနိုင်မှာပါ။ ရာဝတီအသင်းအနေနဲ့ ရှုံးပွဲဆက်နေတာကို ရပ်တန့်ဖို့ကြိုးစားမှာသေချာပေမယ့် KBZ ဆီက (၃)မှတ်အပြည့်တော့ ရယူဖို့မလွယ်ပါဘူး။

မနောမြေ - မကွေး

၁၆-၂-၂၀၁၄ (သုဝဏ္ဏကွင်း)ယမန်နှစ်အမှတ်ပေးပြိုင်ပွဲနောက်ဆုံးတွေ့ဆုံမှု မနောမြေ ၃-၁ မကွေး

ခြေစွမ်းပိုင်းအရတော့ ကွာခြားမှုကြီးကြီးမားမားမရှိပါဘူး။ ခေါ်ယူထားတဲ့ နိုင်ငံခြားသားကစားသမားတွေကလည်း အသင်းနဲ့ အံဝင်အောင်ကစားနိုင်နေလို့ အခုပွဲကအကြိတ်အနယ်ရှိမယ့် ပွဲတစ်ပွဲပါ။ ဒါပေမဲ့ မကွေးတိုက်စစ်မှူး မာဒန်ဂူ ဒဏ်ရာကြောင့် ပါဝင်နိုင်ဖို့ မသေချာသေးတာက မကွေးအတွက် ပြဿနာတစ်ရပ်ဖြစ်လာနိုင်ပါတယ်။ သရေကျဖို့များပြီး အနိုင်ဆိုရင်တော့ မကွေးပဲဖြစ်ပါလိမ့်မယ်။

Southern - GFA

၁၇-၂-၂၀၁၄ (သုဝဏ္ဏကွင်း)ယမန်နှစ်အမှတ်ပေးပြိုင်ပွဲနောက်ဆုံးတွေ့ဆုံမှု - မရှိ

တန်းတက် GFA အသင်းရဲ့ခြေစွမ်းက MNL အသင်းတွေကို ယှဉ်ကစားနိုင်ဖို့ လိုပါသေးတယ်။ Southern အသင်းက (၂)ပွဲစလုံးရှုံးထားပေမယ့် ခြေစွမ်းပိုင်းမညံ့ပါဘူး။ ပြည်တွင်းကစားသမားတွေနဲ့ တည်ဆောက်ထားပြီး ဒဏ်ရာပြဿနာတွေများနေလို့သာ ရလဒ်ကောင်းမရရှိသေးတာပါ။ Southern အသင်း နိုင်ပွဲစရမှာပါ။

မေလတွင် ကြည်လင်း ဘောလုံးပြန်ကစားနိုင်ဖွယ်ရှိ

ခြေချင်းဝတ်ဒဏ်ရာကြောင့် အနားယူနေရသည့် မြန်မာအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း တောင်ပံတိုက်စစ်မှူး ကြည်လင်းသည် AFC Challenge Cup ပြိုင်ပွဲကျင်းပမည့် မေလတွင် ဘောလုံးပြန်ကစားနိုင်ဖွယ်ရှိကြောင်း သိရသည်။ ကြည်လင်းသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ၎င်း၏ဒဏ်ရာကို ထိုင်းနိုင်ငံတွင် သွားရောက်ခွဲစိတ်ကုသခဲ့ပြီး ရက်ပေါင်း(၁၀၀)နီးပါး အနားယူရမည်ဖြစ်သည်။ လာမည့် ဧပြီပထမပတ်တွင် ၎င်း၏ဒဏ်ရာကို ထပ်မံစစ်ဆေးရမည်ဖြစ်ပြီး ဧပြီလအတွင်း၌ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။